
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်/ ၃၆၀/၉၃(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်/ ၃၂၉/၉၃(၆)
ထုတ်ဝေခြင်း


ပထမ အကြိမ် ၁၉၉၃၊ ဇူလိုင်လ

အုပ်ရေ
၁၀၀၀ အုပ်
တန်ဖိုး
တ[illegible]: သုံးဆယ်ကျပ်တိ[illegible]



ထုတ်ဝေသူ / ဦးစောလှိုင် ၊၀၉၈၄၊
ရွှင်ပျော်မြူးစာပေ
အမှတ်၊ ၂၂၂၊ ရွှေဘုံသာလမ်း၊ ရန်ကုန်

[illegible]
ဒေါ်တင်ရွှေ [မြ-၀၁၄၄၀]
အောင်ချမ်းသာ ပုံနှိပ်တိုက်
အမှတ် ၅၄၊ ၉၃ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်



မျက်နှာဖုံးနှိပ်
ဦးမြင့်[illegible] ၀၁၄၂၇၊
ဆိုင်းမြင့်ဝေဝင်း ပုံနှိပ်တိုက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်[illegible]

www.burmeseclassic.com

www.burmeseclassic.com

## (တစ်)

### မသိသောသူထံသို့ အကူအညီတောင်းလာသူ

''ဒီမယ်ရှင့်....ဒီမယ်....ဒီမယ်''

အထက် ပန်းဆိုးတန်းလမ်း တစ်နေရာတွင် လမ်းလျှောက်နေသော အောင်နီလွင်၏ နားတွင်းသို့ နောက်ဘက်မှ နေ၍ ဆက်ကာ၊ ခေါ်နေသော အသံများကို ကြားနေရသည်။

ကြားပင် ကြားရစေကာမူ အောင်နီလွင်ကတော့ သူ့ကို ခေါ်နေသည်ဟူ၍ လုံးဝမထင်ပေ။

သူသည် ရှေ့ကိုဆက်၍ လျှောက်သွားနေခဲ့သည်။

နောက်ဘက်သို့ လှည့်၍ကြည့်ရန် လုံးဝ စိတ်မကူးခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်ရှင့်....ရှေ့က ဟာဝေယံ ရှပ်အင်္ကျီ အဝါရောင်နဲ့ အစ်ကို"

ဒုတိယအကြိမ် နောက်မှနေ၍ ခေါ်နေသံမှာ ဆက်တိုက် ပေါ်ထွက်ကာ လာနေခဲ့သည်။

ဤအကြိမ်တွင်တော့ သူ့ကိုခေါ်နေသော အသံမှန်း သေချာသွားခဲ့လေပြီ။

ရေရေရာရာနှင့် သေချာ သွားခဲ့ခြင်းမှာ အခြားကြောင့် တော့ မဟုတ်ပေ။ သူဝတ်ဆင်ထားသောအင်္ကျီမှာ ဟာဝေယံ ဖြစ်သလို အရောင်ကလည်း အဝါရောင်။

သို့ဖြစ်၍ အောင်နီလွင်မှာ သူ၏အသိ မိန်းမပျို ဖြစ်မည် အထင်ဖြင့် အသံလာရာဆီသို့ အမြန်မကွာ လှမ်းကြည့်လိုက်မိ သည်။

သူရှိနေသောနေရာနှင့် ဆယ်ကိုက်အကွာခန့်သာရှိနေသော အသံရှင်သည် ရုပ်ရည်ချောမော လှပလွန်းလှသော အသက် နှစ်ဆယ်ပတ်ဝန်းကျင်ရှိ မိန်းမပျိုချောကလေး တစ်ဦးကို မြင် လိုက်ရသည်။

ထိုမိန်းမပျိုချော ကလေးမှာ သူရှိရာသို့ မပြေးရုံတစ်မည် သွက်လက်လှသော ခြေလှမ်းတို့ဖြင့် အမောတကောခေါ်ရင်း ထိတ်လန့်သော ဟန်အမူအရာဖြင့် လာနေသည်ကို တွေ့နေရ သည်။



အောင်နီလွင် အဖို့သော် တစ်သက်တွင် ထိုမိန်းမပျိုအား သိဖို့ဖယ်ထား အသွင်အပြင်ကို မြင်ပင် မမြင်ဖူးခဲ့ပေ။

"ဟေး... မင်း မင်း အခုခေါ်နေတာ ငါ့ကိုလားကွ"

အောင်နီလွင်က လမ်းလျှောက် နေရာမှ ရပ်ကာ မိန်းမပျို ချောကလေးအား လှမ်းမေးနေသည်။

"သိပ်ဟုတ်တာပေါ့၊ ရှင့်ကို ခေါ်နေတာပါလေ"

မိန်းမပျိုချောကလေးမှာ သူ ထံသို့ အမြန် လာနေရာမှ အမှန်သဘောနှင့်ပြန်ပြောနေသည်။ သူနှင့်ဆိုလျှင် ထိုမိန်းမပျို ချောကလေးမှာ စောစောကလောက် မဝေးကွာတော့ပေ။ တစ်ကိုက်ခန့်သာ ဝေးကွာနေတော့သည်။

"နို့ မင်းက ငါ့ကိုသိလို့ခေါ်နေတာလား၊ ငါကတော့ မင်းကို လုံးဝ လုံးဝမသိဘူး"

အောင်နီလွင်က အူကြောင်ကြောင်ဖြင့် ပြန်ကြည့်နေရာမှ အထက်ပါအတိုင်း ပြန်ပြောနေသည်။

"ဟုတ်ပါတယ်၊ ဒီကလဲ ရှင့်ကို နဇာနာရှိ ငါမသိ ထဲက ပါလေ"

အမျိုးသမီးကလေးက ခပ်ပြုံးပြုံးလေးဖြင့် ပြန်ပြောနေ သည်။

"ဟေ...မသိတဲ့နဲ့ ငါ့ကို ခေါ်တာက ဘာ သဘောလဲ၊ အဟမ်း၊ အဲ...သိပြီ၊ မင်းသွားရမယ့် အိမ်လိပ်စာကို မသိလို့ ငါ့ကို လာမေးနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမှ အောင်နီလွင်ထံမှမေးသံ။

အမျိုးသမီးချောကလေးကတော့ ခေါင်းကို အသာပြန်၍ ယမ်းပြနေသည်။

"ဟောဗျ…ဒါ ဒါကဘယ်လိုဖြစ်တာလဲ၊ မင်းလဲငါ့ကိုမသိ ငါကလဲ မင်းကိုမသိဘဲနဲ့ ငါ့ကို ဘာသဘောနဲ့ခေါ်ရတာလဲ"

အောင်နီလွင်မှာ အံ့ဩသံကြီးနှင့် အမျိုးသမီးချောကလေးအား ပြန်မေးနေသည်။

"ခေါ်ဆို…ကျွန်မ သိပ်ကိုကြောက်နေလို့၊ ရှင့်ကိုအားကိုးတကြီးနဲ့ အခုလိုလှမ်းခေါ်မိတာပါရှင်"

"ဟင်…ကြောက်တယ် ဟုတ်လား၊ ဘာကို ကြောက်နေတာလဲ၊ ဒီနေရာမှာ သရဲ ခြောက်တယ်လို့လဲ ငါ မကြားမိပါဘူးလေ၊ ပြီးတော့ အချိန်ကလဲ ညနေပိုင်းပဲ ရှိသေးတဲ့ဟာ၊ ဒီအချိန်ဟာ သရဲခြောက်တဲ့ အချိန် မဟုတ်ပါဘူး၊ သရဲတွေတောင် အိပ်ရာက မနိုးသေးပါဘူးကွာ၊ ဟား ဟား ဟား"

"အို…ရှင်ဘာတွေ ရမ်းတုတ်နေရတာလဲ၊ ကျွန်မကြောက်တယ်ဆိုတာက သရဲတို့၊ တစ္ဆေတို့ကို ပြောနေတာမဟုတ်ဘူးသိလား"

အမျိုးသမီးချောကလေးက စိတ်တိုသံဖြင့် အောင်နီလွင်အား ပြန်ဟောက်နေသည်။

"ဒါဖြင့် ဘာကို မင်းကြောက်နေရတာလဲ၊ ရှင်းပါဦး"



"ဟိုမယ် မမြင်ဘူးလား၊ ကျွန်မနောက်ကို လူနှစ်ယောက်က တကောက်ကောက် လိုက်နေတာ၊ အဲဒီလူ နှစ်ယောက်ကို ကြောက်တယ်လို့ ပြောနေတာပါရှင့်"

အမျိုးသမီးချော ကလေး၏ ပြောစကား များကြောင့် အောင်နီလွင်မှာ အထူးအဆန်းဖြစ်ကာ တစ်ဖက်သို့ လှမ်း၍ ကြည့်မိသည်။

သူနှင့် အရွယ်မတိမ်းမယိမ်း ရှိမည် ထင်ရသော လူနှစ်ဦးအား ဖာလုံဝက်ခန့်အကွာအဝေး၌ တွေ့မြင်လိုက်ရသည်။

ထိုသူနှစ်ဦးကလည်း သူတို့အား လှမ်းကြည့်နေသည်ကိုမြင်နေရသည်။

"ဟို ဟို ဟိုလူနှစ်ယောက်ကို ပြောနေတာလား"

"သိပ်ဟုတ်တာပေါ့"

"နေပါဦး၊ သူတို့က ဘာကိစ္စ မင်းနောက်ကိုလိုက်နေကြရတာလဲ၊ မင်းနဲ့ကောအယ်လိုပတ်သက်နေလို့လဲ၊ သူတို့အသွင်အပြင်ကို အကဲခတ်ရတာကတော့ သူတို့ဟာ အလစ်သမားတွေနဲ့မတူသလို လူဆိုးသူခိုး ဂိုဏ်းမျိုးလဲ မပေါ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ သူတို့ကတော့ ဒီတစ်မနက်လုံးကျွန်မနောက်ကို အရိပ်လို တကောက်ကောက်နဲ့ ထက်ကြပ်မကွာလိုက်နေကြတာတော့ အမှန်ပဲ"

"ဟေ…ဒါ…ဒါ ဆိုရင် သူတို့ဟာ မင်းကို မယောက်ာလို့ နောက်ကလိုက်ပြီး စောင့်ကြည့်နေကြတဲ့ ကောက်လှမ်းရေး သမားတွေ ဖြစ်လိမ့်မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကြဲကြီးစည်ရာရှင်....သူတို့က မသက်ာရအောင် ကျွန်မက ဘာတွေများ လုပ်မိခဲ့လို့လဲ"

"ဒါကတော့ ငါမသိဘူးလေ၊ ဒါပေမယ့် မင်းမှာအစိုးရ ဥပဒေ တစ်ခုခုနဲ့ ငြိစွန်းတဲ့ကိစ္စကို လုပ်ခဲ့မိလို့လားမှမသိတာ"

"အို....ဒီအတွက်တော့ စိတ်နှလုံးကို တုံးတုံးချပြီး ယုံကြည် လိုက်စမ်းပါ၊ ကျွန်မဟာ မိကောင်း ဖခင် သားသမီး၊ ပြီးတော့ တက္ကသိုလ် ကျောင်းသူလဲ ဖြစ်နေတယ်၊ ငွေကြေး အနေနဲ့လဲ ကျိကျိတက်အောင် မချမ်းသာပေမယ့် မတောင့်မတ မကြောင့်မကြ နေနိုင်တဲ့အဆင့်မှာရှိတယ်၊ ဒီကနေ့အထိ ဥပဒေ နဲ့ မကင်းတဲ့အလုပ်မျိုးကို လုံးဝ မလုပ်မိသေးဘူး၊ နိုင်ငံရေးနဲ့ လဲ ကင်းကင်းရှင်းရှင်း နေခဲ့တယ်၊ ကိုင်း....ဒီလောက် ရှင်းပြ ရင် ရှင်ဟာ ကျွန်မအပေါ်မှာ အမှန်ပမယွင်း သံသယကင်း လောက်ပါပြီနော်"

အမျိုးသမီးကလေးက ချက်ချက်ချာချာနှင့် သွက်လက်စွာ ပြောပြနေသည်။

အောင်နီလွင်ကတော့ ခပ်ပြုံးပြုံးလေးလုပ်ကာနားထောင် နေရင်း ပြန်ပြောသည်။

"ကောင်းပြီ၊ မင်းမှာ ဘာအပြစ်မှမရှိဘဲနဲ့ တစ်မနက်လုံး တို့နှစ်ယောက်ကထက်ကြပ်မကွာလိုက်နေရတာလဲ၊ ဒါကိုတော့ ငါလဲ နားမလည်ဘူးကွာ"



"ရှင် နားမလည်ရင် ကျွန်မက နားလည်အောင် ရှင်းပြရ မယ်ဆိုရင် အဲဒီလူ နှစ်ဦးထဲက တစ်ဦးဟာ ကျွန်မကို ချစ်ရေး ဆိုဖို့ ကြိုးစားနေတာရှင့်၊ နားလည်ပြီလား"

အမျိုးသမီးချောကလေး၏စကားအဆုံးတွင် အောင်နီလွင် မှာ တဟားဟားဖြင့် ရယ်နေတော့သည်။

"အိုး....ရှင်က ဘာသဘောနဲ့ ဒီလောက်တောင် ရယ်နေရ တာလဲ၊ ကျွန်မ အခုပြောနေတာတွေဟာ ရယ်စရာမဟုတ်ပါ ဘူး၊ ပြက်လုံးတွေလို့တော့ မထင်နဲ့နော်၊ ဟွင်း"

အမျိုးသမီးချောကလေးက မနှောဟဒယမှာ သဘောမကျ သံဖြင့် အောင်နီလွင်ကို ပြောနေသည်။

"ဟ....မိန်းကလေးရဲ့၊ ငါရယ်တာဟာ သဘာဝ ကျပါ တယ်လေ၊ ဟဲဟဲ"

"အလို....ဘာဖြစ်လို့ သဘာဝကျနေရတာလဲ"

"မင်းစဉ်းစားကြည့်လေကွာ၊ ယောက်ျားပျို တစ်ဦးတစ် ယောက်က မိန်းကလေးတစ်ဦးကို ချစ်ကြိုက်မိလို့ ချစ်ရေးဆိုဖို့ ကြိုးစားတာဟာ၊ တို့ဘိုးဘွားများ လက်ထက် ကတည်းက မပျက်မကွက် ဆင်းသက်လာခဲ့ကြတဲ့ လုပ်ရိုးလုပ်စဉ်ကိစ္စကြီးပဲ မဟုတ်လား၊ ဒါကို မင်းက ရေးကြီးခွင့်ကျယ်လုပ်ပြီး ငါ့ဆီကို အကူအညီတောင်းနေတာကို တွေ့နေရလို့ ရယ်မိတာပါကွာ"

"အို....ရှင် တော်တော် ဒုံးဝေးတဲ့သူပဲ၊ သူတို့က ရိုးရိုး ချစ်ရေးဆိုချင်ကြတာမဟုတ်ဘူး၊ လူသူ ကင်းရှင်းတဲ့ နေရာကျ

www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်မကို အနိုင်အထက်ပြုပြီး ချစ်ရေးဆိုကြမယ့်လူတွေမို့ အခုလို အကူအညီတောင်းနေတာပဲ”

အမျိုးသမီးချောကလေး၏ စကားများကို ကြားလိုက်ရလျှင် အောင်နီလွင်မှာ အရယ်ရပ်ကာ တည်တည်တံ့တံ့ဖြင့် တစ်ဖက်တွင် ရှိနေကြသော လူနှစ်ဦးထံသို့ လှမ်း၍ ကြည့်မိပြန်သည်။

တစ်ဖက်မှ လူနှစ်ဦးမှာ စောစောက နေရာ၌ပင် ရပ်နေကြသည်ကို အောင်နီလွင် မြင်နေရသည်။

“ကောင်းပြီ၊ မင်းပြောသလိုဆိုရင် ငါ ဘာလုပ်ပေးရမှာလဲ ပြောပါဦး”

“ရှင် လုပ်ပေးစေချင်တာကတော့ အဲဒီလူနှစ်ယောက်ဆီကို သွားပြီး ကျွန်မကိုဆက်ပြီး အနှောင့်အယှက် မပေးဖို့ ပြောပေးစေချင်တယ်ရှင်”

“ဟော....”

အမျိုးသမီးချောကလေး၏စကားအဆုံးတွင် အောင်နီလွင်၏ နှုတ်ဖျားမှ အထက်ပါအတိုင်း အာမေဍိတ်သံကြီး ပေါ်ထွက်လာခဲ့သည်။

“ဟော မနေနဲ့၊ ကျွန်မပြောသလို သူတို့ဆီ သွားပြီးသာ ပြောပေးစမ်းပါ”

“မြတ်စွာဘုရား ကယ်တော်မူပါ”



အောင်နီလွင်ထံမှ ဒုတိယမ္ပိ အထက်ပါအတိုင်းအာမေဍိတ်သံ ခပ်ရှည်ရှည်မှာ ပေါ်ထွက်လာနေပြန်သည်။

“အိုး....ဒါက ဘာဖြစ်ရတာလဲ၊ ရှင်က ဟိုလူနှစ်ယောက်ကို ကြောက်နေလို့လား ဟင်”

အမျိုးသမီးချောကလေးက စိတ်မရှည်သံဖြင့် အောင်နီလွင်အား မေးနေသည်။

“ဟာ အမျိုးသမီးရ၊ ငါက ဘာဆိုင်လို့ သူတို့ကိုကြောက်ရမှာလဲ”

“မကြောက်ရင် ကျွန်မ ပြောခဲ့သလို သူတို့ဆီ သွားပြီး ပြောလိုက်ပါလား”

“အေး....ငါကသွားပြောရင် ဟိုကလဲပြန်မေးမှာပေါ့၊ မင်းနဲ့ငါက ဘယ်လို သက်ဆိုင်နေလို့လဲ ဆိုတာ၊ ဒီအမေးကို ငါက ဘယ်လိုပြန်ပြီး အမှန်ရအောင်ဖြေရမှာလဲ ပြောပါဦး”

“လွယ်ပါတယ်၊ ကိုယ့်မြန်မာအမျိုးသမီးကလေးတစ်ဦးကို မချင်းစာနာပြီး အနှောင့်အယှက် မပေးစေချင်လို့လာပြောတာပါလို့ ပြောလိုက်ပေါ့ရှင့်”

“အလဲ၊ ပြောနေပုံက ငှက်ပျောသီး အခွံနွှာစားသလို လွယ်လိုက်တာ၊ မင်းပြောသလို ငါကပြောတော့ ဟိုကငြိမ်နေမှာလား၊ သူတို့က ငါ့ကိုပြန်ပြီးဖိုက်ကြမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဖိုက်တော့လဲ ရှင်ကပြန်ပြီး ဖိုက်ပြလိုက်ပေါ့၊ ရှင်က ဟို နှစ်ယောက်ထက် ဗလပိုကောင်းနေတာပဲ၊ သူတို့ နှစ်ယောက် လောက်တော့ အပျော့ပေါ့၊ ဒါမှ ဟိုသေနာကောင်တွေ လန့် သွားမှာရှင့်"

အမျိုးသမီးချော ကလေး၏ စကားများကို ကြားလိုက်ရ လျှင် အောင်နီလွင်မှာ ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသလို သူ့ ကိုယ်ကြီး တွန့်ခနဲ ဖြစ်သွားခဲ့တော့သည်။

"အလိုလေးဗျာ၊ လက်စသတ်တော့ မင်းက ငါ့ကို လူမိုက် ငှားသလိုငှားပြီး ဟိုလူတွေကိုဘေခိုင်းနေတာကိုး၊ ဟွန်း"

"မှန်တယ်လေ၊ ရှင့် ဗလကြီးကို မြင်နေရလို့လဲ အခုလို ကျွန်မကအကူအညီတောင်းနေတာပေါ့၊ လူဖလံကလေးဆိုရင် ဘယ်တောင်းပါ့မလဲ"

"ဟ....ငါ့ဗလကောင်းတာဟာ မင်းအတွက် လူကိုက်ပေး ဖို့မဟုတ်ဘူး၊ အဲလေ....ယောင်လို့၊ လူရိုက်ပေးဖို့ မဟုတ်ဘူး လေ၊ ငါက အလေးမ၀ါသနာပါသူမို့ လေ့ကျင့်ထားတဲ့ အတွက် အခုလိုဗလကောင်းနေတဲ့ဟာ"

"ဘာအတွက်နဲ့ပဲလေ့ကျင့်လေ့ကျင့် ကျွန်မကို အကူအညီ ပေးတဲ့အနေနဲ့ ဟိုလူတွေကို သွားရိုက်စေချင်တယ်ရှင်"

"အာ....မဟုတ်သေးပါဘူးလေ၊ မင်းပြောသလို ငါက ဗလအားကိုးနဲ့ ကိုယ့်ထက်အားသေးတဲ့လူကို အနိုင်မကျင့်ချင်



ဘူးကွာ၊ ပြီးတော့ ငါဟာ အယ်ဇေးရှင်းခွေးတွေလို သခင်က ရှူးတိုက်ပေးတိုင်း ကိုက်ဖို့ လေ့ကျင့်ထားတာမဟုတ်ဘူးကွ"

အောင်နီလွင်မှာ အမျိုးသမီးချောကလေး၏ စကားများ ကြောင့် ကျွဲမြီးတိုသွားပုံရသည်။

"အိုး....ဒီက မျှော်လင့်တကြီးနဲ့ အကူအညီ တောင်းနေ တာကို ရှင်က မပေးချင်လို့ ငြင်းနေတာလား၊ ဒါဆိုလဲ ပြီး တာပါပဲလေ၊ ကဲ....ကျွန်မသွားမယ်"

အမျိုးသမီးချောကလေးမှာ အောင်နီလွင် အား စိတ် ကောက်သွားဟန်ဖြင့် ထိုနေရာမှ ထွက်သွားဟန်ပြင်သည်။

"ဟေ့....ဟေ့၊ နေဦးလေ၊ မင်းကို ငါ အကူအညီမပေး ချင်လို့ အခုလိုပြောနေတာမှမဟုတ်တဲ"

အောင်နီလွင်က အမျိုးသမီးချောကလေးအား လှမ်းတား နေသည်။

"အဲဒီလိုဆိုရင်လဲ ကျွန်မပြောသလို သူတို့ဆီကို သွား ပေါက်လေ"

"အာ....အာ.... အဲဒါကိုတော့ ငါမလုပ်နိုင်ဘူး၊ အခု မင်း ဘေးကင်းတဲ့နေရာအထိ ငါလိုက်ပို့ရင် ပြီးတာပဲမဟုတ် ဘူး၊ ဒီတော့ ပြောစမ်း၊ မင်း အခု ဘယ်သွားချင်သလဲ၊ လိုက်ပို့ပေးပါ့မယ်၊ ဒါဆို ကျေနပ်ပေါ့ကွာ"

အမျိုးသမီးချောကလေးမှာမူ အောင်နီလွင်၏စကားများ ကျေနပ်ပုံမပေါ်သေးပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အဲဒီလို လိုက်ပို့ပေးတာထက် ဟိုနှစ်ယောက် ဆီကိုသွားပြီး နောင်ကို ကျွန်မနောက်လိုက်ပြီး မနှောင့်ယှက် ရဲအောင် သွားပြီးကြိမ်းစေချင်တာရှင့်"

"ဟ....ငါကလဲ အဲဒီလိုမလုပ်ချင်လို့ မင်းကို ပြောနေတာ ပေါ့"

"ဟွန်း....ရှင်ဟာလေ ဗလကြီးသလောက် သတ္တိကျတော့ နည်းလိုက်တာနော်"

အမျိုးသမီးချောကလေးက အောင်နီလွင်အား အထ သေးဟန်ဖြင့် ပြောနေသည်။

"ဒီမယ်....အမျိုးသမီး၊ သတ္တိဆိုတာ နေရာတကာမှာ မသုံး ရဘူး၊ လိုအပ်မှသုံးရတာကွ၊ ဒီလိုမဟုတ်ဘဲ နေရာတကာ သွားသုံးနေရင် တန်ဖိုးရှိတဲ့သတ္တိမျိုးမဖြစ်တော့ဘူး၊ အ စားသတ္တိ၊ တစ်နည်းအားဖြင့် မိုက်ရူးရဲသတ္တိမျိုးဖြစ်သွား ပေါ့၊ ငါကတော့ ဒါမျိုးအဖြစ်မခံနိုင်ဘူးကွာ"

အောင်နီလွင်က သတ္တိနှင့်ပတ်သက်၍ သူ၏အဘိဓမ္မာ ကို အမျိုးသမီးချောကလေး နားလည်အောင် ရှင်းလင်း နေသည်။

"တော်စမ်းပါ၊ ဒီလိုဆင်ခြေမျိုး ကျွန်မ လက်မခံချင်ဘူး ဒီတော့ ရှင် ဟိုလူနှစ်ယောက်ဆီကို မသွားရဲရင်လဲ ရ တယ်လေ၊ ကျွန်မဆိုသာ ပို့မယ်ဆိုတဲ့အတိုင်း လိုက်ပို့ပေး တော့"



အမျိုးသမီးချောကလေးမှာ ပြောပြောဆိုဆိုနှင့် သူ၏ ရှေ့မှ ထွက်သွားတော့သည်။

အောင်နီလွင်မှာလည်း နောက်မှလိုက်၍ သွားခဲ့ရသည်။

အမျိုးသမီးချောကလေးနှင့် အတူယှဉ်မိလျှင် အောင်နီလွင် က မေးသည်။

"ဒါထက် မင်းနာမည်က ဘယ်လိုခေါ်သလဲ၊ ငါ့နာမည် ကတော့ အောင်နီလွင်တဲ့"

အောင်နီလွင်ကမေးလျှင် အမျိုးသမီးချောကလေးက မော့ ကြည့်ရင်း ပြန်ဖြေသည်။

"ကျွန်မနာမည်က မြသန္တာနွယ်တဲ့ရှင်"

"နေတာကကောကွာ"

"အလုံ....ဆင်ရေတွင်းလမ်းထဲမှာပါ"

"ဟင်....ဒါဆို ဒီပန်းဆိုးတန်းအထက်လွှမ်းကို လာခဲ့တာ ကကောကွာ"

"လာခဲ့ရတဲ့ကိစ္စကတော့ ဒီ ဖ-ဆ-ပ-လ တိုက်ခန်းမှာ နေတဲ့ ကျွန်မရဲ့ကျောင်းနေဖက်သူငယ်ချင်း နုနုဆီကို အလုပ် ကိစ္စနဲ့ ပတ်သက်ပြီး လာတွေ့တာပါ"

"ဟိုလူနှစ်ယောက်ကကော မင်းကို မနက် ဘယ်အချိန် လောက်ကစပြီး နောက်ကနေ တကောက်ကောက်လိုက်နေခဲ့ တာလဲ"

www.burmeseclassic.com



''ဒီကနေ့မနက် ဆယ်နာရီက စတာပဲ၊ ကျွန်မ ဗိုလ်ချုပ်အောင်ဆန်းဈေးကို စရောက်ကတည်းက ဆိုပါတော့လေ''

''မင်းက ဗိုလ်ချုပ်ဈေးမှာ ဆိုင်ဖွင့်ထားလို့လား''

''မဟုတ်ပါဘူး၊ အဲဒီဈေးမှာ နိုင်ငံခြားက အထည်အဆန်းတွေတချို့ ရောက်လာတယ်လို့ ကြားရတာနဲ့ ကျွန်မ သွားကြည့်ခဲ့တာပါ၊ အဲ... ဈေးသင့်ရင်လဲ ဝယ်ဖို့ပေါ့ရှင်''

အမျိုးသမီးချောကလေးက အထည်အကြောင်းကို ပြောပြတော့မှ အောင်နီလွင်မှာလည်း စောစောက အမှုမဲ့ အမှတ်မဲ့ မကြည့်ဘဲထားခဲ့သော အမျိုးသမီးချောကလေး၏ ကိုယ်ပေါ်မှ အဝတ်အထည်များကို ဂရုပြုကာ ကြည့်မိသည်။

ဝတ်ဆင်ထားသော အထည်တွေမှာ နိုင်ငံခြားဖြစ် အဖိုးတန်တွေချည်း ဖြစ်နေသည်ကို တွေ့မြင်ရသည်။

အောင်နီလွင်၏မျက်နှာမှာလည်း ပြုံးစိစိဖြစ်ကာ သွားခဲ့သည်။

''ဒါဖြင့် မင်းဟာ ဗိုလ်ချုပ်ဈေးကအထည်တွေကို ဝယ်ခဲ့သလား''

''မဝယ်ဖြစ်ပါဘူး၊ ဈေးက သိပ်ကိုများနေလို့ပါ''

''ဒီအချိန်မှာ အခု မင်းနောက်ကိုလိုက်နေကြတဲ့လူတွေ ရှိနေသလား''



''အထည်ဆိုင်မှာတုန်းကတော့ မရှိပါဘူး၊ အဲ...ကျွန်မ ဗိုလ်ချုပ်ဈေးက ပြန်အထွက်မှာ ဈေး နာရီစင်ကြီးအောက်အရောက် သူတို့နဲ့ ပက်ပင်းတိုးမိကြတယ်လေ''

''ဒီလိုတိုးမိတော့ သူတို့က မင်းကို ဘာလုပ်သလဲ''

''ဘာမှမလုပ်ကြပါဘူး၊ ဒါပေမယ့် အဲဒီအချိန်ကစပြီး သူတို့ဟာ ကျွန်မနောက်ကို ကောက်ကောက်ပါအောင် စလိုက်ခဲ့ကြတော့တာပါပဲ''

''သူတို့ကို အရင်က မင်းမြင်ဖူးသလား''

''တောက်တီးတောက်တဲ့ဒီတစ်ကြိမ်ပဲ အမေဖွေးကတည်းက မြင်ဖူးပါတယ်ရှင်''

''သူတို့က မင်းနောက်ကို လိုက်လာတယ်ဆိုတာကိုကော မင်းက ဘယ်လိုသိလိုက်တာလဲ''

အောင်နီလွင်က မေးမြန်းနေပုံမှာ တရားသူကြီး က တရားခံတစ်ဦးအား စစ်ဆေးမေးမြန်းနေသည်နှင့် တူနေတော့သည်။

ထိုသို့ တူနေသော်လည်း အောင်နီလွင် ကိုယ်တိုင်ကရော အမျိုးသမီးချောကလေးကပါ သတိမမူမိကြပေ။

''အင်း....စပြီး လိုက်လျှင်လိုက်ချင်းတော့ ကျွန်မလဲ မသိသေးပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့လောက်မှ သိရတာလဲ"

"လေဟာပြင်ဈေးနားက ဗိုလ်ချုပ်ဈေးသစ် အထည်ဆိုင်တစ်ဆိုင်မှာ အထည်စကလေးတွေက သိပ်ကိုလှနေတာနဲ့ ကျွန်မလဲ ဝယ်ချင်စိတ်ပေါက်ပြီး ဝင်ဝယ်နေတုန်းမှာ သူတို့နှစ်ဦးလဲ ကျွန်မနဲ့ မလှမ်းမကမ်း တစ်နေရာမှာ ရပ်နေတာကို စပြီး သတိပြုလိုက်မိတယ်"

"နောက်တော့ မင်း ဘယ်ကိုဆက်ပြီး သွားသေးသလဲ"

"မသွားတော့ပါဘူး၊ လေးဘီးကားကို ငှားပြီး အိမ်ကို ပြန်လာခဲ့ပါတယ်"

"မင်း ဒီလိုပြန်သွားတော့ သူတို့နှစ်ဦးလဲ လေဟာပြင်ဈေးမှာ ကျန်ရစ်ခဲ့မှာပေါ့နော်"

"မကျန်ရစ်ခဲ့ပါဘူးရှင်၊ သူတို့ကလဲ တခြားလေးဘီးကားတစ်စီးကိုငှားပြီး ကျွန်မကားနောက်ကို နောက်ယောင်ခံပြီး လိုက်ပါလာခဲ့ကြတာပဲ"

"ဟေ"

အောင်နီလွင်မှာ မြသန္တာနွယ်ခေါ် အမျိုးသမီးချောကလေးထံမှ စကားများကို ကြားရလျှင် အတော်အံ့သြကာ သွားခဲ့မိသည်။

ယင်းသို့အံ့သြမိရာမှ နောက်ဘက်သို့လှမ်း၍ ကြည့်လိုက်မိသည်။



သူတို့၏နောက်ဘက် မလှမ်းမကမ်းတွင် စောစောက လူနှစ်ဦးမှာ လိုက်ပါလျက်ရှိနေသည်ကို အောင်နီလွင် မြင်နေရပြန်သည်။

ပြီးတော့ သူသည် မြသန္တာနွယ်အား ဆက်၍မေးနေပြန်သည်။

"ဆက်ပါဦး၊ မင်းအိမ်ကို ပြန်ရောက်တော့ကော သူတို့က အပြင်မှာ စောင့်နေကြသလား"

"စောင့်တာပေါ့ရှင်၊ သူတို့စီးလာခဲ့ကြတဲ့ လေးဘီးကားကို ပြန်လွှတ်လိုက်ကြပြီး ကျွန်မနေတဲ့အိမ်နဲ့ မလှမ်းမကမ်းမှာရှိနေတဲ့ ကုက္ကိုပင်ကြီး တစ်ပင်အောက်မှာ ရပ်ပြီးစောင့်နေကြတယ်လေ"

"ဒီအကြောင်းတွေကို မင်းမိဘတွေကို ပြောမပြဘူးလား"

"မပြောပါဘူး၊ ကျွန်မမှာက အမေမရှိဘူး၊ အဖေနဲ့ပဲ နေရတယ်လေ၊ ဒီလူတွေအကြောင်းကို ပြောပြနေရင် ဖေဖေက စိတ်ပူနေမှာ စိုးလို့ပါ၊ ဖေဖေ့မှာကလဲ နှလုံးရောဂါအခံရှိနေတော့ သူ့စိတ် အနှောင့်အယှက် ဖြစ်ရမယ့် ဟာတွေကို ကျွန်မ ပြောမပြချင်ဘူးလေ"

"အဖေကို မပြောချင်ရင်သဲ မင်းအစ်ကိုတွေ၊ ညီမတွေကိုကော ပြောမပြဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာက အစ်ကိုတစ်ယောက်ရှိပေမယ့် သူက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေပါတယ်လေ"

"သြော်....မင်းအစ်ကိုက ဂျပန်မှာ အလုပ်လုပ်နေသကိုး။ သူက ဘာသွားလုပ်တာလဲ"

အောင်နီလွင်က အထင်ကြီးသံဖြင့် မြသန္တာနွယ်ကို မေးနေသည်။

မြသန္တာနွယ်က ရှက်ပြုံးကလေး ပြန်ပြုံးပြရင်း ပြောသည်။

"အဟိ...တခြားအလုပ်မဟုတ်ပါဘူး၊ ပဂေးဆန်အလုပ်ပါရှင်"

"ဟော...ပဂေးဆန် ဟုတ်လား၊ အင်း...ပဂေးဆန်ဆိုတော့ ပန်းကန်ဆေးတဲ့ အလုပ်ပေါ့နော်"

"အစစ်ပေါ့၊ ဒီအလုပ်ပဲ ရှိတာပဲဟာ၊ ဘာလဲ...ရှင်အထင်သေးသွားလို့လား၊ အဟိ"

"မသေးပါဘူးလေ"

"မသေးပေမယ့် အထင်တော့မကြီးဘူး မဟုတ်လား ခိခိ...အင်း...ဒါပေမယ့် အဲဒီပန်းကန်ဆေးတဲ့အလုပ်ကိုတော ငွေလေးသိန်းလောက် အကုန်ခံပြီး သွားလုပ်ရတာရှင့်၊ ဒေ တောင် ကိုကိုသွားဟာ လွန်ခဲ့တဲ့နှစ်ကမို့ ပေါ့၊ အခုနှစ်ယ သာ သွားမယ်ဆိုရင် အနည်းဆုံး ဆယ်သိန်းလောက်ကို ကု မှာ သိလား"



"အင်း....ခေတ်ကြီးကတော့ အရင်ကနဲ့စာရင် မြန်မြန်ပြောင်းပြောင်းပြန်ဖြစ်နေပြီနော်"

"ဘယ်လိုကြောင့်လဲ"

"သြော်....ဟိုတုန်းကဆိုရင် တို့မြန်မာလူမျိုးတွေဟာ သူများနိုင်ငံမှာ ဒီလိုအလုပ်မျိုးတွေ ဘယ်လုပ်ပါ့မလဲ၊ တို့မြန်မာလူမျိုးတွေကသာ နိုင်ငံခြားကလူတွေကို ခေါ်ခိုင်းခဲ့ကြတာပဲ၊ တို့မြန်မာဘုရင် ဘုရင့်နောင်လက်ထက်ကဆိုရင် နိုင်ငံခြားက ပေါ်တူဂီလူမျိုးတွေ၊ မူးရှ်လို့ခေါ်တဲ့ အာဖရိကတိုက် မော ရိုကို လူမျိုးတွေဟာ တို့ဆီမှာလာပြီး အမှုထမ်းခဲ့ကြရတာပဲ၊ အင်္ဂလိပ်ခေတ်တို့၊ တို့မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစနှစ်တွေ မှာတုန်းကလဲ နိုင်ငံခြားသားတွေဟာ တို့ဆီမှာလာပြီး အမှုထမ်းကြရတယ်၊ အလုပ်ကြမ်းသမားတွေရော၊ စာရေးစာချီတွေရောပေါ့ကွာ၊ ဒါတွေကို ပြန်တွေးမိရင် ငါ့စိတ်ထဲမှာ တော်တော် စိတ်မကောင်းဖြစ်မိတယ်ကွာ"

"ဒါကတော့ အစ်ကိုရယ်၊ အခြေအနေအရ လုပ်ကြရတဲ့ဟာ၊ အစ်ကိုတော နိုင်ငံခြားမှာအလုပ်ရရင် သွားမလုပ်ဘူးလား"

"ဟဲဟဲ...အစ်ကိုက နိုင်ငံခြားမှာ အလုပ်လုပ်ပြီးလို့ ပြန်ရောက်လာပါပြီလေ၊ ဒါပေမယ့် ပဂေးဆန် အလုပ်တော့ မဟုတ်ဘူးနော်၊ အစ်ကိုက ပညာသည်အဖြစ်နဲ့ လုပ်ခဲ့တာပါ"

"ဘာတွေများ အစ်ကို လုပ်ခဲ့တာလဲဟင်၊ ဘယ်နိုင်ငံမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဂျာမနီနိုင်ငံမှာပါလေ၊ ငါ့အဖေရဲ့မိတ်ဆွေတစ်ဦးဖြစ်ခဲ့တဲ့ ဂျာမနီလူမျိုးတစ်ဦးရဲ့ ကုမ္ပဏီမှာ စာရင်းစစ်(အော်ဒစ်) အဖြစ် နှစ်နှစ်လောက် လုပ်ခဲ့ပါတယ်၊ အခု ပြန်လာခဲ့တာ သုံးလေးလလောက်ပဲ ရှိသေးတယ်ကွ"

"ဩော်...လက်စသတ်တော့ အစ်ကိုက ဂျာမနီနိုင်ငံပြန်ကြီးကိုး၊ ခိခိ ခိ"

"ကဲပါ၊ အဲဒါကို အသာထားစမ်းပါ၊ မင်းကိုဆက်ပြီး မေးရဦးမယ်"

"မေးလေ"

"မေးချင်တာကတော့ အဲဒီလိုလူနှစ်ယောက်က အပြင်ဘက်ကနေ စောင့်နေမှန်း သိနေလျက်နဲ့ မင်းက ဘာကိစ္စ ဖဆပလမှာနေတဲ့ သူငယ်ချင်းအိမ်ကို သွားရတာလဲ၊ သွားတာကလဲ အဖော်မခေါ်ဘဲ တစ်ယောက်တည်း သွားရသလား၊ မင်းအိမ်မှာ တခြားအိမ်သားတွေ မရှိဘူးလား"

"အင်း...အမျိုးလိုနေတဲ့ အဒေါ်ကြီး ဒေါ်ခင်ဥတော့ ရှိပါတယ်၊ ဒါပေမယ့် သူ့ကိုခေါ်ခဲ့ရင် အိမ်မှာက ဖေဖေ့အတွက် လုပ်ကိုင်ပေးမယ့်သူ မရှိမှာစိုးလို့ ခေါ်မလာတာပါ၊ ပြီးတော့လဲပဲ ကျွန်မမှာက သူငယ်ချင်းနဲ့ အရေးတကြီး တွေ့စရာရှိနေတော့ သူတို့ အပြင်ကနေစောင့်ကြည့်နေကြမှန်း သိပေမယ့် အရဲစွန့်ပြီး ထွက်လာခဲ့ရတာပါပဲရှင်"

မြသန္တာနွယ်က အောင်နီလွင် သဘောပေါက်အောင် ရှင်းလင်းပြောပြနေသည်။



သူတို့နှစ်ဦးမှာလည်း စကားတပြောပြောနှင့် လာခဲ့ကြရာ ရန်ကုန်ဘူတာကြီးရှေ့သို့ ရောက်လာခဲ့ကြသည်။

"အလို...ဘူတာကြီးတောင် ရောက်လာနေပြီ၊ မင်းကို ငါက ဘယ်အထိလိုက်ပို့ပေးရမှာလဲ၊ ပြောပါဦး"

အောင်နီလွင်က သူ၏ဘေးတွင်ကပ်၍ ပါလာခဲ့သော မြသန္တာနွယ်အား မေးနေသည်။

"အိမ်အထိ ပို့ပေးရမှာပေါ့၊ ဘာလဲ...အစ်ကိုက မပို့ချင်ဘူးလား၊ မပို့ချင်ရင်လဲ ရပါတယ်လေ"

"ဟာကွာ၊ ငါက မပို့ချင်လို့မေးနေတာမှ မဟုတ်ဘဲ၊ ပို့ရမယ့်နေရာကို သိချင်လို့ မေးနေတဲ့ဟာ၊ မင်းကလဲ စိတ်ချည်းပဲကိုးကွ"

"သိဘူးလေ၊ မပို့ချင်လို့များ မေးသလားလို့ ကျွန်မက ထင်ပြီး ပြန်ပြောရတာပါ"

"အခု ပို့ချင်မှန်း သိပြီမဟုတ်လား၊ ဒီတော့ မင်းနေတဲ့ အလုံကို ဘာနဲ့သွားမလဲ၊ လေးဘီးကားနဲ့ သွားမလား၊ လိုင်းကားနဲ့သွားမလား၊ ပြောစမ်း"

အောင်နီလွင် မေးနေခိုက် မြသန္တာနွယ်က နောက်ဘက်သို့ လှည့်၍ ကြည့်နေသည်။

သူ့နောက်မှ လိုက်ပါလာနေခဲ့ကြသော လူနှစ်ဦးကို မြင်သည်။

အောင်နီလွင်မှာ သူ၏အမေးကို ဖြေကြားခြင်းမပြုဘဲ ငေးချင်ရာသို့ငေးနေသော မြသန္တာနွယ်အား နောက်တစ်ကြိမ် ထပ်၍ မေးနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး....ငါ မေးနေတယ်လေကွာ၊ အဲဗျ...မေးတာကို တော့ သူက မဖြေဘဲ ဘယ်ကိုငေးကြည့်နေရတာလဲဟ၊ဟွန်း"

"ဪ....ရှင်ကလဲ၊ ငေးနေတာ မဟုတ်ပါဘူး၊ ကျွန်မ နောက်ကို လိုက်နေကြတဲ့ လူနှစ်ယောက်ကို လှမ်းကြည့်နေ တာပါ"

"ဘာလဲ၊ အဲဒီလူတွေဟာ အခုထက်ထိ မင်းနောက်ကို လိုက်နေကြတုန်းပဲလား"

"ဟုတ်တယ် လိုက်နေကြတာပဲ၊ ရှင် လှည့်ပြီး ကြည့်ပါ လား"

"ကြည့်မနေပါဘူး၊ ခပ်စောစောက ငါက တစ်ခါကြည့် ပြီးပါပြီ၊ ကိုင်း....ဒါဆိုရင်လဲ ခုနင်က ငါမေးတာကို ဖြေလေ ကွာ၊ လိုင်းကားနဲ့သွားမလား၊ လေးဘီးကား အငှားကားနဲ့ သွားမလားဆိုတာ"

"ကျွန်မ လိုင်းကား မစီးချင်ဘူး၊ လေးဘီးကားနဲ့ပဲ သွား မယ်"

"အိုကေ....ဒါဆိုရင် လေးဘီးကားကို ငှားကြစို့"

အောင်နီလွင်ပြောရင်း သူတို့ အနီး ပတ်ဝန်းကျင်တွင် လေးဘီးကား ရှိမရှိကို လှမ်းကြည့်နေသည်။

သူတို့အနီးတွင်တော့ မရှိပေ။

ခပ်လှမ်းလှမ်း တစ်နေရာတွင်တော့ လေးဘီးကားတစ်စီး လာနေသည်ကို အောင်နီလွင် မြင်လိုက်ရသည်။



"ဒီမယ်....အမျိုးသမီး၊ ဟိုနေရာမှာ လေးဘီးကားတစ်စီး လာနေတယ်၊ အဲဒီကို ငါသွားငှားလိုက်မယ်၊ မင်းကတော့ ဒီနေရာမှာပဲ နေခဲ့ဦး"

အောင်နီလွင်မှာ ပြောပြောဆိုဆိုနှင့် မြသန္တာနွယ်၏အနီးမှ သူ၏ ခြေလှမ်းကျဲကြီးဖြင့် အမြန်ထွက်ခွာသွားခဲ့သည်။

မြသန္တာနွယ်မှာမူ နောက်မှလိုက်နေသော လူနှစ်ယောက် ကြောင့် တစ်ယောက်တည်းရပ်မနေရဲပေ။

သို့ဖြစ်၍ သူမကလည်း အောင်နီလွင်၏နောက်သို့ အပြေး ကလေး လိုက်သွားခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(နှစ်)

**ဇွဲကောင်းလှသော လူနှစ်ဦး**

"ဟ....အမျိုးသမီးရ၊ နေခဲ့ပါဆိုနေတာကို ဘာဖြစ်လို့ လိုက်လာရတာလဲ၊ ကားငှားလို့ရရင် မင်းဆီကို ခေါ်လာခဲ့မယ့်ဟာ"

အောင်နီလွင်က မြသန္တာနွယ်အား ဆူနေသည်။

"အို....အစ်ကိုပြောသလို ဟိုမယ် တစ်ယောက်တည်းမနေရဲလို့ပေါ့၊ ဟိုနှစ်ယောက်က အခုထက်ထိ ရှိနေသေးတဲ့ဟာ"

မြသန္တာနွယ်၏ စကားအဆုံးတွင်လည်း မည်သို့မှ ပြန်မပြောတော့ပေ။

မနီးမဝေးတွင် ရှိနေသော လေးဘီးကားထံသို့သာ ဆက်၍ သွားခဲ့သည်။



"ဒီမယ်....လေးဘီး၊ အလုံဘက်ကို လိုက်မလား"

အောင်နီလွင်က လေးဘီးကားသမားအား မေးနေသည်။

"ဟုတ်ကဲ့....လိုက်ပါတယ်လေ၊ ဘယ်နှစ်ယောက်လဲ"

"နှစ်ယောက်တည်းပါ"

"ပစ္စည်းကော ပါသေးသလား"

"မပါဘူး၊ ကျုပ်တို့နှစ်ယောက်တည်းပဲ၊ ဘယ်လောက်လဲ...."

"တစ်ရာပေးရမယ်"

"အားပါး....မများဘူးလား၊ ခြောက်ဆယ် ထားလိုက်ဗျာ"

"မရဘူး၊ အခုခေတ်ဆီဈေးတွေက နှစ်ရာ့ခြောက်ဆယ်ထိအောင် ရှိနေပြီ"

လေးဘီးကားသမားများ၏ ထုံးစံအတိုင်း ခေတ်ဆီဈေးကိုရမည်ရှာကာ ပြောနေခြင်းပင်။

"ခင်ဗျား အခုပြောနေတာတွေက မှောင်ခိုခေတ်ဆီကို ပြောနေတာလား"

"အေးလေ၊ မှောင်ခိုခေတ်ဆီကိုပဲ ပြောနေတာပေါ့၊ အစိုးရဆီကသာ လိုသလောက် ရမယ်ဆိုရင် ခင်ဗျားတို့ လင်မယားကို တစ်ဆယ်တည်းနဲ့ လိုက်ပို့ပေးနိုင်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အာအာ....ကိုယ့်လူ၊ အထင်နဲ့ရမ်းပြီး တုတ်မနေနဲ့၊ ရှုပ်ကုန်လိမ့်မယ်၊ သူဟာ ကျုပ်မိန်းမမှ မဟုတ်ဘဲ"

အောင်နီလွင်က ရှက်ကိုးရှက်ကန်းအသံဖြင့် လေးဘီးကားသမားအား ပြန်ပြောနေသည်။

မြသန္တာနွယ်မှာလည်း ရှက်သွားဟန်ဖြင့် မျက်နှာကို တစ်ဖက်သို့လှည့်ကာ ထားနေသည်။

လေးဘီးကားသမား အနေနှင့်လည်း သူပြောလိုက်သောစကားကြောင့် အားနာသွား၍ အမြန်ပြန်တောင်းပန်နေသည်။

"အာ....ကျွန်တော်မသိလို့ ပြောလိုက်မိတာပါဗျာ၊ ခင်ဗျားတို့ကို ကန်တော့ပါသေးရဲ့နော်"

"ဟိုက်....ခင်ဗျား တောင်းပန်ခါမှ ကျွန်တော်တို့ နှစ်ယောက်လဲ နေရင်းထိုင်ရင်းက အလှူခံသမားတွေ ဖြစ်ကုန်ပါပြီကောလားဗျာ၊ ဗိုး"

"အဲ....အဲ....ဟုတ်သားပဲ၊ ကျွန်တော် ပြောလိုက်တာက ကန်တော့ဗျာလို့ ပြောတာပါ၊ အဲဒါ မလိုအပ်တဲ့စကား အပိုနှစ်လုံးပါသွားလို့ အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားတာပါဗျာ၊ စိတ်မဆိုးနဲ့နော်"

အောင်နီလွင်မှတော့ မည်သို့မှ ပြန်ပြောမနေတော့ပေ။

မြသန္တာနွယ်ဘက်သို့သာ လှမ်း၍ ပြောနေသည်။



"ကဲ...ညီမ၊ ကားပေါ် တက်တော့၊ သွားကြစို့"

အောင်နီလွင်က ပြောရင်း လေးဘီးကားနောက်ခုံပေါ်သို့ င်ဝင်ထိုင်သည်။

မြသန္တာနွယ်က သူနှင့် မျက်နှာချင်းဆိုင်နေရာတွင် ဝင်၍ သည်။

သူတို့ထိုင်အပြီးတွင် လေးဘီးကားသမားလည်း ကားကို နေရာမှ မောင်းထွက်လာခဲ့သည်။

လေးဘီးကား ထွက်အသွားတွင် မြသန္တာနွယ်က သူ့ က်သို့ လိုက်နေကြသော လူနှစ်ဦးရှိရာသို့ ကားပေါ်မှ း၍ ကြည့်နေသည်။

"ဟော....ကြည့်၊ ဟိုမယ် သူတို့ကလဲ ကျွန်မတို့လိုပဲ လေး ကားကို ငှားနေကြပြန်ပြီ၊ ကျွန်မတို့နောက်ကို လိုက်ကြဦး ်နဲ့တူပါတယ်ရှင်"

မြသန္တာနွယ်က စိတ်ပျက်သံလေးဖြင့် အောင်နီလွင်အား း‌ပြောနေသည်။

မြသန္တာနွယ် ပြောသည့်အတိုင်းပင် နောက်မှ လူနှစ်ဦး အခြားလေးဘီးကား တစ်စီးအား ငှားနေကြသည်ကို ာင်နီလွင်လည်း မြင်တွေ့နေရသည်။

"အင်း....မင်းပြောတာ ဟုတ်တယ်၊ ဒါပေမယ့် သူတို့ ာသာ သူတို့ တခြားကိုသွားကြမှာမို့ များ ငှားနေသလား မသိဘာ၊ ဒါကော မဖြစ်နိုင်ဘူးလားကွ"

www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်နိုင်မဖြစ်နိုင်ဆိုတာကို ခဏစောင့်ကြည့်ရင် အ
ပေါ်မှာပေါ့ရှင်၊ ကျွန်မအထင် ပြောရရင်တော့ ဒီသေ
ကောင်ကွေဟာ တခြားတော့သွားမယ် မထင်ပါဘူး၊ ကျွ
တို့နောက်ကိုပဲ ဆက်လိုက်မယ်လို့ ထင်တာပဲ၊ မနက်တုန်းက
ဒီအတိုင်းပဲဟာ''

''ဟ...မနက်တုန်းကဟာက မင်း တစ်ယောက်တည်း
အခု ငါပါလာတဲ့ဟာ၊ သူတို့ဆက်ပြီး လိုက်ရဲပါ့မလားကွ
ဟဲဟဲ''

အောင်နီလှင်က သူ့ကိုယ်သူ အထင်ကြီးသံဖြင့် မြသ
နွယ်အား ခပ်ကြွားကြွားကလေး ပြောနေသည်။

မြသန္တာနွယ်က သရော်ပြုံးကလေးတစ်ချက် ပြုံးပြ
ပြန်ပြောနေသည်။

''ရှင် ပါလာပေမယ့် ဟိုလူတွေက ရှင့်ကို အထင်မှ မ
တာ၊ ရှင့်ကို မကိုက်တတ်တဲ့ ရေမြွေပဲမှတ်နေကြလို့ လိုက်
ကြတာ ဖြစ်မှာပေါ့''

''အဟဲ...ငါ့ကို ရေမြွေလို့ မှတ်ရင်တော့ ဒီလူတွေ အ
ကြီးမှားသွားကြမှာပေါ့ကွာ၊ ငါဟာ ရေမြွေ မဟုတ်ပါဘူ
ထိရင် ကိုက်တတ်တဲ့ မြွေပွေးကွ...မြွေပွေး၊ ဟဲ...ဟဲ...ဟဲ''

''ဟုတ်ကဲ့၊ ရေမြွေလား မြွေပွေးလားဆိုတာ ကျွန်မ
ပြောပြနေတာထက် ဟိုလူတွေ သဘောပေါက်သွားအော
ပြနိုင်ရင်တော့ သိပ်ကောင်းမှာပေါ့ရှင်''



''စိတ်ချ...စိတ်ချ၊ မင်းပြောသလိုသာ ငါ့နောက်ကို အရှုံး
သပြီး လိုက်လာကြဦးမယ်ဆိုရင်တော့ ဖောဒီ မြွေပွေးကြီးက
သူတို့ကို မသွေးပြေးပြီး အသေ ပေါက်သတ်ပြပါ့မယ်ကွာ၊
ဟား...ဟား...ဟား''

''ဟုတ်ကဲ့...ဟုတ်ကဲ့၊ အပြောနဲ့အဟော ညီမညီဆိုတာ
စောင့်ကြည့်ရသေးတာပေါ့ရှင်''

''တစ်မိကညာရာ ကြည့်ပါကွာ...ကြည့်ပါ၊ ဟဲဟဲ''

အောင်နီလှင် ပြန်ပြောနေခိုက် သူတို့ ကားကလေးမှာ
ဦးထောင်ဗိုလ်လမ်းအတိုင်း အရှေ့ဘက်မှနေ၍ အနောက်
ဘက်သို့ ဦးတည်ကာ မောင်းနေသည်။

''တွေ့လားရှင့်၊ ဟိုနှစ်ယောက် ကျွန်မတို့ ကားနောက်ကို
လိုက်လာနေကြတယ်လေ၊ ဒီတစ်ခါတော့ သေချာသွားပါပြီ
ရှင်''

မြသန္တာနွယ်၏ စကားအဆုံးတွင် အောင်နီလှင်မှာလည်း
တွေးတတ်ဟန်ဖြင့် သူ၏ ဦးခေါင်းကို ခါယမ်းပြရင်း ပြန်
ပြောနေသည်။

''အေးကွာ၊ ဒီလူတွေလုပ်ပုံကို ငါဖြင့် စဉ်းစားလို့ကို မရ
ဘူး၊ ဒီပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ မိန်းမလို
ခင်းတစ်ယောက်တည်း ရှိနေတယ်လို့များ သူတို့စိတ်ထဲမှာ
မှတ်နေသလား မသိဘူးနော်၊ အဲဒီလိုမှ မဟုတ်ရင်လဲ ဒီလူ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ဥမ္မတ္တက အရူးတွေများလား မသိဘူးကွ၊ ဟား… ဟား….ဟား''

အောင်နီလွင်၏ စကားများကြောင့် မြသန္တာနွယ်မှာလည်း တခစ်ခစ်ဖြင့် ရယ်နေမိသည်။

မကြာမီ သူတို့စီးလာခဲ့ကြသော လေးဘီးကားကလေးမှာ အလုံဘက်သို့ ရောက်လာခဲ့ကြသည်။

နောက်မှ လူနှစ်ဦးစီးနင်းလိုက်ပါလာခဲ့ကြသော လေးဘီးကားကလေးကလည်း သူတို့ကားနှင့် ကိုက်နှစ်ဆယ်ခန့်အကွာမှ ပါလာခဲ့ကြသည်။

ဆင်ရေတွင်းလမ်းတွင်ရှိ မြသန္တာနွယ်တို့ နေထိုင်ကြသော အိမ်ရှေ့သို့အရောက်တွင် မြသန္တာနွယ်က လေးဘီးကားမောင်းသူအား အရပ်ခိုင်းသည်။

လေးဘီးကားရပ်၍ အပြီးတွင် အောင်နီလွင်က ကားသမားအား ငွေပေးရန် ကားနောက်ဘက်မှ အရင်ဆင်းသည်။

''အို…အစ်ကို၊ ဒါက ဘာလုပ်မလို့လဲ၊ ကျွန်မပဲ ပေးလိုက်ပါမယ်လေ''

မြသန္တာနွယ်က အောင်နီလွင်အား လှမ်းပြောနေသည်။

''မဟုတ်တာအဲကွာ၊ဒီကားဟာ ငါငှားလာခဲ့တာမို့ ငါကပဲ ပေးရမှာပေါ့''



''ဟင်…အစ်ကိုကလဲ၊ ဒီကားကို ငှားတာ အစ်ကိုမှန်ပေမယ့် ညီမအတွက် ငှားတာမို့ ညီမကသာ ငွေကိုပေးသင့်တာပေါ့၊ မဟုတ်ဘူးလား''

''မလိုချင်ဘူး၊ မင်းအတွက်ပဲငှားငှား၊ ငါ့အတွက်ပဲ ငှားငှား ကျသင့်ငွေကို ငါကပဲပေးမယ်၊ ဒါကို မင်း နားမထောင်ဘဲ ဇွတ်လုပ်မယ်ဆိုရင်တော့ မင်းကို ငါဘယ်တော့မှ အကူအညီ မပေးတော့ဘူး၊ ဒါပဲ''

အောင်နီလွင်က အသံမာမာဖြင့် ပြောလိုက်တော့မှ မြသန္တာနွယ်လည်း ငြိမ်ကျကာသွားတော့သည်။

လေးဘီးကား သမားကြီးကတော့ သူတို့နှစ်ဦး၏ အပြုအမူကိုကြည့်ကာ တပြုံးပြုံးလုပ်နေသည်။

''ရော့…ကားခ၊ အာ…ဟေ့လူ၊ခင်ဗျားမျက်နှာ ဘာဖြစ်နေရတာလဲဗျ''

အောင်နီလွင်က မျက်နှာကြီး မချိုမချဉ်ဖြစ်နေသော လေးဘီးကားသမားကို ပိုက်ဆံပေးနေရာမှ မြင်ရ၍ မေးနေခြင်းဖြစ်သည်။

''ဗျာ…ကျွန်တော့် မျက်နှာ ဘာဖြစ်နေလို့လဲ''

''ခြော်…ခင်ဗျားမျက်နှာကြည့်ရတာ ဆီးထုပ်ချိုချဉ်ရှုပ်ပေါက်နေလို့ပါ''

''ဘာလဲဗျ၊ ဆီးထုပ်ချိုချဉ်ဆိုတာ….''

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလဲ စားဖူးမှာပေါ့၊ ဆီးထုပ်ချိုချဉ်ဟာ စားတဲ့ အခါ အချိုတစ်ဝက် အချဉ်တစ်ဝက်ဖြစ်ပြီး ချိုချဉ်အရသာ ခံစားရသလို ခင်ဗျားမျက်နှာကလဲ အဲဒီအတိုင်း ဖြစ်နေလို့ ပေါ့ဗျာ၊ ဟဲဟဲ"

လေးဘီးကားသမားကြီးမှာ အောင်နီလွင်၏ ပြောစကား ကို သဘောကျသွားဟန်ဖြင့် တဟားဟား အော်ရယ်ရင်း ဤသို့ ပြန်ပြောနေသည်။

"ကျွန်တော့်မျက်နှာ ဆီးထုပ်လို ချိုချဉ်ဖြစ်ရတာကတော့ ခင်ဗျားတို့နှစ်ယောက် ကားခကို သူပေးမယ်၊ ငါပေးမယ် နှစ်ကိုယ်ယှဉ်ပြီး အဆိုတင်နေကြသံ ကြားရလို့ ကျွန်တော့် မျက်နှာဟာလဲ နဂိုအသွင်ကနေ ချိုချဉ်ဖြစ်ခဲ့ရတာပါပဲဗျာ၊ ဟား....ဟား....ဟား"

လေးဘီးကားသမားကြီးကလည်း ဟာသတွေနှောပြီး အောင်နီလွင်ကို ပြောနေသည်။

အောင်နီလွင်နှင့် မြသန္တာနွယ်တို့မှာလည်း လေးဘီးကား သမားကြီး၏ စကားကြောင့် ရယ်နေကြသည်။

ပြီးတော့ အောင်နီလွင် လှမ်းပေးနေသော ကားခကိုယူ ကာ လေးဘီးကားသမားကြီး သူတို့အနီးမှ မောင်းထွက် သွားခဲ့တော့သည်။

ထိုအခိုက်မှာပင် မြသန္တာနွယ်၏အသံမှာ ပေါ်လာပြန် သည်။



"အစ်ကို ဟိုမယ်တွေ့လား၊ ဟိုနှစ်ယောက် လေးဘီး ကားပေါ်က ဆင်းနေကြပြီ"

အောင်နီလွင်လည်း မြသန္တာနွယ်၏ စကားကြောင့် လှမ်း ကြည့်မိသည်။

မှန်ပေသည်။

သူတို့နောက်သို့ လိုက်လာခဲ့ကြသော လူနှစ်ယောက်မှာ လေးဘီးကားပေါ်မှ ဆင်းနေကြသည်။

အရပ်ရှည်ရှည်နှင့် လူက လေးဘီးကားခကို ရှင်းပေးနေ သည်ကိုလည်း တွေ့ရသည်။

"အင်း....ဒီလူတွေဟာ ဇွဲတော့ တော်တော်ကြီးတဲ့ လူတွေ နော်"

"ကဲပါ၊ သူတို့ဘာသာသူတို့ ဇွဲကြီးကြီး မကြီးကြီး အရေး စိုက်နေစရာမလိုပါဘူးလေ၊ တကယ် အရေးစိုက်ရမှာက တစ် လမ်းလုံး ဟိုလူတွေ လက်က ဘေးကင်းအောင် စေတနာ အပြည့်နဲ့ ကာကွယ်စောင့်ရှောက် ပေးလာခဲ့တဲ့ အစ်ကို့ ကိုပါ၊ ဒါဆိုတော့ ညီမရဲ့အိမ်ပေါ်ကို လိုက်ခဲ့ရမယ်နော်၊ အိမ်ပေါ်ကျ ရင် ညီမဖေဖေနဲ့လဲ မိတ်ဆက်ပေးချင်လို့ပါ၊ ဟုတ်လား"

မြသန္တာနွယ်က အောင်နီလွင်၏ မျက်နှာကို လေးစားစွာ ကြည့်ရင်းမှ အိမ်ပေါ်သို့လိုက်ရန် ဖိတ်ခေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



''အေးလေ၊ မင်းက ဖိတ်ခေါ်နေမှတော့ ငါကလဲ ငြင်း… ဘယ်ဖြစ်တော့မလဲ၊ ဒါပေမယ့် ခဏလောက်တော့ စောင့်… ဦးကွာ''

''ရှင်…ဘာကိုစောင့်ရမှာလဲ၊ အစ်ကိုက ဘယ်ကိုသွားဦး… မလို့လဲ ဟင်''

မြသန္တာနွယ်က နားမရှင်းသံဖြင့် အောင်နီလွင်အား ပြ… မေးနေသည်။

''ဘယ်ကိုမှမဟုတ်ဘူး၊ ငါသွားမယ် ဆိုတာက ဟို မ… မလည် နှစ်ကောင်ဆီကို ခဏလောက် သွားတွေ့မလို့ပါကွာ''

အောင်နီလွင်မှာ ပြောပြောဆိုဆိုနှင့် ထွက်သွားခဲ့သည်။

မြသန္တာနွယ်ပင် တားဖို့နောက်ကျကာ သွားခဲ့သည်။

အောင်နီလွင် ခြေလှမ်းကျဲကြီးဖြင့် သွားနေခိုက် အဆို… လူနှစ်ဦး ငှားစီး လာခဲ့ကြသော လေးဘီးကား မှာလည်… ကားခရခဲ့ပြီမို့ ထိုနေရာမှ ထွက်ခွာသွားခဲ့သည်။

မြသန္တာနွယ်မှာလည်း အောင်နီလွင်ထံသို့ပြေး၍လိုက်သွား… ရမည်လော၊ ယခုနေရာ၌ပင် ရပ်၍နေရမည်လော ဆိုသည်… ဝေခွဲမရ ဖြစ်နေတော့သည်။

မြသန္တာနွယ်၏နောက်သို့ လိုက်လာခဲ့ကြသော လူနှစ်ဦး… တော့ သူတို့ထံသို့ လာနေသော အောင်နီလွင်အား မျက်… ထားတင်းတင်းဖြင့် လှမ်းကြည့်ကာနေကြသည်။



အောင်နီလွင်မှာ အဆိုပါလူနှစ်ဦးနှင့် တစ်ကိုက် အကွာသို့ အရောက်တွင် ရပ်လိုက်ပြီး သူတို့ကို အသံမာမာဖြင့် လှမ်းမေး နေသည်။

''ဒီမယ် မိတ်ဆွေတို့၊ ခင်ဗျားတို့ ဘာကိစ္စ ကျွန်တော်တို့ နောက်ကို လိုက်လာခဲ့ကြတာလဲဗျာ''

ထိုအမေးကို အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် လူက ပြန် ဖြေသည်။

''တို့ဘာသာတို့ လိုက်ချင်လိုက် မလိုက်ချင်နေမယ်၊ မင်း ဘာမှ ဝင်ပြီး ဆရာလာလုပ်နေစရာ မလိုပါဘူးကွာ၊ ဟွန်း''

ထိုသူပြောအပြီးတွင် အရပ်ပုပု ဗလ ကောင်းကောင်းနှင့် လူကလည်း....

အောင်နီလွင်အား ပမာမခန့်သံဖြင့် ဤသို့ ဆက်၍ပြော နေတော့သည်။

''ဟုတ်တယ်ကိုယ့်လူ၊ ကိုယ်နဲ့ မဆိုင်ရင် ခပ်ဝေးဝေးက ရှောင်နေတာ အကောင်းဆုံးပဲ၊ အခုလို ဟီးရိုးဆန်ဆန် လူ စွမ်းကောင်း ဝင်လုပ်တာမျိုးက မနိုပ်ဘူးကွ၊ ဒါမျိုးတွေဟာ ရုပ်ရှင်တွေ၊ ဇာတ်ပွဲတွေမှာသာ ဟီးရိုးအဖြစ်နဲ့ အောင်းပြနိုင် ကြတာပါကွာ၊ အပြင်မှာတော့ အစွမ်းမပြနိုင်ဘဲ နှမ်းလျှလျှနဲ့ ခန်းမရတာကို လှမ်းကြွရတတ်တယ်ကွ၊ ဟား ဟား ဟား''

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေ၏ ရန်စ စော်ကားနေကြသော စကားများကြောင့် အောင်နီလွင်မှာ ဒေါသအမျက် ချောင်းထဲသို့ ထွက်ကုန်တော့သည်။ အဲ....အဲ....ယောင်လို့၊ ဒေါသအမျက် ချောင်းချောင်းထွက်သွားလေတော့သည်။

ပြီးမှ သူ၏စိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းကာ ငြိမ်းချမ်းရေးလေသံဖြင့် အဆိုပါလူနှစ်ဦးအား ပြောနေတော့သည်။

"ခင်ဗျားတို့ပြောတာ မဟုတ်သေးပါဘူးလေ၊ အင်မတန်ရိုင်းစိုင်းလွန်းအားကြီးနေပါတယ်၊ ကျွန်တော်က ခင်ဗျားတို့နဲ့ ရန်ဖြစ်ရအောင် လာခဲ့တာမဟုတ်သလို အခုကိစ္စမှာလဲ လူစွမ်းကောင်း ဝင်လုပ်ခဲ့တာ မဟုတ်ပါဘူး၊ လုပ်ဖို့လဲ စိတ်မကူးပါဘူး၊ ဒီတော့ မြန်မာလူမျိုးအချင်းချင်း ရန်စကားတွေ ပြောကြမယ့်အစား ပြေရာပြေကြောင်းပြောကြရရင် မကောင်းဘူးလားဗျာ"

"အို....ဘာမှ ပြေရာပြေကြောင်းတွေ ပြောနေစရာမလိုပါဘူး၊ ကိုယ့်လူက ကြားကနေ ဟီးရိုးအဖြစ်နဲ့ အမှတ်ဝင်ယူပြီး ဟိုဟာမကလေးကို ဖြတ်စားလျှပ်စား လုပ်မလို့မဟုတ်လား၊ ဟဲဟဲ၊ ဒီလိုအကွက်မျိုးထွင်လို့ ဘယ်ရမလဲကွာ၊ အခု ငါတို့လိုက်လာခဲ့တာကလဲ ငါတို့ရှေ့ကနေ ခြေလှမ်း သွက်သွက်နဲ့ အမြတ်ထုတ်သွားခဲ့တဲ့ မင်းကို ဟိုဟာမကလေး အိမ်ကပြန်အထွက်မှာ အပြတ်ရှင်းပြီး သင်ခန်းစာပေးဖို့ တို့လိုက်လာခဲ့တာကွ၊ အခုမှ ကြောက်ချေးပါပြီး မြန်မာလူမျိုးအချင်းချင်း



လေး ဘာလေးနဲ့ ဝံသာနုရက်ခွိတ လေသံတွေနဲ့ အာလူးပေးမနေနဲ့၊ ဒါမျိုးတွေဟာ ခေတ်မရှိတော့ဘူး၊ အောက်တော့ပ်ဒိတ်ဖြစ်နေပါပြီကွာ၊ ဟား ဟား ဟား"

ဗလကောင်းကောင်းနှင့်လူ၏ ပြောနေသံကြောင့် အောင်နီလွင်၏ သည်းခံစိတ် ဒီဂရီတွေမှာ တဖြည်းဖြည်း သုညအောက်သို့ ကျဆင်းကာ သွားခဲ့တော့သည်။

"ဒီမယ်....အခု ခင်ဗျားတို့ ပြောနေကြတဲ့ စကားတွေဟာ ကျုပ်သိက္ခာကို ရာနှုန်းပြည့် စော်ကားနေကြတာပဲ၊ ကျုပ်ဟာ ခင်ဗျားတို့ ထင်နေကြသလို ကြောင်သူတော်ယောင်ဆောင်ပြီး ဟို အမျိုးသမီးကလေးကို စောင့်ရှောက်ခဲ့တာ မဟုတ်ဘူး၊ အကယ့်ဖြူစင်တဲ့ စေတနာနဲ့ စောင့်ရှောက်ပေးခဲ့တာဗျ၊ ဒါကို ခင်ဗျားတို့က မတော်မတရား စွပ်စွဲတာတော့ ဘယ်ကောင်းပါ့မလဲ၊ ကိုယ်နဲ့နှိုင်း မရှိုင်းဆိုတဲ့စကားလို ခင်ဗျားတို့စိတ်တွေနဲ့ မနှိုင်းပါနဲ့ဗျာ"

"အိမ်း....နှိုင်းတော့ မင်းက ဘာလုပ်ချင်သလဲပြောစမ်း၊ ဘဲဟဲ"

အရပ်ရှည်ရှည်နှင့်လူက လက်သီးနှစ်ဖက်ကို ဆုပ်ပြရင်း အောင်နီလွင်အား ချဲလင်းလုပ်နေတော့သည်။

"ခက်တာပဲ၊ ကိုယ့်လူတို့က လူလိုပြောနေတာမရဘဲကိုး၊ ဆဲဟဲ"

www.burmeseclassic.com

www.burmeseclassic.com



''ဩော်....မင်းက လူလိုပြောမရတာနဲ့ ခွေးလို ကိုက်ချင်သလား၊ ရပါတယ်ကွာ၊လာ ကိုက်ချည်လေ၊ ဟား....ဟား....ဟား''

ထိုစကားများကြောင့် အောင်နီလွင်မှာလည်း ဆက်လက်၍ သည်းခံနိုင်သောစွမ်းရည် ဆိတ်သုဉ်းကုန်ခဲ့တော့သည်။

''ဟေ့ ဒီမယ်၊ ကျုပ်က ခွေးလို ကိုက်ချင်လို့ မဟုတ်ဘူး။ မင်းတို့နှစ်ယောက်ကို ခွေးလိုရိုက်ချင်လို့ဟေ့၊ ခွေးလိုရိုက်ချင်လို့၊ ကဲ....ရိုက်ပြီကွာ''

အောင်နီလွင်က ပြောပြောဆိုဆိုနှင့် ဗလကောင်းကောင်းနှင့်လူ၏ မျက်ခွက်ကို ညာဝိုက် လက်သီးဖြင့် လှုပ်တစ်ပြည်အတွင်း လှမ်းထိုးလိုက်တော့သည်။

ဗလကောင်းကောင်းနှင့်လူမှာအမှတ်တမဲ့မို့ အစမကောင်းမတော့ဘဲ နောက်ဘက်သို့ ဘဝပြောင်းသူလို အကျမကောင်းဖြင့်ထိုင်လျက်လဲကျကာ သွားတော့သည်။

ကျန်တစ်ဦးဖြစ်သော အရပ်ရှည်ရှည်နှင့်လူမှာ သူ့အဖော်ခံလိုက်ရသည်ကို တွေ့ရလျှင် အောင်နီလွင်အား မြေး၍ တော့သည်။

သို့သော် သူတို့ထက်လျှင်ပြီး ကာယဗလ အနေနှင့်လည်း တစ်ပန်းသာနေသော အောင်နီလွင်က ခုခံအားဖြင့်အားပင် သူ



မျက်နှာကို အသာ တိမ်းရှောင်ပေးရင်း သူ၏ ကိုယ်ကြီးကို တစ်ပတ်လှည့်ပစ်သည်။

စက္ကန့်ကလေးပင် မကြာသော်ငြားစေဘဲ အောင်နီလွင်က သူ၏ မဟာဒူးဖြင့် အရပ်ရှည်ရှည်နှင့်လူ၏ ဝမ်းပိုက်သို့တအား ဆောင့်တိုက်ပစ်သည်။

အောင်နီလွင်၏ မဟာဒူးချက်ကြောင့် အရပ်ရှည်ရှည်နှင့်လူမှာ အီးထွက်မတတ် နာကျင်သော ဝေဒနာကို ခံစားရပြီး မျက်နှာကြီးကိုရှုံ့မဲ့ပြကာ တအီးအီးဖြင့် အသံထွက်ကာ သူ၏ ဝမ်းပိုက်ကို နှိပ်ကာနေတော့သည်။

''တယ်လိုလဲကိုယ့်လူတို့၊တော်တော် မြိန်သွားကြတယ်မှတ်တယ်၊ ဟဲဟဲ''

အောင်နီလွင်က အရပ်ရှည်ရှည်နှင့် လူအား သရော်ပြုံးလေးဖြင့်ကြည့်ရင်း မေးနေသည်။

ထိုအချိန်မှာပင် စောစောက သူ နောက်ကောက် ချလိုက်၍ လဲကျနေသော ဗလကောင်းကောင်းနှင့် လူမှာ ပြန်ထလာခဲ့သည်။

ချက်ချင်းပင် သူသည် အောင်နီလွင်အား သူ၏ ဦးခေါင်းနှင့် နွားသိုးတစ်ကောင်ကဝှေ့သလို အောင်နီလွင်၏ဝမ်းပိုက်သို့ မှန်းကာ ဝှေ့တော့သည်။

ဘာရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်က ထိုသူ၏ဦးခေါင်းကို လက်ဖြင့်ဖမ်းကိုင်ပြီး ဂျူဒိုနည်းဖြင့် ထိုသူအား ပေါက်ချလိုက်သည်။

ဤတွင် ဗလကောင်းကောင်းနှင့်လူ၏ ကိုယ်ကြီးမှာ လေထဲတွင် ဝဲပျံကာ မြောက်တက်သွားပြီး တစ်ဖက်သို့ အရှိန်ပြင်းပြင်းနှင့် ထိုးစိုက်ကာ ကျသွားခဲ့တော့သည်။

''ဟဲဟဲ....ဒါမျိုးတွေနဲ့ လာစမ်းလို့မရဘူး ကိုယ့်လူတို့ရေ အခုတော့ ကိုယ့်စရိတ်နဲ့ကိုယ် မြေစမ်းပြီး သေလမ်းသွားရမယ် ဖြစ်သွားပြီ မဟုတ်လား၊ ကဲ လာဦးလေကွာ နောက်တစ်ဦး မင်းတို့နဲ့ဖိုက်ရတာ အရသာ မတွေ့ဘူးကွ၊ ဟားဟားဟား''

အောင်နီလွင်က သူ၏လက်ချက်ဖြင့် အသက်ထွက်မလို ဖြစ်နေကြသော လူနှစ်ဦးကို လှောင်ပြောင်သံဖြင့် ပြောနေသည်။

ထိုစဉ်မှာပင် အရပ်ရှည်ရှည်နှင့် လူမှာ စိတ်ကူး တစ်မျိုး ပေါက်ကာ လဲကျနေရာမှ အမြန်ထပြီး သူနှင့် တစ်ပေအကွာ တွင် ရှိနေသော အောင်နီလွင်၏ ပေါင်ကို အမဲရိုး အမှတ်နှင့် တအားပြေးကာ ကိုက်ပစ်တော့သည်။

အောင်နီလွင်မှာ အမှတ်တမဲ့မို့ ခံလိုက်ရတော့သည်။

''အရိုရို၊ ကိုက်တယ်ဗျ၊ လူကို ခွေးကိုက်နေတယ်၊ အဲ ဟုတ်ပါဘူး၊ လူကို ခွေးစိတ်ပေါက်ပြီး ကိုက်နေတယ်ဗျို့ နာလိုက်တာ၊ ဟေ့လူ လွှတ်စမ်း၊ ဒီလိုမလုပ်နဲ့''



အောင်နီလွင်မှာ နာကျင်သံဖြင့် သူ့အား ကိုက်နေသော အရပ်ရှည်ရှည်နှင့်လူကို ပြောနေသည်။

မရပေ။

တစ်ဖက်ကတော့ အမဲရိုးအမှတ်ဖြင့်သာ တအားဆက်၍ ကိုက်နေတော့သည်။

''အရိုရို၊ အခုထက်ထိမလွှတ်သေးဘူး၊ ဟေ့လူလွှတ်ပါဗျ၊ ခင်ဗျား အခုကိုက်နေတဲ့နေရာက ကျုပ်ရဲ့ ဒိန်းဂျား အမှတ် အသားနားမှာ ရောက်နေတယ်၊ ဘာဖြစ်လို့ ခွေးကျင့်ခွေးကြံ ကိုက်ချင်ရတာသဲ၊ ယောက်ျားချင်းပီပီ လက်သီးချင်း ယှဉ်ပါလားဗျ၊ ဒါဟာ ယောက်ျားအလုပ် မဟုတ်ဘူး၊ မိန်းမတွေသာ လုပ်တတ်ကြတဲ့အလုပ်ကွ၊ သိလား အခြောက်ရ၊ ဟွန်း''

အောင်နီလွင် မည်သို့ပင် ပြောဆိုနေစေကာမူ အရပ်ရှည်ရှည်နှင့်လူကတော့ ခံတွင်းတွေ့နေသည့်အလား သူ၏ပေါင်ကို ဆက်၍ ကိုက်မြဲကိုက်နေတော့သည်။

အောင်နီလွင်မှာလည်း အတော့ကို နာနေပြီမို့ နောက်ဆုံးတွင် အရပ်ရှည်ရှည်နှင့်လူ၏ နှာခေါင်းကြီးအား သူ၏သန်မာထောင့်တင်းလှသောလက်ဖြင့် အသက်ရှူမရအောင် တအားညှစ်ထားလိုက်တော့သည်။

သည်တော့မှ အရပ်ရှည်ရှည်နှင့် လူမှာ ဆက်မကိုက်နိုင်တော့ဘဲ သူ၏ပေါင်ကို လွှတ်ပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်မှာ သူ၏ပေါင်ကို ကိုက်ခဲထားခြင်းမှ လွတ်သွားသည်နှင့်တစ်ပြိုင်နက် အရပ်ရှည်ရှည်နှင့်လူ၏ နှာခေါင်းကို နဖားဆွဲသလိုတအားလိမ်ဆွဲကာထားပြီး သူ၏ခြေထောက်ဖြင့် လှမ်းကန်ရင်း ဤသို့ပြောနေတော့သည်။

"သွားပေတော့ သေနာကျရေ၊ နောက်တစ်ခါ ခွေးလိုကိုက်ရင် နင့်နှာခေါင်းကို လိမ်ချိုးပစ်မယ် သိလား၊ ဟွန်း"

အရပ်ရှည်ရှည်နှင့်လူခမျာမှာလည်း အောင်နီလွင်၏အကန်ကို ခံလိုက်ရ၍ တစ်ဖက်မြေကြီးပေါ်သို့ မှောက်လျက်ကြီး လဲကျကာ သွားခဲ့တော့သည်။

ထိုအခိုက်မှာပင် မြသန္တာနွယ်မှာလည်း စိုးရိမ်တကြီးဖြင့် အောင်နီလွင်၏အနီးသို့ ရောက်လာခဲ့သည်။

"အို....အစ်ကို တော်ပါတော့လေ၊ ဒီလောက် ဆုံးမရရင် တော်ရောပေါ့ရှင်"

မြသန္တာနွယ်၏ တောင်းပန်သံကြောင့် အောင်နီလွင်မှာလည်း အဆိုပါလူ နှစ်ဦးအားဆက်၍ အန္တရာယ် မပြုတော့ဘဲ ရပ်နေလိုက်သည်။

ထိုအခါကျမှ အရပ်ရှည်ရှည်နှင့်လူမှာ အောင်နီလွင်ဆွဲလိမ်ထားခဲ့၍ နာကျင်ကာ ရောင်ရမ်းနေသော သူ၏ နှာခေါင်းအား အသာနှိပ်နှာကြည့်ရင်း သူတို့ကိုငိုသံပါကြီးဖြင့် ယခုလို လှမ်းပြောနေတော့သည်။



"အောင်မယ်လေးလေး၊ သူ့ပေါင်ကို ကိုက်မိတာနဲ့တောင် ကာမိဘူး၊ ငါ့နှာခေါင်းကိုဆွဲလိမ်ထားလိုက်တာ တော်တော်ကြမ်းစက်တဲ့ကောင်ပဲ၊ ငါ့အမေ မွေးပေးထားခဲ့တဲ့ နှာခေါင်းသာလေး ကျိုးသွားရင် ဘယ်လိုလုပ်မလဲ သေခြင်းဆိုးရဲ့၊ ဟွန်း"

ထိုပြောသံများကို ကြားရလျှင် အောင်နီလွင်မှာ ဒေါသထွက်ကာသွားခဲ့ပြန်သည်။

"ဟင်....မင်းက လူကို ဆဲလားဆိုလားနဲ့၊ နာချင်ပြန်ပြီထင်တယ်၊ ဟွန်း"

အောင်နီလွင်က ပြောရင်း အရပ်ရှည်ရှည်နှင့်လူအား ခြေဖြင့်ကန်ရန်ပြင်သည်။

မြသန္တာနွယ်က အတင်းဆွဲထား၍ မကန်ဖြစ်တော့ပေ။

"တော်ပါတော့ဆိုနေမှပဲ၊ အစ်ကိုကလဲ ဒေါသချည်းပဲ၊ ...ရှင်တို့ ဒီနေရာက အမြန်ထွက်သွားကြပါ၊ နို့မို့ ဒီထက်ပြင်း နာလိမ့်မယ် သိလား"

မြသန္တာနွယ်က ပြောလျှင် အရပ်ရှည်ရှည်နှင့်လူမှာ လဲကျရာမှ ပြန်လည်၍ ထထိုင်စ ပြုနေသော သူ့အဖော်အား ဆွဲကာ ထိုနေရာမှ လစ်သွားခဲ့တော့သည်။

အောင်နီလွင်ကမူ အဆိုပါလူနှစ်ဦးအား စိတ်ဆိုးမပြေသောဟန်ဖြင့် နောက်မှလှမ်းကြည့်ရင်း ယခုလို အော်ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး....အဲ့ခုတစ်ခါတော့ ဧရန်လောက်ပဲ ငါပေးလိုက်တာကွ၊ နောက်တစ်ခါ ဒီကအမျိုးသမီးကို ဆက်ပြီး အနှောင့်အယှက်ပေးနေဦးမယ်ဆိုရင် ဒီထက်ပိုပြီး နာကျင်အောင် ငါက ဆက်ဆုံးမမယ်ဆိုတာ မြဲမြဲကြီး အသည်းစွဲအောင် မှတ်သားထားလိုက်ကြကွ သိလား"

အောင်နီလွင်၏ ကြိမ်းဝါးသံကို ကြားရလျှင် အရပ်ရှည်ရှည်နှင့်လူမှာ မခံချင်သဖြင့် ပြန်လှည့်ကြည့်ကာ သူကလည်း ဤသို့ ပြန်ပြောနေသည်။

"အဟဲ....ငါတို့ကိုချည်း ပြောမနေနဲ့၊ မင်းလဲ နောက်တစ်ခါကျရင် ကောင်းကောင်း သတိထားနေပါ၊ အဲဒီလိုမဟုတ်ဘဲ ငါတို့နဲ့ နောက်တစ်ချီတွေ့ကြမယ်ဆိုရင်တော့ အခုလို ခပေါင်လောက်တင်မကိုက်တော့ဘူး၊ မင်းရဲ့ မိန်းဆွဲကြီးကို ပြုတ်ထွက်သွားအောင်ကို ထက်မြက်လှတဲ့ ငါ့သွားနဲ့ ကိုက်ပြမယ်ဟော....ကိုက်ပြမယ်၊ သတိသာ ကြပ်ကြပ်ကြီးထားကွ သိသား၊ ဟား....ဟား....ဟား"

ထိုစကားသံများကိုကြားရလျှင် အောင်နီလွင်မှာ ဒေါသခြင်းခြင်းထွက်ကာ အဆိုပါ လူနှစ်ဦးထံသို့ ပြေးလိုက်ရန် ပြင်သည်။

"အို....အစ်ကို....အစ်ကို၊ မလုပ်ပါနဲ့လေ၊ တော်ပါတော့"



မြသန္တာနွယ်က အောင်နီလွင်၏ ကိုယ်ကြီးကို အတင်းဆွဲပြီး တားနေရသည်။

အဆိုပါလူနှစ်ဦးမှာတော့ သူတို့နောက်သို့ အောင်နီလွင်လာတော့မည်အထင်ဖြင့် ဖနောင့်နှင့် ငယ်ထိပ် တစ်သားတည်းကျအောင်၊ အဲ....မဟုတ်ပါဘူး၊ ဖနောင့်နှင့်တင်တစ်သားတည်းကျအောင် ပြေးသွားခဲ့ကြတော့သည်။

မြသန္တာနွယ်မှာလည်း အဆိုပါလူနှစ်ဦး၏ အဖြစ်ကိုကြည့်ကာ တခစ်ခစ်ဖြင့် ရယ်မဆုံးဖြစ်နေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (သုံး)

**မြသနာတက်မှာ စိုးရှိသူ**

"ကဲ…လာအစ်ကို၊ အိမ်ပေါ်ကိုသွားကြပါစို့"

မြသန္တာနွယ်မှာ သူမ၏နောက်သို့ အငမ်းမရလိုက်ပါ
ကြသော လူနှစ်ဦး ထွက်ပြေးအပြီးတွင် အောင်နီလွင်အ
အိမ်ပေါ်သို့ ခေါ်နေသည်။

"အာ… ငါ… ငါမလိုက်ချင်တော့ဘူးကွာ၊ နောက်
လာလည်ပါရစေကွာ"

အောင်နီလွင်၏ ငြင်းဆန်နေမှုခံကြောင့် မြသန္တာနွယ်
အံ့အားသင့်ကာ သွားတော့သည်။

"ဟင်… ဒါက ဘယ်လိုဖြစ်သွားရတာလဲ အစ်ကိုရယ်
ခုနတုန်းကတော့ လိုက်ပါမယ်ဆို"



"မှန်တယ်၊ ခုနတုန်းကနဲ့အခု မတူတော့ဘူး၊ ဒါကြောင့်
လိုက်ချင်ဘူး ပြောနေတာပါကွာ၊ ကျွတ် ကျွတ် ကျွတ်"

အောင်နီလွင်မှာ မြသန္တာနွယ်၏ အမေးကို ပြန်၍ဖြေ
ားအပြီး အရပ်ရှည်ရှည်နှင့်လူက ခွေးစိတ်ပေါက်၍ ကိုက်ခဲ
ားသောသူ၏ပေါင်မှာနာကျင်လာသဖြင့်အထက်ပါအတိုင်း
သယ်ကာ ညည်းညူရင်း အကိုက်ခံရသော သူ၏ပေါင်ကို
က်ဖြင့် အသာပွတ်ပေးနေတော့သည်။

"ဟင်…ဒီ…ဒီလိုဆို အစ်ကို့ ပေါင်က ဒဏ်ရာဟာ တော်
ာ်များသွားသလားဟင်၊ မှန်းစမ်း၊ကျွန်မကြည့်ပါရစေ"

မြသန္တာနွယ်မှာ ပြောပြောဆိုဆိုနှင့် အောင်နီလွင် အကိုက်
ခံရသော ပေါင်မှ ဒဏ်ရာကိုကြည့်ရန် လုံချည်ကို ဆတ်
ခနဲ ဆွဲလှန်တော့သည်။

"ဟ…ဟ…မ…မ…မလုပ်နဲ့လေ၊ အာ…မင်း ဘယ်လို
အမျိုးသမီးလဲကွ၊ ဖွန်း"

အောင်နီလွင်မှာ သူစိမ်းတစ်ရံဆံ အမျိုးသမီးတစ်ဦးက
သူ၏ပေါင်ကို ဆွဲလှန်နေခြင်းကို မခံချင်သဖြင့် အထက်ပါ
အတိုင်း ပြန်ပြောနေသည်။

နှုတ်ကပြောနေသလို လက်မှလည်း အနည်းငယ် လန်
သွားခဲ့သော သူ၏လုံချည်ကို အမြန်ပြန်၍ ဖုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်ကတော့ အောင်နီလွင်၏ အရှက်ကြီး
ကြည့်ကာ တခစ်ခစ်ဖြင့် ရယ်နေတော့သည်။

"ရယ်မနေနဲ့ကွ၊ မင်းက ဘာကိစ္စ ငါ့လုံချည်ကို မ
မဆိုဘဲ ဆွဲလှန်ရတာလဲ"

"ဩော်...အစ်ကိုကလဲ၊ လှန်ဆို အစ်ကို့ပေါင်က ဒဏ်
ကို ကြည့်ချင်လို့ပေါ့၊ ကတဲ့မှပဲ၊ အဖြစ်ကသည်းလိုက်ရတာ

"အဖြစ်သည်းတာမဟုတ်ဘူး၊ ငါကလဲ ကိုယ်နဲ့ ဘာ
မတော်စပ်တဲ့ သူစိမ်းအမျိုးသမီး ကြည့်တာရှုတာကို မခံ
လို့ပေါ့ကွ"

"ဒီလိုသဘောမထားနဲ့လေ၊ ကျွန်မက အစ်ကိုတစ်ဦး
သဘောထားပြီး ကြည့်မှာမို့ အစ်ကိုကလဲ ညီမလို သဘော
ထားပြီး ပြပေါ့"

"သွားစမ်းပါ၊ ငါကတော့ မင်းပြောသလို မထားနိုင်
ဘူး၊ ဒီတော့ ငါပြန်မယ်"

"အို...မဟုတ်တာဘဲ၊ အစ်ကို ဒီအတိုင်း ပြန်သွားရ
အကိုက်ခံရတဲ့ဒဏ်ရာက ပိုရင်းလာမှာပေါ့"

"အေး...ပိုရင်းလို့ ငိုချင်းနဲ့ သေမင်းဆီကို သွားရ
သွားရရော မင်းလိုအပျိုတစ်ယောက်ရဲ့ရှေ့မှာ ငါလိုလူ
တစ်ယောက်ကတော့ ပေါင်ကဒဏ်ရာကို လှန်မပြနိုင်ဘူးကွ
ဒီလောက်ပြောနေရင် သိဖို့ကောင်းပါပြီလေ"



"အာ...အစ်ကိုကလဲ၊ ညီမက စေတနာနဲ့ ကြည့်ချင်လို့
ပြောနေတဲ့ဟာ၊ ဒါဆို ဆရာဝန်မတွေ အစ်ကို့ဒဏ်ရာကို
ကုမယ်ဆိုရင် အစ်ကို ဘယ်လိုလုပ်မလဲ"

"အိုး...ငါကလဲ ဘယ်တော့မှ ဆရာဝန်မတွေဆီမှာ မကု
ဘူး၊ ယောကျ်ား ဆရာဝန်တွေဆီမှာပဲ ကုမယ့်ကောင်ပါ၊
တော်ပြီ၊ ငါသွားမယ်"

"ကြည့်ပါလား၊ ဘာဖြစ်လို့ ဒီလောက်တောင် သွား
ချင်နေရတာလဲ၊ ဖေဖေနဲ့ တွေ့သွားပါဦး"

"ဟ...တွေ့သွားရအောင် ငါ့မှာက ဒဏ်ရာရနေတဲ့ဟာ၊
နောက်မှ လာတွေ့ပါမယ်လေ၊ ငါသွားမယ်"

"ဟန်း...အစ်ကိုကလဲ၊ အိမ်နားပဲ ရောက်နေပြီဟာ၊
နောက်မှလုပ်မနေပါနဲ့လေ၊ ကဲ...လာပါ၊ အစ်ကိုမလျှောက်
နိုင်ရင် ညီမ တွဲပြီး ခေါ်မယ်လေ"

မြသန္တာနွယ်က ဖွတ်ပင်ခေါ်နေသည်။

အောင်နီလွင်လည်း ငြင်းမရဖြစ်နေ၍ သဘောတူလိုက်
ရတော့သည်။

"ကိုင်း...ဒီလောက်တောင်မှ အိမ်ပေါ်ကို လိုက်စေချင်
လဲ လိုက်ပါမယ်၊ ဒါပေမယ့် မင်းတွဲဖို့တော့ မလိုပါဘူးကွာ၊
ငါ့ဒဏ်ရာက ဒီလောက်လဲ မဆိုးဝါးသေးပါဘူး၊ ကဲ...လာ၊
သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင် ပြောရင်း ထော့နင်းထော့နင်းဖြင့် ရှေ့မှ ထွက်သွားနေသည်။ မြသန္တာနွယ်ကတော့ သူ့အား နောက်မှ နေ၍ ပြုံးကြည့်နေသည်။

"ဟေး... အစ်ကို၊ အိမ်မှားနေပြီလေ၊ ဒီဘက်ကအိမ်ပါ ဟိုဘက်အိမ်မဟုတ်ဘူး၊ ဟွင်း....သိလဲမသိဘဲနဲ့ ရှေ့ကသွား ချင်နေလိုက်တာ၊ ခိ ခိ ခိ"

မြသန္တာနွယ်က နောက်မှနေ၍ အောင်နီလွင်အား လှမ်းပြော နေသည်။

"သိဘူးလေကွာ၊ ငါလဲ ခြေဦးတည့်ရာသွားနေတဲ့ဟာ"

အောင်နီလွင် ပြန်ပြောပြီးနောက် မြသန္တာနွယ် ညွှန်ပြ သော အိမ်သို့ ဖြည်းဖြည်းချင်း လှေကားအတိုင်း တက်ခဲ့ တော့သည်။

မြသန္တာနွယ်တို့၏အိမ်ကလေးမှာ အုတ်ခံကျွန်းသစ်တို့ဖြင့် ဆောက်လုပ်ထားသော တစ်ထပ်အိမ်ကလေးဖြစ်သည်။

"လာ.... အစ်ကို၊ ဧည့်ခန်းထဲကိုသွား၊ ဖေဖေလဲရှိနေ တယ်"

မြသန္တာနွယ်က အိမ်ပေါ်သို့ အရောက်တွင် အောင်နီလွင် အား လှမ်းပြောနေသည်။

အောင်နီလွင်မှာ လှေကားဝမှနေ၍ ဧည့်ခန်းဆီသို့ ဖွင့် ထားသော ပြတင်းပေါက်မှနေ၍ လှမ်းကြည့်မိသည်။



ဧည့်ခန်းထဲတွင် အသက်ခြောက်ဆယ် ကျော်ခန့်ရှိ ဆံပင် ဖြူဖြူနှင့် လူကြီးတစ်ဦး ကော်ကိုင်းမျက်မှန်ကြီးကိုတပ်၍ စာ ဖတ်နေသည်ကို တွေ့ရသည်။

သူတို့၏ အသံတွေကြောင့် စာဖတ်နေသောလူကြီးက သူ တို့ဝင်လာမည့် အပေါက်ဘက်သို့ လှမ်းကြည့်နေသည်။

"လာ....အစ်ကို အိမ်ထဲကို၊ ဧည့်ခန်းထဲမှာ ဖေဖေလဲ အသင့်ရှိနေတယ်လေ"

မြသန္တာနွယ်မှာ ပါးစပ်ကလည်းခေါ်ရင်း လက်ကလည်း အောင်နီလွင်အား ဆွဲကာ ဧည့်ခန်းရှိရာသို့ ခေါ်လာနေ သည်။

မြသန္တာနွယ်၏ဖခင် ဦးအုန်းခင်မှာ ထိုမြင်ကွင်းကြောင့် သူ၏စိတ်ထဲတွင် တစ်မျိုးအဓိပ္ပာယ်ပေါက်ကာ သွားတော့ သည်။

"အင်း....ငါ့သမီးတော့ လက်ထပ်တော့မယ် ထင်တယ်၊ အခု သူခေါ်လာနေတဲ့သူဟာ သူ့ချစ်သူပဲဖြစ်ရမယ်၊ ကောင်း ငါ့ကို လာနားဖောက်တယ်နဲ့တူတယ်"

ဦးအုန်းခင်မှာ အထက်ပါအတိုင်း စိတ်ထဲမှ သူထင်ရာကို တွေးနေခြင်းပင်။

အောင်နီလွင်တို့ အနီးသို့ရောက်လာလျှင် ဦးအုန်းခင် ပြုံး ၍ကြည့်ရင်း သူ၏ရှေ့တွင်ရှိ ကုလားထိုင်ပေါ်တွင် အထိုင် ခိုင်းသည်။

www.burmeseclassic.com



"ဟဲ—မောင်ရှင်၊ ထိုင်ပါဦးလေ"

"ဟုတ်ကဲ့ခင်ဗျ၊ ကျေးဇူးတင်ပါတယ်"

အောင်နီလွင်မှာ သူ့အား ရှိုးရိုးလူတစ်ယောက်အဖြစ် အထိုင်ခိုင်းသည်မှတ်ကာ အထက်ပါအတိုင်း ရိုရိုသေသေနှင့် ပြန်ပြောနေသည်။

ပြန်ပြောနေရင်းမှ ဦးအုန်းခင် အထိုင်ခိုင်းသောနေရာတွင် အသာဝင်ထိုင်သည်။

ထိုအခိုက်မှာပင် မြသန္တာနွယ်၏ထံမှ မိတ်ဆက်ပေးသံ ပေါ်လာခဲ့သည်။

"ဩော်...ဖေဖေ၊ အခု သမီးတို့ဆီ ရောက်လာတဲ့ အစ်ကိုက..."

"တော်ပြီ သမီး၊ ဆက်မပြောနဲ့၊ ဖေဖေဟာ အရိပ်ပြရင် အကောင်မြင်ပါတယ်ကွယ်၊ ဖေဖေ အားလုံးသိပြီးပြီ"

ထိုစကားများကို ကြားရလျှင် မြသန္တာနွယ်မှာ အံ့ဩကာသွားခဲ့တော့သည်။

"ဟင်...ဖေဖေက ဘာတွေကို သိပြီးနေတာလဲဟင်"

"ဟ...သမီးရဲ့၊ ဖေဖေလဲ ငယ်ရာက ကြီးလာခဲ့တဲ့ဟာ၊ မသိဘဲ နေပါ့မလား"



"အာ...ခက်လိုက်တာ၊ အဲဒီသိတယ် ဆိုတာက ဘာကို သိနေတာလဲ ဖေဖေရဲ့"

မြသန္တာနွယ်မှာ စိတ်ရှုပ်သံကလေးဖြင့် သူမ၏ ကုပ်ပိုးကို လက်ဖြင့်ပွတ်ရင်း ပြန်မေးနေသည်။

အောင်နီလွင်ကတော့ ခပ်ပြုံးပြုံးကလေးဖြင့် နားထောင်နေသည်။

"ဒီလိုလေ၊ အခု သမီးခေါ်လာတဲ့ သူငယ်ဟာ သမီးချစ်သူမို့ ဖေဖေ့ဆီကို နားဖောက်ဖို့ ခေါ်လာခဲ့တာမဟုတ်လားကွယ့်၊ ဟဲ...ဟဲ"

"ဟောတော့"

ဖခင် ဦးအုန်းခင်၏ စကားများကို ကြားရလျှင် မြသန္တာနွယ်မှာ အထက်ပါအတိုင်း ကျောကလေးကော့ကာ ဟောကလေး တော့လိုက်မိတော့သည်။

အောင်နီလွင်မှာတော့ တဟားဟားနှင့် မနားဘဲ ရယ်နေတော့သည်။

ဦးအုန်းခင်မှာမူ သူတို့တစ်တွေ၏ အပြုအမူများကြောင့် အူကြောင်ကြောင်ဖြစ်ကာ သူတို့ကို ငေးကြည့်နေမိသည်။

"ဟ...ဒါက ဘာဖြစ်နေကြရတာလဲ၊ ငါ့ကို အရူးလုပ်နေကြတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခင်မှာ စိတ်တိုလာဟန်ဖြင့် အထက်ပါအတိုင်း ပြန်မေးနေသည်။

မြသန္တာနွယ်ကတော့ ရှက်ရယ်ကလေးတစ်ချက်ရယ်ပြရင်း ပြန်လည်ရှင်းပြနေဆည်။

"ဖေဖေ့ကို သမီးတို့က အရှုးလုပ်နေကြတာ မဟုတ်ပါဘူး၊ ဖေဖေ အခုပြောနေတာတွေဟာ တကယ်တကယ်စင်အောင် မှားနေလို့ပါ"

"ဘာ...ငါပြောတာ မှားတယ်ဟုတ်လား၊ ငါ့ကို မညာနဲ့နော် မိန္ဓယ်၊ ဟွန်း"

ဦးအုန်းခင်၏အသံမှာ သူတို့နှစ်ဦးအပေါ်တွင် သံသယစိတ်တွေ ဝင်နေဆဲရှိကြောင်း ညွှန်ပြနေသည်။

"မညာပါဘူး ဖေဖေရယ်၊ သမီး ရှင်းပြပါ့မယ်၊ ဟောဒီ အစ်ကိုမာလေ သမီးရဲ့ကယ်တင်ရှင်ကြီးပေါ့၊ အဟိ"

"ဟေ...သမီးရဲ့ ကယ်တင်ရှင် ဟုတ်လား၊ ဘယ်လိုကယ်တင်ရှင်လဲ၊ သမီး ရေနစ်နေတုန်း ဒီသူငယ်က ရေထဲဆင်းပြီး ကယ်ခဲ့ဖူးလို့လားဟင်"

"အာ...မဟုတ်ပါဘူး၊ သမီးက ရေနစ်ရအောင် ဘယ်တုန်းက ရေကန်ထဲကိုဆင်းဆော့ဖူးလို့လဲ"

"ဒါဖြင့် ဘယ်လိုကယ်တင်ရှင်လဲ၊ မြန်မြန်ရှင်းပြစမ်းပါ"



"သမီးကို လိုက်ပြီးနှောင့်ယှက်နေကြတဲ့ လူနှစ်ဦးရဲ့ လက်ကနေ ဒီကိုအရောက် လိုက်လံစောင့်ရှောက်တဲ့ ကယ်တင်ရှင်ပါ ဖေဖေ"

ထိုစကားများကို ကြားရတော့မှ ဦးအုန်းခင်မှာ အမှားကင်းကင်းနှင့် နားရှင်းကျ သွားခဲ့တော့သည်။

"ဪ....ဪ၊ လက်စသတ်တော့ ငါ့သမီးကို စေတနာ့ဝန်ထမ်း လိုက်လံစောင့်ရှောက်ပေးခဲ့တဲ့သူကိုး၊ ဖေဖေက တစ်မျိုးမှတ်နေလို့ပါကွယ်၊ ဒါထက် မောင်ရင်ရဲ့ နာမည်က...."

"အောင်နီလွင်လို့ခေါ်ပါတယ် ဦးလေး"

အောင်နီလွင်က ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဦးအုန်းခင်၏ အမေးကို ပြန်ဖြေနေသည်။

"အလုပ်အကိုင်ကကော့ကွယ့်၊ မင်းက ရန်ကုန်ဇာတိပဲလား"

ဦးအုန်းခင်က ထပ်မံ၍ စပ်စုနေပြန်သည်။

"မဟုတ်ပါဘူး၊ ကျွန်တော်က ရောဝတီမြစ်ဝကျွန်းပေါ်ကပါ၊ အလုပ်ကတော့ စီးပွားရေးလုပ်ငန်းရှင် ဆိုပါတော့"

"မင်းပြောတဲ့ စီးပွားရေးလုပ်ငန်းရှင်ဆိုတာက ဘာကိုခေါ်သလဲ၊ ပွဲစားလား၊ ကုန်သည်လား၊ ဒါမှမဟုတ် အခု

www.burmeseclassic.com

www.burmeseclassic.com



ခေတ်မှာ ခေတ်စားနေကြတဲ့ မိန်းမတ်ကက်ဆိုင်ပိုင်ရှင်လှား ကွယ့်”

“ဟဲ....ဟဲ.... ပြောရမယ်ဆိုရင်တော့ အဲဒါတွေ တစ်ခုမှ မဟုတ်ပါဘူး၊ ကျွန်တော်က အခုမှ စီးပွားရေးလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်ဖို့ စိတ်ကူးနေတဲ့သူပါဦးလေး”

အောင်နီလွင်၏စကားများကြောင့် ဦးအုန်းခင်၏မျက်နှာကြီးမှာ မရန်းသီးအစိမ်းကို စားလိုက်ရသူလို ရှုံ့မဲ့ကာသွားတော့သည်။

“အောင်မယ်လေးလေး၊ ဒါနဲ့များ စီးပွားရေးလုပ်ငန်းရှင်လေးဘာလေးနဲ့ ဖင်ခေါင်းက ငါး စင်တီမီတာလောက် ကျယ်ပြနေရသေးတယ်ကွာ၊ ဟွန်း”

“အို ဖေဖေကလဲ၊ ဘယ်လိုပြောလိုက်တာလဲ၊ အားနာစရာကြီး”

မြသန္တာနွယ်က ဦးအုန်းခင်၏ရင့်သီးလှသော စကားများကြောင့် အောင်နီလွင်ကို အားနာသွားဟန်ဖြင့် ဝင်ပြောနေသည်။

အောင်နီလွင်ကမူ စိတ်ဆိုးဟန်မပြဘဲ ရယ်နေသည်။

“ဘာဆိုင်လို့အားနာရမှာလဲ၊ သူတောင် ငါ့ကို အားမနာဘဲ စီးပွားရေးလုပ်ငန်းရှင်လေး ဘာလေးနဲ့ ဖြီးနေတဲ့ တာ”



ဦးအုန်းခင်က လျှကြီးပီပီ ရှင်းရှင်းနှင့်ဘွင်းဘွင်းဖင် ပြန်၍ပြောနေသည်။

“မှန်တယ်၊ ဦးလေးပြောတာ သဘာဝကျတယ်၊ ကျွန်တော်ပြောတဲ့စကားတွေဟာလဲ သိပ်မှမနိုင်တာကိုး၊ ဦးလေး အပြစ်တင်ရင် တင်သင့်တာပေါ့”

အောင်နီလွင်က ခပ်ပြုံးပြုံးကလေးဖြင့် ဦးအုန်းခင်အား ပြန်ပြောနေသည်။

“အိမ်း....ဒီနေရာမှာတော့ မင်းကို ငါသဘောကျသွားပြီ၊ မင်းဟာ ကိုယ့်အမှားကို ချက်ချင်းဝန်ခံရဲတာဟာ နည်းနည်းနောနောသတ္တိမဟုတ်ဘူးကွ၊ အများအားဖြင့် လူတွေဟာ ကိုယ့်ကိုယ်ကို ထင်တစ်လုံးနဲ့ ဘဝင်မြင့်တတ်ကြတယ်၊ ငါလုပ်တာမှန်တယ်၊ ငါပြောတာဟုတ်တယ်၊ ငါအမှားကို မလုပ်ဘူးဆိုပြီး တလွဲဆံပင်ကောင်းတတ်ကြတယ်၊ အင်း.... မင်းကတော့ လူငယ် တစ်ယောက်ပေမယ့် ကိုယ့်အမှားကို ချက်ချင်းပဲ ဝန်ခံလိုက်တဲ့အတွက် ဦးလေးကလဲ မင်းရဲ့ စိတ်သဘောကို ချီးမွမ်းပါတယ်ကွာ၊ ဟဲဟဲ”

ဦးအုန်းခင်မှာ အောင်နီလွင်၏ ပွင့်လင်းမှုကို သဘောကျစွာဖြင့် ပြောနေသည်။

မြသန္တာနွယ်မှာတော့ အောင်နီလွင်၏ပေါင်မှအဖော်ရာကို ငေးရီမ်နေသဖြင့် လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ....အစ်ကို၊ ပေါင်ကဒဏ်ရာကို ဆေးထည့်ရအောင်လား"

"အာ....လုပ်ပြန်ပြီ၊ မင်းဆေးထည့်တာကို မခံချင်ပါဘူးဆိုနေမှပဲကွာ"

ရအောင်နီလွင်က သဘောမကျသံဖြင့် ပြန်၍ငြင်းနေသည်။

"မထည့်လို့ ဖြစ်မလား၊ တော်ကြာ အနာကရင်းနေရင်ဘယ်လိုလုပ်မလဲ၊ လူကိုက်တာဟာ ခွေးကိုက်တာထက် အဆိပ်ပြင်းတယ် သိရဲ့လား"

ဦးအုန်းခင်မှာ သူတို့နှစ်ဦး ပြောဆိုနေကြပုံကို အံ့သြဟန်ဖြင့် နားထောင်နေသည်။

"ဟ...ဒါက ဘာစကားတွေလဲ၊ ဒီသူငယ်ရဲ့ ပေါင်ကဘယ်လိုဒဏ်ရာလဲ၊ ခုနက နင်တို့ပြောနေကြတဲ့ စကားတွေထဲမှာ ခွေးလဲပါတယ်၊ လူလဲပါတယ်၊ ဒါက ဘာတွေလဲဟ"

ဦးအုန်းခင်မှာ သိလိုဟန်ဖြင့် သူတို့နှစ်ဦးအား မေးနေသည်။

ထိုအမေးကို မြသန္တာနွယ်က ပြန်ပြောပြနေရသည်။

"ဒီလို ဖေဖေရေ၊ ဟောဒီကအစ်ကိုဟာလေ သမီးနောက်ကို မနက်ကတည်းက တကောက်ကောက်လိုက်နေကြတဲ့ လူတွေဆီကို သွားပြီး မနှောင့်ယှက်ဖို့ ပြောတာကို ဟိုလူနှစ်ယောက်က နားမထောင်ဘဲ ဒီက အစ်ကိုကို ရန်ပြုကြတယ်၊



...ဒီ အစ်ကိုကလဲ သူတို့ကို ပြန်ပြီး ဖိုက်လိုက်တော့ ဟိုလူနှစ်...ာက် နော့ကောက်ကျသွားခဲ့တယ်လေ၊ အဟိ"

"ဟေ....တယ်ဟုတ်ပါကလား၊ တောက်....ဒီဖိုက်တင်ပွဲကို ...ဖေ မကြည့်လိုက်ရတာ နာတာပဲ၊ ဟား....ဟား....ဟား"

ဦးအုန်းခင်က သဘောကျသံဖြင့် ပြန်ပြောနေသည်။

မြသန္တာနွယ်ကတော့ သူ၏စကားကို ပြန်ကောက်ကာ...ာပြနေသည်။

"အဲဒီလို ဟိုလူနှစ်ယောက် လဲအကျမှာ ဓာစ် ယောက်က...ကို့ကို မနိုင်တော့ ခွေးစိတ်ပေါက်ပြီး ဒီအစ်ကိုရဲ့ပေါင်အမဲသားတုံးအမှတ်နဲ့ အားရပါးရ ထကိုက်တော့တာပဲ...ပရယ်"

"ဟား....ဟား....ဟား၊ ဖြစ်ပုံနှယ် ဆန်းကြယ်လိုက်တာ...၊ လူကိုခွေးကကိုက်တယ်သာ ကြားဖူးပါတယ်၊ အခုလို...လူကို ပြန်ကိုက်တယ်ဆိုတာမျိုးကတော့ ဒီတစ်ခါပဲ ငါ...ဖူးတယ်၊ ဒီတော့ မြင်လဲမြင်ဖူးသွားရအောင် မှန်းစမ်း၊...င်သူငယ်၊ မင်းပေါင်က ခွေးကိုက်တဲ့ ဒဏ်ရာ၊ အဲ....အဲ၊...ကိုက်တဲ့ဒဏ်ရာကို၊ ဟဲ....ဟဲ"

...ဦးအုန်းခင်မှာ ပြောပြောဆိုဆိုနှင့် သူ့ရှေ့တွင် ထိုင်နေ...ာ အောင်နီလွင်၏ပေါင်ကိုလှန်ရန် လုံချည်စကို လှမ်းဆွဲ...သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အအအာ....မ....မ....မလုပ်ပါနဲ့ ဦးလေးရ၊ မလှန်ပါ
ကျွန်တော့်ဒဏ်ရာက မကြီးလှပါဘူး၊ အသေးအဖွဲ့ကလေး
ဟဲ...ဟဲ"

အောင်နီလွင်မှာ သူ၏လုံချည်ကို လန်မသွားစေရန် ပြန်
ထားရင်းမှ အထက်ပါအတိုင်း ဦးအုန်းခင်အား ပြော
သည်။

မြသန္တာနွယ်ကတော့ သူ့အဖြစ်ကို ကြည့်ကာ ရယ်
သည်။

"ဟာ...မဟုတ်တာဘဲ၊ မင်းရဲ့လုံချည်မှာလဲ သွေးစသွေး
တွေတွေ့နေရတဲ့ဟာ၊ မင်းပြောသလို နည်းမယ်မထင်ပါဘူး
ပြီးတော့ မင်းအိမ်ပေါ်ကို တက်လာတုန်းက ကာလသာ
ရောဂါသည်လို ကွတကွတနဲ့ ဟက်လာတာကို ငါမြင်လိုက်
သားပဲ၊ ဒီတော့ ရှက်မနေပါနဲ့ကွာ၊ ယောကျ်ားချင်းပဲ၊
စမ်း"

ဦးအုန်းခင်မှာ ပြောရင်းမှ နောက်တစ်ကြိမ် အောင်
လွင်၏ လုံချည်စကို လှန်ရန်ပြင်ပြန်သည်။

"ရော....ခက်နေပါပြီ၊ ဦးလေးတို့သားအဖနှစ်ယော
ကြည့်ရတာ သူများလုံချည်ကို အလှန်စပါသနာပါကြတယ်
တူတယ်၊ အဖေရော သမီးရော ဒီအတိုင်းဖြစ်နေတယ်၊ ဟွန်း"

အောင်နီလွင်က ဦးနှောက်ခြောက်သံဖြင့် ပြန်ပြော
သည်။



မြသန္တာနွယ်က မခံချင်သံဖြင့် ဝင်ပြောသည်။

"ဒီမယ်...အစ်ကို၊ နွယ်နွယ်တို့က အစ်ကို့ဒဏ်ရာကို စိုး
ရိမ်လို့ အခုလိုလှန်ကြည့်တာပါ၊ မဟုတ်တာတွေ လျှောက်
ပြောမနေနဲ့ သိလား"

"အင်းလေ၊ ပါကလဲ အလှန်မခံချင်လို့ မလှန်ပါနဲ့ဆိုမှ
တော့ ငြိမ်ငြိမ်နေကြပေါ့၊ ကဲ...ကဲ၊ မဖြစ်ဘူး၊ ပြန်မှအေး
တော့မယ်၊ ဒီမယ် ဦးလေး၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ
တော့ ခင်ဗျာ၊ ဟုတ်လား"

အောင်နီလွင်မှာ ပြောပြော ဆိုဆိုနှင့် ပင် ထိုင်နေရာမှ
အမြန်ထနေတော့သည်။

"အို...အစ်ကိုကလဲ၊ ဆေးထည့်ပေးပါ့မယ် ဆိုနေမှပဲ"

"တော်ပြီလေ၊ ကျေးဇူးကုဋေကုဋာပါပဲ၊ သွားလိုက်ဦး
မယ်နော်"

မြသန္တာနွယ်ကတော့ အောင်နီလွင်အား မသွားလိုဟန်
ဖြင့် လက်မောင်းကို လှမ်းဆွဲကာထားသည်။

"အို...အစ်ကိုကလဲ၊ ဒါက ဘာဖြစ်သွားရတာလဲ၊ စိတ်
ကောက်သွားလို့လားဟင်"

"မဟုတ်ပါဘူး၊ မင်းတို့သားအဖနှစ်ယောက်က ငါ့ဒဏ်
ရာကို ဝိုင်းပြီးကြည့်မယ်လုပ်နေကြလို့ ငါပြေးမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်၏ စကားများကြောင့် ဦးအုန်းခင်ရော မြသန္တာနွယ်ပါ ရယ်နေမိကြသည်။

"ကဲပါ၊ အစ်ကိုက ဒဏ်ရာကို မကြည့်စေချင်ရင်လဲ မကြည့်တော့ပါဘူး၊ ဒီတော့ ညစာကလေးလောက်တော့ ညီမတို့နဲ့အတူ စားသွားရမယ်နော်"

"ဟာ...အဲဒါဆိုလဲ သည်းခံပါကွာ၊ ငါ့မှာ အရေးကြီးတဲ့ လူတစ်ယောက်နဲ့ ညနေခြောက်နာရီမှာ ချိန်းထားခဲ့လို့ပါ၊ အခုပဲ ခြောက်နာရီထိုးဖို့ ဆယ့်ငါးမိနစ်သာ လိုတော့လို့ ငါ့ကို ခွင့်လွှတ်ပါကွာ"

အောင်နီလွင်က ငြင်းနေသည်။

မြသန္တာနွယ်မှာတော့ သူမ၏ ဖိတ်ခေါ်ချက်ကို ငြင်းဆန်ခြင်းကြောင့် သဘောမကျဖြစ်ကာ မျက်နှာကလေး အိုသွားတော့သည်။

"ဘာတွေများ အရေးကြီးနေလို့လဲ၊ ညစာစားပြီးမှ သွားလို့ကော မဖြစ်ဘူးလား"

"မဖြစ်လို့ ငါကပြောနေတာပေါ့၊ ဒီတော့ ငါသွားပါရစေ၊ ဩော်...ဦးလေး၊ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

အောင်နီလွင်မှာ မြသန္တာနွယ်ကိုရော ဦးအုန်းခင်ကိုပါ တစ်ဆက်တည်း လှမ်း၍ နှုတ်ဆက်နေသည်။

"အိမ်း...ငါကတော့ ခွင့်ပြုပါတယ်လေ၊ ငါ့သမီးကိုသာ ပြောပေတော့၊ ဟဲဟဲ"



"ဟုတ်ကဲ့၊ သူ့ကိုလဲ ပြောပြီးပါပြီ၊ ကဲ...အားလုံးပဲ သွားပါတော့မယ်"

အောင်နီလွင်မှာ ဒုတိယအကြိမ် နှုတ်ဆက်၍ အိမ်ခန်းတွင်းမှ ထွက်သွားရန်ပြင်သည်။

"ကောင်းပြီလေ၊တားမရရင်လဲကွာတော်မူပေါ့၊ ဩော်....ဒါထက် အစ်ကိုနေတဲ့ အိမ်လိပ်စာကလေးကို မစခဲ့ပါဦး"

"ဟာကွာ၊ ငါက ဒီရန်ကုန်သားမှမဟုတ်တဲ့၊ ခဏလာနေတဲ့ဟာ၊ လိပ်စာယူမနေပါနဲ့လေ"

"မဟုတ်တာဘဲ၊ ကိုယ့်ကျေးဇူးရှင်တစ်ယောက်ရဲ့ လိပ်စာကိုတော့ ညီမ သိချင်တာပေါ့၊ ပေးမှာသာ ပေးခဲ့ပါ"

မြသန္တာနွယ်ကတော့ ဇွတ်ပင် အောင်နီလွင်၏လိပ်စာကို တောင်းနေသည်။

အောင်နီလွင်မှာမူ ပေးသင့် မပေးသင့်ကို စဉ်းစားနေသည်။

မစဉ်းစား၍လည်း မဖြစ်ပေ။

သူ ယခုနေထိုင်နေသော အိမ်မှာ သူနှင့် စေ့စပ်ကြောင်း လမ်းထားခဲ့သော ခင်လဲ့မူယာ၏အိမ် ဖြစ်နေသည်။

အကယ်၍ သူက ထိုအိမ်လိပ်စာကို ပေး လိုက်မိပါက မတော်တဆ မြသန္တာနွယ် ရောက်လာခဲ့ပါလျှင် သူ့အတွက် ပြဿနာတက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်မှာ အရွယ်ကလည်း သူနှင့် မတိမ်းမယိမ်း၊ ရုပ်ရည်အနေနှင့်ကလည်း ရှာမှရှားအောင် ချောမောလှသူ။

ပညာကလည်း ပညာတတ်။

ထိုသို့သော သူစိမ်းတစ်ရံဆံ အမျိုးသမီးတစ်ဦးက သူ့ရှိရာသို့ ရောက်လာပါလျှင် သူနှင့်စေ့စပ်ကာထားကြသော ခင်လဲ့မူယာသည် လည်းကောင်း၊ သူမ၏ မိဘတို့ကလည်းကောင်း သူ့အပေါ်တွင် သံသယကင်းရှင်းနိုင်ကြပါမည်လော။

အောင်နီလွင်မှာ အထက်ပါအတိုင်း တွေးရင်း စိတ်မော လာဟန်ဖြင့် သက်ပြင်းရှည်ကြီးကို တစ်ချက်ချလိုက်မိသည်။

"ဟောတော့...သူနေတဲ့ အိမ်လိပ်စာကို တောင်းမိတာနဲ့ သက်ပြင်းရှည်ကြီးကို ချနေလိုက်တာ၊ ဘာလဲ...မပေးချင်လို့လား၊ မပေးချင်လဲ ရပါတယ်လေ၊ဟွင်း"

မြသန္တာနွယ်၏ ပြောနေပုံမှာ စိတ်ကောက်သံတွေ ရောနှော ပြည့်ပါရှိနေသည်။

"အေးကွာ၊ မင်းစိတ်ဆိုးရင်လဲ ခံရတော့မှာပဲ၊ ငါ အခု နေတဲ့ အိမ်လိပ်စာကို မပေးပါရစေနဲ့ကွာ၊ ပြဿနာတွေ တက်ကုန်မှာစိုးလို့ပါ၊ ဟုတ်လား"

"အိုး....ဘယ်လိုပြဿနာတွေ တက်လာနိုင်လို့လဲ ပြောစမ်းပါဦး"



"အာ....ငါ ပြောရမှာ အားနာတယ်ကွာ၊ ဒီတော့ ငါ အခုနေတဲ့ အိမ်လိပ်စာကို မယူပါနဲ့ကွာ၊ အဲ....မင်းတွေ့ချင်ညပဆိုရင် ငါ....အဲ....လာမယ့် စနေနေ့မှာ ဒီကိုလာခဲ့ပါ့မယ်ကွာ၊ ဒါဆိုရင် ကျေနပ်ရောပေါ့ ဟုတ်လား"

အောင်နီလွင်က မြသန္တာနွယ့်စိတ်ဆိုးပြေအောင် နှစ်သိမ့်နေသည်။

မြသန္တာနွယ်ကတော့ ကျေနပ်ပုံမရပေ။

ဦးအုန်းဆင်က ကြားမှနေ၍ ဝင်ပြောပေးရသည်။

"ဟုတ်သားပဲ သမီးရယ်၊ ဒီသူငယ်မှာက ဘယ်လိုပြဿနာတွေ ရှိနေမှန်းမှ မသိတာ၊ငါ့သမီးက သွားတွေ့လို့ မဖြစ်ဘူးထင်တယ်"

"သမီးကလဲ အဲဒါကို မခံချင်ဖြစ်နေတာပါ၊ သမီးက သွားတွေ့တာ မဖြစ်ရအောင် သမီးက ဥပဒေအပြင်ဘက်က လူမို့လား၊ ကိုယ့်ကျေးဇူးရှင်တစ်ယောက်မို့ တွေ့ရအောင် သွားမှာ ဘာဖြစ်သလဲ၊ ဥပဒေနဲ့ငြိနေလို့လား၊ ဟွန်း"

မြသန္တာနွယ်မှာ မကျေနပ်သံဖြင့် ပြောနေပြန်သည်။

"ဒီမယ်၊ ငါပြောပြပါ့မယ်၊ မတွေ့စေချင်တာဟာ အဲဒီအိမ်က ငါနဲ့ စေ့စပ်ကြောင်းလမ်းထားကြတဲ့အိမ် ဖြစ်နေလို့၊ မင်းရောက်လာရင် ငါ့အမျိုးသမီးရော သူ့မိဘတွေကပါ မင်းနဲ့ငါ့ကို သို့လော သို့လောနဲ့ သက်ာမကင်းတွေ ဖြစ်ကုန်မှာစိုးလို့ပဲဟေ့၊ ရှင်းပြီလား"

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်က မတတ်သာသည့်အဆုံး ခပ်ရှင်းရှင်းပင် ဖွင့်ပြောပြလိုက်ရတော့သည်။

မြသန္တာနွယ်ကတော့ သရော်ပြုံးကလေးကို ပြန်ပြုံးပြ နေသည်။

"ဩော်...ဩော်၊ ဒါကြောင့်လား၊ ကောင်းပါပြီတဲ့ရှင်၊ ဒါဆိုရင်လဲ မပေးနဲ့ပေါ့၊ အဲ...စနေနေ့ကျရင်သာ ကတိ အတိုင်း ဒီကိုလာရမယ်နော်"

"စိတ်ချပါကွာ၊ မပျက်မကွက် ဆက်ဆက်ကြီးကို လာခဲ့ ပါ့မယ်၊ ကိုင်း....ငါ့ကို ခွင့်ပြုပါဦး"

အောင်နီလွင်မှာ ပြောပြောဆိုဆိုနှင့်ပင် သူတို့အိမ်ပေါ်မှ နေ၍ အမြန်ဆင်းသွားခဲ့တော့သည်။

* * *

(လေး)

## တောက်တဲ့ကပ် တွယ်လေသူ

အောင်နီလွင်....။

သူကား ဂျာမနီနိုင်ငံတွင် အလုပ်လုပ်ခဲ့ပြီးနောက် မြန်မာ နိုင်ငံသို့ ပြန်ရောက်လာသည်မှာ ခြောက်လခန့်သာ ရှိသေး သည်။

သူ့အဖို့ ဂျာမနီနိုင်ငံသို့ပြန်၍ သူလုပ်ကိုင်ခဲ့သော (Auditor)ခေါ် စာရင်းစစ်အဖြစ်ပြန်လုပ်လျှင် ရနိုင်သည်။

သို့သော် သူက ထိုအလုပ်ကိုဆက်၍မလုပ်ကိုင်ချင်တော့ပေ။

မိမိနိုင်ငံတွင်သာ စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင် ရန် စိတ်အားသန်နေ၍ ပြန်မသွားတော့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ရန်ကုန်မြို့သို့ ရောက်နေခဲ့သည်မှာ တစ်ပတ်ကျော်ခန့် ရှိနေပြီဖြစ်သည်။

သူ့အဖို့ ရန်ကုန်မြို့သို့ ရောက်လာရခြင်းမှာ အကြောင်း နှစ်ချက်ကြောင့်ပင်။

ပထမအချက်မှာ သူ လုပ်ကိုင်ချင်သော စီးပွားလုပ်ငန်း တစ်ခုအတွက် လေ့လာရန်ဖြစ်ပြီး ဒုတိယအချက်ကတော့ သူ နှင့် လူကြီးချင်း သဘောတူ ပေးစားကြတော့မည့် ခင်လဲ့ မူယာနှင့် ရင်းနှီးခင်မင်ကြရန် ဖြစ်သည်။

အောင်နီလွင်မှာ ယခုစာရေးနေသောအချိန်တွင် အသက် (၂၅)နှစ်ခန့် ရှိနေလေပြီ။

တက္ကသိုလ်ကလည်း သင်္ချာဂုဏ်ထူးနှင့် ဘွဲ့ရပြီးခဲ့သူ။

မိဘနှစ်ပါးကလည်း မြစ်ဝကျွန်းပေါ်တွင် ဆန်စက် ပိုင်ရှင်ကြီးတွေ။

သူ့အဖို့ မိဘ၏ဆန်စက်ကို ဆက်လက်၍ ဦးစီးလျှင်ပင် တစ်သက်တာ အေးအေးလူလူနှင့် နေသွားနိုင်သည်။

သို့သော် အောင်နီလွင်မှာ ထိုလုပ်ငန်းကိုဝါသနာမပါပေ။

ယနေ့ မြန်မာနိုင်ငံတော်ကြီးတွင် အလွန်ခေတ်စားနေသော မိနီမတ်ကက်ဖွင့်ရန်ကိုသာ သူက အာသီသရှိနေသည်။

ထိုဆိုင်မျိုး ဖွင့်ဖို့ကလည်း အနည်းဆုံး ငွေအရင်းအနှီး ဆယ်သိန်းထက်မနည်း ရှိဖို့ဖြစ်မည်။



ပြီးတော့လည်း နေရာကောင်းကောင်းတွင် ဆိုင်ခန်းဖွင့်နိုင်ရမည်။

လူသွားလူလာ နည်းပါးသော နေရာမျိုးတွင် ထိုဆိုင်မျိုး ဖွင့်ပါက အကျိုးသိပ်ထူးမည် မထင်ပေ။

သို့ဖြစ်၍ အောင်နီလွင်မှာ တစ်နေ့တစ်နေ့ သူ ဖွင့်ချင်သော ဆိုင်ခန်းအတွက် လူသွားလူလာ ကောင်းလှသော နေရာမျိုးကို ရရှိရန် လိုက်လံစုံစမ်းနေရသည်။

ခင်လဲ့မူယာမှာလည်း တက္ကသိုလ်ကျောင်းသူ တစ်ဦးပင်။

သူမက ဘူမိဗေဒ တတိယနှစ်ကျောင်းသူဖြစ်သည်။

အောင်နီလွင် ကိုလည်း မြင်လျှင်မြင်ချင်း ခင်မင်ခဲ့သူ ကလေးဖြစ်သည်။

အောင်နီလွင်အနေနှင့်မူ ခင်လဲ့မူယာအပေါ်တွင် ညီမ ငယ်တစ်ဦးလိုသာ သဘောထားမိနေသေးသည်။

သူ၏ ချစ်ဇနီးလောင်းအနေနှင့်တော့ စိတ်မကူးသေးပေ။

မည်သို့သော အကြောင်းကြောင့်နည်း။

ခင်လဲ့မူယာမှာ အရုပ်ဆိုးအကျည်းတန်နေ၍လော။

မဟုတ်ပေ။

ခင်လဲ့မူယာမှာ ရုပ်ရည်အနေနှင့်ကြည့်ကြည့်၊ ကိုယ်လုံး ကိုယ်ပေါက်အနေနှင့်ကြည့်ကြည့် အသားအရေ ဖြူဖြူဝင်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆန့်ကျင်ဘက်လိင်တို့ကို ဆွဲဆောင်နိုင်သော မာတ်အား အပြည့် ပါရှိသူကလေးပင်။

သို့သော် အောင်နီလွင်အဖို့ အချစ်ရေးထက် စီးပွားရေးဘက်သို့ အားသန်နေသူမို့ ချစ်ရန်ကြိုက်ရန် စိတ်ကူးမရှိသောကြောင့် ခင်လဲ့မူယာ၏ အလှနက်မှာ သူ အား ဖမ်းစားမရ ဖြစ်နေခဲ့သည်။

ခင်လဲ့မူယာကတော့ အောင်နီလွင်၏ ယောကျ်ားပီပီ ချောမောသော ရုပ်သွင်နှင့် အရပ်အမောင်း ကောင်းသလောက် ကြံ့ခိုင်လှသော ကာယဗလကြီးကို ကြည့်ကာ တိတ်တခိုးကလေး စွဲလမ်းချစ်ခင်နေသူ ဖြစ်သည်။

ခင်လဲ့မူယာတို့၏ အိမ်တွင် ဟွန်ဒါ ဆလွန်းကားတစ်စီး ရှိသော်လည်း အောင်နီလွင်က ယူမစီးပေ။

သွားစရာလာစရာရှိလျှင် လေးဘီးကားဖြင့်သာ သွားလေ့ရှိသည်။

ဒါကို ခင်လဲ့မူယာကရော သူမ၏ မိဘများကပါ မကျေနပ်ကြပေ။

''မောင်အောင်နီလွင်ကလဲကွာ၊ သူစိမ်းတွေကျနေတာပဲ မင်းက သွားစရာလာစရာရှိရင် အိမ်က ကားကို မသုံးတာဘာဖြစ်လို့လဲ''



ခင်လဲ့မူယာ၏ ဖခင်ကြီးက အောင်နီလွင်အား မေးနေသည်။

''ဟုတ်တယ်နော် ဒက်ဒီ၊ ကိုကိုက အားကြီးစိမ်းကွာတာပဲ၊ သမီးတို့ခင်သလို မခင်လို့ အခုလို လေးဘီးကားကို သုံးနေတာပေါ့''

ခင်လဲ့မူယာကလည်း သတောမကျဟန်ဖြင့် ဝင်ပြောနေသည်။

''မဟုတ်ပါဘူး အန်ကယ်တို့ရယ်၊ အိမ်မှာက ကားတစ်စီးတည်းရှိနေတဲ့ဟာ၊ ဒါကို ကျွန်တော်က အလိုက်မသိ အားမနာယူစီး နေလို့ရှိရင် ဒီက ညီမအတွက်ရော အန်ကယ်တို့ အတွက်ပါ သွားစရာလာစရာရှိရင် အခက်တွေ့နေရမှာပေါ့၊ ဒါကြောင့်မို့ ယူမစီးတာပါ''

''မဆိုင်ပါဘူးကွာ၊ မင်းက ဧည့်သည်ပဲ၊ ဒီလောက်တော့ တို့အနာခံရမှာပေါ့၊ ပြီးတော့ မင်းအခု ရန်ကုန်ကို လာခဲ့တာကလဲ စီးပွားရေးလုပ်ငန်းကိစ္စအတွက်ဆိုတော့ မင်းအဖို့ အိမ်က ကားနဲ့မှဖြစ်မှာပေါ့၊ ငါတို့အနေနဲ့ကတော့ တစ်ခါတလေမှ အပြင်ကိုထွက်တာမို့ ကားက သိပ်မလိုပါဘူးလေ၊ တကယ်လိုနေတာက မင်းပါကွာ၊ ဒီတော့ ယူစီးစမ်းပါ''

ခင်လဲ့မူယာ၏ ဖခင် ဦးညိုမြက ပြန်ပြောနေသည်။

''မယူပါရစေနဲ့ဦး အန်ကယ်ရယ်၊ ကျွန်တော်မှာ အခုဆိုရင် ယာမာဟာ မော်တော်ဆိုင်ကယ်တစ်စီး ရှိနေပါပြီ''

www.burmeseclassic.com

www.burmeseclassic.com



"ဟော...မင်း ဘယ်တုန်းက ဝယ်လိုက်တာလဲ၊ ပိုက်ဆံအကုန်ခံလို့ကွာ"

ဦးညိုမြက သဘောမကျသံဖြင့် ပြန်မေးနေသည်။

"ကျွန်တော့်သူငယ်ချင်း တစ်ယောက် ဆီကပါ၊ ဝယ်တဲ့သဘောလို့တော့ ပြောမရပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကောင့်မှာ ငွေအရင်းက လိုနေလို့ ကျွန်တော်က ထုတ်ပေးတဲ့အတွက် သူကလဲ သူစီးနေတဲ့မော်တော်ဆိုင်ကယ်ကို ကျွန်တော့်ပြန်ပေးလိုက်တာပါ အန်ကယ်ရာ၊ ဟားဟားဟား"

"ကိုင်း...ဒါဆိုရင် ညီမကို အဲဒီဆိုင်ကယ် ရောက်လာရင် လိုက်ပို့ပေးရမယ်နော်၊ ဟုတ်လား ကိုကို"

ခင်လဲ့မူယာက ဝင်ပြောနေသည်။

"အာ...ခင်လဲ့မူယာကလဲ၊ မော်တော်ဆိုင်ကယ်စီးရင် ဆိုင်ကယ်စီး ဦးထုပ်ပါမှ ဖြစ်မှာ၊ ကိုကို့မှာက ဆိုင်ကယ်စီးဦးထုပ်တစ်လုံးတည်းပဲ ရှိတဲ့ဟာ ညီမလိုက်စီးလို့ဘယ်ဖြစ်မလဲ"

"စီးလို့ဖြစ်အောင် ဦးထုပ် တစ်လုံး ဝယ်မယ်လေ၊ ကိုကိုဝယ်ခဲ့ပေါ့၊ ညီမ ငွေပေးလိုက်ပါမယ် ဟုတ်လား"

"အာ...ဒီလောက်တောင် စီးချင်ရင်လဲ ကိုကိုပဲ ဝယ်ခဲ့ပါ့မယ်၊ ဈေးကတော့ သိပ်မပေးရပါဘူးလေ၊ မသကာ လေးငါးလောက်ပဲ ကျမှာပါ"



အောင်နီလွင်၏ ပြန်ပြောသံကြောင့် ခင်လဲ့မူယာမှာ ကျေနပ်သွားဟန်ဖြင့် ပြုံးနေတော့သည်။

နောက်တစ်နေ့ နံနက်တွင်တော့ အောင်နီလွင်မှာ ခင်လဲ့မူယာအား ဆိုင်ကယ်နောက်တွင် တင်ကာ ရန်ကုန်မြို့တွင်းသို့ ခေါ်လာခဲ့ရသည်။

ခင်လဲ့မူယာ ဆောင်းရန် ဦးထုပ်ကိုလည်း ဝယ်ခဲ့ရသည်။

"ကဲ...ဘယ်ကိုသွားမလဲ၊ ညီမ ပြောလေ"

အောင်နီလွင်က မော်တော်ဆိုင်ကယ်ကို မောင်းသွားနေရာမှ ခင်လဲ့မူယာဘက်သို့ မျက်နှာကို အနည်းငယ် စောင်းငဲ့ကာ မေးနေသည်။

"အခု ဘယ်အချိန်ရှိပြီလဲ ကိုကို သိလား"

ခင်လဲ့မူယာမှာ မည်သည့်စိတ်ကူး ပေါက်သွားသည် မသိ၊ အထက်ပါအတိုင်း အောင်နီလွင်အား ပြန်မေးနေသည်။

"အာ...အရေးထဲမှာ အချိန်ကို မေးနေပြန်ပါပြီ၊ ဘယ်အချိန်ရှိရမှာလဲ၊ ပွဲထဲက လူပြက်တွေပြောတာမျိုး ပြောရရင်တော့ အချိန် နှစ်ပိသာခွဲရှိပြီပေါ့ ညီမရ၊ ဟားဟားဟား"

အောင်နီလွင်၏ ပြောင်ချော်ချော် စကားကြောင့် ခင်လဲ့မူယာက မျက်နှာလေးမဲ့ပြရင်း အောင်နီလွင်၏ပခုံးကို သူမ၏ လက်ဖနှောင့်ကလေးဖြင့် အသာ လှမ်းထုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်မနေနဲ့ သိလား၊ ညီမက အတည်မေးနေတာ"

"နေစမ်းပါဦး၊ ဘာဖြစ်လို့ အချိန်ကိုမေးနေရတာလဲလို့"

"ဗိုက်ထဲက ဆာနေလို့ပေါ့"

"ဟားဟားဟားဟား....ဖဦးထုပ် ရ မရစ်ဘဲ ဖစ်မှဖစ်ရ ပလေ ညီမရယ်၊ ဆာလို့ရှိရင်လဲ ဆာတယ်လို့ပြောရင် ပြီးနေတဲ့ဟာ၊ မဆီမဆိုင် အချိန်ကို မေးနေရသလားလို့"

"ဒါကတော့ အရိပ်ပြရင် အကောင် ထင်မလား ဆိုပြီး ညီမက မေးတာပေါ့... အခု ဆယ့်နှစ်နာရီ ထိုးတော့မယ် သိလား"

"အေးလေ သိသားပဲ၊ နို့ ညီမပဲ ဆိုင်ကယ်နဲ့ တစ်နေကုန် လျှောက်သွားချင်တယ်ဆို၊ ဒါကြောင့် ကိုကိုကလဲ လျှောက် မောင်းနေတာပေါ့"

"မောင်းရော...စားဖို့သောက်ဖို့ အချိန်ကိုတော့သတိထား ရဦးမပေါ့၊ ညီမက ဗိုက်ထဲမှာဆာလာရင် အလိုလို စိတ်တို တတ်တယ် သိလား"

"အိုကေ... ဒါဆိုရင်လဲ ဘယ်ဆိုင်မှာ စားမလဲ၊ အခု ရောက်နေတဲ့နေရာက ကန်တော်လေးဘက်မှာဆိုတော့ အနီး ဆုံး စားသောက်ဆိုင်ကတော့ မန်း ရက်စတောရင့်တ် ကို သွားစားကြမယ်၊ သဘောကျလား ဟင်"



"အင်းလေ...စားလို့ အရသာရှိမယ့် ဆိုင်ဆိုရင် မှုယာက တော့ စားမှာပဲ၊ ကိုကိုက ကျွေးမှာလားဟင်၊ ခိ ခိ"

"အောင်မယ်...ဒီက မကျွေးဘူးဆိုရင် ညီမက မစားဘူး လား ပြောပါဦး"

"အဟိ...ဘယ်ရမလဲ၊ မကျွေးဘူးဆိုမှညီမကပိုပြီးစားချင် တာ သိလား၊ ခိ ခိ ခိ"

"အေးပါ....ဒီကလဲ သိလို့မေးနေတာပါ၊ ကိုင်း....ခါးကို ဖြဲဖက်ထား၊ ဆိုင်ကယ်ကို တအားမောင်းပြီး အစားကောင်း ကောင်း စားကြဖို့ သွားမယ်တော့"

အောင်နီလွင်မှာ ပြောပြောဆိုဆိုနှင့် မောင်း နေသော မော်တော်ဆိုင်ကယ်အား မန်းစားတော်ဆက်တက်သို့ဦးတည် ကာ အမြင်းမောင်းကာ သွားခဲ့တော့သည်။

ခင်လဲ့မှုယာမှာလည်း အောင်နီလွင်အား နောက်မှ နေ၍ ခါးကို တအားဖက်ကာထားရင်း လိုက်ပါသွားခဲ့သည်။

မန်း စားတော်ဆက်သို့ရောက်ကြလျှင် နှစ်ဦးသားမျက်နှာ ချင်းဆိုင် ထိုင်၍ ရောက်ရှိလာခဲ့သော စားပွဲထိုး တစ်ဦးအား စားလိုရာများကို နှစ်ဦးသား မှာကြားနေကြသည်။

စားစရာများ ရောက်မလာမီ အောင်နီလွင် နှင့် ခင်လဲ့ မှုယာတို့မှာ အဆာပြေ ဆန်းကစ်တစ်ဘူးစီမှာ၍ သောက်နေ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် နာရီဝက်ခန့် အကြာတွင်တော့ သူတို့နှစ်ဦး မှာကြားထားခဲ့သော စားစရာတွေမှာ တစ်ခုပြီးတစ်ခု သူတို့ စားပွဲပေါ်သို့ ရောက်လာခဲ့ကြသည်။

အောင်နီလွင်နှင့် ခင်လဲ့မူယာတို့မှာ သူတို့ စားပွဲပေါ်သို့ ရောက်လာကြသော စားသောက်စရာများကို စားကြရန် အတွက် ခက်ရင်းနှင့်ဇွန်းတွေကိုကိုင်ကာ အသင့်ပြင်ဆင်ထား နေကြသည်။

သူတို့ မှာကြားထားသော ဟင်းလျာများ အားလုံးစုံခဲ့ လျှင်တော့ သူတို့နှစ်ဦးမှာ မြိန်ရေရှက်ရေနှင့် စားသောက်နေ ကြတော့သည်။

"အစ်ကို"

ရုတ်တရက်ခေါ်လိုက်သော အမျိုးသမီး တစ်ဦး၏ အသံ ကြောင့် အောင်နီလွင်မှာ ပါးစပ်တွင်းသို့ သွင်းတော့မည့် ထမင်းလုတ်ကို မသွင်းနိုင်တော့ဘဲ အသံရှင်ရှိရာသို့ မော့ကြည့် လိုက်မိသည်။

"ဟိုက် ဇောက်ခွေး....ပလုတ်တုတ်တုတ်"

အောင်နီလွင်မှာ အသံရှင်ကို မြင်လိုက်ရလျှင် တစ္ဆေသရဲကို မြင်လိုက်ရသလို အလန့်ကြီးလန့်ကာ အထက်ပါအတိုင်းနှုတ်မှ ရေရွတ်လိုက်မိသည်။

သူနှင့် မျက်နှာချင်းဆိုင်စားနေသောခင်လဲ့မူယာမှာလည်း အောင်နီလွင်၏ အသံကြောင့် လန့်ဖျပ်ကာ လှမ်းကြည့်မိသည်။



"ကိုကို၊ ဒါက ဘာဖြစ်သွားရတာလဲ၊ စားရင်းသောက် ...င်း သီးသွားလို့လား"

"မဟုတ်ပါဘူး၊ ဟိုဟို ဟိုမယ်၊ သူ...သူ့ကို မြင်ရလို့ပါ"

အောင်နီလွင်က သူတို့နှင့် မနီး...ဝေး၌ ရပ်ကာ ကြည့်နေ ...သာ မြသန္တာနွယ်ဘက်သို့လက်ညှိုးထိုးကာ ခင်လဲ့မူယာအား ...နေသည်။

ခင်လဲ့မူယာမှာလည်း အူကြောင်ကြောင်ဖြစ်ကာ မြသန္တာ ...ယ်ထံသို့ လှမ်းကြည့်မိသည်။

"နေပါဦး၊ သူ့ကို မြင်ရတာနဲ့ ကိုကို့မှာက တစ္ဆေသရဲ ...တွေ့လိုက်ရသလို အလန့်ကြီး လန့်သွားရတာက ဘာသဘော ..."

"ကြောက်လို့"

"ရှင်...."

ခင်လဲ့မူယာမှာ မတွေးတတ်အောင် ဖြစ်သွားခဲ့သည်။

"ကိုကိုက ဘာဖြစ်လို့ သူ့ကို မြင်ရတာနဲ့ ကြောက်ရတာ ...၊ သူက လူမဟုတ်ဘဲ ဥစ္စာစောင့်မမို့လို့လား ဟင်"

"မဟုတ်ပါဘူး၊ သူလာရင် ပြဿနာတွေ ပါလာတတ်လို့ ကြောက်တာပါကွာ၊ အဟဲ"

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင့်ပြန်ပြောနေခိုက် မြသန္တာနွယ်မှာ သူတို့အနီးသို့ ရောက်ရှိလာခဲ့သည်။

"အစ်ကို၊ နွယ့်ကိုမြင်လိုက်တာနဲ့ ကေ်ရှုးပြန်သလို ဖြစ်တာက ဘာသဘောလဲ ဟင်"

မြသန္တာနွယ်၏မေးသံနှင့် မျက်နှာအမူအရာတို့မှာ အောင်နီလွင့်အပေါ်တွင် မကျေနပ်သောအသွင်သဏ္ဌာန်တွေ ရာနှုန်းပြည့် ပါနေသည်။

ခင်လဲ့မူယာကတော့ ဟန်မပျက် စားနေရာမှ သူတို့နှစ်ဦးအား အကဲခတ်နေသည်။

"အဟဲ...တာမှမဖြစ်ပါဘူး၊ မင်းကရုတ်တရက်ခေါ်လိုက်တော့ ငါကလဲ အစားကိုစားနေတုန်းမို့ သီးသွားတာပါကွာ ဟဲဟဲ"

အောင်နီလွင်က ပြန်၍ဖိန့်နေသည်။

မြသန္တာနွယ်ကမူ သိပ် ကျေနပ်ပုံ မပေါ်သေးပေ။

"နေစမ်းပါဦး၊ မင်းက ဘယ်လိုကနေ ဘယ်လို ဒီစားသောက်ဆိုင်ထဲကို ရောက်လာခဲ့ရတာလဲ၊ ပြောစမ်းပါဦး"

အောင်နီလွင်က မြသန္တာနွယ်အား ဆက်၍ မေးနေသည်။

"အစ်ကိုနဲ့ ဒီကာ သူငယ်ချင်းနဲ့ မော်တော်ဆိုင်ကယ် အတူစီးပြီး ဒီစားသောက်ဆိုင်ထဲကို ဝင်သွားကြတာမြင်ရလို့ လိုက်လာခဲ့တာပဲ"



"ဗုဒ္ဓေါ"

အောင်နီလွင်၏နှုတ်ဖျားမှ အာမေဍိတ်သံကြီး ပေါ်လာခဲ့သည်။

မြသန္တာနွယ်ကမူ ခစ်ခနဲ ရယ်လိုက်မိသည်။

ခင်လဲ့မူယာမှာမူ သူတို့နှစ်ဦး ပြောဆိုနေကြပုံများကို နားထောင်ရင်း သံသယစိတ်တွေ ဝင်လာနေတော့သည်။

"ဒီအမျိုးသမီးဟာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ကိုကိုနဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ သူ့ကိုကြည့်ရတာကလဲ ကိုကိုနဲ့ တော်တော်ရင်းနှီးနေတဲ့ပုံရတယ်၊ ဒီလိုဆို ကိုကိုနဲ့မှ ကင်းကင်းရှင်းရှင်း ဖြစ်ပါ့မလား၊ အင်း... ငါတွေးတာ ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကိုဟာ ဒီအမျိုးသမီးကို မြင်လိုက်တာနဲ့ တစ္ဆေသရဲကို မြင်ရသလို တုန်လှုပ်ချောက်ချားသွားခဲ့တယ်၊ ဒီလို ဘာကြောင့်ဖြစ်ရသလဲ၊ သိပ်ကိုရှင်းတာပေါ့၊ ကိုကိုဟာ ငါနဲ့ လက်ထပ်ဖို့ စေ့စပ်ထားခဲ့တဲ့သူမို့ ဒီအမျိုးသမီးနဲ့ ကိုကို့ရဲ့ ဇာတ်ရှုပ်ကြီး ပေါ်သွားမှာကို စိုးလို့ပဲပေါ့"

ခင်လဲ့မူယာမှာ အထက်ပါအတိုင်း စိတ်တွင်းမှ တွေးရင်း ငြိုချင်သလိုလို ဖြစ်လာခဲ့တော့သည်။

စောစောက မြိန်ရေရှက်ရေဖြင့် စားသောက်သောအစားအစာတို့ကိုလည်း ဆက်၍စားလိုစိတ် မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်မှာမူ ခင်လဲ့မူယာ၏ အချိုးပြောင်းလဲသွာ
ခြင်းကို ဂရုပြုလိုက်မိသည်။

သို့ဖြစ်၍ မြသန္တာနွယ်အား ခင်လဲ့မူယာ သံသယစိ
တွေ ကင်းရှင်းသွားစေရန် ဤသို့ မေးမြန်းနေတော့သည
"ကဲ....ဆိုစမ်းပါဦး၊ မင်းက ငါ့ကိုမြင်တာနဲ့ ဒီကိုလ
လာတာက ဘာကိစ္စရှိလို့လဲ၊ အခု မင်းရှေ့မှာ ရောက်နေ
သူဟာ ဟိုဘလောတုန်းက မင်းကို ငါပြောပြခဲ့ဖူးတဲ့ င
စေ့စပ်ထားတယ်ဆိုတဲ့ အမျိုးသမီး ခင်လဲ့မူယာဆိုတာ
အခု မင်းကရောက်လာတော့ သူက ငါနဲ့မင်းအပေါ်မှာ
လောသို့လောနဲ့ သံသယတွေဝင်မှာစိုးရတယ်ကွာ၊ ဒါကြေ
မင်းအနေနဲ့ လာပြီး အနှောင့်အယှက်မပေးသင့်ပါဘူး ဟု
လား"

"အာ....အစ်ကိုကလဲ၊ နွယ်က အနှောင့်အယှက်ပေးချင
မှမဟုတ်ဘဲ၊ ပြဿနာက ပေါ်လာနေတော့ အစ်ကိုမှမက
ရင် သေဖွယ်ရှိတော့မပေါ့လို ဖြစ်နေလို့ပါ"

"မြတ်စွာဘုရား ကယ်တော်မူပါ"

မြသန္တာနွယ်ထံမှ စကားသံအဆုံးတွင် အောင်နီလွင်
အသက်ပါအတိုင်း အာမေဍိတ်သံကြီးမှာ ဒုတိယအကြိမ်ပေ
လာခဲ့ပြန်သည်။

ခင်လဲ့မူယာမှာတော့ စိတ်ပိန်စနုပာန်ဖြင့် ထမင်းပန်းက
ပြားထဲမှ ထမင်းများကို ခက်ရင်းဖြင့် အသာထိုးဆွကာ
သည်။



"ဒီမယ် အစ်ကို၊ မြတ်စွာဘုရားကို ကယ်ခိုင်းမနေနဲ့၊
ညီမမှာတော့ တကယ့်ကို ပြဿနာပေါ်နေတာ အမှန်ပဲ၊ ဒါ
ကြောင့် တစ်နေ့ တစ်နေ့ အစ်ကို့ကို တွေ့နိုးတွေ့နိုးနဲ့ ရှာ
နေခဲ့တာ၊ အဲ...ဒီနေ့ကျမှပဲ မမျှော်လင့်ဘဲ တွေ့ရတော့တယ်၊
ဒီတော့ အစ်ကို့ရဲ့ဇနီးလောင်း ရှေ့မှာပဲ အားနာနာနဲ့
အပါခေါ်ရမှာပဲ သိလား"

မြသန္တာနွယ်ကတော့ လုံးဝအလျှော့မပေးဘဲ အောင်နီလွင်
အား ဇွတ်ပင်ပြောနေသည်။

အောင်နီလွင်မှာတော့ မြသန္တာနွယ်၏ စကားများကြောင့်
ဦးနှောက် အကြီးအကျယ်ခြောက်နေတော့သည်။

"ခက်တာပဲကွာ၊ မင်းကတော့ ငါနဲ့ မတွေ့လိုက်နဲ့၊ တွေ့
လိုက်တာနဲ့တစ်ပြိုင်နက် ပြဿနာကိုအကြောင်းပြုပြီး တောက်
တဲ့ကပ်တွယ်တော့တာပဲနော်၊ ဟွန်း"

အောင်နီလွင်ထံမှ ညည်းညူသံကလေး ထွက်ပေါ်လာ
နေသည်။

ခင်လဲ့မူယာကတော့ မည်သို့စိတ်ကူးပေါက်သွားခဲ့သည်
မသိ။ စလေ ဦးပုည၏ ရေသည်ပြဇာတ်ထဲမှ ရေသည်မိန်းမ
ဆိုခဲ့သော စာသားကလေးကို အောက်ပါအတိုင်း မတိုး
မကျယ်သော အသံဖြင့် သီဆိုပြနေသည်။

"မကြီးသက်လှယ်၊ မျက်ထားချိုတဲ့ ကိုရေသည်မယ်....
ချစ်တယ် ကြိုက်တယ်.... အတင်းအကျပ်....နှောက်ပိုးထပ်လို့

www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့ကပ်တွယ်လေသည်.... ဘယ်နှယ်တုံး.... ခုတင်ခု... အရပ်မှုဆော်သလို တော်ရုံပင် သော့ပါရော့....ပေါ့ပေါ့တန်တန်...ဟင်းရွက်ကန်စွန်း သရေနွမ်းအောင် တလတွန်းကြတယ်လို့.... ဟန်ပန်ရနိုင်ပါ့မလား"

ထိုစာသားအဆုံးတွင် ခင်လဲ့မူယာက အောင်နီလွင်ဘက်သို့ သရော်ပြုံးကလေးဖြင့် လှမ်းကြည့်နေသည်။

အောင်နီလွင်ကတော့ ခင်လဲ့မူယာအနေနှင့် သူတို့အပေါ် သံသယစိတ်တွေဝင်သွား၍ ယခုလို ဦးပုည၏ ရေသည်ပြဇာတ်မှ စာသားကို ရွတ်ဆိုပြခြင်း ဖြစ်ရမည်ဟူ၍ သဘောပေါက်သွားခဲ့သည်။

သူ၏မျက်နှာမှာလည်း ကွက်ခနဲပျက်၍သွားခဲ့သည်။

မည်သို့မှမဖြစ်သူကတော့ မြသန္တာနွယ်သာဖြစ်သည်။

"ကဲ...ဘယ်လိုလဲအစ်ကို၊ အခုတစ်ခါတည်း ညီမနဲ့ လိုက်ခဲ့ပါလားဟင်"

မြသန္တာနွယ်က အလိုက်မသိအားမနာဘဲ ဇွတ်ပင် ထပ်၍ခေါ်နေတော့သည်။

ထိုခေါ်သံကြောင့် အောင်နီလွင်၏စိတ်ထဲတွင် ဒေါင်းခနဲ ဒေါသဖြစ်ကာသွားမိသည်။

ပြီးမှ ဖြစ်ပေါ်နေသော ဒေါသကို ချုပ်တည်းကာ မြသန္တာနွယ်အား ပြန်ပြောနေသည်။



"ဟာ...ငါက ဘယ်လိုလုပ်ပြီးလိုက်နိုင်မှာလဲ၊ ဒီမယ် မနက်စာစားနေကြတာကို မင်းလဲ အမြင်သားမဟုတ်လား၊ မင်းဟာ တော်တော် အလိုက်မသိတဲ့ သတ္တဝါမကလေးပဲကွာ၊ တွန်း"

"ပြောပါ...ပြောပါ၊ နွယ့်ကို သတ္တဝါမလေးလို့ပဲပြော ပြော၊ တိရစ္ဆာန်မလေးလို့ပဲပြောပြော ဒါကို အရေးမထားနိုင်ပါဘူး၊ စိတ်လဲမဆိုးနိုင်ဘူး၊ အဲ...နွယ် အရေးထားတာကတော့ အခု နွယ့်နောက်ကို အစ်ကိုလိုက်ခဲ့ဖို့ပဲ၊ ဒီလိုလိုက်ရင်ကျေနပ်ပြီ သိလား"

မြသန္တာနွယ်မှာ လုံးဝအလျှော့မပေးဘဲ အောင်နီလွင်ကိုသာ အပါခေါ်နေတော့သည်။

အောင်နီလွင်မှာလည်း ခင်လဲ့မူယာတစ်ယောက်လုံး ရှိနေပါလျက်နှင့် မြသန္တာနွယ်က အလိုက်မသိ အားမနာဘဲ ဇွတ်ခေါ်နေခြင်းအတွက် မတွေးတတ်အောင် ဖြစ်နေတော့သည်။

သို့ဖြစ်၍ သူ၏ရှေ့တွင် ခပ်မှိုင်မှိုင်ကလေး ထိုင်ကာနေသော ခင်လဲ့မူယာရှိရာသို့ တစ်ချက် လှမ်းကြည့်မိသည်။

"ဘယ်လိုလဲ ခင်လဲ့မူယာ၊ သူကတော့ အတင်းခေါ်နေပြီ၊ လိုက်ရမှာလား၊ မလိုက်ဘဲနေရမှာလားဆိုတာ ပြောပါဦး"

အောင်နီလွင်မှာ ခင်လဲ့မူယာထံ၌ ဆန္ဒခံယူသကဲ့သို့ ပြုလုပ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်လဲ့မူယာမှာတော့ သူတို့နှစ်ဦးစလုံးအား အမြင်ကတ်နေသူမို့ ဘုကျကျပင် ပြန်ပြောခဲ့သည်။

"အိုး...ဒါကတော့ ကိုကို့ရဲ့ဆန္ဒအတိုင်းပဲပေါ့၊ မူယာက ဘာဆိုင်လို့ ကြားကနေပြီး အဆုံးအဖြတ်ပေးရမှာလဲ၊ လိုက်ချင်လိုက်၊ မလိုက်ချင်နေ"

ခင်လဲ့မူယာ၏ ဘုကျကျစကားသံကြောင့် အောင်နီလွင်မှာ မှောင်ရိပ်ဝင်သလို မျက်နှာကြီး မည်းခနဲဖြစ်ကာသွားတော့သည်။

"ကဲပါ...အစ်ကိုကလဲ၊ နွယ်ပြောသလို လိုက်သာလိုက်ခဲ့စမ်းပါလေ၊ ဘာဖြစ်လို့ ဆန္ဒခံယူပွဲ လုပ်ချင်နေရတာလဲ အဟဲ"

မြသန္တာနွယ်ကလည်း လုံးဝအလျှော့ပေးမည့်ပုံ မပေါက်ဘဲ အတွင်းသာ ခေါ်နေတော့သည်။

"ဟ...မင်းဟာ ဘယ်လိုအမျိုးသမီးလဲကွ၊ ဒီမယ် စားစရာ သောက်ဖို့ပြင်ဆင်နေတာ မင်းမတွေ့ဘူးလားကွ"

အောင်နီလွင်မှာ ဖြစ်ပေါ်နေသော ဒေါသများကို ချုပ်တည်းရင်းမှ မြသန္တာနွယ်အား မာဆတ်ဆတ်အသံဖြင့် ပြန်ပြောနေသည်။

"အိုး...တွေ့သားပဲ၊ နွယ်က မျက်မမြင်မှမဟုတ်တာ မတွေ့ဘဲနေပါ့မလားလို့"

မြသန္တာနွယ်ကလည်း တောက်ဆတ်ဆတ်နှင့်ပင် ပြန်အော်ပြောသည်။



"အိမ်း...တွေ့နေရင်လဲ မင်းပြန်တော့၊ နောက်မှ ငါလာခဲ့မယ်"

"အမယ်...မရပါဘူး၊ အခုကို လိုက်ခဲ့ရမယ် သိလား"

"ဟ...ငါ ထမင်းစားမလို့လေ၊ ကဲ...မင်းပါ မစားရသေးရင် လာဝင်စားလှည့်"

"တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်၊ နွယ် မစားချင်ဘူး၊ အဲ...အစ်ကိုလဲ မစားပါနဲ့၊ နွယ်နဲ့သာ အခုထပြီး လိုက်ခဲ့ပါ ဟုတ်လား"

မြသန္တာနွယ်ထံမှ စကားများကို ကြားရလျှင် အောင်နီလွင်၏ဇက်ကလေးမှာ အော်ရီဂျင်နယ် အနေအထားမှနေ၍ အနည်းငယ် ပုဝင်ကာ သွားခဲ့သည်။

"ကဲပါ...သွားကြမယ်"

မြသန္တာနွယ်က ထပ်မံခေါ်နေပြန်သည်။

ခင်လဲ့မူယာမှာတော့ မြသန္တာနွယ်၏ အပြုအမူကို နားမလည်နိုင်အောင် ဖြစ်နေသည်။

အောင်နီလွင်ကလည်း စိတ်တိုသံဖြင့် မြသန္တာနွယ်အား ပြန်ပြောနေပြန်သည်။

"မထနိုင်ဘူးကွာ၊ ငါ အခု ဗိုက်ကလဲဆာနေလို့ စားလိုက်ဦးမယ်၊ ကဲ...ထမင်းစားပြီးမှပဲ မင်းခေါ်ရာကို လိုက်နိုင်မယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော်၊ ထမင်းပဲ မစားဖူးတာကျနေတာပဲ၊ ဒီလောက်တောင် ငမ်းငမ်းတက်ဖြစ်နေရသလားလို့"

"အို…မင်းဟာက မလွန်လွန်းဘူးလား အမျိုးသမီးရယ်၊ ထမင်းစားဖို့တောင် အချိန်မပေးနိုင်ရအောင် မင်းမြသနာက ဘယ်လောက်အရေးကြီးနေလို့လဲ"

"သေရေး ရှင်ရေးတမျှကို အရေးကြီးနေလို့ အခုလို မရမက ခေါ်နေတာပေါ့၊ မဟုတ်ရင် ခေါ်မနေပါဘူးလေ"

"အဲဒီ သေရေးရှင်ရေးတမျှဆိုတာက ဘာကိစ္စလဲ၊ ပြောပြစမ်းပါဦး"

"ဟင့်အင်း…အခုတော့ ဖွင့်မပြောနိုင်ဘူး၊ ဒါဟာ အစ်ကိုကလွဲပြီး တခြားသူတွေကို အသိခံရမယ့် ကိစ္စမဟုတ်ဘူး၊ ဒီတော့ အစ်ကိုနဲ့ နှစ်ဦးချင်းရှိကြမှ ဖွင့်ပြောမယ်၊ ကဲ…စကားတွေပြောနေတာနဲ့ပဲ အချိန်ဟာကုန်လှပြီ၊ သွားကြပါစို့လား အစ်ကို"

"အာ…ဒုက္ခပဲ၊ ငါတော့ ဒီစားသောက်ဆိုင်လာမိတာ မဟာချောက်ကြီးထဲကို ကျတာပဲ၊ ဟွန်း…ဒုက္ခ…ဒုက္ခ"

အောင်နီလွင်မှာ စိတ်ဓာတ်အကြီးအကျယ် ကျနေဟန်ဖြင့် အထက်ပါအတိုင်း ညည်းညူကာနေသည်။

"အို…အစ်ကိုကလဲ၊ ညည်းလိုက်ညူလိုက်တာ၊ လူမှန်ရင် ဒုက္ခနဲ့ ဘယ်သူမှ မကင်းဘူး၊ ဒုက္ခနဲ့ကင်းတဲ့နေရာဟာ နိဗ္ဗာန်ဘုံပဲရှိတယ်၊ ဒီတော့ ဒုက္ခဆိုပြီး နှုတ်ဟာကာ ညည်းမနေနဲ့၊



အဟုတ်ထကာ နွယ်နဲ့သာ မဆုတ်မတွ လိုက်ခဲ့ပေတော့၊ ကြားလား"

မြသန္တာနွယ်မှာ အတင်းသာ အောင်နီလွင်အား ဆွဲခေါ်နေတော့သည်။

အောင်နီလွင်မှာမူ ခင်လဲ့မူယာရှေ့တွင်ဖြစ်နေ၍ အတော်ပင် မျက်နှာပူနေသည်။

"ကြည့်ပါလားလို့၊ ထပါဆိုနေမှ၊ အစ်ကို ကြည့်ရတာ ကလေးဆိုးကြီးနဲ့တူလိုက်တာ၊ ပေကတ်ကတ်လုပ်နေပြန်ပြီ၊ မြန်မြန်သာထပြီး လိုက်ခဲ့ပါလေ၊ ဒီမှာက အရေးကြီးလွန်းလို့ ခေါ်နေတဲ့ဟာ"

မြသန္တာနွယ်မှာ ယခုအကြိမ်တွင် နှုတ်ဖြင့်သာ မကတော့ပေ။

အောင်နီလွင်၏ လက်မောင်းကို သူမ၏လက်ဖြင့် အတင်းဆွဲကာ ခေါ်နေတော့သည်။

ခင်လဲ့မူယာမှာလည်း ဒေါသဖြစ်လာဟန်ဖြင့် အောင်နီလွင်အား လှမ်း၍ပြောသည်။

"ကဲ…ကိုကို၊ လိုက်မှာဖြင့် မြန်မြန်သာ လိုက်သွားလေ၊ မူယာ နားငြီးနေပြီ သိလား"

ထိုစကားများကို ကြားရလျှင် အောင်နီလွင်မှာ ထိုနေရာမှ အမြန်သစ်ရန် ပြင်ရတော့သည်။

အကယ်၍ သူက မလစ်ဘဲ ဆက်၍နေမည်ဆိုလျှင် အမျိုးသမီးနှစ်ဦး စကားများကြပြီး နောင်ဂျိန်ပလေးကြမည်ကို မြင်ယောင်လာ၍ပင်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ အောင်နီလွင်မှာ အောက်ပါအတိုင်း ညည်းညူကာပြောရင်း ထိုင်နေရာမှ ထ, ရပ်ရတော့သည်။

"အေးလေ၊ ထဆို ထရတာပေါ့၊ လိုက်ဆို လိုက်ရတာပေါ့၊ မင်းသာ ရှေ့က ကြွမှာ ကြွလိုက်ပါတော့"

အောင်နီလွင်၏ စကားများကို ကြားရလျှင် မြသန္တာနွယ်မှာ သဘောကျစွာဖြင့် ရယ်နေသည်။

ခင်လဲ့မူယာမှာတော့ လုံးဝမရယ်ပေ။

သူတို့အား စိတ်ကောက်နေဟန်ဖြင့် မျက်နှာကြီးကို ရှုပုပ်၍ ကြည့်နေခဲ့သည်။

* * *

## (ငါး)

### တမင် အရွဲ့တိုက်တာတဲ့

စားသောက်ဆိုင်အပြင်ဘက်သို့ ရောက်လျှင် အောင်နီလွင်က မြသန္တာနွယ်ကို မေးသည်။

"ကိုင်း....ဆိုစမ်း၊ ငါက ဘယ်ကိုမောင်းရမယ်ဆိုတာ"

အောင်နီလွင်မှာ သူရပ်ထားခဲ့သော မော်တော်ဆိုင်ကယ်ဆီသို့ ခွထိုင်ရင်းမှ မေးလျှင် မြသန္တာနွယ်ကလည်း သူ၏နောက်ဘက်ထိုင်ခုံတွင် ဝင်ထိုင်ရာမှ ပြန်ဖြေသည်။

"အလုံဘက်ကို မောင်းပေါ့ အစ်ကိုရ"

"ကောင်းပြီ၊ ဒါဆိုရင် နောက်ကနေ ထိုင်လိုက်နဲ့ရော့....ဒီမှာ ဦးထုပ်ဆောင်း"

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်ကပြောရင်း ဆိုင်ကယ်စီးလျှင် ဆောင်းရသော ဖိုင်ဘာဦးထုပ်ကို မြသန္တာနွယ်ထံ လှမ်းပေးနေသည်။

"ဒါကြီးက မဆောင်းလို့ မဖြစ်ဘူးလား၊ နွယ့်ဆံပင်တွေ ပျက်ကုန်မှာစိုးလို့ပါ"

"အာ....ဘယ်ဖြစ်မလဲ၊ အဲဒီ ဦးထုပ်မဆောင်းဘဲ မင်းစီးရင် မင်းသာမကဘူး ငါ့ကိုပါ ယာဉ်ထိန်းရဲက အရေးယူလိမ့်မယ်၊ ဒီတော့ ကြေးထူမနေနဲ့၊ ဆောင်းမှာသာ ဆောင်းစမ်းကွာ"

အောင်နီလွင်မှာ စကားအဆုံးတွင် ရပ်ထားသော သူ၏ ယာမာဟာ မော်တော်ဆိုင်ကယ်ကို နှိုးနေသည်။

မြသန္တာနွယ်မှာလည်း အောင်နီလွင်၏ စကားအတိုင်း ဦးထုပ်ကို ခေါင်းတွင် ဆောင်းထားလိုက်ရသည်။

မကြာမီ အောင်နီလွင် မောင်းနေသော ယာမာဟာ မော်တော်ဆိုင်ကယ်ကလေးမှာ မန်းရက်စတောရင့်တ်မှထွက်လာခဲ့သည်။

ဦးထောင်ဗိုလ်လမ်းဘက်သို့ ရောက်လျှင် မြသန္တာနွယ်က နောက်မှနေ၍ အောင်နီလွင်အား လှမ်းမေးနေသည်။

"အစ်ကို....တော်တော်ဆာနေသလား ဟင်"

"ဟာ....မင်း ဘယ်လို မေးလိုက်တာလဲကွာ၊ အချိန်ကိုလည်း ကြည့်ဦး၊ ဘယ်အချိန်ရှိနေပြီလဲဆိုတာ၊ မဆာဘဲ နေပါ့မလားကွ၊ ဟွန်း"



အောင်နီလွင်၏ပြန်ဖြေသံကြောင့် မြသန္တာနွယ်မှာ တခစ်ခစ်ဖြင့် ရယ်နေသည်။

"အေး....ရယ်ပါ....ရယ်ပါ၊ မင်းကတော့ ငါ့ဆိုရင် အင်တာန်မှ ဒုက္ခပေးတဲ့ ကောင်မလေးပဲ၊ သိလား"

အောင်နီလွင်မှာ မြသန္တာနွယ်အား မကျေနပ်သံဖြင့် ပြောနေသည်။

"ကဲပါ....အစ်ကို ဒီလောက်တောင်ဆာနေရင်လဲ စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်စားကြတာပေါ့၊ ဟုတ်လား"

"ဟေ"

မြသန္တာနွယ်ထံမှ စကားများကို ကြားရလျှင် အောင်နီလွင်မှာ တအံ့တဩဖြစ်သွားရတော့သည်။

အောင်နီလွင် အံ့ဩနေသလောက် မြသန္တာနွယ်ကတော့ တခစ်ခစ်ဖြင့် ရယ်မဆုံးဖြစ်နေတော့သည်။

"ဒီမယ်....မြသန္တာနွယ်"

အောင်နီလွင်မှာ မော်တော်ဆိုင်ကယ်ကို မောင်းနေရာမှ လှမ်းခေါ်သည်။

"ရှင်....ဘာလဲအစ်ကို၊ ဘာပြောမလို့လဲ"

"ပြောမလို့ မဟုတ်ဘူး၊ မေးမလို့ ကွ....မေးမလို့"

အောင်နီလွင်၏ ပြောဆံမှာ စိတ်တိုသံပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



“မေးလေ၊ ဘာမေးချင်တာလဲ”

“ဩော်...မင်းဟာ စိတ်မှ နှံ့သေးရဲ့လားလို့ မေးချ[...] တာပါကွာ”

“အို...အစ်ကိုကလဲ၊ ခိ ခိ ခိ”

“အစ်ကိုကလဲ မနေနဲ့၊ ငါက အတည်မေးနေတာကွ”

“ဘာဖြစ်လို့”

“ဘာဖြစ်လို့ရမှာလဲ၊ စောစောတုန်းကတော့ ငါ့[...] ဆာလွန်းလို့ ထမင်းစားပြီးမှ လိုက်ပါရစေ ပြောတာ[...] မင်းက မရဘူး၊ ကျွန်မမှာ သေရေးရှင်ရေးတမျှ အရေးကြီး[...] နေလို့ ထမင်းပဲ စားဖူးသားပဲ မဟုတ်လားလေး ဘာလေး[...] ပြောခေါ်လာခဲ့တယ်၊ ဟော...အခုလမ်းကျတော့ စိတ်ပြောင်း[...] ပြီး စားသောက်ဆိုင်တစ်ခုခုမှာ ဝင်စားကြတာပေါ့လို့ ပြော[...] နေလို့ပါ၊ ဒါဟာ ဦးနှောက်အနေအထား မှန်ကန်နေတဲ့သူ[...] အပြုအမူ မဟုတ်ဘူး၊ ဦးနှောက်ချောင်နေတဲ့သူရဲ့ မူမမှန်မှု[...] ညွှန်ပြနေလို့ ငါက မေးနေတာကွ၊ ရှင်းပြီလား”

“ကောင်းပြီ၊ နွယ်ရဲ့ဦးနှောက် မူမှန် မမှန်သိချင်ရင် စားသောက်ဆိုင်ရောက်တော့ ပြောပြမယ်၊ ဒီတော့ အခု နွယ်တို့ရောက်နေကြတဲ့နေရာနဲ့ အနီးဆုံးဖြစ်တဲ့ ပြည့်ဝ စားသောက်ဆိုင်ကို သွားစားကြမယ် ဟုတ်လား”

“ပြည့်ဝ ဟုတ်လား၊ ဒီဆိုင်က ဘယ်နားမှာလဲ၊ ငါမှမသိတဲ့ဟာ”



“နွယ်သိပါတယ်လေ၊ အဲဒီဆိုင်က တက္ကသိုလ်ရိပ်သာ[လ]မ်းထဲမှာရှိပါတယ်၊ ဒီဆိုင်ကိုသာ မောင်းပေတော့”

အောင်နိုင်လွင်မှာ မြသန္တာနွယ်ပြောစကားအတိုင်း ပြည့်ဝ[ဆ]ိုင်ရှိရာ တက္ကသိုလ်ရိပ်သာလမ်းဘက်သို့ သူ၏ ဆိုင်ကယ်ကို [...]က်၍ မောင်းသွားခဲ့သည်။

ပြည့်ဝ စားသောက်ဆိုင်မှာ မွန်းလွဲချိန်ဖြစ်နေ၍ လူ[...]နည်းငယ်ရှင်းလင်းနေသည်ကို တွေ့ရသည်။

သူတို့နှစ်ဦးသည် ဆိုင်တွင်းရှိ လက်ယာဘက်နေရာတွင်ရှိ [စ]ားပွဲခုံတွင် ဝင်ထိုင်ခဲ့ကြသည်။

“ကဲ...အစ်ကို၊ မှာချင်တာတွေကို မှာစားပါ၊ နွယ် ကျ[...]လောက် ရှင်းပါမယ်၊ ဟုတ်လား”

စားပွဲခုံအေးတွင် ဝင်ထိုင်၍အပြီး၌ မြသန္တာနွယ်ထံမှ [ထွ]က်ပေါ်လာသံဖြစ်သည်။

သူတို့အနီးသို့ စားပွဲထိုးတစ်ဦးလည်း မီနူးကတ်ပြား[...]လေးကိုင်ကာ ရောက်လာခဲ့သည်။

“မှာလေ...အစ်ကို၊ ဘာစားမလဲ”

“ဟာ...ကွာ...ငါမမှာချင်ဘူး၊ စိတ်လဲမပါဘူး၊ ဒီတော့...[...]ကြိုက်တာသာ မှာပါ၊ ငါကတော့ လုံးဝ မှာလိမ့်မယ် [မ]ထင်ဘူး”

အောင်နိုင်လွင်၏ ပြောသံကြောင့် မြသန္တာနွယ်မှာ ခိ ခနဲ [...]

www.burmeseclassic.com



ပြီးမှ စားပွဲထိုးအား ဟင်းလျာ လေးမျိုးလောက်ကို မ
နေသည်။

ဆန်းကစ် လိမ္မော်နှစ်ဘူး ယူခဲ့ရန်ကိုလည်း တစ်ပါတည်း
မှာကြားနေသည်။

စားပွဲထိုးမှာ သူတို့အနီးမှထွက်အသွားတွင် အောင်နီ
က မြသန္တာနွယ်အား မေးနေတော့သည်။

"ဆိုစမ်းပါဦး၊ မင်း လုပ်ပုံတွေက ဘာတွေလဲ၊ ငါ
တစ်ခုမှ နားမလည်နိုင်အောင် ဖြစ်နေတယ်၊ မင်း ဘာစိတ်
ပေါက်ပြီး အခုလို လုပ်ရတာလဲ ဟင်"

အောင်နီလွင်၏ အမေးများကို မြသန္တာနွယ်က ချက်
ပြန်မဖြေသေးပေ။ တခစ်ခစ်ဖြင့်သာ ရယ်နေသေးသည်။

ပြီးမှ အောက်ပါအတိုင်း ပြန်လည်၍ပြောပြနေသည်။

"ဘာစိတ်ရူးပေါက်တာမှ မဟုတ်ဘူး၊ အစ်ကိုနဲ့ အစ်
အမျိုးသမီးကို အမြင်ကတ်ကတ်ရှိတာနဲ့ တမင်အရွဲ့တိုက်
အခုလို မရမက ခေါ်လာခဲ့တာပဲ၊ ရှင်းပြီလား၊ ခိ ခိ ခိ"

"ဟေ"

မြသန္တာနွယ်၏ စကားများကို ကြားရလျှင် အောင်နီ
မှာ မျက်လုံးအပြူးသားဖြင့် အထက်ပါအတိုင်း အာမေ
သံကြီးကို ပေးနေသည်။

"ဟုတ်တယ်...နွယ်ဟာ တမင်သက်သက် အရွဲ့တိုက်
ခေါ်လာခဲ့တာပါ၊ ဘာဖြစ်လို့လဲသိလား ဟင် အစ်ကို၊



"ဟာ...ဘယ်သိပါ့မလဲ၊ မင်း ရူးနေလို့သာ အခုလို လုပ်
တိုက်တာလို့ ငါထင်တယ်"

"အဟန့်၊ ရူးပါဘူးရှင်၊ မိန္နွယ်တို့ကတော့ ကိုယ့်အပေါ်
မှာ ဟန်တစ်လုံး ပန်တစ်လုံးနဲ့ မတူသလို မတန်သလို လုပ်လာ
ရင် အခုလိုပဲ ပြန်ရွဲ့တတ်တယ် သိလား၊ အဟိ"

"အိမ်း....အဲဒီ အကျင့်ဟာ ကောင်းတဲ့အကျင့် မဟုတ်ဘူး
ကွ၊ မင်းလုပ်ပုံဟာ တော်တော် အကျင့်တန်တယ်၊ အင်္ဂလိပ်
ဘာသာနဲ့ ပြောရမယ်ဆိုရင် မင်းလုပ်ပုံဟာ Depraved taste
ဒီပရေ့ဗ် တေ့စ်တ် မြန်မာလိုဆိုရင် ဝါသနာဆိုး၊ စရိုက်ဆိုး
ဖြစ်နေတယ်ကွ၊ သိလား၊ ဟွန်း"

အောင်နီလွင်ကို ကြည့်ရသည်မှာ ဒေါကန်နေပုံရသည်။

မြသန္တာနွယ်မှာမူ အရယ်မပျက်ခဲ့ပေ။

"အဟဲ...နွယ့်ကို မကြည့်မမွေ့တဲ့ သဘောနဲ့ ဒီပရေ့ဗ်
တေ့စ်တ် ဆိုပြီးပြောပေမယ့် ညီမကတော့ အရေးမစိုက်ပါ
ဘူး၊ အမှန်ပြောရရင် အဲဒီတုန်းက နွယ်ဟာ အစ်ကိုနဲ့အစ်ကို့
ဇနီးလောင်းတို့ မော်တော်ဆိုင်ကယ်ပေါ်မှာ အတူတွဲပြီး
စီးသွားကြတာကိုအမှတ်တမဲ့လှမ်းပြီးမြင်လိုက်ရတယ်၊ ဒီတုန်း
က နွယ်ဟာ လေးဘီးကားပေါ်မှာပေါ့၊ ဒီလို မြင်လိုက်ရတဲ့
အတွက် အစ်ကိုတို့နှစ်ယောက် ဘယ်ကိုများ သွားကြတာလဲ
ဆိုတာ သိချင်တာနဲ့ နွယ်စီးလာခဲ့တဲ့ ကားက လေးဘီးမောင်း
သမားကို အစ်ကိုတို့နောက် လိုက်ပေးဖို့ ပြောခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်က ပြန်လည်ပြောပြနေသည်။

အောင်နီလွင်မှာလည်း စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

"နောက် အစ်ကိုတို့နှစ်ယောက် မန်း ရက်စတောရင့်ထဲကို ဝင်သွားတာကို မြင်ရတဲ့အခါ နွယ်လဲ လေးဘီးကားသမားကို ဆိုင်ရှေ့မှာ အရပ်ခိုင်းပြီး အစ်ကိုတို့ နောက်ကို လိုက်လာခဲ့တာပဲ"

မြသန္တာနွယ်သည် စကားကို ခေတ္တနားနေသည်။

ပြီးမှ သူမ၏စကားကို ပြန်ဆက်နေတော့သည်။

"အဲဒါ အစ်ကိုကရော၊ အစ်ကို့ဇနီးလောင်းကရော နွယ့်ကို မြင်လိုက်ကြတာနဲ့ မျက်နှာတွေက တစ္ဆေ သရဲကို မြင်လိုက်ကြရသလို ဖြစ်သွားကြတယ်၊ အစ်ကို့ဇနီးလောင်းက ဆိုရင်လဲ နွယ့်ကို ကြည့်တာရှုတာ အဖက်မတန်တဲ့ပုံစံမျိုးနဲ့ ကြည့်နေတာကို တွေ့ရတယ်၊ ဒီတင် နွယ်လဲ စိတ်ပြောင်းသွားခဲ့တာပေါ့"

"ဘယ်လိုစိတ်ပြောင်းသွားခဲ့ရတာလဲ"

အောင်နီလွင်က ဖြတ်၍မေးသည်။

"ပြောင်းတာက ဒီလိုပါ၊ ပထမ နွယ်စိတ်ကူးထားတာက အစ်ကိုတို့နဲ့အတူ ဝင်စားပြီး အစ်ကို့ဇနီးလောင်းနဲ့ ခင်ခင်မင်မင် စကားရှည်ပြောဖို့ပါပဲ၊ ဒါပေမယ့် အစ်ကိုတို့မျက်နှာအမူအရာတွေကို မြင်လိုက်ရတော့ ဒီစိတ်ကူးဟာ ပျက်သွားခဲ့



တယ်၊ အစ်ကိုဟာဆိုရင် နွယ့်ကိုမြင်လိုက်တာနဲ့ ဝက်ရူးပြန်တဲ့လူလို မျက်နှာကြီးက ဖြစ်ပျက်သွားလိုက်တာ အားကြီး မုန်းစရာကောင်းတာပဲ သိလား၊ ဟွင်း"

မြသန္တာနွယ်က ပြောနေရာမှ အောင်နီလွင်၏ အပြုအမူများကို ပြန်လည်သတိရလာဟန်ဖြင့် မျက်စောင်းကလေးထိုးကာ ပြောနေသည်။

အောင်နီလွင်ကတော့ ပြုံးနေသည်။

"တစ်ခါ အစ်ကို့ဇနီးလောင်းကို ကြည့်လိုက်ပြန်တော့လဲ သူ့မျက်နှာပေါ်မှာ နွယ်နဲ့ အစ်ကို့ကို မသင်္ကာတဲ့ အသွင်မျိုး ပေါ်နေတယ်၊ နွယ့်ကိုလဲ ခမာနီတပ်တွေက ကုလသမဂ္ဂတပ်တွေကို ကြည့်တဲ့အကြည့်မျိုးနဲ့ ကြည့်နေတယ်လေ"

"ရန်သူအကြည့်မျိုးနဲ့ ကြည့်တယ်လို့ ပြောစမ်းပါကွာ"

အောင်နီလွင်က ခပ်ပြုံးပြုံး ကလေးဖြင့် လှမ်းပြောနေသည်။

"အင်းလေ....ဒီသဘောမျိုးပါပဲ၊ ဒီတင် လူတစ်ဖက်သားကို အရွဲ့တိုက်ချင်တဲ့ စိတ်တွေဟာ နွယ့်မှာ တဖွားဖွားပေါ်လာခဲ့တယ်၊ ဒါကြောင့်လဲ အစ်ကို့ကို မရမက အတင်းကိုခေါ်လာခဲ့မိတာပဲ၊ ဒီလောက် ရှင်းပြရင် အစ်ကို သဘောပေါက်ရောပေါ့နော်၊ ခိခိ"

"ဩော်....မင်းပြောသလိုဆို မင်းမှာသေရေးရှင်ရေးတမျှ အရေးကြီးလှပါတယ်ဆိုတဲ့ ပြဿနာဟာ လုံးဝ မရှိဘူးပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကိုဟုတ်တာပေါ့"

"သေလိုက်ပါတော့ကွာ၊ ငါကတော့ တကယ့်ကို သေ… ရှင်ရေးတမျှ ပြဿနာရှိနေတယ် အထင်နဲ့ ခင်လဲမှုယာ… ဘောင် အားနာမနေနိုင်ဘဲ မင်း ခေါ်ရာကိုလိုက်ခဲ့တာ၊ … တော့ မင်းအရွဲ့တိုက်တာကို အားပေးသလို ဖြစ်နေပါပေ… လား၊ ဟွန်း"

အောင်နီလွင်က မျက်နှာမသာမယာဖြင့် ညည်းတွားပြ… သည်။

"နို့ အစ်ကိုတို့ကကော ဘာဖြစ်လို့ နွယ်ကို မြင်လိုက်… တာနဲ့ မျက်စိမျက်နှာတွေက ပျက်ကုန်ကြရတာလဲလို့၊ ဒီ… အခုကိစ္စမှာ နွယ်က လွန်သလား၊ အစ်ကိုတို့က လွန်သ… ဆိုတာကို အနုလုံပဋိလုံ အပြန်အလှန် စဉ်းစားပြီး ဖြေပါ… အဟီ"

"မင်းဘက်ကကြည့်ရင်တော့ ငါတို့လွန်တယ်ထင်မှာပေ… ဒါပေမယ့် ငါတို့ဘက်ကကြည့်ရင် မလွန်ပါဘူးကွာ၊ ဘာ… လို့လဲဆိုတော့ မင်းမှာက ငါနဲ့မတွေ့လိုက်ရရင် ပြဿနာတွေ… ပါ ပါလာတာကိုး"

"နို့ အစ်ကို့ ဇနီးလောင်းကကော သူက ဘာဆို… နွယ့်ကိုမြင်လိုက်ရတာနဲ့ မျက်နှာကြီးက လေဖြတ်သလို … သွားရတာလဲလို့"



"ဖြစ်ဆို သူနဲ့ငါဟာ လူကြီးချင်းကသာ စေ့စပ် ထားကြ… တာ တစ်ဦးနဲ့တစ်ဦး ချစ်ကြိုက် နေကြသေးတာမှ မဟုတ်ဘဲ၊ ဒီလိုအချိန်အခါမျိုးမှာ မင်းလို အရွယ်ကလဲ သူနဲ့အရွယ်တူ၊ ရုပ်ရည်ကျတော့လဲ သူ့ထက်တောင် သာမလို ဖြစ်နေတဲ့သူကို … မြင်လိုက်ရတော့ သူနဲ့ ပြိုင်ဘက် ပေါ်ပြီထင်လို့ သူ့မျက်နှာ မေါ်မှာ မကျေနပ်တဲ့ အသွင်သဏ္ဌာန်ဟာ ပေါ်ခဲ့တာပေါ့၊ ဒါဟာလဲ မလွန်ပါ… …ပ ကိုင်း ဒီသဘောမျိုးတော့ ရှိတတ်ကြတဲ့ဟာ"

"အံမယ်၊ အစ်ကိုက သူ့ ဇနီးလောင်းဘက်ကနေ ရှေ့နေ လိုက်ပေးနေပြန်ပါပြီ၊ ဘာပဲဖြစ်ဖြစ် ဒီလောက်တောင်တော့ သဘောထားနုဖို့ မကောင်းဘူးလို့ နွယ်ထင်တာယ်"

မြသန္တာနွယ် ပြောနေခိုက် သူတို့မှာကြားထားသော စားစရာများမှာ အငွေ့ တထောင်းထောင်းဖြင့် စားပွဲခုံပေါ်သို့ ရောက်လာခဲ့တော့သည်။

သူတို့နှစ်ဦးလည်း စကားစ ပြတ်သွားခဲ့ကြသည်။

ထိုအချိန်တွင် မန်း ရက်စတောရင့်တွင် ကျန်ရစ်ခဲ့သော ခင်လဲ့မှုယာမှာတော့ အကြီးအကျယ် ဦးနှောက်ခြောက်ကာ နေတော့သည်။

ဦးနှောက်မခြောက်၍လည်း မဖြစ်ပေ။

အောင်နီလွင်မှာယူခဲ့သော စားသောက်စရာများမှာ စားပွဲခုံအပြည့် ရောက်နေ၍ပင်။

www.burmeseclassic.com

www.burmeseclassic.com



ခင်လဲ့မူယာမှာ စားပွဲပေါ်သို့ ရောက်ရှိနေသော စားသောက်စရာများကို ကြည့်ကာ အောက်ပါအတိုင်း တကိုးကလေး ရေရွတ်နေသည်။

“ဒုက္ခပါပဲ....ကိုကိုမှာသွားခဲ့တဲ့ စားစရာတွေကလဲ များမှ အများကြီးပဲ၊ ဒါတွေကို ငါတစ်ယောက်တည်းစားလို့ ဘယ်ကုန်ပါ့မလဲ၊ ငါမကုန်လို့ ကျန်[illegible] ရမှာကလဲ ရှက်စရာကောင်းလှပါတယ်၊ ဒီတော့ ငါဘယ်လို လုပ်ရပါ့မလဲ၊ ကိုကိုကို [illegible] ခေါ်လာမိတာ မှားတာပဲ၊ တွင်း”

ခင်လဲ့မူယာမှာ စားသောက်စရာများကို ကြည့်ရင်း စိတ်ညစ်နေဟန်ဖြင့် သက်ပြင်းအခါခါချကာ နေမိသည်။

“တောက်....အခုလိုဖြစ်ရတာ ဟိုဟာမကြောင့် ဖြစ်ရတာပဲ၊ သူက ဘာသဘောနဲ့ ကိုကို့ကို ဇွတ် ခေါ်သွားရတာလဲ၊ နေပါဦး၊ ကိုကိုကကော သူစားသောက်မယ့်ဆဲဆဲ ဘာဖြစ်လို့ ထပြီးလိုက်သွားရတာလဲ”

ခင်လဲ့မူယာမှာ သူ့ဘာသာသူ မေးခွန်း ထုတ်နေရာမှ အောင်နီလွင်အပေါ်တွင် မကျေမနပ်ဖြစ်လာမိတော့သည်။

“ကိုကိုနဲ့ ဟို....ဆတ်ကော့လတ်ကော့ ဟာမ ကလေးဟာ ချစ်သူတွေများ ဖြစ်နေကြလို့လား....”

ထိုအတွေးများကိုဝင်လာလျှင်တော့ ခင်လဲ့မူယာ၏မျက်နှာမှာ ငိုတော့မည့်အသွင်သို့ ဆိုက်ရောက်ကာ သွားခဲ့တော့သည်။



“မဖြစ်ဘူး....မဖြစ်ဘူး၊ ဒီကိစ္စကို ကိုကိုပြန်လာရင်အဖြေတော် မေးရလိမ့်မယ်၊ မေးလို့မရရင်တော့ ဖေဖေတို့ဆီကိုဒီပြဿနာ တင်ပြရမှာပဲ”

ခင်လဲ့မူယာမှာ မြသန္တာနွယ်၏ အပြုအမူကို ဒေါသဖြစ်ရာမှ အထက်ပါအတိုင်း အောင်နီလွင်ကိုပါ သံသယတွေ ဝင်လာနေမိသည်။

“ကဲ....အဲဒီပြဿနာတွေက နောက်မှ ဖြေရှင်းလို့ ရမယ့် ပြဿနာတွေဖြစ်နေတယ်၊ အခုလောလောဆယ် ကိုကိုမှာသွားခဲ့တဲ့စားစရာတွေကို ငါ ဘယ်လိုဖြေရှင်းရပါ့မလဲ၊ ဒါတွေသာ အကုန်စားရရင်တော့ စားပိုးနင့်ပြီး ငါသေမှာပဲ၊ စားလဲ စားနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ကာ စားပွဲပေါ်ကဟာတွေကို ဒီနေရာမှာ စားမယ့်အစား အားလုံးကို ပြန်ထုပ်ခိုင်းပြီး အိမ်ယူသွားတာ အကောင်းဆုံးပဲ”

ခင်လဲ့မူယာမှာ ထိုအတွေးများဝင်လာလျှင် စိတ်သက်သာသွားဟန်ဖြင့် ပြုံးလိုက်မိသည်။

နောက်တော့ စားပွဲထိုးသမား တစ်ဦးအား ခေါ်၍ စားစရာများ အားလုံးကို ပက်ကင်ထုပ်ခိုင်းသည်။

ထုပ်ပိုး၍ အပြီးတွင်တော့ ကျသင့်ငွေများကို ခင်လဲ့မူယာက ရှင်းပေးရာ စုစုပေါင်း တစ်ထောင့်နှစ်ရာကျော် ကျသွားခဲ့သည်။

“မြတ်စွာဘုရား၊ ကိုကိုတို့များ ကုန်ဈေးနှုန်းကြီးတာ မသိဘူးထင်တယ်၊ မှာထားခဲ့တာတွေက ထောင်ကျော်တောင် ကျ

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ဒါတွေကို ငါက ပေးချေလိုက်ရတယ်၊ ဘာရမလဲ၊ ကိုကို ပြန်လာရင်တော့ အဲဒီ အစားအသောက်တွေ အတွက် အလျော်ကိုတောင်းမယ် သိလား''

ခင်လှိုမှုယာမှာ တစ်ကိုယ်တည်း ရေရွတ်ရင်း စားပွဲပေါ်တွင် အသင့် ရောက်နေသော စားစရာ အထုပ်များကို ဆွဲယူသည်။

ပြီးတော့ ဆိုင်ထဲမှထွက်လာခဲ့ပြီးနောက် အပြင်တက်တွင် အဆင်သင့်တွေ့ရသော လေးဘီး အငှားကားကလေးဖြင့် သူမ၏အိမ်သို့ ပြန်လာခဲ့တော့သည်။

* * *

(ခြောက်)

## ပြဿနာမဖြစ်အောင် ဖြီးရခြင်း

အောင်နီလွင်နှင့် မြသန္တာနွယ်တို့မှာမူ ပြည့်ဝစားသောက်ဆိုင်တွင် မြိန်ရေရှက်ရေဖြင့် စားသောက်နေကြသည်။

ယင်းသို့စားသောက်နေရာမှ အောင်နီလွင်မှာ မန်းရက်စ်တောရင့်တွင် တစ်ဦးတည်း ကျန်ရစ်ခဲ့သော ခင်လှဲမှုယာအား သွား၍သတိရလိုက်မိသည်၊

''အင်း....ခင်လဲမှုယာတစ်ယောက်တော့ သနားစရာဖြစ်နေပြီ၊ ငါမှာထားခဲ့တဲ့ ဟင်းလျာတွေကလဲ များမှများပဲ၊ သူတစ်ယောက်တည်း ဘယ်လိုလုပ်ပြီး ကုန်အောင်စားနိုင်မှာလဲ၊ ပြီးတော့ သူ့ကို တစ်ယောက်တည်း ငါဟာ ထားပြီး မြသန္တာနွယ်ခေါ်ရာကို လိုက်လာခဲ့မိတယ်၊ ဒီကိစ္စကလဲ သိပ်မသေးဘူး၊ သူ့မိဘတွေသိသွားရင် ဖြေရှင်းရတော်ခက်ဦးမှာပဲ၊ ဝိုး''

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်မှာ တွေးရင်း စိတ်ညစ်သွားဟန်ဖြင့် လေပူများကို မှုတ်ထုတ်လိုက်မိသည်။

မြသန္တာနွယ်မှာ အောင်နီလွင်ထံမှ လေပူမှုတ်သံကို ကြားရလျှင် စားသောက်နေရာမှ ဖျတ်ခနဲ လှမ်းကြည့်ကာ မေးသည်။

''ဟင်....အစ်ကို၊ စားနေရင်းတန်းလန်းက ဘာဖြစ်သွားရတာလဲ၊ ငရုတ်သီးတောင့်ကို ဝါးလိုက်မိလို့လားဟင်''

''မဟုတ်ပါဘူးကွာ၊ မန်းမှာ ကျန်ရစ်ခဲ့တဲ့ ခင်လဲ့မူယာကို သွားသတိရမိလို့ပါ၊ သူ့ခမျာ မှာထားခဲ့တဲ့ အစားအစာတွေနဲ့ ဒုက္ခဖြစ်နေရှာပြီထင်ပါရဲ့ကွာ''

''အမယ်လေးတော်၊ ဒီက ဘာများဖြစ်လို့လဲလို့၊ လက်စသတ်တော့ သူ့ချစ်ဇနီးလောင်းကလေးအတွက် စိတ်ပူနေရှာတာကိုး၊ တော်တော်လဲ အဖြစ်သည်းပါလား အစ်ကိုရယ်၊ ခိ ခိ ခိ''

မြသန္တာနွယ်က သရော်သံကလေးဖြင့် အောင်နီလွင်အား ပြန်ပြောနေသည်။

''ဟာ... အဖြစ်သည်းတာမဟုတ်ဘူး၊ မင်းကြောင့် သူ့ခမျာ ဒုက္ခဖြစ်ရတာကို တွေးမိပြီး စိတ်မကောင်းလို့ကွ''

''ဒါကတော့ သူ့အပြစ်နဲ့သူပဲဟာ''

''ဟော...ဘယ်လို သူ့အပြစ်နဲ့ သူပဲလဲ၊ မင်း မတရားတော့ မပြောနဲ့ သိလား''



''မတရားပြောနေတာ မဟုတ်ဘူး၊ အမှန်ကိုပြောနေတာ သိလား''

''ဘယ်လိုကြောင့်လဲ''

''အစ်ကို ပြန်စဉ်းစားကြည့်စမ်း၊ နွယ်က အစ်ကို့ကို အတင်းလာခေါ်နေတော့ သူက စလေဆရာကြီး ဦးပုညရဲ့ ရေသည်ပြဇာတ်ထဲက စာပိုဒ်ကလေးကို အကျရွတ်ပြတယ် မဟုတ်လား''

''အင်းလေ၊ ဒါ ဘာဖြစ်သလဲ၊ မင်းက တောက်တဲ့ကပ်တွယ်နေလို့ သူက ဆီလျော်အောင် စလေဦးပုညရဲ့ စာကို ရွတ်ပြတာ အပြစ်လား''

''အပြစ်ပေါ့၊ သူရွတ်ပြဘာက နွယ့်ကို ခနဲ့တဲ့တဲ့နဲ့လုပ်ပြီး ရွတ်ပြဘာပဲ၊ အဲဒီစာပိုဒ်ကြောင့်ပဲ နွယ်ကလဲ သူ့ကို အမြင်ကတ်ပြီး အစ်ကို့ကို မရမက ခေါ်ထုတ်ခဲ့တာပဲ၊ သူကသာ ဘာမှခနဲ့မနေဘဲ နွယ့်ကို ဖော်ဖော်ရွေရွေနဲ့ ဆက်ဆံရင် ပြဿနာဟာ ဟိုမှာတင် ပြေ●ည်ပြီးသားပါအစ်ကိုရ''

''အဲဒါက မင်းဘက်က အထင်အမြင်တွေကိုးကွ၊ ခင်လဲ့မူယာဟာ မင်းထင်သလို ဟုတ်ချင်မှ ဟုတ်မှာပါ၊ ပြီးတော့ အိမ်က ထွက်လာခဲ့ကြတုန်းက ခင်လဲ့မူယာနဲ့ငါ နှစ်ယောက်တည်း စားဖို့သောက်ဖို့ ထွက်လာခဲ့တာပဲ၊ အဲ....ကံဆိုးချင်တော့ မင်းနဲ့ဆုံပြီး ငါက ဒီမှာ မင်းနဲ့အတူ စားသောက်နေရတယ်၊ ခင်လဲ့မူယာခမျာမှာတော့ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရရှာတယ်၊ ဒါကိုတွေးပြီး ငါက စိတ်မကောင်းဖြစ်နေတာပါ''

www.burmeseclassic.com

www.burmeseclassic.com



“ဩော်...ဟုတ်ပါရဲ့၊ အစ်ကို အခုပြောတော့မှ နွယ်လဲ ခင်လဲ့မှုယာကို သတိရပြီး သနားသွားမိတယ်၊ ဟုတ်ပါရဲ့နော်၊ ကုလားမသာကလေး၊ အဲ....အဲ.... သနားစရာကလေး ဖြစ်ကျန်ရစ်ခဲ့ရှာတယ်၊ သနားလိုက်တာ၊ ကျွတ် ကျွတ် ကျွတ်”

မြသန္တာနွယ်က အောင်နီလွင်အား ယှောင်နေသည်။

“ဟေ ...မင်း မနောက်နဲ့ကွာ၊ ငါက အတည်ပြောနေတာကွ သိလား၊ ဒါနောက်စရာမဟုတ်ဘူး”

အောင်နီလွင်က မျက်နှာထားတင်းတင်းဖြင့် မြသန္တာနွယ်ကို ပြောနေသည်။

မြသန္တာနွယ်ကတော့ တခစ်ခစ်ဖြင့် ရယ်နေသည်။

ပြီးမှ စောစောပိုင်းက စားပွဲထိုးလာချ၍ ပေးသွားခဲ့သော ဆန်းကစ် လိမ္မော်ရည်ဘူးကလေးကို ဖွင့်၍သောက်နေတော့သည်။

သောက်၍ပြီးတော့မှ အောင်နီလွင်အား လှမ်း၍ စ,နေပြန်သည်။

“ဒီမယ် အစ်ကို၊ ခင်လဲ့မှုယာကို သိပ်ပြီး သနားနေရင်လဲ အိမ်ပြန်ရောက်တော့ သူကျေနပ်အောင် ချော့လိုက်ရင် ရပါတယ်လေ၊ အစ်ကိုချော့ရင် သူပျော့သွားမှာပါ၊ မဟုတ်ဘူးလားလို့၊ ခိ ခိ ခိ”

“တယ်...ဒီဟာမလေးနှယ်၊ မဟုတ်တာကို ပြောနေပြန်ပါပြီ၊ ငါက သူ့ကို ချော့ရအောင် သူက ငါ့ချစ်သူ မဟုတ်သေးဘူးကွ”



“နို့....ဇနီးလောင်းဆို”

“အေးလေ၊ ဇနီးလောင်းက ဇနီးလောင်းပဲ၊ ချစ်သူမှ မဟုတ်တဲ့ဟာ”

“အာ....အစ်ကိုပြောတာကလဲ ရှုပ်လိုက်တာ၊ ဇနီးလောင်း ဖြစ်နေမှတော့ ချစ်သူလဲ ဖြစ်ရမှာပေါ့”

“အာ....အဲဒီနေရာမှာ မင်းမှားနေပြီ၊ ခင်လဲ့မှုယာဟာ ငါ့ဇနီးလောင်းဆိုတာ မှန်ပေမယ့် ချစ်သူမဟုတ်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ကို လူကြီးတွေက စေ့စပ်ကြောင်းလမ်းပေးကြလို့ပါ၊ အဲဒီအချိန်က ငါဟာ မြန်မာနိုင်ငံမှာ မရှိသေးဘူးလေ၊ ဂျာမနီကို ရောက်နေတဲ့ဟာ၊ အခု မြန်မာနိုင်ငံတော်ကို ပြန်လာမှ သူ့ကို ငါက တွေ့ရတာပါ၊ ဒီတော့ ချစ်သူလို့ ဘယ်မှာဆိုနိုင်ဦးမလဲ၊ အဲဒီလို ချစ်သူတွေ ဖြစ်ကြရအောင် လူကြီးတွေက ငါတို့နှစ်ဦးကို လွှတ်ပေးထားခဲ့ကြတာပဲကွ၊ ရှင်းပြီလား”

အောင်နီလွင်က မြသန္တာနွယ် သဘောပေါက်အောင် ကြိုးစား၍ ရှင်းပြနေရသည်။

“ဩော်...ဩော်၊ နွယ် နားလည်ပါပြီ၊ အစ်ကိုတို့နှစ်ဦးက တစ်ဦးနဲ့တစ်ဦး ချစ်ကြလို့ မဟုတ်ဘဲ နှစ်ဖက်သော လူကြီးမိဘများက ပေးစားကြလို့ ယူကြရမယ့်သူတွေဆိုပါတော့”

“အေး...ဒီအတိုင်းပဲ၊ ဒီတော့ မင်းပြောသလို ငါက ဘယ်မှာ သွားပြီးချော့လို့ဖြစ်မလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာဟာ....ဒါကတော့ အစ်ကို ညံ့လို့ပါ၊ ချစ်သူမဟုတ်ပေမယ့် ဇနီးလောင်းဖြစ်နေတဲ့အတွက် အစ်ကိုချော့ရင် သူက စိတ်ပြေရမှာပေါ့၊ ဒါမှလဲ နောင်တစ်ချိန် လင်နဲ့မယား ဖြစ်လာကြတဲ့အခါ တစ်ဦးကိုတစ်ဦး သည်းခံခွင့်လွှတ်နိုင်ကြမယ့် မျိုးစေ့ကလေးတွေ ပါလာကြမှာပေါ့၊ နွယ် ပြောတာ မဟုတ်ဘူးလားလို့၊ ခိ ခိ ခိ"

မြသန္တာနွယ်က ပြောပြီး ရယ်နေသည်။

"တော်စမ်းပါ၊ မင်းပြောသလိုလဲ မဖြစ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်လဲ့မူသာကို ငါ့စိတ်ထဲမှာ ဇနီးလောင်း အဖြစ်ထက် ညီမငယ်တစ်ဦးအဖြစ်သာ သဘောထားနေတဲ့ အတွက် သူ့ကို ချစ်သူတစ်ယောက်လို ချော့ဖို့ဆိုတာ လုံးဝ လုံးဝ မဖြစ်နိုင်ပါဘူးကွာ"

အောင်နီလွင် ပြောပြနေသည်ကို နားထောင်ရင်း မြသန္တာ နွယ်မှာ ပြုံးစိပြုံးစိလုပ်နေသည်။

မကြာမီ သူတို့နှစ်ဦးလည်း စားသောက်၍ ပြီးစီးသွား ခဲ့ကြသည်။

ကျသင့်ငွေများကို အောင်နီလွင်က ရှင်းရန်ပြင်သည်။

"အို....အို....မရဘူးလေ၊ နွယ် ရှင်းပါ့မယ်လို့ မစားခင် ကတည်းက ပြောထားပြီးပြီ၊ ဒီတော့ အစ်ကို ရှင်းနေစရာ မလိုပါဘူး"

မြသန္တာနွယ်က ပြောပြောဆိုဆိုနှင့် ငွေရှင်းရန်အတွက် ကောင်တာဆီသို့ ထွက်သွားခဲ့သည်။



နောက် ကျသင့်ငွေများကို မြသန္တာနွယ်က ရှင်းပေးနေ သည်။

အားလုံးပေါင်း လေးရာ့ငါးဆယ်ကျသည်။

"ကဲ....ပြောစမ်း၊ ငါက နွယ်ကို လိုက်ပို့ရဦးမှာလဲ"

အပြင်တွင် ရပ်ထားခဲ့သော မော်တော်ဆိုင်ကယ်ပေါ်သို့ အရောက်တွင်....

အောင်နီလွင်က မြသန္တာနွယ်အား မေးနေသည်။

"အဟဲ....အိမ်ကိုသာ ပို့ပါတော့လေ"

"အဲဗျ....အိမ်ကို ပို့ရမယ်ဆိုရင် အိမ်ဝအထိပဲ ပို့ပေးမယ် နော်၊ မင်းတို့အိမ်ပေါ်ကိုတော့ ငါမတက်နိုင်ဘူး"

"ဟင်....ဘာဖြစ်လို့လဲ၊ ဖေဖေနဲ့ မတွေ့တော့ဘူးလား"

"အခု လောလောဆယ်တော့ မတွေ့နိုင်သေးဘူး၊ မင်းသိ တဲ့အတိုင်းပဲ၊ ငါ့မှာ ခင်လဲ့မူယာဆီကို သွားပြီး ကျေနပ် အောင် ပြောပြရဦးမယ်"

"အာ....အစ်ကိုကလဲ၊ အခုလောက်ဆိုရင် ခင်လဲ့မူယာလဲ သူ့အိမ်ကို ပြန်ရောက်လောက်ရောပေါ့၊ ဆိုင်မှာ ဘယ်ရှိပါ တော့မလဲ"

"ဟုတ်ပါတယ်၊ ငါကလဲ အိမ်ကိုပဲ လိုက်သွားမှာပါ၊ ဒါကြောင့် မင်းကို အိမ်ဝအရောက်ပဲ ပို့နိုင်မယ် ပြောတာ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါဆို အစ်ကို သဘောပါပဲ၊ အစ်ကိုနေတဲ့ အိမ်လိပ်စာကိုကော ပေးမထားနိုင်ဘူးလား"

"ဗုဒ္ဓေါ"

မြသန္တာနွယ်က လိပ်စာတောင်းနေ၍ အောင်နီလွင် လန့်သွားဟန်ဖြင့် အထက်ပါအတိုင်း ရေရွတ်လိုက်မိသည်။

"ဒါက ဘာဖြစ်သွားရပြန်တာလဲ၊ လိပ်စာမပေးချင်လို့လား"

"မေးနေစရာ လိုသေးသလားကွာ၊ ဒီတော့ ငါနေတဲ့ လိပ်စာ မသိချင်ပါနဲ့၊ ငါနေတာဟာ ခင်လဲ မှူယာအိမ်မှာ မင်းလာလို့ လုံးဝမဖြစ်ဘူးကွ"

"အို...မဆိုင်လိုက်တာ၊ နွယ်က သူနဲ့တွေ့ဖို့ လာတာမှ မဟုတ်ဘဲ၊ အစ်ကိုနဲ့တွေ့ဖို့လာတဲ့ဟာ၊ မတော်တဆ နွယ်မှာ အရေးအကြောင်းပေါ်လာရင် ဘယ်လိုလုပ်မလဲ"

"အမယ် လေး လေး၊ အဲဒီအရေးအကြောင်းကြီးကို မပေါ်အောင် လုပ်ပါကွာ၊ ငါ့ကိုလဲ နောက်ထပ် ဆက်ပြီး ဘာဒုက္ခမှ မပေးပါနဲ့တော့၊ ဟုတ်လား"

မြသန္တာနွယ်မှာတော့ အောင်နီလွင်၏ စကားများကို နား ထောင်ရင်း ရယ်မဆုံးဖြစ်နေတော့သည်။

အောင်နီလွင်ကတော့ သူ၏ ယာမာဟာ မော်တော်ဆိုင် ကယ်ကို စက်နှိုးနေသည်။



"နေစမ်းပါဦး၊ နွယ်လာမှာကို အစ်ကိုက ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေရတာလဲလို့ ဒါ ဒါ"

"ကြောက်ဆို မင်းလာရင် မြသနားတွေက ပေါ်လာ မယ်လေ၊ ပြီးတော့ အခုဆိုရင် ခင်လဲ မှူယာနဲ့ မင်းဟာ ဆက်နွှာချင်းဆိုင်လို့ မရကြတော့ဘူး မဟုတ်လား၊ အဲဒီတော့ ငါ့ဆီကိုမင်းလာလို့ရှိရင် ကောင်းကျိုးထက် ဆိုးကျိုးသာ ပေါ်နိုင်မှာမို့ လိပ်စာ မပေးနိုင်ဘူး မြသန္တာနွယ်ရေ၊ သိပြီ လား၊ ဟွန်း"

အောင်နီလွင်က စကားအဆုံးတွင် မော်တော်ဆိုင်ကယ်ကို မောင်း၍ ထွက်သွားခဲ့သည်။

မြသန္တာနွယ်လည်း နောက်မှနေ၍ လိုက်ပါသွားခဲ့သည်။

အလုံဆင်ရေတွင်းလမ်းရှိ မြသန္တာနွယ်တို့ အိမ်ရှေ့သို့ ရောက်လျှင် အောင်နီလွင်က ဆိုင်ကယ်ကို အသာရပ်ပေးထား သည်။

"ခဏ ကလေးတောင်မှ အိမ်ထဲကို မဝင်နိုင်ဘူးလား အစ်ကိုရာ၊ အဟီး"

မြသန္တာနွယ်က မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းရင်း အောင်နီလွင်ကို မေးနေသည်။

"ဟင့်အင်းကွာ၊ ခဏမပြောနဲ့ တစ်စက္ကန့်ကလေးတောင် မှ အိမ်ထဲကို မဝင်နိုင်ဘူး၊ ကဲ...ငါသွားတော့မယ်"

အောင်နီလွင်ပြောရင်း မော်တော်ဆိုင်ကယ်ကို မြသန္တာ နွယ်အနီးမှ အမြန်မောင်းထွက်သွားခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်လည်း အောင်နီလွင်အား နောက်မှပြုံး[...]
ကြည့်ပြီး သူမ၏ အိမ်ထဲသို့ ဝင်သွားခဲ့သည်။

အောင်နီလွင်မှာတော့ မော်တော်ဆိုင်ကယ်ကို မောင်း[...]
ရာမှ ခင်လဲ့မူယာနှင့်တွေ့လျှင် ပြဿနာမဖြစ်အောင် မည်[...]
ဖြီးရမည်နည်းဆိုသည်ကို တွေးတောစဉ်းစားနေသည်။

သူပြန်လာနေခိုက် ခင်လဲ့မူယာမှာလည်း သူမ၏အိမ်[...]
ပြန်ရောက်နေပြီဖြစ်သည်။

ခင်လဲ့မူယာ၏ မိခင်ကြီးမှာ သမီးတစ်ဦးတည်း လေးဘီး[...]
ကားဖြင့် ပြန်လာသည်ကို မြင်ရလျှင် အံ့သြသွားခဲ့တော[...]
သည်။

"တဲ့...သမီး၊ မောင်အောင်နီလွင်ကော၊ သမီးတို့ သွား[...]
တုန်းက အတူတူမဟုတ်လားလို့၊ အခု ဘာဖြစ်လို့ သမီး[...]
ယောက်တည်း ပြန်လာခဲ့တာလဲ၊ စိတ်ကောက်ကြလို့လား
ဟင်"

ခင်လဲ့မူယာ၏ မိခင် ဒေါ်ခင်ထွေးက မေးနေသည်။

"မဟုတ်ပါဘူးမေမေရယ်၊ ကိုကိုရဲ့ဆိုင်ကယ်က စက်[...]
သွားလို့ သမီးက အခုလို လေးဘီးကားနဲ့ ပြန်လာခဲ့တာ[...]
ကိုကိုကတော့ ဝပ်ရှော့မှာ ကျန်နေခဲ့တယ်လေ"

ခင်လဲ့မူယာက ပြောရင်း လေးဘီးကားပေါ်မှ[...]
စားစရာ အထုပ်များကို ဆွဲ၍ ဆင်းလာခဲ့သည်။

လေးဘီးကားကတော့ ကားခ ရှင်းပေးပြီးပြီမို့ [...]
ပြန်၍ ထွက်သွားခဲ့သည်။



"ဟောတော့...ဒီအထုပ်တွေက ဘာတွေလဲ သမီးရဲ့"

"ဟိုဟို...မန်းစားတော်ဆက်က ဝယ်လာခဲ့တဲ့ အထုပ်တွေ
ပါ မေမေ"

"နေပါဦး၊ ညည်းတို့က ဘာကိစ္စ အိမ်ကိုယူလာခဲ့ကြ
တာလဲ၊ ဟိုမှာ စားကြရောပေါ့"

"ဩော်...မေမေရယ်၊ သွားတုန်းကတော့ စားကြမလို့ပါ
ဘဲ၊ နောက် မော်တော်ဆိုင်ကယ်က ပျက်တာနဲ့ မစားတော့ဘဲ
ဒီကိုယူလာခဲ့တာပဲ၊ မေမေတို့ကော စားပြီးကြပြီလားဟင်"

"အလိုတော်...နေ့လယ် တစ်နာရီပဲ ကျော်နေပြီဟာ၊
စားလို့ဖြစ်မလားအေ"

မိခင်ဖြစ်သူ ဒေါ်ခင်ထွေး၏ စကားအဆုံးတွင် ခင်လဲ့မူ
ယာလည်း မည်သို့မှ ပြန်မပြော မနေတော့ဘဲ တိုက်တွင်းသို့
အထုပ်များကို ဆွဲယူလာခဲ့သည်။

အမှန်တော့ ခင်လဲ့မူယာအနေနှင့် မန်းရက်စတောရင့်
တွင် ဖြစ်ပျက်ခဲ့ကြပုံတွေကို ပြဿနာတွေ တက်ကုန်မည်စိုး၍
အမှန်အတိုင်း ဖွင့်မပြောခဲ့ခြင်း ဖြစ်ပေသည်။

သူကသာ အမှန်အတိုင်း ပြောပြလိုက်လျှင် သူ့မိဘတွေ
မှာ အောင်နီလွင်အပေါ်တွင် သံသယစိတ်တွေ ဝင်လာပေလိမ့်
မည်။

ထို့ပြင် ယနေ့ အောင်နီလွင် ပြုလုပ်ခဲ့သော အပြုအမူ
အတွက်လည်း သူမ၏ မိဘများက ခွင့်လွှတ်နိုင်ကြမည်
မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ခင်လဲ့မှူယာမှာ အိမ်ဖော်မလေးကိုခေါ်၍သူ ယူလာခဲ့သော စားစရာအထုပ်များကို လှမ်းပေးသည်။

"ရော့...မိသက်၊ အဲဒါတွေအားလုံး ပန်းကန်ထဲမှာထည့် ထား၊ ကိုကိုပြန်လာမှ ငါတို့စားကြမယ် ဟုတ်လား"

"ဟုတ်ကဲ့....မမ"

အိမ်ဖော်မကလေးက ပြန်ပြောရင်း ခင်လဲ့မှူယာ လ တွင်းမှ စားစရာအထုပ်များကို လှမ်းယူကာ နောက်ဖေးမီး ချောင်ဘက်သို့ ထွက်သွားခဲ့သည်။

ခင်လဲ့မှူယာကတော့ အိမ်ရှေ့သို့ ပြန်ထွက်သွားခဲ့သည် မထွက်၍လည်း မဖြစ်ပေ။

မတော် အောင်နီလွင် မော်တော်ဆိုင်ကယ်နှင့် ပြန်လာ ပါက သူမ၏ မိခင်ကြီးနှင့် တွေ့ကြလိမ့်မည်။

တွေ့လျှင် မိခင်ဖြစ်သူက သူမပြောပြထားခဲ့သော စကား များအတိုင်း အောင်နီလွင်ကို မေးလိမ့်မည်။

ထိုအခါ အောင်နီလွင်က မဟုတ်ကြောင်းကို ပြောလျှင် မိမိဖြီးဖြန်းထားသမျှတွေ အားလုံးပေါ်ကုန်လိမ့်မည်။

ထိုသို့မပေါ်စေရန် သူမမှာလည်း မိခင်ကြီးနှင့် မနီးမဝေး တွင် သွား၍နေနေရခြင်းပင်။

ဒေါ်ခင်သွေးတာတော့ အိမ်ရှေ့ပန်းခြံထဲသို့ ဆင်းသွား ပြီးနောက် မာလီကုလားကြီးနှင့် ပန်းပင်များကို တောင်ရှေ့ မြောက်ရှေ့လုပ်နေသည်။



နောက်ထပ်နာရီဝက်ခန့် အကြာတွင်တော့ အောင်နီလွင် မှာ ယာမာဟာ မော်တော်ဆိုင်ကယ်ကလေးဖြင့် မြို့တွင်းသို့ မောင်းဝင်လာနေသည်ကို ခင်လဲ့မှူယာ တွေ့လိုက်ရသည်။

ချက်ချင်းပင် ခင်လဲ့မှူယာမှာ မိခင်ကြီးရှိရာသို့ လှမ်းကြည့် မိသည်။

မိခင်ဖြစ်သူ ဒေါ်ခင်ထွေးမှာ မာလီကုလားနှင့် ပန်းပင် ကိစ္စ အလုပ်ရှုပ်နေသည်ကို တွေ့ရလျှင် ခင်လဲ့မှူယာမှာ ကျေ နပ်သော အပြုံးကလေးဖြင့် ပြုံးနေသည်။

နောက် အောင်နီလွင်၏အလာကို တိုက်ဝမှနေ၍ ထွက် ကြိုနေသည်။

"ဟေး...မှူယာ၊ ငါ့ညီမ ဘယ်တုန်းက ပြန်ရောက် နေသလဲ"

အောင်နီလွင်က ခင်လဲ့မှူယာ၏ မျက်နှာကို မသိမသာ အကဲခတ်ရင်းမှ လှမ်းမေးနေသည်။

"နာရီဝက်လောက် ရှိနေပြီ ကိုကို"

"မအေးကွာ၊ ငါ့ညီမကို အခုလို..."

"ရှူး...ရပ်လိုက်၊ ဒါတွေပြောမနေနဲ့"

အောင်နီလွင်က တောင်းပန်ရန် ပြင်ခိုက် ခင်လဲ့မှူယာက အထက်ပါအတိုင်း ဖြတ်၍တားနေသည်။

ခင်လဲ့မှူယာထံမှ ရုတ်တရက် တားမြစ်လိုက်ကြောင့် အောင်နီလွင်မှာ အူကြောင်ကြောင်ဖြစ်ကာ ဆက်မပြောတော့ ဘဲ ရပ်ထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆိုင်ကယ်ကို ထောက်ထားကာ ခင်လဲ့မူယာ အနီးသို့ လျှောက်လာခဲ့သည်။

"ဒီမယ်....ကိုကို၊ မန်းရက်စတောရင့်က ကိစ္စတွေကိုဆက် ပြောမနေနဲ့၊ မူယာလေ စောစောတုန်းက မေမေကမေးလို့ အဆင်ပြေအောင် ဖြီးထားခဲ့လို့ပါ"

"ဟင်....ဟုတ်လား၊ ပြောပါဦး၊ မူယာက ဘယ်လိုများ ဖြီးထားလို့လဲ"

"အို....သူ့အသံကြီးကလဲ ကျယ်လိုက်တာ၊ တိုးတိုးပြော စမ်းပါ၊တော်ကြာ မေမေကြားသွားပါဦးမယ်"

ခင်လဲ့မူယာက မိခင်ကြီးရှိရာသို့ လှမ်းကြည့်ရင်း အောင် နီလွင်ကို သတိပေးနေသည်။

"ဆောရီးကွာ၊ပြောပါဦး၊ မူယာကတာတွေများ အန့်တီ တို့ကို ပြောထားလို့လဲ"

"မူယာက မေမေ့ကို ဖြီးထားရတာပေါ့၊ မေမေက မူယာ တစ်ယောက်တည်း စားစရာ အထုပ်တွေနဲ့ပြန်လာတာကို တွေ့ ရတော့ မေးတယ်လေ၊ကိုကိုကောတဲ့၊စိတ်ကောက်ကြလို့ တစ် ယောက်တစ်ကွဲစီ ပြန်လာကြတာလားတဲ့၊ မူယာက မဟုတ်ပါ ဘူး၊ကိုကို့ရဲ့မော်တော်ဆိုင်ကယ်ပျက်သွားလို့ အခုလို တစ် ယောက်တည်းပြန်လာခဲ့တာပါ၊ ကိုကိုကတော့ သူ့ဆိုင်ကယ် ပြင်ဖို့ ဝပ်ရှော့တစ်ခုမှာ ကျန်ခဲ့တယ်လို့ ဖြီးထားရတာ ပေါ့"



ခင်လဲ့မူယာက ပြန်လည်ပြောပြနေရာ အောင်နီလွင်မှာ ပြုံး၍ နားထောင်နေသည်။

"အေးကွာ၊ အခုလို မူယာက သဘောထားကြီးကြီးနဲ့ ကိုကို့အပေါ်မှာ ခွင့်လွှတ်ပြီး လူကြီးတွေကိုပါ အဆင်ပြေ အောင် ပြောပြထားတာကို သိရလို့ အထူးပဲ ကျေးဇူးတင် ပါတယ်ကွာ၊ ကိုကို့ရဲ့အပြုအမူအတွက်လဲ မူယာကို တောင်း ပန်ပါတယ်ကွာ"

"အို....မလိုပါဘူး၊ ဖြစ်ရတဲ့ကိစ္စက ကိုကို့အပြစ် မရှိပါ ဘူး၊ဟို ဆက်ကော့လက်ကော့ကြောင့် ဖြစ်ရတဲ့ဟာ၊ဒါထက် သူ့ကိစ္စဆိုတာ ဘာလဲဟင်၊ ပြောပြပါဦး"

ခင်လဲ့မူယာ၏ အမေးစကားများကြောင့် အောင်နီလွင် မှာ လမ်းတွင် သူစဉ်းစားလာခဲ့သော လံကြုပ် ဇာတ်လမ်းကို ပြန်၍ ပြောပြနေရသည်။

"ဪ....သူ့ကိစ္စဆိုတာလား အဟဲ....ဒီလိုပါကွာ၊ သူ့.... သူ့အဖေကြီးဟာ သူမရှိတုန်းမှာ ခိုးရာပါ လက်စွပ်တစ်ကွင်း ကို ဝယ်လိုက်မိကယ်တဲ့၊ ဒီတင် ရဲဘက်ကလာပြီး သူ့အဖေကြီး ကိုဖမ်းဖို့လုပ်တော့တာပဲ၊ နောက် ကိုကိုရောက်သွားတော့ သူ့အဖေကြီးကို အာမခံခဲ့တာနဲ့ လွတ်လာတယ် ဆိုပါတော့ ကွာ၊ အဲ....လက်စွပ်ပိုင်ရှင်ကိုလဲ ပြန်ပေးလိုက်ရတာပေါ့၊ ကိစ္စကတော့ ဒါပါပဲ မူယာရယ်၊ ဟဲဟဲ"

အောင်နီလွင်မှာ သူပြောပြနေသော လံကြုပ်ဇာတ်လမ်း ကို ခင်လဲ့မူယာ ယုံမယုံ မသိမသာ အကဲခတ်ကာ နေရသေး သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဒီကိစ္စအတွက်လား၊ အင်း...သမီးတင် ရှုပ်တာ မဟုတ်ဘူး၊ အဖေကြီးကလဲ တယ်ရှုပ်သကိုး၊ ဒါထက် ကိုကို ထမင်းမစားရသေးဘူး မဟုတ်လား"

"စားပြီးသွားပြီ...ဟိုက်"

"တာ...စားပြီးသွားပြီ ဟုတ်လား"

ခင်လဲ့မူယာက အံ့အားသင့်သံဖြင့် ပြန်မေးတော့သည်။

"အဟဲ...မူယာကလဲကွာ၊ ကိုကိုက အလကား နောက်နေတာပါ၊ မစားရသေးပါဘူးလေ၊ ဘယ်လိုလုပ် စားပြီးရမှာလဲလို့၊ အဟဲ"

အောင်နီလွင်မှာ မှားသွားသောစကားကို မနည်းကြီးလိုက်၍ ဖာထေးနေရသည်။

အကယ်၍သာ အမှန်အတိုင်း "ကိုကိုတော့ ဆာတာနဲ့ မြသန္တာနွယ်နဲ့အတူ ပြည့်ဝ စားသောက်ဆိုင်မှာ စားပြီးပါပြီကွာ" ဟူ၍ပြောလျှင် ခင်လဲ့မူယာမှာ အကြီးအကျယ် ဒေါကန်ပေတော့မည်။

စိတ်လည်း အကြီးအကျယ် ဆိုးပြီးသား ဖြစ်လိမ့်မည်။

ထိုအခါတွင် မိမိလို သာမန်လူသား မဆိုထားဘိနှင့် မိုးပေါ်က သိကြားမင်းကြီး ဆင်း၍ ချော့လျှင်ပင် ခင်လဲ့မူယာ၏ စိတ်ကို ပြေအောင် ချော့နိုင်လိမ့်မည် မထင်ပေ။

ယင်းသို့ကြောင့် အောင်နီလွင်မှာ ခပ်တည်တည်ဖြင့် ခင်လဲ့မူယာအား ပြန်လိမ်နေရခြင်းပင်။



"ဒါဆို သွားစားကြရအောင်၊ ထမင်းစားခန်းထဲမှာ မန်း စားသောက်ဆိုင်က ယူလာခဲ့တဲ့ဟင်းတွေ အသင့်ပြင်ခိုင်းထားတယ်၊ မူယာလဲ ကိုကိုလာမှ စားမယ်ဆိုပြီး စောင့်နေတာ၊ သိလား"

ခင်လဲ့မူယာက ပြောရင်း အောင်နီလွင်၏ လက်ကိုဆွဲ၍ ခေါ်သွားခဲ့သည်။

အောင်နီလွင်မှာ မစားလိုသော်လည်း မစားဘဲနေလျှင် တစ်ဖက်မှ သက်ာမကောင်း ဖြစ်မည်ကို စိုးသဖြင့် ဟန်လုပ်ကာ လိုက်ပါသွားခဲ့ရတော့သည်။

"မိသက်ရေ...ထမင်းနှစ်ပွဲပြင်တော့တော့၊ တို့စားကြတော့မယ်"

ထမင်းစားခန်းထဲသို့အရောက်တွင် ခင်လဲ့မူယာက အိမ်ဖော်မကလေးအား လှမ်းပြောနေသည်။

သူကတော့ အောင်နီလွင်နှင့်အတူတွဲ၍ စားပွဲခုံဘေးတွင်ရှိ ကုလားထိုင်များပေါ်တွင် အတူတွဲ၍ ထိုင်နေသည်။

အိမ်ဖော်မကလေး မိသက်မှာ ထမင်းစား ပန်းကန်နှစ်ချပ်နှင့် ထမင်းများထည့်ထားသော ထမင်းအိုးပ်ကိုယူ၍ သူတို့စားပွဲပေါ်သို့ လာချပေးခဲ့သည်။

ခင်လဲ့မူယာက ထိုင်ရာမှထ၍ အောင်နီလွင်စားမည့် ပန်းကန်တွင်းသို့ ထမင်းများကို ဇွန်းဖြင့်ခပ်ထည့်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အာအာ....တော်ပြီ၊ နည်းနည်းပဲ ထည့်တော့ မူယာ" အောင်နီလွင်ကလှမ်း၍ တားနေသည်။

"ဟင် ...ကိုကိုကလဲ၊ ထမင်းဖြင့် နည်းနည်းပဲ ထည့်ရသေးတဲ့ဟာ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ အဲ....ကိုကိုက ဒီလိုပဲ ဆာတုန်း မစားရရင် အစာလွန်ပြီး လေခံတတ်တယ်၊ ဒီလိုလေခံရင် ထမင်းသဲ မစားနိုင်တော့လို့ပါ မူယာရဲ့၊ အဟဲ"

အောင်နီလွင်မှာ ခင်လဲ့မူယာ ယုံကြည်အောင် ဖြီးဖြန်းနေရသည်။

"ဟန့်....ကိုကိုကလဲ၊ ဒီလိုဆို စားပွဲပေါ်က ဟင်းတွေ အများကြီးရှိနေတာ ဘယ်ကုန်ပါတော့မလဲ"

"ဩော်....မူယာကလဲကွာ၊ မကုန်တော့လဲ ဒီအိမ်သားတွေ စားပစေပေါ့"

"ဟော....လုပ်ပြီ၊ ကိုကိုပြောသလိုသာဆိုရင် မူယာတို့ မကုန်လို့ကျန်တာတွေကို ဖေဖေနဲ့မေမေတို့ကို ကျွေးရမှာလားလို့၊ ငရဲကြီးလိမ့်မယ်နော် သိလား၊ အဟိ"

"ဟာ....ကိုကိုပြောတာက ဒီလိုမဟုတ်ပါဘူးလေ၊ အခု မစားကြခင် မူယာရဲ့ ဖေဖေနဲ့မေမေတို့အတွက် ပထမ ဦးဆုံး ထားပြီး ဖယ်ထားလိုက်ပေါ့၊ နောက်ကျန်တာကျမှ ကိုကိုတို့ စားမှာကို ပြောတာပါကွာ"

"ကောင်းပြီ၊ ဒါဆိုရင် ဖေဖေတို့အတွက် မူယာ ဟင်းတွေကို အရင်ဖယ်ထားလိုက်မယ်"



ခင်လဲ့မူယာပြောရင်း နောက်ဘက်တွင်ရှိ ပန်းကန်စင်ပေါ်မှ ဟင်းပန်းကန်တွေကိုယူကာ လူကြီးများအတွက် ဟင်းတွေအား ဖယ်ထားနေသည်။

ထိုသို့ဖယ်ထားပြီးမှ သူတို့နှစ်ဦးမှာ ထမင်းကို ဆက်စားနေကြသည်။

"ပြောပြစမ်းပါဦး၊ ဒီဆတ်ကော့လတ်ကော့မကလေးနဲ့ ကိုကိုက ဘယ်လိုသိကြတာလဲ၊ ရိုးရိုးလား ဆန်းဆန်းလားဟင်၊ မူယာ့ကို ပြောပြနော်"

ခင်လဲ့မူယာက ထမင်းစားနေရာမှ အောင်နီလွင်အား မေးနေသည်။

"အဟဲ....ရိုးရိုးပါ မူယာရယ်၊ မဆန်းပါဘူး၊ ဖြစ်ပုံက ဒီလိုပါ"

အောင်နီလွင်က ယင်းသို့ အစချီကာ သူနှင့်မြသန္တာနွယ်တို့ တောင်၍ သိခဲ့ကြပုံများကို အမှန်အတိုင်း ဖွင့်ပြောပြနေသည်။

"အံမယ်....ဒါနဲ့များ ဒီဟာမကလေးက သူနဲ့ကိုကိုဟာ ယ်ပေါင်းကြီးဖော်တွေကျနေတာပဲ၊ ပြောပုံဆိုပုံ ဆက်ဆံပုံတွေက၊ ဟွင်း"

အောင်နီလွင်၏စကားအဆုံးတွင် ခင်လဲ့မူယာက သဝန်တို ကျသံဖြင့် ပြောနေသည်။

"အင်း....ဒါကတော့ သူဟာ ကိုကို့ကို အစ်ကိုတစ်ယောက်လို့ ခင်မင်လို့ဖြစ်မှာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ၊ အစ်ကိုလိုချင်ရင် ကိစ္စမရှိဘူး၊ ဒီထက် တစ်ဆင့်တက်မှာပဲ စိုးတယ်"

"ဟာကွာ...မူယာကလဲ၊ မတက်ပါဘူးလေ၊ ကိုကိုကလဲ သူ့ကို ညီမတစ်ယောက်လိုပဲ သဘောထားတယ်၊ ဟဲဟဲ"

ထိုနောက်တော့ နှစ်ဦးသား စကားစ ပြတ်သွားခဲ့ကြသည်။

ခင်လဲ့မူယာက မြိန်ရေရှက်ရေ စားနေ သော်လည်း အောင်နီလွင်မှာမူ ဗိုက်ပြည့်နေသူမို့ ဟန်ပြလောက်သာ စားပြနေနိုင်တော့သည်။

❋ ❋ ❋

(ခုနစ်)

## မွှေးမနေ့မပါတီဝယ် တွေ့ကြုံမြန်ပြီကွယ်

သုံးရက်ခန့်အကြာတွင် ခင်လဲ့မူယာတို့မိသားစုနှင့် ခင်ခင်ရင်းနှီးနေကြသော တစ်ဖက်ခြံမှ ဘုရားကိုးဆူနှင့် မွှေးနေ့မင်္ဂလာပွဲကို တစ်ပြိုင်တည်း ကျင်းပနေသည်။

မွှေးမနေ့ရှင်မှာ ခင်လဲ့မူယာနှင့် ခုံကျောင်းနေဖက် သူငယ်ချင်း နန္ဒာကြိုင်သင်းဆိုသူဖြစ်သည်။

ထိုမွေးနေ့သို့ သွားကြရာတွင် အောင်နီလွင်ပါ ကန့်လန့်ကန့်လန့်ဖြင့်ပါသွားခဲ့သည်။

အောင်နီလွင်က မလိုက်လိုကြောင်း အကြောက်အကန်ငြင်းခဲ့သော်လည်း မရပေ။

"ဟာ....ကိုကိုကလဲ၊ မလိုက်ချင်လို့ ဘယ်ဖြစ်ပါ့မလဲ၊ အခုမွှေးနေ့လုပ်မယ့်သူဟာ မူယာရဲ့ အချစ်ဆုံးသူငယ်ချင်းလဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဖေဖေတို့နဲ့ သူတို့မိသားစုတို့ဟာလဲ အင်မတန် ခင်မင်နေကြတာမို့ အခုလို သွားကြရမှာပါ၊ ပြီးတော့ ကိုကိုဟာ မူယာနဲ့ အင်ဂိတ်ဂျ်လုပ်ထားတဲ့သူမို့ သူတို့နဲ့မိတ်ဆက်ပေးဖို့ မူယာက ခေါ်နေတာပါ၊ လိုက်ကိုလိုက်ရမယ်၊ သိလား"

"ခက်လိုက်တာကွာ၊ ကိုကိုဟာ အဲဒီဧည့်ခံပွဲတွေကို သွားဖို့ ဝါသနာမပါလို့ ငြင်းနေတဲ့ဟာပဲ၊ ဒီတော့ မူယာတို့မိသားစု ချည်း သွားလို့ မရဘူးလားကွာ"

အောင်နီလွင်က ဆက်၍ ငြင်းဆန်နေသေးသည်။

"မရဘူး၊ ကိုကိုဟာ မူယာတို့နဲ့အတူ လိုက်ကိုလိုက်ရမယ် ဒီလိုမဟုတ်ဘဲ ကိုကိုကဆက်ငြင်းနေရင် မူယာလဲ အဲဒီဘတ်ဒေး ကို မသွားတော့ဘူး သိလား"

ခင်လဲ့မူယာ၏ စကားများကြောင့် နောက်ဆုံးတွင် အောင် နီလွင်မှာ စိတ်မပါတပါဖြင့် တစ်ဖက်ခြံ၌ ပြုလုပ်နေကြသော ဘုရားကိုးဆူနှင့် မွေးနေ့ပါတီပွဲသို့ လိုက်ပါခဲ့ကြရတော့သည်။

တစ်ဖက်ခြံကြီးတွင် ပြုလုပ်နေသော ပါတီပွဲမှာ အတော် အသင့်စည်ကားလှသည်ကို အောင်နီလွင် သတိပြု လိုက်မိ သည်။

ခရီးဝေးမှ လာကြသော လူများအတွက် ကိုယ်ပိုင်ကား များဖြင့်လာခဲ့ကြသော်လည်း အောင်နီလွင်တို့ကတော့ ခြံချင်း ကပ်လျက် ရှိနေကြသူတွေမို့ ခြေကျင်ပင်လျှောက်၍ သွားခဲ့ ကြသည်။

သူတို့တစ်တွေ တစ်ဖက်ခြံသို့ အရောက်တွင် နန္ဒာကြိုင်သင်း က အပြေးကလေးလာ၍ကြိုဆိုသည်။



"ဟေး...သူငယ်ချင်းမူယာ၊ လာကြဟေ့၊ အန်ကယ်နဲ့ အန်တီတို့လဲ လိုက်လာကြတယ်နော်၊ စောစောကတောင် ဖေဖေက အန်ကယ်တို့ကို မေးနေသေးတယ်"

နန္ဒာကြိုင်သင်းက ခင်လဲ့မူယာတို့အား ပြောနေရာမှ အောင်နီလွင်၏မျက်နှာကို အံ့အားသင့်လှမ်း၍ ကြည့်နေသည်။

အောင်နီလွင်ကတော့ ဟည်ကြည်သော မျက်နှာနှင့်ပင် ခင် လဲ့မူယာ၏ဘေးမှ ယှဉ်တွဲကာ လိုက်ပါလာနေသည်။

"ဪ...မင်းကို မိတ်ဆက်ပေးရဦးမယ်၊ ကိုယ်နဲ့ အင် ဂိတ်ဂျ်လုပ်ထားတယ်ဆိုတဲ့သူဟာ သူပေါ့၊ နာမည်က ကိုအောင် နီလွင်တဲ့"

ခင်လဲ့မူယာ၏ မိတ်ဆက်ပေးမှုကြောင့် နန္ဒာကြိုင်သင်း က အောင်နီလွင်အား ပြုံး၍ကြည့်ရင်း ပြန်ပြောနေသည်။

"ဟုတ်ကဲ့၊ အခုလို မူယာရဲ့ခင်ပွန်းလောင်းနဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ နန္ဒာကတော့ ခြံချင်းကပ်နေပေမယ့် အစ်ကိုရောက်နေတဲ့အချိန်မှာ မန္တလေးကိုရောက်နေလို့ အခုမှ ပဲ တွေ့ရမြင်ရတော့တယ်၊ နန္ဒာလဲ တစ်နေ့ကမှ မန္တလေးက ပြန်ရောက်လာခဲ့တာပါ၊ ဒါတောင် မွေးနေ့ လုပ်ရမှာမို့ ရောက်လာခဲ့တာ၊ နို့မို့ မန္တလေးက အဒေါ်တွေကဆွဲထား လို့ ပြန်ရဦးမှာကို မဟုတ်ဘူး အစ်ကိုရဲ့"

နန္ဒာကြိုင်သင်းက စကားတွေဝေဝေဆာဆာဖြင့် အောင် နီလွင်ကို ပြန်ပြောပြနေသည်။

"အေးဗျာ၊ ကျွန်တော်ကလဲ အခုလိုသိကျွမ်းရတာ ဝမ်း သာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်ကလည်း အထိုက်အလျောက် ပြန်၍ပြောနေ
ရသည်။

''ဟော...ဦးညိုမြတို့ပါကလား၊ လာကြဗျာ ဒီဘက်ကို''

နန္ဒာကြိုင်သင်း၏ ဖခင်ကြီးက ဦးညိုမြကိုမြင်လျှင် လှမ်း
ခေါ်နေသည်။

ဦးကြိုင်သင်းကခေါ်နေ၍ ဦးညိုမြနှင့် ဒေါ်ခင်ထွေးတို့
ထွက်သွားခဲ့ကြသည်။

''ဟေး...မူယာနဲ့ ဒီအစ်ကိုကတော့ ဒီဘက်ကိုလာကြလေ
လူကြီးတွေနောက် လိုက်မသွားကြနဲ့၊ သူတို့က အပေါ်ထပ်မှာ
ဘုရားသွားဖူးကြမလို့၊ မင်းတို့ကတော့ စားသောက်ပြီး
ဘုရားဖူးကြတာပေါ့၊ ဒီတော့ ဟိုဘက်နားကို သွားကြမယ်
အဲဒီမှာ မင်းတို့နှစ်ဦးအတွက် စပါယ်ရှယ်စားပွဲတစ်လုံး ထား
ထားပါတယ်ကွ၊ ခိ ခိ ခိ''

နန္ဒာကြိုင်သင်းက ခင်လဲ့မူယာတို့ကိုပြောရင်း စပယ်ရှယ်
ဘေးတွင် ရှိနေသော စားပွဲခုံဆီသို့ ခေါ်သွားခဲ့သည်။

မွေးနေ့ပါတီပြုလုပ်နေ၍ နာမည်ကြီး စတီရီယို အဆို
တော်များ၏ သီချင်းများမှာ ကက်ဆက်သံထဲမှ ပရိသတ်များ
ထံသို့ ပျံ့လွင့်နေသည်။

''ကိုင်း...မူယာနဲ့ အစ်ကိုတို့ ခဏထိုင်နေကြဦးနော်၊ မင်း
တို့စားဖို့ မုန့်ဟင်းခါးတွေ သွားယူလိုက်ဦးမယ်''

နန္ဒာကြိုင်သင်းက ခင်လဲ့မူယာတို့ကို ပြောနေသည်။

''ဟဲ့...မင်းတို့ဘက်ဒေးက မုန့်ဟင်းခါးတင်ပဲလားကွ
အဟီး''



''ဟာကွာ...မူယာကလဲ၊ မုန့်ဟင်းခါးတင် မကပါဘူး၊
အနှင်းမကင်းရော၊ အိုက်စကရင်ရော၊ အစုံမှအစုံပါပါတယ်
အားပုပ်ရယ်၊ ခိ ခိ ခိ''

နန္ဒာကြိုင်သင်းက ပြန်ပြောရင်း သူတို့အနီးမှ ထွက်သွား
သည်။

ခင်လဲ့မူယာကတော့ ရယ်မောရင်း အောင်နီလွင်နှင့်အတူ
ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ကျန်ရစ်ခဲ့သည်။

ထိုအခိုက် သူတို့၏ နောက်ဘက်မှ အသံတစ်သံမှာ ရုတ်
တရက် ပေါ်ထွက်လာခဲ့သည်။

''ဩော်...အစ်ကိုတို့ကလဲ မွေးနေ့ပါတီကို လာသကိုး၊
ခိ ခိ ခိ''

ထိုအသံကို ကြားလိုက်ရသဖြင့် အောင်နီလွင်နှင့် ခင်လဲ့
မူယာတို့ ပြိုင်တူနောက်ဘက်သို့ လှည့်ကြည့်မိကြသည်။

အသံရှင်ကို မြင်လိုက်ရလျှင် ခင်လဲ့မူယာ၏နှုတ်မှ ဟင်
ခနဲဖြစ်ကာ မျက်နှာတစ်ခုလုံးမှာလည်း လငပုပ်အဖမ်းခံရ
သလို မည်းခနဲဖြစ်ကာသွားတော့သည်။

အောင်နီလွင်မှာတော့ အလန့်ကြီးလည်းလန့်၊ အလွန်
လည်းအံ့အားသင့်ကာ သွားသဖြင့် သူ၏နှုတ်မှ အောက်ပါ
အသိုင်း ပေါ်ထွက်လာခဲ့တော့သည်။

''အောင်မယ်လေးဗျာ၊ ဘုရား...ဘုရား၊ မဟာဒုက္ခကြီး
တော့ လာပြန်ပြီ နဲ့ တူ တယ်၊ မြတ်ရှင်စော၊ ဩကာသ...
ဩကာသ၊ ဟွန်း''

ကိုင်း...ချစ်စွာသော စာဖတ်သူ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေ ယခုလိုဖြစ်ရခြင်းမှာ မည်သူ့ကို တွေ့မြင် … လိုက်ရလို့လဲ။

အခြားသူမဟုတ်ပေ။

မြသန္တာနွယ်အား တွေ့မြင်လိုက်ကြရ၍ ဖြစ်ပေသည်။

မြသန္တာနွယ်ကတော့ သူတို့အဖြစ်တွေကိုကြည့်ကာ တ… ခစ်ဖြင့် ရယ်မဆုံး ဖြစ်နေသည်။

"ခြော်....အစ်ကိုတို့ရယ်၊ နွယ့်ကို မြင်ကြတာနဲ့ ဘယ်… ဖြစ်ကုန်ကြတာလဲ၊ နွယ်ဟာ လူအစစ်ပါ၊ မကောင်းဆိုးဝါ… လို့များ ထင်နေကြလို့လားဟင်၊ ခိ ခိ ခိ"

မြသန္တာနွယ်က ရယ်ရယ်မောမောဖြင့် ပြန်ပြောရင်း … တို့အနီးသို့ လျှောက်လာခဲ့သည်။

ခင်လဲ့မူယာကတော့ မြသန္တာနွယ်အား ဘုကျကျပင် … ၍ပြောနေသည်။

"အေး...မှန်တယ်၊ ငါတို့စိတ်ထဲမှာတော့ ညည်းကို… လိုက်ကြရတာ မကောင်းဆိုးဝါးမှ အင်မတန်ကို ကြော… စရာကောင်းတဲ့ မကောင်းဆိုးဝါးကြီးလို့ကို ထင်လိုက်ကြ… ပဲဟေ့ ....သိလား"

ခင်လဲ့မူယာ၏ စကားများကို ကြားလိုက်ရလျှင် မြသ… နွယ်၏မျက်နှာကလေးမှာ ချက်ချင်းပင် ဒေါသရိပ်တွေ … မိုးကာ သွားခဲ့တော့သည်။

"ဟော့ ဒီမယ်၊ ငါအခုပြောနေတာက မင်းကို အရေး… ပြီး ပြောနေတာမဟုတ်ဘူး၊ အစ်ကို့ကိုသာ ပြောနေတာ… မင်းဟာ ကြားကနေပြီး အူနေစရာမလိုဘူး သိလား"



အောင်နီလွင်မှာ အမျိုးသမီးနှစ်ဦး သူ၏ရှေ့တွင် ဖိုက်တင် ခုတော့မည်မို့ သူ့မှာ ပြုံးထွက်သွားတော့သည်။ မျက်လုံး.... အဲလေ ယောင်လို့၊ အောင်နီလွင်မှာ မျက်လုံးပြူးနေတော့ သည်။

ခင်လဲ့မူယာကလည်း မြသန္တာနွယ်၏ စကားများကြောင့် ဒိုင်းခနဲ....အဲ ဟုတ်ပါဘူး၊ ထောင်းခနဲ ဒေါသတွေ ထွက်ကာ သွားခဲ့တော့သည်။

"ဟင်....ညည်း စကားပြောတာ မိုက်ရိုင်းလှ ချည်လား၊ ငါ့ကို ခွေးနဲ့နှိုင်းရသလား၊ ဟင်....တောက်"

ခင်လဲ့မူယာမှာ ထိုင်နေရာမှ ဆတ်ခနဲထကာ ပြန်ရန်တွေ့ နေတော့သည်။

မြသန္တာနွယ်ကလည်း အညံ့မခံပေ။

"အေး....ရိုင်းတော့ဘာဖြစ်သလဲ၊ တို့ကတော့ ရိုင်းသင့်တဲ့ သူဆိုရင် ခပ်ရိုင်းရိုင်းပဲ ပြောတတ်တယ်အေ့"

ထိုအချိန်တွင် အောင်နီလွင်မှာ မျက်လုံးလောက်သာ ပြူး နေနိုင်တော့ပေ။

ထိုင်နေရာမှ အမြန်ထကာ အမျိုးသမီး နှစ်ဦး ကြားတွင် ရပ်ကာ ဖျန်ဖြေပေးရတော့သည်။

"ဟေ့....ဟေ့ မင်းတို့ဟာတွေက ဘယ်လိုလဲကွ၊ သူများ မွေးနေ့မင်္ဂလာမှာ ဘာကိစ္စ ရန်ဖြစ်ချင်ကြရတာလဲ၊ မဖြစ်ကြနဲ့ လေကွာ"

ထိုစကားများကို ကြားရလျှင် မြသန္တာနွယ်က ပြုံ့ရှုံ့နှက် နေသည်။

www.burmeseclassic.com



"အို...ဒီကိစ္စမှာ ဘယ်သူက လွန်တာလဲ၊ သူကစပြီး ချဲ့လို့ နွယ်က ပြန်ကျဲရတဲ့ဟာ၊ ဒီတော့ အစ်ကိုသာ ဘေးကနေ အသာရှောင်နေစမ်း၊ နွယ်တို့ကတော့ ဘယ်တော့မှ အလျှော့ မပေးဘူး သိလား"

မြသန္တာနွယ်၏စကားအဆုံးတွင် ခင်လှဲ့မူယာကလည်း ပြန်ပြောနေသည်။

"အို...ဒီကလဲ ညည်းအတိုင်းပါပဲ၊ လက်သီးချင်း ယှဉ် မလား၊ လူချင်းမက်သတ်မလား၊ ကြိုက်ရာကိုပြော၊ တို့ကတော့ မငြင်းတမ်းတဲ့ဟေ့"

အောင်နီလွင်မှာလည်း အမျိုးသမီး နှစ်ဦး၏ ကြားမှနေ၍ ရပ်ရင်း....

"ဒီ...ဒီလိုမလုပ်ကြနဲ့လေ၊ ပရိသတ်တွေကလဲ အများကြီး ပဲမို့ ရှက်စရာ ကောင်းလှပါတယ်ကွာ၊ မြန်မာ အမျိုးသမီး အချင်းချင်းမို့ ဝံသာနုစိတ်တွေကားပြီး နှလုံးသားမှာ အမုန်း မပွားတဲ့ အပြုံးထားပြီး ချစ်ချစ်ခင်ခင် နေကြဖို့ ငါ အနူး အညွတ်တောင်းပန်ပါတယ်ကွာ၊ နော် နော်"

အောင်နီလွင်က ပြောလျှင် မြသန္တာနွယ်က ပြန်၍ရန်တွေ့ နေတော့သည်။

"အို...အစ်ကိုကသဲ၊ အခု အစ်ကိုပြောတဲ့ စကား တွေနဲ့ နွယ်တို့ ရန်ဖြစ်ကြမယ့်ကိစ္စက ဘာဆိုင်လို့လဲ၊ သူများ ဒေါသ ဆင်နှာမောင်း ဖြစ်နေရတဲ့အထဲ ဘာတွေ လာပြောနေရတာ လဲ၊ နောက်နေတာလား ဟင်"



"မ မ...မဟုတ်ရပါဘူးကွာ၊ ဘုရားစူးပြီး ရှုးသေရစေရဲ့၊ ငါလဲ မင်းတို့ ရန်မဖြစ်အောင် ပြောမိပြောရာကို ပြောလိုက်မိ တာပါကွာ၊ အဲဟဲ"

အောင်နီလွင်က အနူးအညွတ် တောင်းပန်နေသည်။

"အိုး၊ နွယ်ကကောရန်ဖြစ်ချင်လို့လား၊ ဒါပေမယ့်အစ်ကို နေ့လောင်း ပြောခဲ့တဲ့ စကားတွေကို ပြန်စဉ်းစားကြည့်စမ်း၊ သူကစပြီး နွယ့်ကိုစော်ကားနေတာ မဟုတ်လားလို့၊ ဒီတော့ နွယ်ကကော ငုံ့ခံနေလို့ဖြစ်မလား"

မြသန္တာနွယ်က အောင်နီလွင်အား ဒေါသသံကလေးဖြင့် ပြန်ပြောပြနေသည်။

"အေး....ဟုတ်ပါတယ်လေ၊ ဒီကိစ္စမှာ နွယ်မလွန်ပါဘူး၊ ဒီတော့ ကျေနပ်လိုက်ပါကွာ.... အစ်ကို တောင်းပန်ပါတယ်၊ ဟုတ်လား"

အောင်နီလွင်က မြသန္တာနွယ်စိတ်ပြေစေရန်ပြောနေသည်။

ဤတွင် အောင်နီလွင်၏စကားများကြောင့် ခင်လှဲ့မူယာမှာ လည်း ဒေါသအိုး ပေါက်ကွဲစရာ ဖြစ်သွားခဲ့တော့သည်။

"ဘာ...ကိုကိုပြောနေတာ သူမလွန်ဘူး ဟုတ်လား၊ ဒါ ဆိုရင် ကိုကို ဆိုလိုတာက မူယာ လွန်နေတာပေါ့လေ... ဟုတ်လား"

အောင်နီလွင် မျက်လုံး ပြူးကျယ်ကာ သွားရပြန်လေပြီ။

"အဲ...အဲ၊ ဒီ...ဒီ သဘောမျိုး မဟုတ်ပါဘူး၊ ကိုကိုက အကျရာအကျကြောင်း ပြောပြ လိုက်မိတာပါ၊ မူယာ့ဘက်က ကြည့်ရင်လဲ မလွန်ပါဘူးလေ၊ ဟုတ်လား၊ အဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်၊ မူယာ့ဘက်ကကြည့်ရင် မူယာမလွန်ဘူး ဆိုတော့ အစ်ကိုဆိုလိုတာက ဒီကိစ္စမှာ နွယ် လွန်နေတာပေါ့ နော်၊ ဟုတ်လား"

"ဟုတ်တယ်"

"ဘာ...ဟုတ်တယ် ဟုတ်လား"

"အဲ...ဟုတ်ပါဘူးလေ၊ ဒုက္ခပါပဲ၊ ငါလဲ ဘာပြောရမှန်း မသိတော့ပါဘူး၊ အဲဒါတွေကိုမြင်လို့ ဒီပါတီပွဲကို မလိုက်ပါရ စေနဲ့လို့ တောင်းပန်တာ မရဘဲကိုး၊ ငါတော့ လဲပြီးသာ သေ လိုက်ချင်တော့တာပဲ"

ထိုစကားကို ကြားရလျှင် မြသန္တာနွယ်က ပြန်ပြောနေ သည်။

"သေချင်ရင် ရိုးရိုးပဲသေပါရှင်၊ လဲပြီးတော့ဖြင့် မသေ လိုက်ပါနဲ့၊ လူကြားလို့မကောင်းပါဘူး"

"ဟယ်...ဘာတွေ လာပြောနေရတာလဲကွ၊ မင်းဟာက"

"ဩော်...ပါတီပွဲကြီးမှာ အစ်ကိုဟာ လဲသေလို့ ရှိရင် တခြားလူတွေက အစ်ကို့ကိုကြည့်ပြီး ဗလကြီးသာကြီးနေတာ လူကဖြင့် ရောဂါတွေစုံလို့ပါလားဆိုပြီး မှတ်ချက်တွေ ချမှာ စိုးလို့ပါ"

"အေး...ဒီလိုဆိုရင်လဲ မင်းတို့နှစ်ယောက် ရန်မဖြစ်ကြဘဲ ငြိမ်းချမ်းရေး လုပ်ကြပါလား၊ ဒါမှ ငါလဲ စိတ်ချမ်းသာမှာ ပေါ့ကွ"

"ဘာဆိုင်လို့ ငြိမ်းချမ်းရေးလုပ်ရမှာလဲ၊ ဒါဟာပါလက် စတိုင်းနဲ့ အစ္စရေးမဟုတ်ဘူး၊ နွယ်နဲ့သူ့ ကိစ္စ၊ ဒီတော့ အစ်ကို



ဟာ ကုလသမဂ္ဂဝင်လုပ်မနေနဲ့၊ ဝေးဝေးကသာ ရှောင်နေ စမ်းပါ၊ ဟွင်း"

ထိုစကားကိုတော့ ခင်လဲ့မူယာကလည်း ဝင်၍ ထောက်ခံ နေသည်။

"မှန်တယ်၊ ဒီကိစ္စမှာ ကိုကိုဘာမှဝင်ပါမနေနဲ့၊ သူနဲ့မူယာ အပြတ်ရှင်းရလိမ့်မယ် သိလား"

"အာ...ပြောရတာ တယ်ခက်ပါကလား၊ မင်းတို့နှစ် ယောက်စလုံး ရန်မဖြစ်စေချင်လို့ ငါက ကြားကနေပြီး ဖျန် ဖြေပေးနေတဲ့ဟာ၊ ငါတော့ ရေ မရှိတဲ့ချောင်း နှာခေါင်း ဖော်ပြီးသာ သေလိုက်ချင်တာပဲ သိလား၊ တောက်"

အောင်နိုလွင် စိတ်ပျက်သံဖြင့် ညည်းတွားပြနေသည်။

မြသန္တာနွယ်က သူ၏စကားအဆုံး၌ ပြန်ပြောနေသည်။

"အို...အစ်ကိုကလဲ၊ ရေမရှိတဲ့ချောင်း နှာခေါင်းဖော်ပြီး သေရင် အစ်ကို့ကို ငါးတွေက အပုပ်ကောင်ကြီးမှတ်ပြီး ဝိုင်း တွတ်ကြမှာပေါ့လို့၊ အဟီ"

"တော်စမ်းပါ၊ လူကို အပုပ်ကောင်ကြီးလေး ဘာလေးနဲ့ ငါတောင် မသေသေးဘူး သိလား"

အောင်နိုလွင် မခံချင်သံဖြင့် မြသန္တာနွယ်အား ပြန်ပြော နေသည်။

"ဩော်...အစ်ကိုရယ်၊ လူဆိုတာမျိုးကလဲ အပုပ်ကောင် ပုပ်ဟောင်နေကြတာ မဟုတ်လားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် လုပ်လိုက်ပြန်ပြီ၊ အရုပ်ကောင် ပုပ်ဟောင်နေတယ်လို့တော့ ငါ မကြားဖူးပါဘူး၊ အပုပ်ကောင် ရုပ်ဆောင်နေတယ်လို့သာ ကြားဖူးပါတယ်ကွာ"

"အို...နွယ်ပြောတာလဲ မှန်ပါတယ်နော်၊ ဘာဖြစ်လို့လဲ ဆိုတော့ လူဆိုတာ ရုပ် ဆောင်နေကြတဲ့ အပုပ် ကောင်တွေ မဟုတ်လား၊ ဒါကိုမယုံရင် အစ်ကိုရေမချိုးဘဲသုံးရက်လောက် နေကြည့်ပါလား၊ ပုပ်ဟောင်ရုံတင် မကဘူး၊ ကျိခြဲ ပြီးကိုနေ သွားမှာရှင့်၊ ခိ ခိ ခိ"

"ထွီ...သူများ စားခါနီး သောက်ခါနီးအချိန်မှာ ရွံစရာ တွေ လာပြောနေရပြန်ပါပြီ၊ စားချင်စိတ်တောင် ကုန်ခန်း သွားတယ်၊ ဟွန်း"

အောင်နိုလွင် ပြန်ပြောနေခိုက်မှာပင် နန္ဒာကြိုင်သင်းမှာ အခြားအမျိုးသမီး အဖော်ကလေးနှင့် အတူ သူတို့ ရှိရာသို့ အငွေ့ တထောင်းထောင်းထကာ နေသော မုန့်ဟင်းခါးများကို လင်ပန်းတွင်ထည့်ကာ ယူဆောင်လာခဲ့ကြသည်။

"ရော့...အစ်ကိုတို့ရေ....၊ ညှော်သည်တွေက ကျနေလို့.... နည်းနည်း ကြာသွားတာကို ခွင့်လွှတ်ကြနော်၊ အလို...မိနွယ် တစ်ယောက်ကလဲ ဒီကို ရောက်နေတာကိုး၊ ဘာလဲ...မင်းတ ခင်လှဲ့မူယာနဲ့ သိနေကြလို့လား"

နန္ဒာကြိုင်သင်းက အံ့ဩသံဖြင့် မေးရင်း အောင်နိုလွင်တို့ စားကြရန်အတွက် မုန့်ဟင်းခါးများကို စားပွဲပေါ်သို့ ချပေး နေသည်။



"သူ့ကိုတော့ မသိဘူး၊ ငါက ဟောဒီအစ်ကိုအောင်နိုလွင် နဲ့ သိတာပါ"

မြသန္တာနွယ်က ပြန်ပြောပြနေသည်။

"ဩော်...ဒါကြောင့် မင်းက ကိုယ့်ကိုယ်စား ဒီမှာလာပြီး ညှော်ခံနေတာပေါ့လေ၊ ဟဲဟဲ"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဟောဒီကခင်လှဲ့မူယာနဲ့ကိုယ် ဖိုက်ကြတော့မလို့ ကွ သိလား"

မြသန္တာနွယ်၏ စကား များကြောင့် နန္ဒာကြိုင်သင်းမှာ အထိတ်တလန့်ဖြစ်ကာ သွားခဲ့တော့သည်။

"အိုကွာ...ကိုယ့် ဘတ်သ်ဒေးပါတီမှာ ဘာဖြစ်လို့ မင်းက ရန်ဖြစ်ချင်ရတာလဲ၊ ရန်တော့မဖြစ်ပါနဲ့ကွာ၊ တောင်းပန်ပါ ရစေ"

"ဒီမယ် နန္ဒာရ၊ ရန်မဖြစ်စေချင် သူ့ကိုလဲပြောထားဦး လေကွာ၊ ကိုယ့်ချည်းလာပြောမနေနဲ့၊ လက်ခုပ် ဆိုတာမျိုးဟာ တစ်ဖက်တည်း တီးလို့ မမြည်ဘူး၊ နှစ်ဖက်တီးမှ မြည်တယ်ဆို တာ မင်းသိသားပဲကွာ၊ ဟဲဟဲ"

"ဟောတော့်...မင်းတို့တစ်တွေက ဘယ်တုန်းက ဘယ်လို သိကြလို့ အခု ကိုယ့်ပါတီမှာဆုံပြီး ရာဇဝင်ကြွေးတွေကို ဆပ် ကြရတာလဲကွာ"

နန္ဒာကြိုင်သင်းက စိတ်ပျက်သံဖြင့် ပြန်မေးနေသည်။

"ရာဇဝင်ကြွေးကတော့ သိပ်မကြာသေးပါဘူး၊ ပူပူနွေး နွေးပဲ ရှိပါသေးတယ်လေ၊ မင်း တစ်ခုသိထားရမှာက မင်း

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ပါတီမှာ ကိုယ်က ရန်ဖြစ်ဖို့ ဖန်တီးတာ မဟုတ်ဘူး ဆိုတာဘဲ၊ သူကသာဖန်တီးနေတာကွ"

မြသန္တာနွယ်၏ စကား အဆုံးတွင် ခင်လဲ့မူယာ ကလည်း ဒေါသတကြီးဖြင့် ပြန်၍ ရန်တွေ့နေတော့သည်။

"အံမယ်..., ငပြူးကများ ပြောင်းပြန် မြတယ်လို့ ပြော သလို သူကလဲရန်လာစသေးတယ်၊ သူကပဲ သူတော်ကောင်း ယောင်ဆောင် ပြောနေပြန်ပြီ၊ တွေ့လား ကိုကို၊ ကိုကို့ ဟာမလေးပြောနေပုံက ဟွန်း"

ခင်လဲ့မူယာက လှမ်းပြောနေသည်။

အောင်နီလွင်မှာလည်း ယောင်ယမ်း၍ ခေါင်းကို ညိတ်ပြ လိုက်မိသည်။

ထိုမြင်ကွင်းကြောင့် မြသန္တာနွယ် ဒေါကန်ကာ သွားခဲ့ တော့သည်။

"ဩော်...အစ်ကိုပါ ဟိုဟာမဘက်ကို ပါသွားပြီပေါ့ဟုတ်လား"

"အေး ဟုတ်...အာ၊ မ မ...မပါပါဘူးလေ"

"မပါရင် ဘာကိစ္စ ခေါင်းကိုညိတ်ပြရတာလဲ"

"ယောင်သွားလို့ပါကွာ"

ထိုအခိုက် နန္ဒာကြိုင်သင်းမှာသူတို့ကြားမှဖြတ်၍ ဝင်ချော နေရတော့သည်။

"ကဲပါ၊ ဘယ်သူပဲလွန်လွန် ကိုယ့်မျက်နှာကို ထောက်ထား ပြီး ရန်ပွဲကို ရပ်လိုက်ကြပါတော့၊ ကဲလာ မိန္နယ်၊ ထိုင်



လိုက်ခဲ့၊ မင်းလဲ ရောက်နေတာကြာလှပြီ၊ အိမ်ပေါ်က ဘုရား ကိုးဆူကို တက်မဖူးရသေးဘူး မဟုတ်လား"

နန္ဒာကြိုင်သင်းက ခင်လဲ့မူယာ အနီးတွင် မနေစေလိုဟန် ဖြင့် မြသန္တာနွယ်အား ခေါ်ထုတ်နေသည်။

"ဖူးပြီးပါပြီကွာ၊ ကိုယ်က ဘုရားဖူးပြီးမှ စားတာသောက် တာကွ၊ သူများတွေလို အစားကို ငမ်းငမ်းတက် စားသောက် ပြီးမှ ဘုရားဖူးတာ မဟုတ်ဘူး သိလား"

ထိုစကားများကို ကြားလိုက်ရင် ခင်လဲ့မူယာမှာ ဆတ်ဆတ် ခါမျှနာကျင်ကာ သွားခဲ့တော့သည်။

"ဟော.... တွေ့လား၊ စကားပြောတာ ကောင်းကောင်း မပြောဘူး၊ သူများကို အထေ့အငေါ့တွေနဲ့ ပြောနေလိုက် တာ၊ ဒါဟာ မိန်းမကောင်းတစ်ယောက်ရဲ့ စကားလား ဟင်၊ ပြောစမ်းပါဦး"

မြသန္တာနွယ် ကလည်း ခင်လဲ့မူယာအား ပြန်၍ နှက်ပြန် သည်။

ဤတွင် နန္ဒာကြိုင်သင်းကအပြောမခံတော့ဘဲ မြသန္တာနွယ် အား ထိုနေရာမှနေ၍ အတင်းပင် ဆွဲခေါ် သွားခဲ့တော့သည်။

သည်တော့မှ အမျိုးသမီးနှစ်ဦးတို့၏ ရန်ပွဲမှာလည်း တစ် ခန်းရပ်ကာ သွားခဲ့တော့သည်။

အမျိုးသမီးနှစ်ဦး၏ ရန်ပွဲမှာ ရပ်စဲသွားသော်လည်း အောင်နီလွင်အဖို့တော့ ခင်လဲ့မူယာ၏ ရန်လုပ်သံကိုဆက်၍ ခံနေရတော့သည်။

"ဒီမယ်....ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ကိုကို့ဟာမကလေးဟာလေ အင်မတန်မှ အောက်တန်းကျတယ် သိလား"

"အင်း"

"ဘာအခုမှ အင်းနေရတာလဲ၊၊ စောစောတုန်းကတော့ မူယာ့ဘက်ကနေ အကူအညီမပေးဘူး၊ ဟွန်း....ကိုကို မကောင်းဘူး၊ သိလား"

"ဗုဒ္ဓော"

"ဗုဒ္ဓော....မနေနဲ့၊ မူယာက အဟုတ်ပြောနေတာသိလား ဒီအတိုင်းသာ ကိုကိုဟာ ဆတ်ကော့လတ်ကော့မကလေး အရေးပေးနေရင်တော့ ဒုက္ခတွေနဲ့ တွေ့ရလိမ့်မယ်၊ သိ လား"

"ဟာကွာ....မူယာကလဲ၊ ကိုကိုက ဘယ်မှာ အရေးပေး လို့လဲ၊ မပေးပါဘူးလေ"

"တော်စမ်းပါ၊ အခုမှ အရေးမပေးဘူးလေး ဘာညာ လုပ်နေတယ်၊ စောစောကဆို မူယာ့ကိုတောင် အပြစ်တင် တော့မယ့်အတိုင်း ဟွင်း"

"ဟာကွာ....အဲဒါက မူယာ့ရဲ့စိတ်က ထင်နေလို့ပါ၊ အဲဒီ လို ဖြစ်မယ့်ကိစ္စတွေကို မြင်လို့ ကိုကိုဟာ ဒီပါတီပွဲကို မလိုက် ပါရစေနဲ့လို့ အတန်တန်ငြင်းဆန်နေခဲ့တာပေါ့"

"ဟင်....ဒီလိုဆို ဒီ ဆတ်ကော့လတ်ကော့ ဟာမကလေး ဒီပါတီပွဲကို လာမယ်ဆိုတာ ကိုကိုကြို သိနေတယ်ပေါ့ ဟုတ် လား"



"ဗုဒ္ဓော"

"လုပ်ပြုပြီ၊ သူ့ပြောလိုက်ရင် ဗုဒ္ဓော....ဗုဒ္ဓောနဲ့ နှုတ် သဘောတွေသာထုတ်ပြီး အလုပ်သဘောကျတော့ ဘာမှ မပြ နိုင်ဘူး"

"ဖြစ်ရပလေ မူယာရယ်၊ မင်းအခု ပြောနေတာတွေဟာ တစ်ခုမှ မမှန်ပါဘူးကွာ၊ မင်းထင်နေသလို မြသန္တာနွယ် ဒီ ပါတီပွဲကို လာမယ်လို့လဲ ငါမသိရတာ အမှန်ပါ၊ သိလို့ရှိရင် ငါကတော့ မင်းစိတ်ဆိုးမှဆိုးရော လုံးဝကို လိုက်မလာဘူး သိလား"

အောင်နီလွင်၏ စကားများကို ကြားမှ ခင်လှဲ့မူယာမှာ သည်း စိတ်ပြေကာ သွားခဲ့သည်။

"ကိုကို တကယ်ပြောနေတာနော်"

"တကယ်ပါကွာ"

"ဒီလိုဆို ဆက်မေးဦးမယ်"

"မေးလေ"

"အဲဒီ မြသန္တာနွယ်ဆိုတဲ့ ဟာမနဲ့ ကိုကိုဟာ တကယ်ပဲ ကင်းကင်းရှင်းရှင်း ရှိကြတာယ်နော်"

"လာပြန်ပြီ ဒီအမေးပုစ္ဆာ၊ ဘာလဲ...မူယာက သံသယ တွေ ဝင်နေလို့လား"

"မဝင်လို့ ဖြစ်မလား၊ ကိုကို့ဟာမလေးကြည့်ရတာ မူ ယာ့ကို လင်လုဘက်လို သဘောထားပြီး တွေ့လိုက်တာနဲ့ ရန် လုပ်နေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ....နို့ မူယာကကော ငြိမ်ခံနေလို့လား၊ မူယာကလဲ သူ့ကိုပြန်ကိုက် အဲ....အဲ၊ ပြန်ဖိုက်တာပဲ မဟုတ်လားလို့ ပြောပါဦး"

"ဖိုက်ရမယ်လေ၊ သူက အကဲစမ်းတော့လဲ မူယာဟာ ဝဲကမ်းလုပ်လိုက်ရတာပေါ့၊ ခါကို ကိုကိုက မကျေနပ်လို့လား ဟင်"

"ဟော....ဒီဘက်ကိုလှည့်လာပြန်ပါပြီ၊ ကိုကိုက ဘာဆိုင်လို့ မကျေနပ်ရမှာလဲလို့၊ သူနဲ့ကိုကိုဟာ လန့်ဖန်နဲ့ မန္တလေးမြို့လို တခြားစီပါကွာ၊ လူကိုတော့ တရားခံလာမလုပ်ပါနဲ့ နော်၊ အဟဲ"

ထိုစဉ်မှာပင် သူတို့အနီးသို့ နန္ဒာကြိုင်သင်းမှာ ပြန်ရောက်လာခဲ့သည်။

"ဟင်...အခုထက်ထိ မုန့်ဟင်းခါးတွေ မစားကြသေးဘူးလား၊ ဘာဖြစ်လို့လဲ"

နန္ဒာကြိုင်သင်းက အံ့ဩသံဖြင့် ခင်လဲ့မူယာတို့အား မေးနေသည်။

"မစားနိုင်သေးဘူး နန္ဒာရေ၊ ဟောဒီ ကိုကို့ ကို ဟိုဟာ ကောင်းသလား၊ ရှင်းသလား မေးနေရလို့ အေ့၊ ဒါထက် မေးပါဦး၊ သူနဲ့ညည်းနဲ့က ဘယ်လိုသိကြတာလဲ"

"ဆယ်တန်းကျောင်းသူ ဘဝတုန်းက သူငယ်ချင်းတွေ ပြီးတော့ မြသန္တာနွယ်ရဲ့အဖေနဲ့ ကိုယ်တို့အဖေကလဲ ကျောင်းနေဖက်တွေကွ၊ ဒါကြောင့် ကိုယ့်မွေးနေ့ပါတီမှာ ဖိတ်လိုက်



တာပေါ့၊ နို့ မင်းတို့နှစ်ဦးက ဘာဖြစ်လို့ မတည့်ကြရတာလဲဟင်"

"အေး....အဲဒီပုစ္ဆာကို ငါ့ကိုမေးတာထက် ဟောဒီကောင်ကို အောင်နီလွင်ကို မေးရင် အဖြေမှန်ရမှာကွ သိလား၊ ...ဒ်"

ခင်လဲ့မူယာက ပြောလျှင် အောင်နီလွင်မှာ ကွက်ခနဲ မျက်နှာပျက်သွားခဲ့သည်။

"ဟာ... မူယာကတော့ လုပ်ချလိုက်ပြန်ပြီ၊ ငါနဲ့ဘာဆိုင်လို့လဲကွ၊ ဟွန်း"

အောင်နီလွင်၏ ပြောဟန်ဆိုဟန်တို့ကြောင့် ခင်လဲ့မူယာနှင့် နန္ဒာကြိုင်သင်းတို့မှာ ရယ်မဆုံး ဖြစ်နေကြတော့သည်။

"ကဲပါလေ၊ ဘာမှ မဆိုင်ရင်လဲ ပြောမနေပါနဲ့တော့၊ နန္ဒာကလဲ ဆက်မမေးတော့ပါဘူး၊ အစ်ကိုသာမုန့်ဟင်းခါး စားပါ၊ နောက် ရေခဲမုန့်ရောက်လာဦးမယ်၊ ဒါတွေအားလုံးပြီးသွားရင် နန္ဒာတို့ အပေါ်ထပ်ကိုသွားပြီး ဘုရားဖူးကြတာပေါ့၊ ဟုတ်လား"

နန္ဒာကြိုင်သင်းကပြောလျှင် အောင်နီလွင်က ခေါင်းကို ညိတ်ပြနေသည်။

ထိုနောက်တော့ အောင်နီလွင်နှင့် ခင်လဲ့မူယာတို့မှာ မုန့်ဟင်းခါးများကို မြိန်ရေရှက်ရေဖြင့် စားသောက်နေကြတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(ရှစ်)

## ဘက်လား ညီမလေး

တစ်ပတ်ခန့် ကြာညောင်းသွားခဲ့ပြန်လေပြီ။

ခင်လဲ့မူယာမှာ နန္ဒာကြိုင်သင်း၏ မွေးနေ့ပါတီ... မြသန္တာနွယ်နှင့် ရန်ဖြစ်ခဲ့ပြီးကတည်းက အောင်နီလွင်ကို ... ခြည်ပြတ်မခံတော့ပေ။

အောင်နီလွင်သွားရာသို့ မော်တော်ဆိုင်ကယ်နှင့် တစ်မျိုး... သူတို့အိမ်မှ ကားနှင့်တစ်သွယ် ခင်လဲ့မူယာမှာ လိုက်ပါ... တော့သည်။

အောင်နီလွင်မှာ လွတ်လွတ်လပ်လပ် သွားလာနေသည်... ခင်လဲ့မူယာတစ်ယောက် သူ့အနီးသို့ တောက်တဲ့ကပ်... သလို တွယ်နေသည်ကို လုံးဝသဘောမကျပေ။



သို့သော် သူ့အနေဖြင့် ခင်လဲ့မူယာအား သူနှင့်အတူတူ လိုက်ပါရန် ပြော၍မရသဖြင့် အလျှော့ပေးထားခြင်း ဖြစ်ပေသည်။

မြသန္တာနွယ်နှင့်လည်း နန္ဒာကြိုင်သင်း၏ မွေးနေ့ပါတီ ပြီးကတည်းက မတွေ့ကြတော့ပေ။

ထိုနေ့နံနက် ရှစ်နာရီကျော်ခန့်အချိန်တွင် ခင်လဲ့မူယာမှာ အောင်နီလွင်နှင့်အတူ အပြင်သို့သွားရန် အပေါ်ထပ်ရှိ သူမ၏ အိပ်ခန်းတွင် အလှပြင်ဆင်နေသည်။

အောင်နီလွင်မှာလည်း သူ့ အပိုင်စားရာ မအောက်ထပ်ဧည့် ခန်းထဲတွင် အဝတ်များကို လဲလှယ်ကာနေသည်။

ထိုအချိန်တွင် သူတို့၏ ခြံတွင်းသို့ အငှားလေးဘီးကား တစ်စီး ဝင်လာခဲ့သည်။

ထိုလေးဘီးကား ဝင်လာချိန်တွင် တိုက်ဝ၌ ခင်လဲ့မူယာ၏ ဖခင် ဦးညိုမြမှာ ဆေးပြင်းလိပ်ကြီးကိုခဲကာ ရပ်နေခိုက်ဖြစ် သည်။

ဦးညိုမြမှာ လေးဘီးကားကလေး အရပ်တွင် လှမ်း၍ ကြည့်နေသည်။

လေးဘီးကားပေါ်မှ သူ့သမီး ခင်လဲ့မူယာနှင့်ရွယ်တူ အမျိုးသမီးချောကလေးဆင်းလာသည်ကို မြင်ရသည်။

ထိုအမျိုးသမီးချောကလေးအား ဦးညိုမြမှာ တစ်ကြိမ် တစ်ခါမျှမမြင်ဖူး၍ ငေးကြည့်နေသည်။

ရောက်လာခဲ့သော အမျိုးသမီးကလေးမှာ အခြားသူ တော့တ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်ဖြစ်သည်။

မြသန္တာနွယ်မှာ လေးဘီးကားခကို ရှင်းပေးနေသည်။

လေးဘီးကားလည်း ကားခယူအပြီး ပြန်လည်၍ ထွက်သွားခဲ့သည်။

မြသန္တာနွယ်သာလျှင် သူ့အားငေးကြည့်နေသော ဦးညို ထံသို့ ဆက်၍ လျှောက်သွားခဲ့သည်။

"ဘဘကြီး"

"ဟော"

"ဟို...အစ်ကို ကိုအောင်နီလွင်ဆိုတာ ဒီအိမ်မှာနေတာ မဟုတ်လားဟင်"

"အေး...နေပါတယ်ကွယ်၊ ငါ့တူမကြီးနဲ့ ဘာတော်လို့… ပြောပါဦး"

"သူ့ညီမဆိုပါတော့၊ အဟဲ"

"ဪ...မောင်အောင်နီလွင်ရဲ့ညီမလား၊ အရင်း… ဟုတ်မထင်ဘူး"

"ဘာဖြစ်လို့လဲ ဘဘကြီးရဲ့"

"ဒီလိုလေ၊ သူ့မိဘတွေက သူ့ကို တစ်ဦးတည်းသော သားအဖြစ်သာ မွေးထားခဲ့ကြတာ သိရလို့ပါ၊ ဒါကြောင့် မင်းဟာ သူ့ညီမဆိုရင် တစ်ဝမ်းကွဲထဲကပဲ ဖြစ်ရမယ်၊ … လား"

"အဟီး...ဆို...ဆိုပါတော့၊ သူ့တွေ့ပါရစေလား ဘ… ကြီး"



"တွေ့ရပါတယ်လေ၊ အထဲကိုသာဝင်သွား၊ ဟောဟို လှေကားဘေးကအခန်းဟာ အောင်နီလွင်ရဲ့အခန်းပဲကွယ့်"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ ဘဘကြီး"

မြသန္တာနွယ်က ပြောရင်း ဦးညိုမြင်၏ရှေ့မှနေ၍ တိုက်တွင်းသို့ ဝင်သွားခဲ့သည်။

အောင်နီလွင်မှာလည်း အဝတ်အစား လဲလှယ်ပြီးပြီမို့ အခန်းထဲမှ ထွက်လာခဲ့သည်။

"ဟိုက်...မြသန္တာနွယ်"

အောင်နီလွင်မှာ လုံးဝမျှော်လင့်မထားခဲ့သော မြသန္တာနွယ် တစ်ယောက် ရဲရဲဝံ့ဝံ့ဖြင့် ခင်လဲ့မူယာ၏ တိုက်တွင်းသို့ ဝင်လာသည်ကို မြင်ရလျှင် အထက်ပါအတိုင်း အထိတ်တလန့်ဖြင့် ရေရွတ်လိုက်ခြင်းပင်။

မြသန္တာနွယ်ကတော့ သူ့ကိုပြုံး၍ကြည့်ရင်း ပြန်ပြောနေသည်။

"ဒါက ဘာဖြစ်ရပြန်တာလဲ၊ သိပ်ကိုအံ့ဩသွားလို့လားဟင်၊ ခိ ခိ"

"ဟ...မေးနေစရာလိုသေးသလား၊ မင်း...မင်း ဘယ်လိုကနေဘယ်လို ငါနေတဲ့တိုက်ကို သိသွားခဲ့တာလဲဟင်၊ မင်းကပေမယ့် ထောက်လှမ်းရေးဘက်ကတော့ တော်သားပဲ"

"ဟဲ...ဟဲ၊ အရှမ်းပစ်ခတ်ပြီး ချီးမွမ်းမနေနဲ့ ဆရာကြီးရေ့၊ နွယ်ဟာ ထောက်လှမ်းရေးဘက်က တော်လို့မဟုတ်ပါဘူး၊ နန္ဒာကြိုင်သင်းက ပြောလိုက်လို့ သိရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော....နန္ဒာကြိုင်သင်း ဟုတ်လား၊ သူက ဘယ်က....အဲ....အဲ....သတိရပြီ၊ ဟိုတစ်ပတ်တုန်းက မွေးနေ့ပါတီလုပ်ခဲ့တဲ့ မင်းသူငယ်ချင်း မဟုတ်လား"

"အစစ်ပေါ့၊ သူ့ဆီက အစ်ကို လိပ်စာမေးတော့ သူက ဒီကို ညွှန်းလိုက်တာပဲ"

"နို့....မင်းက အခု ဒီကို ဘာလာလုပ်တာလဲ၊ ခင်လဲ့မူယာနဲ့တွေ့သွားရင် မင်းမလွယ်ဘူးနော်"

အောင်နီလွင်မှာ စိုးရိမ်သံကလေးဖြင့် မြသန္တာနွယ်အား သတိပေးနေသည်။

"ဟောင်မယ်လေး၊ အဲလေ.... အောင်မယ်လေးလေး။ ဒီကလဲ သူ့ကိုမကြောက်လို့ အစ်ကို့ဆီကို အားမာန်အပြည့်သတ္တိအပြည့်နဲ့ လာခဲ့တာပေါ့၊ ဒီတော့ သူ့ကို ခေါ်လိုက်လေ နွယ်ရောက်နေတယ်ဆိုတာ၊ ခိ ခိ ခိ"

မြသန္တာနွယ်၏ စကားများကို ကြားရလျှင် အောင်နီလွင်တစ်ကိုယ်လုံး မီးတောင်ကြီး ပေါက်ကွဲသလို တုန်ခါ၍သွားခဲ့တော့သည်။

"ဟာ....ဒုက္ခပါပဲ၊ မင်းကတော့ နေရာတကာမှာ ဇွတ်ကတယ်နိုင်တာပဲကိုး၊ ကဲ....ကဲ၊ လာ....လာ၊ အပြင်ကိုသွားကြမယ်"

"ဘယ်အပြင်လဲ"

"တစ်နေရာရာမှာပေါ့ကွာ၊ ဒီမှာဆက်နေလို့ မဖြစ်ဘူးတော်ကြာ ခင်လဲ့မူယာ အောက်ကို ဆင်းလာတော့မယ်ဟ လာကွာ"



အောင်နီလွင်မှာ အမျိုးသမီးနှစ်ဦး ဆုံမိကြလျှင် ယခင်ကလို ဖိုက်တင်ပွဲကြီး ဆင်နွှဲကြမည်ကိုစိုး၍ မြသန္တာနွယ်၏ လက်ကို ဆွဲကာ အပြင်သို့ ခေါ်သွားခဲ့သည်။

မြသန္တာနွယ်မှာလည်း တခစ်ခစ်ဖြင့်ရယ်ရင်း လိုက်ပါသွားခဲ့သည်။

အပြင်တွင် ခင်လဲ့မူယာ၏ဖခင် ဦးညိုမြမှာ သူတို့ကိုငေးကြည့်နေသည်။

တိုက်အပြင်သို့ရောက်လျှင် အောင်နီလွင်မှာ တိုက်ဆင်ဝင်၏ ဘယ်ဘက်ထောင့်တွင် ရပ်ထားသော သူ၏ ယာမာဟာ မော်တော်ဆိုင်ကယ်ရှိရာသို့ ဆက်ခေါ်သွားခဲ့သည်။

ဦးညိုမြကိုလည်း တစ်ခွန်းမျှလှမ်းမပြောခဲ့ပေ။

သူ့အဖို့ ခင်လဲ့မူယာနှင့် မြသန္တာနွယ်တို့နှစ်ဦး မဆုံမိကြဖို့ကိုသာ စိတ်စောနေသူမို့ ဘာကိုမှ အရေးစိုက်မနေနိုင်တော့ပေ။

"ကိုင်း....ကျေးဇူးရှင်မကလေး၊ အဲဒီဆိုင်ကယ်နောက်ခုံပေါ်ကို မြန်မြန်တက်တော်မူပါ"

အောင်နီလွင်က စိတ်ရှုပ်သံဖြင့် မြသန္တာနွယ်အား ပြောနေသည်။

မြသန္တာနွယ်ကလည်း အောင်နီလွင်ပြောသည့် အတိုင်းပင် မော်တော်ဆိုင်ကယ်နောက်ခုံတွင် ဝင်ထိုင်သည်။

အောင်နီလွင်မှာလည်း မော်တော်ဆိုင်ကယ်ပေါ်သို့ တက်ထိုင်ကာ စက်နှိုးရန်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ယေး…ဆရာကြီး၊ ဦးထုပ်တွေဘာတွေ မဆောင်းတော့ဘူးလားလို့၊ တော်ကြာ ယာဉ်ထိန်းရဲနဲ့ တွေ့နေရင် ဘယ်လိုလုပ်မလဲ၊ ခိ ခိ ခိ”

မြသန္တာနွယ်ကပြောမှ အောင်နီလွင်လည်း သတိရသွားခဲ့သည်။

သို့ဖြစ်၍ သူ၏ မော်တော်ဆိုင်ကယ် လက်ကိုင်တန်းတွင် ချိတ်ဆွဲကာထားသော ဖိုင်ဘာဦးထုပ်နှစ်လုံးအနက် မိန်းမဆောင်းဦးထုပ်ကို မြသန္တာနွယ်ထံသို့ လှမ်းပေးသည်။

သူကတော့ ဦးထုပ်အကြီးကို ဆောင်းထားလိုက်သည်။

ထို့နောက်တော့ အောင်နီလွင်သည် မော်တော်ဆိုင်ကယ်ကို စက်နှိုးကာ ခြံတွင်းမှအမြန်မောင်းထွက်ကာ သွားခဲ့တော့သည်။

ဦးညိုမြကတော့ သူတို့ကို အသာငေး၍ ကြည့်နေလေ့ပင်။

အောင်နီလွင်၏ မော်တော်ဆိုင်ကယ်သံကြောင့် အိမ်ပေါ်ထပ်တွင် ရှိနေသော ခင်လဲ့မူယာမှာ အောက်ထပ်သို့ အပြေးပြေးဆင်းလာခဲ့သည်။

နောက် အပြင်ဘက်သို့ ပြေးအထွက် သူမ၏ ဖခင်ကြီးနှင့်တိုးမိတော့သည်။

“ဟင်…ဖေဖေ၊ ကိုကို ဘယ်ကို ထွက်သွားတာလဲဟင်”

“သူတို့လား၊ သိဘူးဟ၊ ငါ့ကိုလဲ ဘာမှပြောမသွားဘူး”

ဦးညိုမြက အူကြောင်ကြောင်အသံဖြင့် ပြန်ဖြေသည်။



“နေပါဦး၊ ဖေဖေပြောတဲ့ စကားထဲမှာ သူတို့ဆိုပြီး ဗဟုဝုစ်ကိန်းပါနေတယ်၊ ဘာဖြစ်လို့လဲဟင်”

“ဘာဖြစ်ရမှာလဲ၊ ထွက်သွားတာက မောင်အောင်နီလွင်တစ်ဦးတည်းမှ မဟုတ်ဘဲ၊ နှစ်ဦးဖြစ်နေလို့ပေါ့”

“ရှင်…နှစ်ဦးဟုတ်လား”

“အေး…ဟုတ်တယ်၊ နှစ်ဦး၊ တစ်ဦးက အမကြီးဟ၊ အထီးမဟုတ်ဘူး”

“ဟောတော်၊ ဒါ…ဒါဆိုရင် ဘယ်သူပါလိမ့်မလဲ၊ ဖေဖေ မြင်လိုက်တယ်မဟုတ်လားဟင်”

“ဟ…မြင်တာပေါ့၊ မောင်အောင်နီလွင်နဲ့ ထွက်သွားတဲ့ကလေးမက ရုပ်တော်တော်ချောတယ်၊ အဲ…မောင်အောင်နီလွင်ရဲ့ညီမလို့ ပြောတာပဲ”

“အာ… တောက်တီးတောက်တဲ့ ဖေဖေရယ်၊ မဖြစ်နိုင်ပါဘူး”

“ဖြစ်နိုင်တာ မဖြစ်နိုင်တာတော့ ငါမသိဘူး၊ အခု ငါသိတာကို ပြောပြနေတာပဲ”

“ပြောပြရအောင် အဲဒီမိန်းမကို ဖေဖေကသိလို့ ကိုအောင်နီလွင်ရဲ့ညီမလို့ ပြောနေတာလား”

“မဟုတ်ဘူး၊ အဲဒီကလေးမကလေးက လေးဘီးကားနဲ့ရောက်လာပြီး သူဟာ အောင်နီလွင်ရဲ့ညီမလို့ပြောလို့ပေါ့”

ထိုစကားများကို ကြားရလျှင် ခင်လဲ့မူယာမှာ မြသန္တာနွယ်မှန်း ချက်ချင်းပင် သိလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မျက်နှာကလေးမှာလည်း ငိုတော့မည့်အသွင် ပေါ်သွားခဲ့သည်။

"အဲဒီလိုထွက်သွားတာကို ဖေဖေက ဒီလိုပဲကြည့်နေရသလား၊ လှမ်းပြီး တားထားလိုက်ပါလားလို့"

"ဟော...ငါက တားမှ ရမယ်ဟုတ်လား၊ ဘာဆိုင်လို့လဲ သမီးရယ်၊ သူတို့မောင်နှမနှစ်ယောက် ကိစ္စရှိလို့ ထွက်သွားကြတဲ့ဟာ"

"ဟာ...ဖေဖေနဲ့တော့ ဒုက္ခပါပဲ၊ အဲဒါ မောင်နှမအစစ် မဟုတ်ဘူး၊ ဘင်္ဂလား မောင်နှမတွေ ဖေဖေရဲ့၊ တောက်"

ခင်လဲ့မူယာမှာ ခံပြင်းသံကလေးဖြင့် ပြန်ပြောပြီး တက်ခေါက်နေသည်။

"ဘာ...ဘင်္ဂလား မောင်နှမ ဟုတ်လား၊ နေစမ်းပါဦး၊ အဲဒီလို ပြောနိုင်ရအောင် နင်က အဲဒီကောင်မလေးကို မြင်လိုက်ရလို့လားလို့"

"မမြင်ရပေမယ့် ဘယ်သူဆိုတာ သမီးသိလို့ အခုလိုပြောနိုင်တာပေါ့"

"ဒါဖြင့် ဘယ်သူလဲ၊ ငါ့ကို ပြောပြစမ်းပါဦး"

"တခြားသူ မဟုတ်ဘူး၊ ကိုကို အောင်နီလွင်ကို တစ်ဖက်သတ် လိုက်ကြိုက်နေတဲ့ ဆတ်ကော့လတ်ကော့မကလေးပေါ့၊ သူ့နာမည်က မြသန္တာနွယ်တဲ့ဖေဖေရဲ့"

"ဟော...သ...အမီး အခုပြောနေတာတွေက သေချာရဲ့လားကွယ့်"



ဦးညိုမြက မယုံကြည်သေးဟန်ဖြင့် ပြန်မေးနေသည်။

"သိပ်ကိုသေချာတာပေါ့ ဖေဖေရယ်၊ ဒါကို ဖေဖေက ကြည့်နေတာကိုး"

"ဟယ်...နင်ကလဲ၊ ငါလွဲ ဘယ်သိပါ့မလဲ၊ သူတို့က မောင်နှမဆိုလို့ ငါလဲကြည့်နေလိုက်တာပေါ့၊ ဒီတော့ သမီး ဘာလုပ်မလဲ"

ဦးညိုမြက ခင်လဲ့မူယာအား ပြန်မေးနေသည်။

ခင်လဲ့မူယာက ရုတ်တရက် ပြန်မပြောသေးဘဲ စဉ်းစားနေသည်။

စဉ်းစားပြီးမှ ဖခင်ကြီးအား လှမ်းပြောသည်။

"ဖေဖေ"

"ဟေ"

"သမီးကို ဖေဖေကားပေးစမ်းပါ"

ခင်လဲ့မူယာ၏ ပြောသံကြောင့် ဦးညိုမြမှာ အမိပ္ပာယ်တစ်မျိုးပေါက်ကာ အံ့သြသံဖြင့် ပြန်မေးနေသည်။

"ဟ...သမီးရဲ့၊ ဘာလုပ်မလို့လဲ"

"အို...ဖေဖေကလဲ၊ ဘာလုပ်လုပ်ပေါ့၊ သမီးပြောသလို ကား ပေးစမ်းပါ"

"ကောင်းပြီလေ၊ သမီးက ကားပေးဆိုလဲ ကားပေးရတာပေါ့၊ ကဲ...ဒီမယ်ကြည့်၊ ကားပေးထားပြီ"

ဦးညိုမြမှာ ပြောရင်း ရပ်နေရာမှ သူ၏ ပေါင်နှစ်ဖက်ကို ဘေးတစ်ဖက်တစ်ချက်ဆီ ဆန့်ကာ ကားပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့....ဒါက ဖေဖေဘာလုပ်နေရတာလဲ၊ သမီးကို ဒရိုးလ်ပြနေတာလားဟင်"

"နို့....နင်ပဲ ဖေဖေကားပေးစမ်းဆို၊ နင်ပြောသလို ကားပေးထားရတာပဲဟာ"

"အာ....သမီးပြောတာ အဲဒီဟာ မဟုတ်ဘူး၊ ဖေဖေစီးတဲ့ ကားကို ပေးဖို့ ပြောနေတာပါ"

"သိပါဘူး၊ နင်ပြောတာက ရှင်းမှ မရှင်းဘဲ၊ ငါမှာတော့ ငါ့ကို ခေါင်းကားခိုင်းတယ်မှတ်လို့၊ မကားနိုင်ကားနိုင်နဲ့ ကားလိုက်ရတာ၊ ခြေချော်လဲရင်တော့ ဆေးရုံရောက်ပြီးသားပဲဟ၊ အဟီး"

"ကဲပါ၊ တခြားစကားတွေ ပြောမနေစမ်းပါနဲ့၊ သမီးပြောသလို ဖေဖေရဲ့ကားကို သမီးပေးပါ ဟုတ်လား"

"နေစမ်းပါဦး၊ သမီးက ကားကိုယူပြီး ဘယ်ကိုသွားမလို့လဲ"

"သူတို့နောက်ကိုပေါ့"

"ဟေ....သူတို့သွားကြမယ့်နေရာကို သမီးက သိလို့လား"

"သိတော့ ဘယ်သိပါ့မလဲ၊ ဒါပေမယ့် ဒီရန်ကုန်မြို့ထဲက လွဲလို့ သူတို့ဘယ်ကိုမှ သွားကြမှာ မဟုတ်တာ၊ ဒီတော့ ကားနဲ့ လိုက်ရှာရင် တွေ့ရမှာပေါ့"

"ကောင်းပြီ၊ ဒီလိုဆို ရော့....ဟောဒီမှာ ကားသော့၊ ယူသွားပေတော့"



ဦးညိုမြက ပြောရင်း သူ၏အိတ်တွင်းမှ ကားသော့ကို သမီးဖြစ်သူအား ထုတ်ပေးခဲ့သည်။

ခင်လဲ့မူယာလည်း ဖခင်ထံမှ ကားသော့ကိုယူပြီး ကားဂိုဒေါင်ဆီသို့ ထွက်သွားခဲ့သည်။

ဦးညိုမြမှာမူ စောစောကအတိုင်းပင် ခြေထောက်ကို ကားရားခွကာ ရပ်မြဲ ရပ်နေသည်။

ဒေါ်ခင်ထွေးမှာ တိုက်တွင်းမှ ထွက်လာပြီးနောက် ဦးညိုမြ၏ အဖြစ်ကိုမြင်ရလျှင် အံ့ဩသံဖြင့် လှမ်းမေးနေသည်။

"ဟင်....ကိုညိုမြ၊ ဒါက ဘာလုပ်နေတာလဲ၊ ကျန်းမာရေးလေ ကျင့်မလို့လားဟင်"

ထိုဇနီးသံကို ကြားရမှ ဦးညိုမြမှာ သတိရသွားပြီး ကားရားခွထားသော ခြေကိုပြန်၍ တည့်မတ်လိုက်ရသည်။

"အဟဲ....မဟုတ်ပါဘူးကွာ၊ ငါ ခြေထောက် ဘယ်လောက်ကားနိုင်သလဲဆိုတာ သိချင်လို့ အခုလိုလုပ်နေတာပါ၊ အဟဲ"

ဦးညိုမြက ရှက်ကိုးရှက်ကန်းသံကြီးဖြင့် ဒေါ်ခင်ထွေးအား ပြန်ပြောနေသည်။

"ဖြစ်ရလေတော်၊ ရှင့်နှယ် အသက်ကြီးမှ ကလေးကလားအလုပ်တွေကို လုပ်နေရသလား၊ ရှင်က ခြေဘယ်လောက်ကားနိုင်မလဲဆိုတာ သိချင်လို့ အခုလို ခြေကားရားကြီး ရပ်နေတာက အရေးမကြီးဘူး၊ တခြားအပြင်ကလူတွေ မြင်သွားရင် တိရစ္ဆာန်ရုံထဲက ဆင်လီမျောက်ကလေး မို့မို့ ရှူးရှူးပေါက်သလို ရှူးရှူးပေါက်နေတယ်လို့ ထင်ရင် မခက်ဘူးလားတော်၊ ဟား....ဟား....ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ထွေး၏ စကားများကြောင့် ဦးညိုမြမှာ ရှက်သွားပြီး ''တယ်....ဒီမိန်းမ ဘာတွေလာပြောနေတာလဲ မသိဘူး၊ ဟွန်း''ဟူ၍ပြောကာ တစ်ဖက်သို့ အမြန်ထွက်သွားခဲ့တော့သည်။

ခင်လဲ့မူယာမှာလည်း အောင်နိုလွင်တို့နောက်သို့လိုက်ရန်အတွက် သူတို့ပိုင် ဟွန်ဒါဆလွန်းကားကလေးကို မောင်း၍ထွက်သွားခဲ့သည်။

ဒေါ်ခင်ထွေးမှာ သမီးဖြစ်သူ တစ်ယောက်တည်း ကားကိုမောင်းထွက်သွားသည်ကို မြင်ရလျှင် အံ့သြဟန်ဖြင့် ငေးကြည့်နေတော့သည်။

* * *

၉

(ကိုး)

**မ နှစ်ဦးကြားဝယ် ရှူးရှေတော့မယ်**

အောင်နိုလွင်မှာ မြသန္တာနွယ်အား သူ၏ဆိုင်ကယ်နောက်တွင် တင်ခေါ်လာခဲ့ပြီးနောက် ဗဟန်းဘက်တွင်ရှိ အအေးဆိုင်တစ်ဆိုင်သို့ ရောက်လျှင် သူ၏ဆိုင်ကယ်ကို မောင်းနေရာမှ ရပ်သည်။

''ကိုင်း....ဒေါ်ပြဿနာမကလေးရေ၊ အအေးသောက်ကြရင်း မင်းလာတဲ့ ကိစ္စကို ပြောပြစမ်းပါဦး၊ ဟုတ်လား''

အောင်နိုလွင်က မြသန္တာနွယ်အား လှမ်းပြောရင်း ဆိုင်ကယ်ပေါ်မှ ဆင်းရန် ပြင်သည်။

မြသန္တာနွယ်ကလည်း ဆိုင်ကယ်ပေါ်မှ ဆင်းရင်း ပြန်ပြောနေသည်။

''ဟုတ်ကဲ့ရှင့်၊ ဆင်းဆိုလဲ ဆင်းရတာပေါ့၊ အဲ....ဒီအချိန်တာ မနက်အချိန်မို့ အအေးထက် အနွေးက ပိုမကောင်းဘူးလား အစ်ကိုရာ''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဘာ အမွှေးကို သောက်မလို့လဲ"

"လက်ဖက်ရည်ပေါ့၊ နွယ်က မနက်ဆိုရင် လက်ဖက်ရည်ပဲ သောက်ချင်တယ်"

"ကောင်းပြီလေ၊ အဲဒီလိုဆိုရင်လဲ ဟိုဘက်က လက်ဖက်ရည်ဆိုင်ကို သွားကြတာပေါ့"

အောင်နီလွင် ပြောရင်း သူ၏ မော်တော်ဆိုင်ကယ်ကို အအေးဆိုင်နှင့်မလှမ်းမကမ်းတွင် ရှိနေသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ တွန်း၍သွားခဲ့သည်။

မြသန္တာနွယ်က ဘေးမှ လိုက်ပါသွားသည်။

လက်ဖက်ရည်ဆိုင်သို့ ရောက်ကြလျှင် သူတို့သည် ဆိုင်အတွင်းသို့ ဝင်မထိုင်ကြဘဲ အပြင်ဘက်ရှိ စားပွဲခုံတွင် ဝင်ထိုင်ခဲ့ကြသည်။

အောင်နီလွင်က လက်ဖက်ရည်နှစ်ခွက်နှင့် မုန့်များကို မှာလိုက်သည်။

"ပြောစမ်းပါဦး၊ မင်းက ဘာ စိတ်ရှုပ်ပေါက်ပြီး အန္တရာယ်များတဲ့ ငါ့ဆီကို ရဲရဲဝံ့ဝံ့လာခဲ့ရတယ်ဆိုတာ"

အောင်နီလွင်၏ အမေးကို မြသန္တာနွယ်က ရုတ်တရက် ပြန်မဖြေသေးပေ။

သူ့ကို ပြုံး၍သာ ကြည့်နေသေးသည်။

ပြီးမှ မြသန္တာနွယ်က ချစ်စဖွယ်အသံကလေးဖြင့် ပြန်ပြောနေသည်။

"စိတ်ရှုပ်ပေါက်တာ မဟုတ်ပါဘူး အစ်ကိုရယ်၊ နွယ်က အစ်ကိုနဲ့တွေ့ချင်လို့ လာခဲ့တာပါ"



"အဲဒီ တွေ့ချင်တယ်ဆိုတာက ဘာကိစ္စလဲ၊ ဘာပြဿနာတွေ ရှိနေလို့လဲကွာ"

"ဟာ...အစ်ကိုကလဲ၊ နွယ်က အစ်ကို့ကို အောက်မေ့လို့ လာခဲ့တာပါ၊ ဘာပြဿနာမှ မရှိပါဘူး၊ တစ်ဆိတ်ရှိ အစ်ကိုဟာ နွယ့်ကိုမြင်တိုင်း ပြဿနာ...ပြဿနာနဲ့ချည်း ပြောနေတာကြီး၊ ခိ ခိ ခိ"

"မပြောလို့ဖြစ်မလား၊ မင်းလာရင် ပြဿနာဟာ မပေါ်ဘဲကို နေမှမနေဘဲ၊ ဒါကြောင့် မင်းကိုမြင်ရင် ငါက လန့်နေတာပေါ့"

"ဒါကတော့ နွယ်က ပြဿနာပေါ်ချင်တာမှ မဟုတ်ဘဲ၊ နွယ့်ဘာသာနွယ်နေတာပါ၊ အဲ...အစ်ကို့ ဇနီးလောင်းကသာ ပြဿနာပေါ်အောင် လုပ်နေတာ မဟုတ်လားလို့"

"နို့...မင်းကကော ငြိမ်ခံနေလို့လား၊ မင်းကြောင့် ငါဟာဆိုရင်လဲ မုယာက အထင်အမြင်လွဲတာကို ခံနေရတာကွ၊ သိလား"

"အမယ်လေးတော်၊ ရမယ်တောင် မကြုံသေးဘူး၊ သူ့ဟာဖြင့် ဇနီးလောင်းကို အခုကတည်းက ကြောက်ချေးပါနေတယ်၊ ရများရရင်တော့ ဘယ်လောက်ကြောက်လိုက်မလဲမသိဘူး၊ ခိ ခိ ခိ"

မြသန္တာနွယ်က အောင်နီလွင်ကို လှောင်နေသည်။

"ကြောက်ချေးပါတာ မဟုတ်ဘူးလေ၊ မင်းလုပ်ပုံတွေကြောင့် ငါ့မှာ အထင်မှားခံရမှာကိုမြင်လို့ ပြောပြနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင် ပြန်ပြောနေခိုက်မှာပင် သူတို့မှာကြားထား ခဲ့သော လက်ဖက်ရည်နှင့် မုန့်များကို စားပွဲထိုးကလေး လာ၍ ချပေးသွားခဲ့သည်။

သူတို့နှစ်ဦးလည်း စကားစပြတ်ကာ သွားကြသည်။

စားပွဲခုံပေါ်သို့ ရောက်လာခဲ့သော မုန့်နှင့် လက်ဖက်ရည် တို့ကို သူတို့စားသောက်နေကြသည်။

"အစ်ကို၊ စီးကရက်မသောက်ဘူးလား၊ သောက်ချင် မှာလေ"

မြသန္တာနွယ်က စားသောက်ပြီးစီးခဲ့၍ အကြမ်းအိုး ပန်းကန်ထဲသို့ ထည့်နေသော အောင်နီလွင်အား လှမ်း၍ နေခြင်းပင်။

"ငါမှ ဆေးလိပ် မသောက်တတ်တဲ့ဟာ၊ မမှာပါ မင်းကကော သောက်တတ်လို့လား"

"မသောက်တတ်ပါဘူးလေ၊ အစ်ကိုများ သောက် တယ်မှတ်လို့ပါ"

မြသန္တာနွယ်သည် အောင်နီလွင်အား ပြန်ပြောပြီးနော စားလက်စမုန့်ကို အပြတ်စားနေသည်။

ပြီးလျှင် တစ်ဝက်ခန့် ကျန်နေသေးသော လက်ဖက် များကို အကုန်မော့၍သောက်ချနေသည်။

"အင်း....လက်ဖက်ရည်တော့ သောက်လို့ပြီးသွားပြီ၊ လဲပြည့်သွားပြီ၊ တစ်ခုပဲလိုတော့တယ်၊ အဟီ"

မြသန္တာနွယ်က အောင်နီလွင်အား လှမ်းပြောနေ

"ဟေ....ဘာတစ်ခုလဲကွ၊ ပြောပါဦး"



"ဘာတစ်ခုရမှာလဲ၊ အစ်ကို့ကိုဒဂုံမြို့သစ်ဘက်ကို အပို့ ခိုင်းမလို့ပါ"

"မြတ်စွာဘုရား ကယ်တော်မူပါ"

မြသန္တာနွယ်၏ စကားများကို ကြားလိုက်ရလျှင် အောင် နီလွင်၏နှုတ်ဖျားမှ အထက်ပါအတိုင်း အထိတ်တလန့်အသံ ကြီး ပေါ်လာခဲ့သည်။

"အိုး....ဒါက ဘာဖြစ်သွားရတာလဲလို့၊ ဘာလဲ၊ အစ်ကို က လိုက်မပို့ချင်လို့လား၊ မပို့လို့တော့ မရဘူးနော်၊ ဟွင်း"

"ဟာကွာ၊ မြသန္တာနွယ်ကလဲ၊ ဒီလောက်ဝေးတဲ့နေရာကို ဘာကိစ္စ သွားချင်ရတာလဲ၊ ငါ့မှာ အဲဒီကို လိုက်ပို့ဖို့ အချိန် ရှိဘူးလေကွာ"

"အံမယ်....အချိန်မရလို့ အစ်ကိုက ဘာတွေလုပ်နေလို့လဲ ပြောစမ်းပါဦး"

"ငါ့ဟာငါ ဘာလုပ်လုပ် မင်းနဲ့မဆိုင်ပါဘူး၊ အေး.... မင်းပို့ခိုင်းတဲ့နေရာကိုတော့ ငါ မပို့နိုင်ဘူး၊ ဒါပဲ"

"မပို့ရင် ပို့အောင် နွယ်ကလဲ လုပ်ရမယ်သိလား၊ ခိ"

"ဟာကွာ....ညီမကလဲ၊ အဲဒီလိုတော့ အနိုင်မကျင့်ပါနဲ့ ကွာ၊ အစ်ကို့မှာ တကယ်ပဲ အလုပ်တွေ ရှိနေလို့ပါ၊ ဟုတ် လား"

အောင်နီလွင်က မြသန္တာနွယ်အား ချော့နေသည်။

"အလယ်....လယ်လယ်၊ ငိုများငိုချဦးမလို့လား အစ်ကို ရယ်၊ ခိ ခိ ခိ"

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်ကတော့ အောင်နီလွင်၏ ပြောဟန်ဆိုဟန်နှ
မျက်နှာအမူအရာကို ကြည့်ကာ နောက်ပြောင်နေသည်။

"အေး....မင်း အဲဒီလို ရွှတ်တီးရွှတ်နောက် ပြောတာမျိုး
ကို ငါက သဘောမကျတာ သိလား"

"ဟုတ်ကဲ့၊ အစ်ကိုသဘောကျတာမျိုးကတော့ အစ်
အပေါ်မှာ မာနကြီး တစ်ခွဲသားနဲ့ ဩဇာပေးမယ့် ခင်လ
မူယာကို မဟုတ်လား၊ ခိ ခိ ခိ"

"တော်စမ်းပါကွာ၊ ငါဟာ ခင်လဲ့မူယာနဲ့သာ လူ
တွေက စေ့စပ်ထားပေမယ့် အခုထက်ထိ သူ့ကို ညီမ
တစ်ယောက်လိုပဲ ငါ ချစ်နေသေးတာကွ၊ ဒီထက် မတိုးသေ
ဘူး သိလား"

"ဒါဖြင့် နွယ့်ကိုကော ဘယ်လိုအချစ်မျိုးနဲ့ ချစ်သ
ညီမလေးလိုပဲလား၊ ခိ ခိ ခိ"

မြသန္တာနွယ်က ပြောင်ချော်ချော် မျက်နှာကလေးဖြ
အောင်နီလွင်အား ကြည့်၍မေးနေသည်။

"မင်းကိုလား၊ အဟဲ....မင်းကိုတော့ အင်း....ညီမလေး
လဲ မချစ်ရဲဘူး၊ မိတ်ဆွေတစ်ယောက်လိုလဲ အသိအမှတ်မ
ရဲဘူးကွာ၊ ဟဲဟဲ"

"ဟာ....ဒါတော့ အစ်ကိုမတရားဘူး သိလား၊ ညီမ
တစ်ယောက်လို မချစ်နိုင်ရင်တောင် မိတ်ဆွေတစ်ယောက်
တော့ ခင်မင်ဖို့ မကောင်းဘူးလားလို့"

"ငါ့ဆန္ဒအတိုင်း ပြောရရင်တော့ မင်းကို ညီမလေး
ရော မိတ်ဆွေတစ်ဦးလိုရော ချစ်ခင်ချင်တာပေါ့၊ ဒါပေမဲ့



ငါ တစ်ခါပြောခဲ့သလိုပဲ၊ မင်းမှာက ဒီပရေ့ဗ်တော့စိတ်
ဆိုတဲ့ စရိုက်ဆိုး ဝါသနာဆိုးကရှိနေတော့ ကြောက်တယ်
ကွာ"

အောင်နီလွင်၏စကားအဆုံးတွင် မြသန္တာနွယ်မှာ သဘော
မကျဟန်ဖြင့် မျက်နှာကြီးကို ရှုပြနေတော့သည်။

ထိုအခိုက်မှာပင် သူတို့အနီးသို့ ဟွန်ဒါကားကလေးတစ်
စီး ရောက်လာသည်။

"ကိုကို"

ဟွန်ဒါ့ဆလွန်းကားအဟွင်းမှ ခင်လဲ့မူယာ၏ ခေါ်သံ
ကို အောင်နီလွင်ရော မြသန္တာနွယ်ကိုပါ ဖြိုင်တူကြားလိုက်
ကြရသည်။

"ဟင်....မူယာပါလား၊ ဒါ ဘယ်ကို သွားမလို့လဲဟင်"

အောင်နီလွင်က မသိဟန်ဆောင်၍ မေးနေသည်။

"ဘယ်ကို သွားရမှာလဲ၊ ကိုကိုဟာ မူယာမသိအောင်
လစ်ပြေးသွားလို့ လိုက်ရှာနေတာပေါ့၊ အခု ကိုကိုတို့နှစ်
ယောက် လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြတာကို
မြင်ရလို့ ရောက်လာတာပဲ၊ ကဲ....လာ....သွားကြမယ်"

ခင်လဲ့မူယာက ဟွန်ဒါကားပေါ်မှ မဆင်းဘဲ အောင်နီ
လွင်ကို ခေါ်နေသည်။

"ဟာကွာ....မူယာကလဲ၊ လက်ဖက်ရည်လေး ဘာလေး
ရောက်တဲ့အခါ ဆင်းသောက်ပါဦးလား၊ ဟဲဟဲ"

အောင်နီလွင်က ဟန်လုပ်ကာ ခေါ်နေသည်။

www.burmeseclassic.com

သူ၏ ဟန်လုပ်မှုမှာ အမျိုးသမီးနှစ်ဦးအတွက် အမြန် ရန်လုပ်မှုပေါ်စရာ ဖြစ်ခဲ့ရတော့သည်။

"တော်စမ်းပါ၊ မူယာဟာ လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ အရှက်မရှိ မျက်နှာပြောင်ပြောင်နဲ့ စင်သောက်တဲ့ မိန်းမစားမဟုတ်ဘူး၊ ဒါမျိုးတွေဟာ အောက်တန်းကျတဲ့လူတွေသာ သောက်ကြတာပါ ကိုကိုရဲ့၊ ဟွင်း"

ထိုစကားများကို ကြားရလျှင်တော့ မြသန္တာနွယ်မှာ သကြန်တွင်းက ရေဘောလုံးထဲတွင် ရေခဲတုံးကြီးထည့်၍ ပေါက်ခြင်းကို ခံလိုက်ရသူလို ဆတ်ဆတ်ခါမျှ နာကျင်ကာ သွားတော့သည်။

ချက်ချင်းပင် မြသန္တာနွယ်မှာ ထိုင်နေရာမှ ဆတ်ခနဲထပြီး ခင်လဲ့မူယာအား ရန်တွေ့နေတော့သည်။

"ဟေ့...ညည်းပြောတာ ဘာစကားလဲ၊ စကားကို ကောင်းကောင်းပြောပါ"

"ငါပြောနေတာ မြန်မာမတစ်ဦးက ပြောနေတဲ့ မြန်မာစကားလေ၊ ညည်းသာ မြန်မာစစ်ရင် နားလည်ရမှာပေါ့အေ၊ ဟဲ...ဟဲ"

"နားလည်တယ်အေ.... နားလည်တယ်၊ လည်လို့ ပြောနေတာပေါ့၊ ညည်းအချိုးက ဘာအချိုးလဲဟင်"

မြသန္တာနွယ် ပြန်ပြောရင်း ခင်လဲ့မူယာ၏ကားအနီးသို့ လျှောက်သွားနေသည်။

ခင်လဲ့မူယာကလည်း ကားပေါ်မှဆင်းရင်း ပြန်နှက်နေသည်။



"ငါ့ဘာသာ ဘယ်လိုပဲချိုးချိုးပေါ့၊ ဘာဖြစ်လဲ"

"ဖြစ်တယ်ဟဲ့၊ ညည်းချိုးချင်သလို ချိုးရအောင် ဒါဟာ ဖဲဝိုင်းမှာ ဖဲကစားနေတာမဟုတ်ဘူး သိလား"

မြသန္တာနွယ်ကလည်း အညှိုးမခံဘဲ ပြန်ပက်နေသည်။

အောင်နီလွင်မှာလည်း ငြိမ်း၍မနေသာတော့ပေ။

သူတို့နှစ်ဦး နောင်ကျိန်မချကြမီ ကြားမှဝင်၍ အမြန်သွားရပ်ကာ တောင်းပန်နေရသည်။

"ဟေး....ဟေး၊ မင်းတို့ဟာတွေကဘယ်လိုလဲကွာ၊ မတွေ့လိုက်နဲ့၊ တွေ့လိုက်ကြရင် ခွေးနဲ့ကြောင်လိုပဲ ကိုက်ကြတာကိုး"

"ဘာပြောတယ်၊ ကိုကိုက မူယာ့ကို ဟိရစ္ဆာန်လို့ ပြောလိုက်တာလားဟင်"

ခင်လဲ့မူယာက ဒေါသသံဖြင့် အောင်နီလွင်အား ပြန်မေးနေသည်။

"အာ....အာ၊ ဒီသဘောမျိုး မဟုတ်ပါဘူး၊ ငါက ရန်ဖြစ်မှာစိုးလို့ ဥပမာနဲ့ ပုံခိုင်းပြီး ပြောလိုက်တာပါ မူယာရယ်၊ စိတ်မဆိုးနဲ့နော်၊ ဟဲ....ဟဲ"

အောင်နီလွင်က အမြန်ပြန်၍ တောင်းပန်နေရသည်။

မြသန္တာနွယ်ကလည်း ဝင်၍ပြောသည်။

"ဒါပဲနော်၊ နွယ်ကတော့ ကြောင်နေရာက နေမယ် သိလား၊ အဟိ"

မြသန္တာနွယ်၏ မထေ့တထေ့ဖြင့် ပြောလိုက်သောကြောင့် ခင်လဲ့မူယာ၏ ဒေါသတွေမှာ အမေရိကန်နိုင်ငံရှိ နယူး

www.burmeseclassic.com



ယောက်မြို့တော်၏ ဝါးထရိုတ်ဒ်စင်တာ အဆောက်အအုံ ကြီး ဗုံးခွဲခံလိုက်ရသလို ပေါက်ကွဲကာ သွားခဲ့တော့သည်။

"ဟင်...ညည်းက ငါ့ကို ခွေးလို့ပြောလိုက်တာပေါ့လေ ညည်း တယ်နိုက်ရှိုင်းပါကလား ကောင်မရဲ့၊ ဟွင်း"

ခင်လဲ့မှုယာ ပြောရင်း မြသန္တာနွယ်အား ရန်ပြုရန် တိုးလာနေသည်။

ဤတွင် အောင်နီလွင်မှာ ခင်လဲ့မှုယာ၏လက်ကို ဖမ်းဆွဲ ထားရင်း တန်ပေါင်း၍ တောင်းပန်နေရသည်။

"ဟာ...ဟာ...မှုယာ၊ ဒီလိုမလုပ်နဲ့လေကွာ၊ဟိုမယ် လူတွေ မင်းတို့ကို ဝိုင်းကြည့်နေကြတာ မမြင်ဘူးလား၊ ရှက်စရာ ကောင်းပါတယ်ကွာ"

မှန်ပေသည်။

အမျိုးသမီးနှစ်ဦး စကားများနေကြမှုကြောင့် လက်ဖက် ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေကြသော လူများမှာ အံ့သြသော မျက်နှာ အသွင်သဏ္ဌာန်တို့ဖြင့် သူတို့ကို ဝိုင်း ကြည့်နေကြသည်။

ထိုသူများထဲတွင် အရုပ်ပိန်ပိန်ရှည်ရှည်နှင့် ကျော်စိုင်း သူနှင့် အရုပ်ပုပု ရွှေကိုင်းမျက်မှန်နှင့် ဘိုးရင်းဆိုသူမှာ အခြား သူများတွေထက် ပိုမို၍ စိတ်ဝင်စားနေကြသည်။

"ဟေ့ကောင်...ကျော်စိုင်း၊ ဟိုမယ်မြင်လား၊ အမျိုး သမီးချောနှစ်ယောက် ဘာတွေကို ဒေါပေါက်ပြီး သော ကျကြတယ် မသိဘူး၊ ဖိုက်ကြတော့မယ်ကွ၊ အဟဲ"



ဘိုးရင်းက ပြောလျှင် ကျော်စိုင်းကလည်း ခေါင်းကို တစ် ချက်ပြန်ညိတ်ရင်း ပြောနေသည်။

"အေးကွ၊ သူတို့ကြည့်ရတာ ဟိုကိုလူချောကြီးရဲ့ မြားနှစ် စင်းလို့ ထင်တာပဲ၊ အခု အကြီးအငယ် မျက်နှာချင်းဆိုင် ဆုံကြ လို့ အုံကြွပြီး ချကြတော့မယ်ထင်တယ်၊ ပွဲကြီးပွဲကောင်းပဲ ဟေ့၊ ဟား...ဟား...ဟား"

ခင်လဲ့မှုယာမှာ အောင်နီလွင်အား ဒေါသထွက်နေသော မျက်နှာဖြင့် လှမ်းကြည့်ကာ ပြန်ပြောနေသည်။

"အိုး...သူကမှ အရှက်အကြောက်မရှိဘဲ မှုယာ့ကို ရန်တွေ့ နေတဲ့ဟာ၊ ဒါကို မှုယာက ငြိမ်ခံနေရမှာလား၊ ပါးကိုက်ရင် နားပြန်ကိုက်ရမှာပဲ သိလား"

ထိုစကားများကြောင့် အောင်နီလွင်မှာ ခင်လဲ့မှုယာအား တောင်းပန်နေရပြန်သည်။

"အေးပါ၊ ဒါကို ငါသိပါတယ် မှုယာရယ်၊ အခုကိစ္စမှာ မင်းမှာ အပြစ်မရှိပါဘူး"

ထိုအခါတွင်တစ်ဖက်တွင်ရှိနေသောမြသန္တာနွယ်မှာအောင် နီလွင်၏ စကားများကြောင့် ဒေါသအမျက် ချောင်းထဲသို့ ထွက်ကုန်တော့သည်။ အဲလေ...ယောင်လို့၊ ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ သွားခဲ့တော့သည်။

"ဘာပြောတယ်၊ သူ့မှာအပြစ်မရှိဘူး ဟုတ်လား၊ ဒါဆို ရင် နွယ့်မှာ အပြစ်ရှိနေတယ်ပေါ့၊ အစ်ကိုက ဟိုဟာမဘက် ကို လိုက်ပြီး ပြောနေတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်၏ ကြိမ်းမောင်းသံကြောင့် အောင်နီလွင်မှာ ပြုံးထွက်သွားခဲ့ရပြန်သည်။ အဲ....အဲ....မျက်လုံးပြူး၍ သွားခဲ့ရပြန်သည်။

"ဟာကွာ....နွယ်ကလဲ၊ အစ်ကိုက ဒီသဘောမျိုးနဲ့ ပြောနေတာမှ မဟုတ်ဘဲ၊ နွယ့်မှာလဲ အပြစ်မရှိပါဘူး၊ ဒီတော့ ရန်မဖြစ်ကြပါနဲ့ကွာ၊ နှစ်ဦးစလုံး ငှက်ပျောသီးစားကြပါကွာ"

"ဘာဘာ....ငှက်ပျောသီး စားကြပါလား၊ ဒါက ဘာစကားလဲ"

မြသန္တာနွယ်က ပြန်မေးနေသည်။

"အဟဲ....ဒီလိုပါ၊ ငှက်ပျောသီးစားကြပါဆိုတာ သဘောကြီးကြီး ထားကြပါလို့ စကားလိမ်နဲ့ ပြောလိုက်တာပါကွာ အဟဲ"

မြသန္တာနွယ်ကို ပြောအပြီးတွင် တစ်ဖက်မှ ခင်လဲ့မူယာက လည်း တစ်ခန်းထလာပြန်သည်။

"သူ့မှာ အပြစ်မရှိဘူးဆိုတော့ မူယာ့မှာ အပြစ်ရှိနေပြီ ပေါ့နော်၊ ဟုတ်လား"

"အိုကွာ....မူယာကလဲ၊ မင်း....မင်းမှာလဲ အပြစ်မရှိပါဘူး"

"ဟင့်အင်း....မရဘူး၊ ကိုကို ဒီလိုတော့ လွှလည်မလုပ်နဲ့ အခုဖြစ်တဲ့ကိစ္စမှာ တစ်ဦးကတော့ မှားနေရမှာ အမှန်[illegible] ဒီတော့ ဘယ်သူက မှန်ပြီး ဘယ်သူမှားတယ်ဆိုတာ အဖြေ [illegible] အပြတ်ကို ပြောပြ၊ ဒါပဲ"



ခင်လဲ့မူယာက ရာဇသံပေးနေတော့သည်။

အောင်နီလွင်မှာတော့ ခင်လဲ့မူယာ၏ စကားများကြောင့် အကျပ်ရိုက်ကာ သွားတော့သည်။

သူ့အနေနှင့် မည်သူက မှန်၍ မည်သူက မှားသည်ကို မဆုံးဖြတ်ရဲပေ။

"ဟေး....ဆရာကြီး၊ ပြောလေ၊ မူယာက မှားသလား၊ ဟိုဟာမက မှားသလားဆိုတာ"

ခင်လဲ့မူယာက နောက်တစ်ကြိမ်ထပ်၍ မေးနေပြန်သည်။

"ခက်တာပဲ၊ ဒီကိစ္စကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရအောင် ကိုကိုဟာ သုဓမ္မစာရီမှ မဟုတ်ဘဲ၊ ဒီတော့ မင်းတို့ဘာသာပဲ ဆုံးဖြတ်ကြပါကွာ"

ထိုစကားများကို ကြားရလျှင် ခင်လဲ့မူယာမှာ မကျေမနပ်ဖြစ်ကာသွားတော့သည်။

"အံမယ်....ကိုကို ဒီလို အလိမ္မာသုံးပြီး ရှောင်ပြေးလို့ရရောလား၊ မရဘူး၊ ကိုကိုကိုယ်တိုင်ပဲဆုံးဖြတ်ရမယ်၊ ကဲ....ပြော"

ခင်လဲ့မူယာ၏ စကားအဆုံးတွင် မြသန္တာနွယ်ကလည်း ထောက်ခံသံဖြင့် ဝင်ပြောနေသည်။

"မှန်တယ်၊ အစ်ကိုပဲ ဆုံးဖြတ်ပါ၊ သူမှားသလား၊ နွယ် မှားသလားဆိုတာကို"

"အလိုလေးလေး၊ ဘယ့်နှယ်ကြောင့် လူကို တရားလိုဘက်ကနေ တရားခံဖြစ်အောင် လုပ်ကြမလို့လဲ၊ ငါ့ကိုတော့ ချမ်းသာပေးကြပါ၊ ငါမဆုံးဖြတ်တတ်တဲ့ကိစ္စမှာ ငါ့ကို အမှားအမှန် ဆုံးဖြတ်ခိုင်းတာတော့ မတရားပါဘူးကွာ၊ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံးကတော့ မင်းတို့နှစ်ဦးစလုံး ရုပ်တန်းကရပ်ပြီး ငြိမ်းချမ်းရေးလုပ်ကြတာ အကောင်းဆုံးပါပဲ၊ ဟုတ်လား''

အောင်နီလွင်၏ စကားအဆုံးတွင် ခင်လဲ့မူယာမှာ ခေါ်ပွသွားခဲ့ပြန်သည်။

''အံမယ်....ဘာလို့ ငြိမ်းချမ်းရေးလုပ်ကြရမှာလဲ၊ ပါလက်စတိုင်းနဲ့အစ္စရေးတို့သာ ငြိမ်းချမ်းရေး ရချင်ရမယ်၊ သူနဲ့မူယာကတော့ မရဘူး သိလား....သိလား''

ခင်လဲ့မူယာမှာ စကားအဆုံး၌ အောင်နီလွင်၏ ရင်ဘတ်ကို သူမ၏ လက်ဖနောင့်ဖြင့်ထုကာ ပြောနေသည်။

မြသန္တာနွယ်ကလည်း ဝင်ပြောပြန်သည်။

''ဟုတ်တယ်၊ ငြိမ်းချမ်းရေးကိစ္စ မပြောနဲ့၊ ဘယ်သူ မှန်တယ် မှားတယ်ဆိုတာသာ အစ်ကိုကပြော၊ ကဲ....ပြောလေ ဘာဖြစ်လို့ မပြောရဲရတာလဲလို့၊ ကဲ....''

မြသန္တာနွယ်က ပြောရင်း အောင်နီလွင်၏ ဝမ်းဗိုက်ကို တအားဆွဲလိမ်လိုက်တော့သည်။

''အရှီးရှီး....ဘယ်လိုဟာတွေလဲ ဟရို့၊ တစ်ယောက်ကရင်ဘတ်ထုတယ်၊ တစ်ယောက်က ဗိုက်ကြောကို ဆွဲလိမ်တယ်၊ ကြာရင် ငါမှာ ဒဏ်ပိပြီး သေလိမ့်မယ်သိလား''

အောင်နီလွင်က မျက်နှာကြီးကိုမဲ့ပြရင်း ပြောနေသည်။

သူတို့အဖြစ်ကို တစေ့တစောင်းကြည့်နေကြသော လက်ဖက်ရည်ဆိုင်မှ လူများမှာတော့ ပြုံးနေကြသည်။

ထိုသူများထဲတွင် ရှိနေသော ကျော်စိုင်းက သူ့အဖော်ဘိုးရင်းဘက်သို့ လှမ်းပြောနေသည်။



''တွေ့လားကွ ဘိုးရင်း၊ ဟဲကြီးကို သူ့ဟာမနှစ်ယောက် တစ်ယောက်တစ်ချက် လက်သွက်ဆွက်နဲ့ အုပ်နေကြတာ၊ ဟား....ဟား....ဟား''

ကျော်စိုင်းက ပြောပြီးရယ်နေသည်။

ဘိုးရင်းကလည်း သဘောကျသံဖြင့် ပြန်ပြောနေသည်။

''အေးကွ....မယားနှစ်ယောက်ဆုံတော့လဲ အခုလိုပဲ ဖြစ်မှာပေါ့၊ ဒါကြောင့် စကားပုံတောင် အရှိသားပဲကွ''

''ဟေ့....ဘယ်လိုစကားပုံလဲ ဘိုးရင်းရ၊ ပြောပြစမ်းပါဦး''

ကျော်စိုင်းက စိတ်ဝင်စားဟန်ဖြင့် ဘိုးရင်းအား ပြန်မေးနေသည်။

''ဒီလိုကွ၊ ဘိုင်သမားကိုလဲ မယုံလေနဲ့၊ အပြိုင်မယားတွေကိုလဲ မဆုံစေနဲ့တဲ့ကွ၊ ဘိုင်သမားကိုယုံတော့ ရစရာတွေ ပျက်စတတ်တယ်၊ အဲ....အပြိုင်မယားတွေဆုံတော့ ပြဿနာတက်တတ်တယ်ကွ၊ အခုလဲ ဒီအတိုင်းပဲ ပြဿနာတက်နေပြီလေ၊ ဟား....ဟား....ဟား''

ဘိုးရင်း၏ စကားအဆုံးတွင် ကျော်စိုင်းသာမက အနီးအနားတွင် ရှိနေကြသော လူများပင် တဟားဟားဖြင့် ရယ်နေကြသည်။

အောင်နီလွင်မှာတော့ ပရိသတ်လူပုံအလယ်တွင် အမျိုးသမီးနှစ်ဦး ပြဿနာတက်နေကြမှုကြောင့် သူ့မှာ အရှက်ကြီးကွဲနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ အောင်နီလွင်မှာ အမျိုးသမီး နှစ်ဦးစလုံးအား စိတ်ဆိုးသံဖြင့် ပြောနေတော့သည်။

"ဒီမယ်ဟေ့....မင်းတို့ နှစ်ယောက်စလုံး ငါပြောတာ နားမထောင်ဘဲ အခုလိုဆက်ပြီး ရန်ဖြစ်နေကြမယ် ဆိုရင် ကြိုက်သလိုဖြစ်ကြပေတော့၊ ငါကတော့ မင်းတို့ အနားမှာ မနေတော့ဘူး၊ အခုပဲ ငါသွားမယ်"

အောင်နီလွင်ပြောရင်း ရပ်ထားသော သူ၏ မော်တော် ဆိုင်ကယ်ရှိရာသို့ ထွက်သွားတော့သည်။

"အို....အစ်ကို၊ နှယ်လဲလိုက်မယ်လေ၊ ခဏနေပါဦး"

မြသန္တာနွယ်က နောက်မှ လှမ်းတားရင်း အောင်နီလွင် သို့ ပြေးလိုက်သွားခဲ့သည်။

ခင်လဲ့မူယာမှာတော့ သူတို့ကို ငေး၍ ကြည့်နေမိသည်။

ထိုအခိုက် လက်ဖက်ရည်ဆိုင်မှ စားပွဲထိုး ကလေး အောင်နီလွင်တို့ထံသို့ အပြေးကလေး လိုက်လာပြီး လက်ဖက် ရည်ဖိုးတောင်းခံနေသည်။

"အစ်ကိုတို့၊ လက်ဖက်ရည်ဖိုး ရှင်းမသွားရသေးဘူး ခင်ဗျ"

"အာ....ဟုတ်သားပဲ၊ စိတ်မဆိုးနဲ့ကွာ၊ ကဲ....ပြော၊ ဘယ် လောက်ကျသလဲ"

အောင်နီလွင်က အားနာသံဖြင့် ပြန်မေးနေသည်။

"အားလုံး နှစ်ဆယ့်ရှစ်ကျပ် ကျပါတယ် အစ်ကို"



စားပွဲထိုးကလေးက ပြောနေစဉ် မြသန္တာနွယ်က သူမ၏ ပိုက်ဆံအိတ်တွင်းမှ ဆယ့်ငါးကျပ်တန် နှစ်ရွက်ကို အမြန်ထုတ် ပေးရင်း ပြောသည်။

"ရော့....ဟောဒီမယ် ယူလိုက်၊ ပိုတာ ပြန် အမ်းမနေနဲ့ တော့၊ မင်းပဲယူ"

မြသန္တာနွယ်က ငွေစက္ကူများထုတ်ပေးနေ၍ အောင်နီလွင် လည်း ထုတ်မပေးတော့ဘဲ ထိုနေရာမှ မော်တော်ဆိုင်ကယ်ကို အမြန်မောင်းထွက်လာခဲ့သည်။

"ဟင်....ကိုကို၊ ဒါ ဒါ ဒါက ဘယ်ကိုသွားတာလဲ ဟင်"

ခင်လဲ့မူယာမှာ အောင်နီလွင်တို့ မော်တော်ဆိုင်ကယ်ဖြင့် ထွက်သွားတော့မှ သတိရကာ လှမ်းအော် ခေါ်နေသည်။

သို့သော် အောင်နီလွင်ကတော့တကယ်ပင်မကြား၍လော၊ သို့မဟုတ် တမင်ပင် မကြားချင်ယောင် ဆောင်သွားသလော မသိ။

လုံးဝမရပ်ဘဲ သူ၏မော်တော်ဆိုင်ကယ်ကို ဆက်၍စီးသွား ခဲ့သည်။

မြသန္တာနွယ်ကတော့ ခင်လဲ့မူယာဘက်သို့အောင်နိုင်သော အပြုံးဖြင့် သမင်လည်ပြန် လှည့်ကြည့်ကာ ဆိုင်ကယ်နောက်မှ ပါသွားခဲ့သည်။

ခင်လဲ့မူယာလည်း ဒေါကန်ကာ သူမ၏ကားပေါ်သို့ ခြေကို ဆောင့်၍တက်သွားခဲ့သည်။

ပြီးတော့ ကားကိုစက်နှိုးကာ ထိုနေရာမှ မောင်းထွက်ကာ သွားတော့သည်။

www.burmeseclassic.com

ကျော်စိုင်းနှင့် ဘိုးရှင်းတို့ကတော့ သူတို့ အဖြစ်ကိုကြည့်ကာ တဟားဟားဖြင့် ရယ်ကြရင်း အောက်ပါအတိုင်းဝေဖန်နေတော့သည်။

''အဟဲ....တွေ့လားကွ ဘိုးရှင်းရ၊ ဟိုငနဲသားဟာ တစ်ယောက်ကို ခေါ်ပြီး လစ်ပြေးသွားလို့ ကျန် တစ်ယောက်က ဒေါ်ဖောင်း ကျန်ရစ်ခဲ့တယ်ကွ၊ ဒါထက် သူတို့ နှစ်ဦးအနက် ဘယ်သူကအကြီး ဘယ်သူက အငယ်လို့ ထင်မလဲကွ၊ ဟဲဟဲ''

ကျော်စိုင်းက မေးလျှင် ရွှေကိုင်းမျက်မှန်နှင့် ဘိုးရှင်းက သွားများကို ပေါ်အောင်ပြုံးပြရင်း ပြန်ပြောသည်။

''အဲရိုးအီးဇီး .... လွယ်လွယ်ကလေးပါ ကွာ၊ မော်တော်ဆိုင်ကယ် နောက်ကို ပါသွားခဲ့တာက အငယ် ဖြစ်ရမယ်၊ ကားနဲ့ထွက်သွားသူက အကြီးဖြစ်ရမယ်ကွ''

''ဘယ်လိုကြောင့် မင်းက အခုလို တပ်အပ် ပြောနိုင်တာလဲကွ''

''ပြောနိုင်ဆို မော်တော်ဆိုင်ကယ် နောက်မှာ ပါသွားတဲ့ အမျိုးသမီးက ရုပ်ကလဲ ပိုချောတယ်၊ အသက်ကလဲ ငယ်ပုံရတယ်ကွ၊ ဟို ဟွန်ဒါကားနဲ့ အမျိုးသမီးကတော့ ရုပ်က ဟိုတစ်ယောက်လောက် မချောဘူး၊ ပြီးတော့ အသက်လဲနည်းနည်းကြီးပုံပေါ်နေလို့ပေါ့ကွ၊ ဟဲဟဲ''

''အေး....မင်းပြောတာဖြစ်တော့ဖြစ်နိုင်တယ်ကွ၊ အကြီးနဲ့ အငယ် ပြဿနာဖြစ်လာရင် ယောကျ်ားလုပ်တဲ့သူဟာ အငယ်ဘက်ကိုသာ အပါများတယ်ကွ၊ အခုလဲ အငယ်ကို ခေါ်ပြီး ရှောင်ထွက်သွားတယ် မဟုတ်လား၊ ဒါပေမယ့် ဒီပြဿနာကတော့ အေးဦးမယ် မထင်ပါဘူးကွာ၊ အဟီး''

''မှန်တာပေါ့ ကျော်စိုင်းရာ .... မိုးမသေဘဲ မယားနှစ်ယောက်ကိုထားရင် အလျားစောက်တဲ့ ချောက်ထဲမှာ မှောက်လျက်လဲကျသလို ဖောက်ရှက်ကြီးပါ ကွဲတတ်ပါသတဲ့ကွာ၊ အဲဒါကို သင်ခန်းစာယူပြီး မင်းလဲ မယားနှစ်ယောက်ထားဖို့ စိတ်မကူးနဲ့ ကျော်စိုင်းရ၊ ဟား ဟား ဟား''

''ဟယ်....သေနာကျကလဲ လူကိုများ မယားနှစ်ယောက်ယူပြီး ပြုံးဖြီးဖြီးနေတဲ့ ခေါင်းတုံးကြီးနဲ့ သဲမောင်များမှတ်နေလို့လားကွ၊ ဟွန်း''

ကျော်စိုင်းက ပြောရင်း ဘိုးရှင်း၏ ဆက်ပိုးကို လှမ်းရိုက်လိုက်သည်။

ဘိုးရှင်းကတော့ တဟားဟားဖြင့် ရယ်မဆုံး ဖြစ်ကာနေတော့သည်။

* * *

www.burmeseclassic.com

(တစ်ဆယ်)

## မြသနာတွေ ဆင့်ကဲ....ဆင့်ကဲ

''အင်း....ငါကတော့ မင်းနဲ့သိကျွမ်းရတာ ပါပဂြိုဟ် ဝင်သလိုဖြစ်နေပြီ ထင်ပါတယ် မြသန္တာနွယ်ရယ်၊ ဟွန်း''

အောင်နီလွင် စီးလာခဲ့သော မော်တော်ဆိုင်ကယ်မှာ ကန်တော်ကြီးဘက်သို့ အရောက်တွင် အထက်ပါအတိုင်း ပြောနေတော့သည်။

''အို....အစ်ကိုကလဲ၊ နွယ်နဲ့ သိကျွမ်းရတာနဲ့ ပါပဂြိုဟ်ဝင်တာ ဘာဆိုင်လို့လဲလို့၊ ခိ ခိ ခိ''

မြသန္တာနွယ်က ပြောပြီး ရယ်နေသည်။

''ဆိုင်တာ ပေါ့ကွာ...မင်းနဲ့ သိကျွမ်းခဲ့ရလို့သာ အခုလို မြသနာမျိုးတွေဟာ ငါ့မှာ ဆင့်ကဲဆင့်ကဲပေါ်နေခဲ့တာပေါ့၊ အခုလဲကြည့်လေ....မင်းကြောင့် ခင်လဲ့မူယာဟာ ဒေါကန်ပြီး



ကျန်ရစ်ခဲ့ပြီ၊ ဒါဟာ ပြီးဦးမယ် မဟုတ်ဘူး၊ ဇာတ်လမ်းက ငါပြန်ရောက်တဲ့အထိ ဆက်လိမ့်ဦးမယ် ထင်တယ်၊ တကယ်လို့များ ဇာတ်လမ်းက ရပ်တန်းက မရပ်ဘဲ ဆက်နေရင်တော့ အခန်းဆက် ဇာတ်လမ်းကြီး ဖြစ်ပြီး သူ့မိဘတွေရော ငါ့မိဘတွေပါ ပါလာတော့မယ် ထင်တာပဲကွာ၊ တောက်''

အောင်နီလွင်မှာ မော်တော်ဆိုင်ကယ်ကို မောင်းနေရာမှ မြသန္တာနွယ်အား ညည်းညည်းညူညူဖြင့် ပြောပြနေသည်။

''အဲဒီလို ပါလာကြတော့ ဘာဖြစ်မှာမို့လဲ ပြောပါဦး''

''ဘာဖြစ်မယ် ဆိုတာတွေကတော့ ပြောရရင် ဖြစ်နိုင်တာတွေ အများကြီးပေါ့ကွာ၊ အထူးသဖြင့် ငါ့ကို မင်းနဲ့သံသယ ကွဝင်ပြီး ခင်လဲ့မူယာနဲ့ အမြန်ပေးစားကြမှာကို ငါအလန့်ဆုံးပဲ''

''ဟောတော့်....လူကြီးတွေက မိန်းမ ပေးစားကြမှာကို အစ်ကိုက ဘာဆိုင်လို့ လန့်ရတာလဲ၊ ဒါဟာလန့်စရာမှမဟုတ်တာ၊ ဝမ်းသာစရာ မဟုတ်လားလို့၊ ခိ ခိ ခိ''

မြသန္တာနွယ်က အောင်နီလွင် မခံချင်အောင် နောက်မှဆွပေးနေသည်။

''တော်စမ်းပါ....မင်းကို ငါပြောခဲ့တယ် မဟုတ်လား၊ ဒါဟာ ခင်လဲ့မူယာကို ဇနီးမယားအဖြစ်ထက် ညီမလေးလိုပဲ ချစ်ချင်တယ် ဆိုတာလေ''

''ဒါဆို အစ်ကို့မှာ တခြားငယ်ချစ်ဦးရှိနေလို့လား ဟင်....ဟို ဟို....ဂျာမနီမှာ အလုပ်သွားလုပ်တုန်းကတော့ ဂျာမန်သူငယ်လေးနဲ့ ချစ်ခဲ့ဖူးလို့လားလို့၊ အဟိ''

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ၊ မဟုတ်တာတွေ လာမေး မနေစမ်းပါနဲ့ကွာ"

အောင်နိုလွင်က စိတ်တိုသံဖြင့် ပြောလျှင် မြသန္တာနွယ်မှာ တခစ်ခစ်ဖြင့် ရယ်နေသည်။

"စိတ်ကလဲ အရပ်ရှည်သလောက် တိုတတ်ရန်ကော၊ ဒီ... မသိလို့မေးတဲ့ဟာ၊ ခိ ခိ"

"အေး....မင်း မေးတာတွေက ငါ့သိက္ခာကို ထိခိုက်... တော့ စိတ်ဟာ မတိုဘဲနေပါ့မလားကွ၊ ဟွန်း"

"အဲဒီလိုဆိုရင်လဲ ဆောရီးပေါ့ အစ်ကိုရယ်၊ ခိခိ"

"ကဲ....ဆောရီးကို အလောတကြီးနဲ့ ပြောမနေနဲ့၊ အခု... ဘယ်ကိုသွားမယ်ဆိုတာကိုသာ အရင်ပြောစမ်းပါ"

"အင်း....ဘယ်သွားရမလဲ ဆိုတော့....အခု နွယ်တို့ရောက်... နေကြတာ ကန်တော်ကြီးဘက်ဆိုတော့ အနီးဆုံးနေရာဖြစ်... ပြည်သူ့ဥယျာဉ်ကို သွားကြရရင် မကောင်းဘူးလား ဟင်"

"အာ....လုပ်ပြီ၊ ဒီကန်တော်ကြီးကနေပြီး ပြည်သူ့ဥယျာ... ဘက်ကို ငါက ပြန်လှည့်ပြီး မောင်းပို့ရဦးမှာလားကွ၊ မင်း... ဟာက မဟုတ်သေးပါဘူး"

"ခိခိ၊ နွယ်က တမင် နောက်နေတာပါ၊ ကန်တော်ကြီး... ဘက်ကိုရောက်မှတော့ အဲဒီ ကန်တော်ကြီးမှာပဲ အပန်းဖြေ... မကောင်းဘူးလားလို့"

"ကောင်းပြီလေ....မင်းဖြေချင်ရင် ငါပို့ပေးပါ့မယ်"



"ဟင်....အစ်ကိုကကော မဖြေဘူးလား"

"ဟ....ဘယ်ဖြစ်ပါ့မလဲ၊ ငါ့မှာက ခင်လဲ့မူယာကိုလိုက်ပြီး ချော့ရဦးမယ်လေ"

"ကတဲ့မှပဲ....သူ့မှာအဖြစ်သည်းနေလိုက်တာ၊ ဟိုက ဘာဖြစ်နေလို့လဲ"

"အလို....မင်း ဘယ်လိုပြောလိုက်တာလဲ မြသန္တာနွယ်ရယ်၊ ဟို တစ်ယောက်မှာ မင်းကြောင့် ဘယ်လောက် ဒေါပွနေတယ် ဆိုတာ မင်းမသိဘူးလား"

"သိတယ်လေ... သူ ဒေါပွတာက နွယ့်ကိုပဲ၊ အစ်ကို့ကိုမှ မဟုတ်တာ"

"မဟုတ်ပေမယ့် မင်းကြောင့် ငါပါ တရားခံ ဖြစ်နေတယ်လေ၊ ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ ကျေနပ်အောင် ငါက ချော့ရမှာပဲကွ၊ ငါ့မှာကလဲ အဖြစ်မှမကောင်းဘဲ"

"ကောင်းပြီ...သူ့ကို အစ်ကိုကချော့မယ်ဆိုရင် နွယ့်ကိုလဲ ချော့ရမယ် သိလား"

"အလိုဗျာ၊ မင်းကို ဘာဆိုင်လို့ ငါကချော့ရမှာလဲ၊ ပြောပါဦး"

"ဆိုင်တာပေါ့၊ နွယ်ဟာ အစ်ကိုနဲ့တွေ့ဖို့ လာခဲ့တာမဟုတ်လား၊ ဒါကို အစ်ကို့ ဇနီးလောင်းက နှုတ်သီးကောင်းကောင်းနဲ့ ရန်ထောင်ခဲ့တယ်လေ၊ ဒါတွေဟာ ဘာကြောင့်ဖြစ်ရသလဲ ဆိုတော့ အစ်ကို့ကြောင့် ဖြစ်ရတာမို့ နွယ့်ကို အစ်ကိုဟာ မှတောင်းပန်သင့်ဘူးလားလို့၊ ပြောပါဦး၊ အဟီ"

www.burmeseclassic.com

www.burmeseclassic.com



''တော်စမ်းပါ...အဲဒီလို ဖြစ်ရတာဟာ မင်း အပြစ်တွေကြောင့်ပါကွာ''

''ဩော်...နွယ့်အပြစ်တွေ ဟုတ်လား၊ အင်းလေ အစ်ကိုကတော့ ဒီလိုပဲပြောမှာပေါ့၊ ခင်လဲ့မူယာက အစ်ကို့ရဲ့ဇနီးလောင်းဖြစ်နေတာကိုး''

''ဘာပဲဖြစ်ဖြစ် အခုကိစ္စမှာ မင်းအပြစ်ကတော့ အများကြီးပဲ၊ ဒီတော့ကာ မင်းကို ကန်တော်ကြီးမှာ ငါထားခဲ့မယ်၊ မင်းဘာသာမင်း ကြိုက်သလို အပန်းဖြေပေတော့၊ ငါကတော့ ပြန်မယ်''

''အံမယ်...ဘာရမလဲ၊ နွယ်ဟာလေ ဒီကနေ့တစ်နေ့လုံးကို အစ်ကိုနဲ့ လျှောက်လည်မယ်လို့ စိတ်ကူးထားတာမို့ လစ်ပြေးမယ်တော့ မကြံနဲ့၊ မရဘူး သိလား''

''ဟာကွာ၊ ဒါကတော့ မင်းဟာ ငါ့ကို သက်သက်မယ့်အနိုင်ကျင့်တာပဲ၊ ငါတော့ မလည်နိုင်ဘူးကွာ၊ မင်းတစ်ယောက်တည်းပဲလည်ပါ မြသန္တာနွယ်ရယ်''

''ဘယ်ဖြစ်မလဲ၊ အစ်ကိုပဲ စဉ်းစားကြည့်စမ်း၊ ဒီကန်တော်ကြီးထဲမှာ နွယ်တစ်ဦးတည်း အပန်းဖြေနေလို့ ဘယ်ကောင်းမလဲ၊ သူများတကာတွေမှာက အတွဲတွေနဲ့ လာကြသူကလာကြ၊ မိသားစုတွေနဲ့ လာကြသူကလာကြနဲ့မို့ နွယ်ကမှတစ်ဦးတည်းနေရင် သူစိမ်းယောကျ်ားတွေက တစ်မျိုးထင်သွားကြမှာပေါ့၊ ပြီးတော့ အရင်တုန်းက နွယ့်နောက်ကို



သဲကြီးမဲကြီးလိုက်နေကြတဲ့ ဥမ္မတ္တက နှစ်ကောင်နဲ့ တွေ့ရင် ဘယ်လိုလုပ်မလဲ၊ ဒါကြောင့် ခေါ်နေတာပေါ့၊ ဒီတော့ နွယ်ပြောသလို အစ်ကိုဟာ တစ်နေကုန်လိုက်ပြီး လည်ရမယ် ဟုတ်လား၊ နို့မို့ နွယ် ငိုပစ်လိုက်မယ်''

မြသန္တာနွယ်မှာ အောင်နိုင်လွင်၏ ပခုံးကလေးကို အသာဆုရင်း အကျပ်ကိုင်နေသည်။

''ကောင်းပြီ၊ မင်းဆန္ဒကို ငါဒီတစ်ခါတော့ လိုက်လျောလိုက်ပါမယ်၊ ဒါပေမယ့် တစ်နေကုန်တော့ မလည်နိုင်ဘူး၊ ညနေသုံးနာရီအထိပဲ အချိန်ပေးမယ်၊ ဟုတ်လား''

အောင်နိုင်လွင်မှာ ငြင်းမရ၍ မြသန္တာနွယ်အား ချော့ဆစ်နေသည်။

မြသန္တာနွယ်က စဉ်းစားနေလေသည်။

''ကောင်းပြီလေ၊ အစ်ကိုက နွယ်ပြောတာကို လိုက်လျောတော့လဲ နွယ်ကပြန်ပြီး လိုက်လျောရမှာပေါ့၊ ကိုင်း...ကန်တော်ကြီးထဲကို သွားပေတော့''

မြသန္တာနွယ်၏ စကားအတိုင်းပင် အောင်နိုင်လွင်မှာ ကန်တော်ကြီးဘက်သို့ သူ၏မော်တော်ဆိုင်ကယ်ကို မောင်းဝင်သွားခဲ့ရတော့သည်။

ထိုအချိန်တွင် ခင်လဲ့မူယာမှာ အိမ်သို့ရောက်နေပြီ ဖြစ်သည်။

တိုက်ဆင်ဝင်အောက်တွင် ခင်လဲ့မူယာက မော်တော်ကားကိုရပ်ပြီးနောက် စူပုပ်ကာနေသော မျက်နှာကြီးနှင့် တိုက်တွင်းသို့ ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်လဲ့မူယာ၏ မိဘများဖြစ်ကြသော ဦးညိုမြနှင့် ဒေါ်ခင်ထွေးတို့မှာ သမီးဖြစ်သူ၏မျက်နှာကိုကြည့်ကာ အံ့သြသွားကြသည်။

''ဟဲ့....သမီး၊ ဒါက ဘယ်လိုဖြစ်လာရတာလဲ၊ မျက်နှာလဲ မကောင်းပါလား''

ဒေါ်ခင်ထွေးက စိုးရိမ်သံဖြင့် ခင်လဲ့မူယာအား လှမ်းမေးနေသည်။

ဦးညိုမြကတော့ မည်သို့မှဝင်မပြောသေးဘဲ ဘေးနားရပ်၍နားထောင်နေသည်။

''ဘာဖြစ်ရမှာလဲ မေမေရဲ့၊ ဟိုဟာမပေါ့၊ ဟိုဟာမ''

''ဟေ....ဘယ်ဟာမလဲ၊ ညည်းပြောတာ ငါနားမလည်ပါဘူးအေ''

''ဖေဖေက မေမေ့ကို ဘာမှပြောပြမထားဘူးလား''

''ဟင့်အင်း....ဘာမှမပြောဘူး''

ဒေါ်ခင်ထွေးက သမီးဖြစ်သူကို ပြန်ပြောနေရာမှ ဦးညိုမြထံသို့လှည့်၍ မေးနေသည်။

''ကိုညိုမြ၊ သမီးပြောနေတာက ဘာတွေလဲဟင်''

''ငါလဲ ဘယ်သိပါ့မလဲ''

''ဟင်...သမီးကပြောတော့ ရှင်သိနေသလိုပါပဲလား''

''အင်း....မင်းသမီးလဲ အခုတလော ပေါက်နေပြီထင်တယ်ကွာရဲ့၊ အဟီး''



''ဟာ....ဖေဖေကလဲ၊ ဘာ တွေ လာ ပြော နေ ရ တာ လဲ၊ မနက်တုန်းက ကိုကို့ဆီကို လာသွားခဲ့တဲ့ ဆက်ကော့လတ်ကော့မလေးကို ပြောနေတာလေ''

ခင်လဲ့မူယာက စိတ်တိုသံဖြင့် ဖခင်ကြီးအား ပြန်ပြောနေသည်။

ထိုအခါကျမှ ဦးညိုမြမှာ သတိရကာ သွားတော့သည်။

''အိမ်း....ဟုတ်သားပဲ၊ ဟုတ်တယ်မခင်ထွေးရ၊ ဟုတ်တယ်''

''နေစမ်းပါဦး၊ ရှင့်စကားက အဆုံးမရှိအစမရှိ ငုံးတိတိနဲ့၊ ဘာတွေဟုတ်နေရတာလဲရှင့်''

''အပဲ၊ ဒီလိုလေကွာ၊ မနက်တုန်းက မောင်အောင်နီလွင်ဆီကို လာသွားခဲ့တဲ့ ကလေးမကလေးပေါ့၊ ရုပ်ကတော့ တော်တော်ကို ချောတယ်ကွ၊ ကိုယ်လုံးကိုယ်ပေါက်ကလေးကလဲ လှယဉ်ကျေးမယ်တွေထက်ကို သာသေး၊ အသားကလေးကလဲ ဖြူဖြူကလေး''

ဦးညိုမြမှာ မြသန္တာနွယ်၏ အလှတွေကိုသာ ဖိ၍ ချီးမွမ်းနေသည်။

ခင်လဲ့မူယာမှာ စိတ်မရှည်တော့ဘဲ ဝင် ပြော ရ တော့သည်။

''အို....ဖေဖေကလဲ၊ ဘာတွေ လျှောက်ပြောနေရတာလဲ၊ သမီးပြောခိုင်းနေတာက ဒီဟာမလေးရဲ့ အလှကိုမဟုတ်ဘူး၊ သူဟာကိုကို့ရဲ့ညီမလေးဆိုပြီး ဖေဖေ့ကို တစ်ပတ်ရိုက်ထုတ်သွားတာကို ပြောခိုင်းနေတာလေ''

www.burmeseclassic.com

www.burmeseclassic.com



ခင်လဲ့မူယာ၏ စကားသံအဆုံးတွင် ဒေါ်ခင်ထွေးက ဝင်မေးနေသည်။

"ဟုတ်လား ကိုညိုမြ၊ ရှင်ကကော ယုံလိုက်တာပဲလား"

"ဩော်...မိန်းမရယ်၊ ယုံဆို ငါမှ ဒီကလေးမကလေး မမြင်ဖူးတာ၊ သူက ညီမတစ်ဝမ်းကွဲဆိုတော့ ငါသဲ ယုံလိုက်တာပေါ့ကွာ"

"နေပါဦး၊ အဲဒီတုန်းက ကျွန်မ ဘယ်သွားနေလို့လဲ"

"မင်းလား၊ အိမ်ထဲမှာ ဝမ်းကျနေတယ်တဲ့လေ"

"ဘာရှင့်၊ ဘာဝမ်းကျနေတာလဲ၊ မပြောကောင်း ပြောကောင်း"

"အဲ...အဲ...ဝမ်းသွားနေတယ် ပြောတာပါကွာ၊ ဟဲဟဲ"

ဦးညိုမြက ဇနီးသည်ကို ပြန်ပြောပြီး ခင်လဲ့မူယာဘက်သို့ ဆက်၍မေးနေသည်။

"နေစမ်းပါဦး၊ သမီးလဲ သူ့နောက်ကို လိုက်သွားတယ် မဟုတ်လား၊ မတွေ့ခဲ့ဘူးလား"

"တွေ့ခဲ့ပါတယ် ဖေဖေ"

"တွေ့ခဲ့တော့ မောင်အောင်နိုလွင်ရဲ့ ညီမဆိုတာ မှန်သလား"

"ဘယ်ကလာ မှန်ရမှာလဲ၊ သမီး အစကတည်းက ပြောခဲ့သားပဲ၊ ဘက်လား ညီမပါလို့၊ ဒီကောင်မက ကိုကို့ကို တစ်ဖက်သတ်ကြိုက်နေတာ ဖေဖေရဲ့"



"ဟေ"

ထို ဟေ ဟူသော အာမေဋိတ်သံကြီးမှာ ဦးညိုမြတစ်ဦးတည်းထံကသာ မဟုတ်ပေ။

ဒေါ်ခင်ထွေးထံမှလည်း တစ်ပြိုင်တည်း ပေါ်ထွက်လာခဲ့သည်။

"ဟေမနေကြနဲ့၊ သမီးပြောနေတာတွေဟာ အမှန်တွေချည်းပဲ သိလား"

"ကိုင်း...သဟာလိုဖြင့် ငါတို့ကို သမီးသိသမျှ တစ်လုံးကျန်ပြောပြစမ်းဦးပါလေ၊ ကဲ...လာ၊ ဧည့်ခန်းထဲမှာ သွားပြောကြမယ်"

ဦးညိုမြက ပြောရင်း ရှေ့မှ ထွက်သွားခဲ့သည်။

ဒေါ်ခင်ထွေးနှင့် ခင်လဲ့မူယာတို့လည်း နောက်မှ လိုက်ပါသွားခဲ့ကြသည်။

ဧည့်ခန်းတွင်းသို့ ရောက်လျှင် ခင်လဲ့မူယာက မန်းရက်စတာရင့်တွင် မြသန္တာနွယ်နှင့် စတင်၍ တွေ့ရှိခဲ့ကြရာမှ အစ ကြိုင်သင်းတို့ မွေးနေ့ပါတီတွင် တွေ့ဆုံခဲ့ကြပုံအလယ် ယနေ့ လက်ဖက်ရည်ဆိုင်၌ တွေ့ခဲ့ကြပုံအဆုံးတို့ကို မိဘပါးအား ပြောပြနေတော့သည်။

"ဟင်...ဒီလိုဆို ဒီကိစ္စကို အေးနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကြာ သမီးနဲ့ မောင်အောင်နိုလွင်တို့ စေ့စပ်ထားခဲ့ကြတာတွေ အကုန်လုံး ပျက်သွားကြလိမ့်မယ်"

ခင်လဲ့မူယာ၏ စကားအဆုံးတွင် ဒေါ်ခင်ထွေးက စိုးပူဖြင့် ပြန်ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မေမေ၊သမီးလဲ အဲဒါကိုပဲ စိုးရိမ်နေတာပေါ့၊ စေ့စပ်ပွဲများ ပျက်သွားရင် သမီးတို့အားလုံး အရှက်ကွဲကုန်ကြမှာ မဟုတ်လား"

ခင်လဲ့မှူယာကလည်း ပြန်ပြောနေသည်။

"မှန်တယ်၊ အဲဒီတော့ သမီးနဲ့ မောင်အောင်နီလွင်တို့ မင်္ဂလာပွဲကို အချိန်ဆွဲထားလို့မဖြစ်ဘူး၊ အမြန်ဆုံး စီစဉ်လိုက်ကြရင် ကောင်းလိမ့်မယ်၊ ကိုညိုမြ၊ ရှင်ကော ဒီကိစ္စကို ဘယ်လို သဘောရသလဲဟင်"

ဒေါ်ခင်ထွေးက အနီးတွင်ထိုင်နေသော ဦးညိုမြဘက်သို့ပါ အကြံဉာဏ်ကို တောင်းခံနေသည်။

"အေးလေ၊ ဒီကိစ္စကို မောင်အောင်နီလွင်လာရင် ပြောပြပေါ့၊ သူ သဘောတူရင် ပြီးတာပဲဟာ"

"ဟာ....ဖေဖေကလဲ၊ ကိုကို့ကိုကြည့်ရတာ သမီးထက် သူ့ဟာမလေး မြသန္တာနွယ်ဘက်ကို အလေးသာနေပုံရတယ်၊ ဒီတော့ သူ့ဆန္ဒကို မေးမနေနဲ့၊ မင်္ဂလာပွဲကိုသာ အမြန်စီစဉ်လိုက်ပါလေ"

"ဟာ....ဒီလိုလုပ်လို့တော့ မဖြစ်သေးဘူးကွ၊ သမီးအခု ပြောနေတာတွေက သူ့အချစ်ကို ဓားပြတိုက်သလို ဖြစ်နေတယ်"

"ဘယ်လိုကြောင့်လဲ ဖေဖေ"

"သမီးစဉ်းစားကြည့်လေ၊ သူက သမီးကို တကယ် ချစ်သလား မချစ်သလားမသိဘဲနဲ့ ဖေဖေတို့က မင်္ဂလာပွဲကို စီစဉ်



...်ရင် သမီးတို့အိမ်ထောင်ရေးကို ထိခိုက်မှာ စိုးလို့ပဲ၊ ...တော့ သူပြန်လာရင် သူ့ဆန္ဒကို ဖေဖေတို့ မေးကြည့်ကြမယ် ..."

"ဒီလိုမေးလို့ ကိုကိုက မင်္ဂလာကိစ္စကို ဆိုင်းထားရင် ...ဘာ"

"အဲဒီလိုဆိုင်းမထားနိုင်အောင် သူ့မိဘတွေကို ဖေဖေတို့ အကြောင်းကြားမယ်ကွာ၊ အဲ...သူ့မိဘတွေရောက်လာလို့ ...င်အောင်နီလွင်ဟာ သမီးထက် ခုနက သမီးပြောတဲ့ ...င်မလေးဘက်ကို အလေးသာနေရင်လဲ စေ့စပ်ပွဲကိစ္စကို ...်ပစ်တာက ပိုကောင်းလိမ့်မယ် သမီးရဲ့"

"ဟာ...ဖေဖေကလဲ"

ဦးညိုမြ၏ စကားများကြောင့် ခင်လဲ့မှူယာ၏ မျက်နှာ...လေးမှာ မဲ့သွားပြီး အထက်ပါအတိုင်း ရေရွတ်နေတော့...ည်။

"ဖေဖေကလဲ မနေနဲ့၊ လူငယ်ချင်း ချစ်ကြိုက်မှုမရှိကြဘဲ ...ကြီးတွေက ဇွတ်အတင်းပေးစားကြမယ်ဆိုရင် သမီးတို့ ...ိမ်ထောင်ရေးဟာ တည်မြဲပါ့မလား၊ အိမ်း....အဲဒီလို ...ည်မြဲမယ့်အတူတူ စေ့စပ်ပွဲကို ဖျက်လိုက်တာက သမီးတို့ ...တွက် ပိုမကောင်းဘူးလား"

"ဒါဖြင့် ဒီကိစ္စကို သမီးတို့ဘယ်လိုစီစဉ်မှာလဲ ဖေဖေ"

"ဖေဖေတို့ချည်း စီစဉ်ကြတာထက် မောင်အောင်နီလွင်ရဲ့ ...တွေကိုပါ အသိပေးပြီး သူတို့သားအကြောင်း ပြောပြကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူတို့ရဲ့ဆန္ဒကို တောင်းခံလိုက်တာက ပိုကောင်းမယ်ဆို ဖေဖေထင်တာပဲ''

ထိုစကားအား အနီးတွင်ရှိနေသော ဒေါ်ခင်ထွေးက ထ၍ ထောက်ခံသည်။

''မှန်တယ်...ကိုညိုမြ၊ သူတို့သားအကြောင်းကို ကျွန်မတို့က ပြောပြပြီး သူတို့ဘယ်လိုဆက်ပြီး ဒီပြဿနာကို ရှင်းကြမယ် ဆိုတာကို သူတို့ဆီက သဘောထားအတိုင်း ဆောင်ရွက်ကြတာက ပိုကောင်းလိမ့်မယ်''

''ကောင်းပြီ၊ ဒါဆိုရင် ဒီကနေ့ပဲ မောင်အောင်နီလွင်ရဲ့ မိဘတွေဆီကို သံကြိုးရိုက်ပြီး ဒီကို အမြန်လာဖို့ ခေါ်လိုက်မယ်၊ ဟုတ်ပြီလား''

ဦးညိုမြက အကြံပြုနေသည်။

ကျန်ဇနီးနှင့်သမီးကလည်း သဘောတူကြဟန်ဖြင့် ခေါင်းကို ငြိမ့်တူညီစိတ်ပြလိုက်ကြသည်။

ထိုနေ့ညနေဘက်တွင် အောင်နီလွင်မှာ ခင်လဲ့မူယာ၏ အိမ်သို့ ပြန်ရောက်လာခဲ့သည်။

ထိုအချိန်တွင် ခင်လဲ့မူယာမှာ တိုက်ရှေ့ပန်းခြံထဲတွင် ခုံ အန်းပေါ်၌ ထိုင်နေသဖြင့် အောင်နီလွင် ဆိုင်ကယ်စီး၍ ဝင် လာကာသည်းက မြင်နေသည်။

ယခင်ကဆိုလျှင် အောင်နီလွင် အပြင်မှပြန်လာပါက ခင်လဲ့ မူယာမှာ အောင်နီလွင်ရှိရာသို့ အပြေးကလေးသွားကာ ကြို ကြိုလေ့ရှိသည်။



ယခုမူ သူ့ကို လုံးဝမှအကျိုးကျွန်ပြုကာ နေသည်။

အောင်နီလွင်ကလည်း သူ့အပေါ်တွင် ခင်လဲ့မူယာ စိတ် ကောက်နေသည်ကို ရိပ်မိသည်။

သို့ဖြစ်၍ သူသည် မော်တော်ဆိုင်ကယ်အား တိုက်ဘေး တွင် အသာထောင်ထားခဲ့သည်။ ပြီးလျှင် ခင်လဲ့မူယာရှိနေ သော ပန်းခြံဘက်သို့ ဖြုံးချိုသောမျက်နှာဖြင့် လျှောက်သွား ခဲ့သည်။

''ဩော်...မူယာက ဒီပန်းခြံထဲမှာကိုး၊ ကိုကိုလာတာ မသိ ဘူးလားဟင်၊ အဟဲ''

''သိသားပဲ၊ အမြင်ကတ်ကတ်ရှိ လို့ကို လာမကြိုတာ သိလား''

''ဟိုက်...ဘာဖြစ်လို့လဲ မူယာရယ်၊ဟဲဟဲ''

''ကိုယ့်အပြစ်ကိုယ် မသိဘူးလား၊ ဟွင်း...ဒီကနေ့ကိုကို တော်တော်ပျော်ခဲ့တယ် ထင်တယ်နော်၊ အဟဲ''

ခင်လဲ့မူယာက ငေါ့သံကလေးဖြင့် အောင်နီလွင်ကို မေး နေသည်။

''မပျော်ပါဘူးကွာ၊ စိတ်တောင်မှ ညစ်ရပါသေးတယ်''

''တော်စမ်းပါ၊ စိတ်ညစ်လို့သာ အခုအချိန်မှ ပြန်လာခဲ့ တာပေါ့၊ ပျော်များ ပျော်နေရင်တော့ မိုးလင်းမှ ပြန်လာမှာ မဟုတ်လား၊ ဟွင်း''

''ဟာကွာ...မူယာကလဲ၊ ဘာတွေလာပြောနေမှန်း မသိ ဘူး၊ ဟဲဟဲ''

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင် မျက်နှာချို့သွေးနေသည်။

''ဘာတွေ ပြောနေရမှာလဲ၊ ကိုကိုနဲ့ ဟိုဟာမ တစ်နေကုန် အပျော်ကြူးခဲ့ကြတာကို ပြောနေတာပေါ့၊ မဟုတ်ဘူးလား''

''ဟဲဟဲ....အဲဒီလိုထင်ရင် ငါ့ညီမ မှားနေပြီကွာ၊ ဟား.... ဟား....ဟား''

''ဘာမှားရမှာလဲ၊ မူယာကိုယ်တိုင် မျက်မြင်တွေ့ခဲ့ရတာတောင် ကိုကိုက မုန်လာဥလုပ်ချင်နေသေးသလား''

''လုပ်ရမယ်လေ.... မူယာ မြင်နေတာက မုန်လာဥကြီးပဲဟာ၊ အဟီး''

''ဘာ မုန်လာကြီးပဲလဲ၊ကဲ....ဒါဆိုပြောစမ်း၊ ကိုကိုနဲ့ ဟို ဆက်ကော့လုတ်မကော့မတို့ မော်တော်ဆိုင်ကယ်နဲ့ ဘယ်ကိုသွားကြတယ်ဆိုတာ''

''ကောင်းပြီလေ....အမေးရှိရင် ဖြေစရာကလဲ ရှိရမှာပေါ့၊ ကိုကိုတို့လေ မူယာဆီက ထွက်သွားပြီး တခြားကို မသွားကြပါဘူး၊ မြသန္တာနွယ်ရဲ့ သူငယ်ချင်းမ နေထိုင်တဲ့ ကန်တော်လေး အိမ်ကိုသွားကြတယ်၊ အဲဒီမှာ ကိုကိုက ခဏနားပြီး အလုပ်ကိစ္စတွေ ချိန်းထားတဲ့ ကိုကို့ရဲ့သူငယ်ချင်း ခေါင်းဖြူ အေးကြည်ဆီကို သွားခဲ့တာပဲ၊ မယုံရင် အဲဒီ ခေါင်းဖြူ အေးကြည်ကို မေးကြည့်နိုင်ပါတယ်ကွာ၊ သူကအနောက်ပိုင်း ရွှေတောင်တန်းထဲမှာ နေပါတယ်၊ အဟဲ''

အောင်နီလွင်သည် တစ်ဝက်သော မုသား စကားများကို ပြောခြင်းပင်။



တစ်ဝက်သော မုသားဟူ၍ပြောရခြင်းမှာ အခြားကြောင့် ဟုတ်ပေ။

သူ ယခုပြောနေသော စကားများမှာ တစ်ဝက်သာမှန်နေ း ကျန်တစ်ဝက်ကတော့ မှားနေ၍ပင်။

သူသည် မြသန္တာနွယ်နှင့် ကန်တော်ကြီးတွင် ညနေ သုံး ာရီခန့် နေခဲ့ပြီးနောက် အိမ်ကိုပြန်ပို့ခဲ့သည်။

မြသန္တာနွယ်ကို အိမ်သို့ပြန်ပို့ခဲ့ပြီးမှ သူသည် ရွှေတောင် န်းလမ်းထဲတွင် နေထိုင်သော ခေါင်းဖြူ အေးကြည်ထံသို့ ွားခဲ့ခြင်းပင်။

''ကိုကို တကယ်ပြောနေတာလား ဟင်''

''ဟာကွာ....မူယာကလဲ၊ ကိုကိုညာမပြောတတ်ပါဘူး''

''ဒါဖြင့် ဆက်ပြီး မေးဦးမယ်၊ ကိုကိုနဲ့ မြသန္တာနွယ်တို့ ာ တစ်ဦးနဲ့တစ်ဦး ချစ်ကြိုက်နေကြတယ် မဟုတ်လား''

''ဟယ်....တောက်တီးတောက်တဲ့ကွာ၊ ကိုကိုတို့က ရိုးရိုး င်မင်နေကြတာပါကွ''

''ရိုးရိုးခင်မင်တယ်ဆိုရင် ကိုကိုဟာ မူယာနဲ့ အမြန်လက် ယ်မလား၊ ကဲ ပြော''

ထိုစကားများကို ကြားရလျှင် အောင်နီလွင်မှာ ပြုံးထွက် ပြန်သည်။ မျက်လုံး။

''ခက်သိုက်ဘာကွာ....မူယာကလဲ၊ ဘာဖြစ်လို့ လက်ထပ် ဲ ကိစ္စကို လောဘဇော တိုက်နေရတာလဲ၊ ဖြည်းဖြည်းမှ က်ထပ်လို့ မဖြစ်ဘူးလားလို့''

www.burmeseclassic.com

www.burmeseclassic.com



"အို....အဲဒီဖြည်းဖြည်းမှ လက်ထပ်ဖို့ကမဖြစ်နိုင်လို့ သော နေရတာပေါ့၊ မှုယာ့မှာက ပြိုင်ဘက်ပေါ်နေပြီလေ၊ ဒီအော ကိုကိုနဲ့ မြသန္တာနွယ်တို့ ရှီးရှီးသားသား ခင်မင်နေကြတာ ရင် မှုယာနဲ့ လက်ထပ်လိုက်မေ့ါ၊ ဒါပဲ"

"ဟာကွာ....မှုယာကလဲ၊ ဘာဖြစ်လို့ ဒါလောက်တော စိုးရိမ်ပူပင်နေရတာလဲ၊ စိတ်ချ၊ မှုယာ့မှာပြိုင်ဘက်မပေါ်နိုင် ပါဘူးကွာ၊ အဲ....အခုလောလောဆယ် မှုယာ့ကို လက်မထ သေးတာက ကိုကိုဟာ လူပျိုဘဝနဲ့ နေချင်သေးလို့ပါ၊ ကို ရောမှုယာရောဟာ အသက်တွေက ငယ်ငယ်တွေပဲ ရှိကြသေး ဟာ၊ အပျိုလူပျိုဘဝမှာ လွတ်လွတ်လပ်လပ်နေနိုင်ကြပါသေး တယ်ကွာ၊ ဟဲဟဲ"

အောင်နီလွင်မှာ ခင်လဲ့မှုယာ ကျေနပ်အောင် ချော့ သည်။

"ကောင်းပြီလေ....ကိုကိုဟာ လူပျိုဘဝမှာပဲ လွတ်လွ လပ်လပ် နေချင်သေးတယ်ဆိုရင်နေပေါ့၊ ဒါပေမယ့် မှုယာ့ ကတိတစ်ခုတော့ ပေးထားရလိမ့်မယ်"

"ဟော....ဘာကတိလဲ၊ ပြောစမ်းပါဦး"

"တခြားတော့ မဟုတ်ပါဘူးလေ၊ ကိုကိုဟာ မှုယာက ပြီး တခြား ဘယ်မိန်းမနဲ့မှ လက်မထပ်ပါဘူးဆိုတာဘဲ၊ ကဲ ဒီကတိကို ပေးမလား"

"ဟိုက်"



အောင်နီလွင်မှာ ခင်လဲ့မှုယာ၏ စကားအဆုံးတွင် ဟိုက်သံ နှင့်အတူ လှမှာလည်း ငိုက်ကာကျသွားတော့သည်။

ခင်လဲ့မှုယာကတော့ အောင်နိုင်သောသူ၏ အပြုံးမျိုးဖြင့် အောင်နီလွင်အား ကြည့်နေသည်။

"ဟိုက်မနေနဲ့ဆရာကြီး၊ မှုယာတောင်းတဲ့ကတိကို လိုက်ပြီး ပေးပေတော့၊ ဒါမှ မှုယာလဲ အကြိုက်တွေ့နိုင်မယ်သိလား"

"ဟာကွာ....မှုယာကလဲ၊ ကတိတော့ မပေးပါရစေနဲ့ဦး"

အောင်နီလွင်ထံမှ အထက်ပါစကားများကို ကြားရလျှင် ခင်လဲ့မှုယာ၏ မျက်နှာကလေးမှာ ဘိုကလေး မီးသွေးပုံထဲ ထည့်သွားခဲ့သလို မည်းခနဲဖြစ်ကာ သွားခဲ့တော့သည်။

"ဟင်....မပေးနိုင်ဘူး ဟုတ်လား၊ ဒါဆိုရင် ကိုကိုဟာ ဟို သာမနဲ့ ကြိုက်နေလို့ မှုယာ့ကို မပေးနိုင်တာမဟုတ်လား"

"မဟုတ်ရပါဘူး မှုယာရယ်၊ သူ့ကို ဒီကနေ့အထိ ကိုကို ဟာ ညီမလေးလိုပဲ သဘောထားလျက် ရှိပါသေးတယ်ကွာ"

"အဲဒီလိုဆိုရင် မှုယာတောင်းတဲ့ ကတိကို ပေးနိုင်ရမှာ ပေါ့"

"ဒီမယ် မှုယာ....လောကကြီးမှာ လူရယ်လို့ ဖြစ်လာရင် ကတိဆိုတာ အရေးအကြီးဆုံးပဲ၊ ဘာအလုပ်ကိုပဲ လုပ်လုပ် လူမှန်ရင် ပေးထားတဲ့ကတိကို လေးလေးစားစား ရှိရတယ်၊ အစိုးရအရာရှိပဲ လုပ်လုပ်၊ ကုန်သည်ပဲ လုပ်လုပ်၊ ဈေးရောင်း ဈေးဝယ်ပဲ လုပ်လုပ် ကတိဘစ်လုံးကို အသက်နဲ့ထပ်တူ ထိန်း သိမ်းကြရမယ်၊ ဒါမှလဲ လူအပေါင်းက လေးစားကြည်ညိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှုအပြည့်အဝ ရှိကြမှာပေါ့၊ အဲ....ကတိပျက်ရင်ဒီလူ
လောကကြီးမှာအသုံးကိုမကျတော့ဘူး၊ အဲ....ဒါကြောင့် ကို
ဟာလဲ မူယာတောင်းတဲ့ကတိကို အလွယ်တကူ မပေးတာ
သံသယတော့ မဖြစ်ပါနဲ့ကွာ''

''အိုး....ကိုကိုသာ မူယာ့ကို တကယ်ချစ်ရင် အခုတောင်
ကတိကို ဘာမပေးနိုင်စရာရှိလို့လဲ၊ ပြီးတော့ ကိုကိုနဲ့မူယာ
လူကြီးတွေက ပေးစားဖို့ သဘောလဲ တူထားကြပြီးပြီမဟု
လားလို့၊ ကိုကိုသာသဘောထားမှန်ရင် ကတိကို ပေးနိုင်ရ
ပေါ့''

''မဟုတ်သေးဘူး မူယာ၊ လူ့ဖူးစာဆိုတာ အင်မတန်
ဆန်းကြယ်ပါတယ်၊ ဒါကြောင့်လဲ ရှေးလူကြီးတွေကစကား
တစ်ခုတောင် ထားခဲ့ကြတာပဲ၊ ဘာတဲ့....အဲ နတ်ရေးတဲ့ဖူး
လူပြင်လို့ မရတဲ့၊ အဓိပ္ပာယ်ကတော့ကွာ အခု မူယာနဲ့ကိုကို
လူကြီးမိဘတွေက သဘောတူထားကြပေမယ့် မူယာနဲ့ကိုကို
မှာ ပေါင်းကြဖို့ ဖူးစာမပါခဲ့ရင် တစ်နည်းမဟုတ်တစ်နည်း
ပျက်စဲတတ်ကြတယ်၊ အေး....အဲဒီလို ပျက်သွားလို့ရှိရင်
ဟာလဲ မူယာ့ကို ပေးထားခဲ့တဲ့ ကတိပါ ပျက်ပြီးသားပဲ၊
တော့ ကတိကို အပျက်မခံနိုင်ဘူး၊ အသက်သာ အသေခံ
ခံမှာမို့ မူယာ့ကို ကတိတစ်လုံးကို ကြိုပြီး ပေးမထားထား
ကွာ၊ ဒီလောက် ရှင်းပြရင် မူယာလဲ သဘောပေါက်လော
ပါပြီကွာ၊ ဟဲဟဲ''

''အင်း....ကိုယ့်ဆင်ခြေနဲ့ ကိုယ်တော့ ဟုတ် နေတာ
ကိုကိုရယ်''



''အိုကွာ....မူယာကလဲ၊ ဒါ ဆင်ခြေပေးနေတာမှ မဟုတ်
တာ၊ ဖြစ်တတ်တဲ့ သဘောကို ရှင်းပြနေတာပါကွာ၊ ဟဲဟဲ''

''ဒီမယ်ကိုကို၊ မူယာ့ကိုချည်းရှင်းပြမနေနဲ့၊ ကိုကိုရှင်းပြရ
မယ့် သူတွေ နောက်မှာ တသီတတန်းကြီး ရှိနေသေးတယ်၊
သိလား''

ခင်လဲ့မူယာက ပြောရင်း အောင်နီလွင်၏အနီးမှ ထကာ
တိုက်ဘက်သို့ ထွက်သွားခဲ့သည်။

အောင်နီလွင်မှာမူ ခင်လဲ့မူယာ ပြောသွားသော စကား
များကို ကြားလိုက်ရ၍ နောက်ထပ် ဆင့်ကဲသော ပြဿနာ
တွေ တက်လာဦးမည်ကို ကြိုတင်၍ ရိပ်မိနေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်စာစ်)

### လူပျို ဘဝမှ သုံ့ထောက်ချနေချင်သူ

နောက်နှစ်ရက်ခန့် အကြာတွင်....

အောင်နီလွင်၏ မိဘများ ဖြစ်ကြသော ဦးဘုန်းလွင်နှင့် ဒေါ်အေးရှင် တို့မှာ ခင်လဲ့မူယာတို့တိုက်သို့ ရောက်လာခဲ့ကြသည်။

သူတို့ရောက်ချိန်တွင် အောင်နီလွင်မှာ အိမ်တွင်မရှိပေ။ ခေါင်းဖြူအေးကြည်ကခေါ်၍ ရွှေတောင်တန်း လမ်းသို့ သွားနေခိုက်ဖြစ်သည်။

သူ့အား ဦးညိုမြတို့ကရော ခင်လဲ့မူယာကပါ သူ၏ မိဘတွေကို ခေါ်ထားသည့်ကိစ္စကို လုံးဝပြောပြမထားကြပေ။

ညနေဘက် သူ အိမ်သို့ ပြန်ရောက်လာတော့မှ သူ၏ မိဘများ ခင်လဲ့မူယာတို့အိမ်သို့ ရောက်နေကြသည်ကို သိရတော့သည်။



"ဟင်....ဖေဖေနဲ့ မေမေတို့ ပါကလား၊ ဘယ်တုန်းက ရောက်နေကြတာလဲ ဟင်၊ သားဆီကိုလဲ ဘာမှ အကြောင်း မကြားဘူး၊ အဟဲ"

အောင်နီလွင်က သူ၏ မိဘများကို တွေ့လျှင် တွေ့ချင်း အထက်ပါအတိုင်း ပြောနေသည်။

ဦးဘုန်းလွင်ကမူ အောင်နီလွင် ပြောနေသည်ကို မျက်နှာကြီးမဲ့ကာ နားထောင်နေသည်။

သူ၏စကား ဆုံးသွားတော့မှ ဦးဘုန်းလွင်က ဒေါသသံဖြင့် ပြန်ပြောနေသည်။

"အိမ်း....မင်းကို သံတော်ဦးတင်နေဖို့ အချိန်က မပေးဘူးလေ၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်းဟာ မိဘက လက်နဲ့ရေးထားတာတွေကို ခြေနဲ့ လျှောက်ဖျက်နေတာကိုးကွ၊ အဲဒါ ကောင်းသလား ဟင်"

ဖခင်ဖြစ်သူ ဦးဘုန်းလွင်၏ စကားများကြောင့် အောင်နီလွင်မှာ အလွန်အံ့ဩတုန်လှုပ်ကာ သွားခဲ့ပါသည်။

"ဟောဗျ....ကျွန်တော်က ဘာတွေများ လုပ်မိလို့ အခုလို ဖေဖေက ပြောနေတာလဲ၊ ကျွန်တော့်လောက် မိဘစကားကို နားထောင်တဲ့လူ ဒီဇမ္ဗူမှာ မရှိသေးပါဘူးလေ၊ မယုံရင် နိုင်ငံခြား ကုမ္ပဏီတွေနဲ့ ဖက်စပ်ကော်ပိုရေးရှင်းဖွင့်ပြီး ရှာကြည့်ပေါ့ ဖေဖေရာ၊ ဟား ဟား ဟား"

"ဟေ့ ကောင်.... တော်စမ်း၊ ရှုးသလိုလို ပေါသလိုလို ပြောမနေနဲ့၊ မင်း ဘာတွေလုပ်နေတယ်ဆိုတာ ငါတို့ဘူး များ မှတ်နေလို့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



“ဟောဗျ၊ ကျွန်တော် ဘာတွေလုပ်နေလို့လဲ ဖေဖေရ”

“မင်း ဘာတွေလုပ်နေတယ်ဆိုတာ ဟောဒီက ဦးညိုမြ တို့ မိသားစုက အကုန်လုံး ဖွင့်ပြောပြပြီးပြီကွ”

“ဟင်...သူတို့က ဘာတွေများပြောကြလို့လဲ ဖေဖေရာ”

“မင်းနဲ့ ဟိုကောင်မလေးတစ်ယောက်နဲ့ ချစ်ကြိုက်နေကြ တာကိုပေါ့”

“ဟာ...တောက်တီးတောက်တဲ့၊ အဲဒါတွေဟာ ကော လာဟလတွေပေါ့၊ ကျွန်တော်တို့ ဘာမှမဖြစ်ကြပါဘူး ဖေ ဖေရာ၊ သူတို့က ထင်ကြေးနဲ့ ရမ်းကြိတ်လိုက်ကြတာပါ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လဲ ခင်လဲ့မူယာကို ကျွန်တော် အလုံးစုံ ပြောပြခဲ့ပြီးပြီပဲဟာ”

အောင်နီလွင်က ခေါင်းကလေးတခါခါနှင့် ပြန်ပြောနေ သည်။

“ကောင်းပြီ၊ မင်းနဲ့ အဲဒီကောင်မလေး ဘာမှမဖြစ်ကြ ဘူးဆိုရင် အခုလာမယ့် စနေနေ့မှာ မင်းကို ခင်လဲ့မူယာနဲ့ လက်ထပ်ပေးမယ်၊ ဘယ့်နှယ်လဲ”

“ဟိုက်”

ဖခင်ဖြစ်သူ ဦးဘုန်းလွင်၏ စကားများကြောင့် အောင် နီလွင်မှာ လန့်ဖျပ်ကာ သွားခဲ့တော့သည်။

“ဒါက ဘာဖြစ်ရတာလဲ၊ ဒါဟာ ဟိုက်စရာမဟုတ်ပါ ဘူး၊ ကြိုက်စရာပါကွ”



“ဟာဗျာ...ဖေဖေကလဲ၊ အဲဒီလောက် မြန်မြန်ကြီးတော့ ကျွန်တော့်ကို မိန်းမပေးစားဖို့ စိတ်မကူးပါနဲ့ဦး၊ လူပျိုဘဝ မှာ နေနိုင်သရွေ့ နေပါရစေလားဗျာ”

“တော်ပြီလေ၊ မင်းအသက်ဟာ နှစ်ဆယ့်ခုနစ်နှစ်ထဲကို ရောက်နေပြီပဲဟာ၊ ဒီလောက်ဆို တော်သင့်ပါပြီ၊ ငါတုန်းက ဆိုရင် မင်းအမေကို အသက်နှစ်ဆယ်ကတည်းက ခိုးပြေးခဲ့ကြ တဲ့ဟာ”

“ဒါကတော့ ဖေဖေဟာ မိန်းမ သိပ်ကိုလိုချင်နေလို့ဖြစ် မှာပေါ့၊ သားက လိုမှမလိုချင်သေးဘဲ၊ ဒီတော့ အသက်သုံး ဆယ်ထိအောင်တော့ လူပျိုဘဝနဲ့ နေပါရစေနော်”

“ဘာကွ၊ အသက်သုံးဆယ်ထိအောင် ဟုတ်လား၊ တယ် လေ...ငါ လက်သီးနဲ့ထိုးရရင် မျက်နှာကြီး ဗထက်ခြိုက်ဖြစ် သွားရော့မယ်၊ ဟွန်း”

ဖခင်ကြီး၏ စကားသံကြောင့် အောင်နီလွင်၏ ဇက် ကလေးမှာ ပု၀င်သွားခဲ့သည်။

“ဒီမယ် အောင်နီလွင်၊ မင်း ဘာမှ စကားတွေ ရှည် ရှည်ဝေးဝေးပြောပြီး ကြေးထူမနေနဲ့၊ မင်းနဲ့ ခင်လဲ့မူယာကို ပေးစားဖြစ်အောင်ကို ပေးစားရလိမ့်မယ်”

“ဟုတ်ပါတယ်လေ၊ သားကလဲ ခင်လဲ့မူယာကို မယူ ချင်လို့ ငြင်းနေတာမှမဟုတ်ဘဲ၊ လူပျိုဘဝမှာ ဆက်နေချင် သေးလို့ ပြောနေတဲ့ဟာ”

“မင်းက လူပျိုဘဝမှာ နေချင်ပေမယ့် ခင်လဲ့မူယာက အပျိုဘဝမှာ ဆက်မနေချင်တော့ဘူးတဲ့ကွ...သိလား”

www.burmeseclassic.com

www.burmeseclassic.com



''အာ...အဲဒီလိုဆိုရင်လဲ လွယ်ပါတယ်၊ နေချင်တဲ့သား ကို ဒီအတိုင်းပဲထား၊ မနေချင်တဲ့သူ့ကို လင်အမြန်ပေးစား လိုက်၊ မကောင်းဘူးလား''

''အိမ်း....ကောင်းတာပေါ့ကွ၊ အဲ...အဲ... ဘာ...ဘာ... ဘာပြောတယ်ကွ၊ တယ်လေ၊ ခွေးမသားလေး၊ လူကို မျက်စိ လည်အောင် လုပ်နေတယ်၊ ဟွန်း''

ဦးဘုန်းလွင် ဒေါကန်ကာ အောင်နီလွင်အား ကြိမ်းနေ သည်။

''ဒီမယ်...ဒီမယ် ကိုဘုန်းလွင်၊ သားကိုဆဲချင်ရင် ရိုးရိုး ဆဲစမ်းပါတော်၊ ကျုပ်ကို တိရစ္ဆာန်လုပ်ပြီး မဆဲစမ်းပါနဲ့ ဟွင်း''

သူတို့အနီးတွင်ရှိနေသော ဒေါ်အေးရှင်က သဘောမကျ သံဖြင့် လှမ်းပြောနေသည်။

''မင်းကလဲကွာ၊ သားကိုဆုံးမနေရင် မင်းက ဝင်ရှုပ် ပြီ''

''ရှုပ်တာမဟုတ်ဘူးလေ၊ တော်က ခွေးမသားလို့ ဆဲ တာကိုး၊ ဒီတော့ ကျွန်မမှာ နေရင်းထိုင်ရင်း ဘာဖြစ်သွား သလဲ''

''အိမ်း....မင်းဖြစ်တာထက် ဒီကောင်က မွေးဖြစ်ချင်နေ တာက ပိုဆိုးနေတာကွ၊ ခင်လှဲ့မူယာကိုယူဖို့ပြောတာ အမျိုး မျိုး ကြေးထူနေတယ်လေ''



''ဟာဗျာ...ဖေဖေကလဲ၊ သားက ကြေးထူနေလို့လား၊ လူပျိုဘဝနဲ့ နေချင်သေးလို့ ရွှေ့နေသေးတဲ့ဟာ''

''မရဘူးကွာ၊ ငါပြောသလို အခုလာမယ့် စနေနေ့မှာ မင်းတို့ကို မင်္ဂလာဆောင်ပေးမယ်''

''အာ...အာ၊ ဒီလောက်တော့ မမြန်ပါနဲ့ ဖေဖေရာ၊ ဒီတော့ ပထမဆုံး မူယာနဲ့ ကျွန်တော့်ကို လူကြီးတချို့ကို ဖိတ်ပြီး စေ့စပ်ကြောင်းလမ်းပွဲလုပ်ပါ''

''ဟကောင်လေးရ၊ မင်းနဲ့ ခင်လှဲ့မူယာကို စေ့စပ်ကြောင်း လမ်းပြီးခဲ့ပါရောလား''

''အဲဒီကြောင်းလမ်းပွဲက ဖေဖေတို့ရယ်၊ မူယာရဲ့မိဘတွေ ရယ် နှစ်ဖက် လူကြီးချင်း ကြောင်းလမ်းခဲ့ကြတာပဲ၊ တခြား လူတွေဆို ဘယ်သူမှ မသိကြသေးဘူးလေ၊ ဒီတော့ မြန်မာ့ ရိုးရာ ထုံးတမ်းစဉ်လာနဲ့အညီ ကျွန်တော်နဲ့ ခင်လှဲ့မူယာကို ဂုဏ်သရေရှိ လူကြီးအချို့ကိုဖိတ်ပြီး အခုလာမယ့် စနေနေ့ မှာ စေ့စပ်ကြောင်းလမ်းပွဲလုပ်၊ အဲ...မင်္ဂလာပွဲကိုတော့ နေ့ ကောင်းရက်သာရွေးပြီး သင့်တော်တဲ့အချိန်မှ ဆက်လုပ်ကြ ပေါ့၊ ဒီလောက်ဆိုရင် ဖေဖေတို့ရော၊ မူယာ့မိဘတွေရော ကျေနပ်ကြမှာပေါ့နော်၊ အဟဲ''

''ဟာ...သိပ်ကောင်းတာပေါ့ ငါတူရယ်၊ သိပ်ကောင်း တယ်ကွ''

အထက်ပါစကားကို ပြောလိုက်သူမှာ သူတို့အနီးသို့ရောက် လာခဲ့သော ဦးညိုမြဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းလွင်ကလည်း ဦးညိုမြအား လှမ်းကြည့်ကာပြော နေသည်။

"အင်း....ကိုညိုမြ သဘောတူတယ် ဆိုရင် ပြီးတာပါပဲ၊ ကျွန်တော်ကတော့ တစ်ခါတည်းကို ခင်လဲ့မူယာနဲ့ မင်္ဂလာ ဆောင်ပေးချင်တာဗျ"

"နေပါဦးလေ၊ ခင်ဗျားသားပြောတာကလဲ မဆိုးပါ ဘူး၊ သူတို့ကို လူသိရှင်ကြား စေ့စပ်ပေးထားရင်လဲ ပြီး တာပါပဲ၊ ဟိုတုန်းကတော့ ခင်ဗျားတို့နဲ့ ကျွန်တော်တို့လောက် သာ သိကြတာကိုး၊ အခုဆိုရင် အားလုံးသိကုန်ကြတော့မှာ မို့ ပိုကောင်းပါတယ်ဗျာ၊ ဟား....ဟား....ဟား"

ဦးညိုမြ၏ ထောက်ခံသံကြောင့် ဦးဘုန်းလွင်မှာလည်း သဘောတူရသည်။

အောင်နီလွင်အဖို့လည်း သူ၏ မြတ်နိုးလှသော လူမျိုးဘဝ ကို ဆက်လက်၍ ထိန်းသိမ်းထားနိုင်တော့သည်။

သို့ဖြစ်၍ နှစ်ဖက်သော မိဘများမှာ ယခုလာမည့် စနေ နေ့တွင် အောင်နီလွင်နှင့် ခင်လဲ့မူယာတို့အား စေ့စပ် ကြောင်းလမ်းကြမည့် ကိစ္စကို လူကြီးများအား ဖိတ်၍ ဦးညိုမြ၏နေအိမ်တွင် ပြုလုပ်ရန် စီစဉ်ခဲ့ကြသည်။

ထိုသို့ပြုလုပ်ခဲ့ပြီး နောက်တစ်နေ့နံနက်တွင် သူတို့နှစ်ဦး၏ စေ့စပ်ကြောင်းလမ်း ပြီးစီးကြောင်း သတင်းကို ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် အသီးသီး ပါရှိခဲ့ကြတော့ သည်။



ခင်လဲ့မူယာကတော့ အောင်နီလွင်နှင့် စေ့စပ်ကြောင်း လမ်းခဲ့ကြသော ကိစ္စကို သတင်းစာများတွင် ပါရှိလာခဲ့ သဖြင့် ကျေနပ်မဆုံး ဖြစ်နေတော့သည်။

မြသန္တာနွယ်မှာလည်း သူတို့နှစ်ဦး စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းဟူသော သတင်းကို သတင်းစာများတွင် ပါရှိခဲ့ ၍ သိခဲ့ရသည်။

"အင်း....သူတို့နှစ်ဦး စေ့စပ်ထားခဲ့ကြတာ ကြာလှပြီပဲ၊ အခုမှ ဘာသဘောနဲ့ သတင်းစာတွေထဲမှာ ပြည်ကျော်အောင် ကြော်ငြာထုတ်ရတာလဲ၊ ဒါက ဘာသဘောပါလိမ့်"

မြသန္တာနွယ်မှာ အောင်နီလွင်နှင့် ခင်လဲ့မူယာတို့၏ စေ့ စပ်ကြောင်းလမ်းပြီးစီးခြင်းသတင်းကို ဖတ်ပြီး အထက်ပါ အတိုင်း တွေးတောနေခြင်းပင်။

"အင်း....ငါထင်တာ ပြောရရင်တော့ တခြားကိစ္စတော့ ဖြစ်နိုင်ဘူး၊ ဟိုနေ့တုန်းက ကိုအောင်နီလွင်ကို ငါ သူတို့ အိမ်က ခေါ်ထုတ်သွားခဲ့တဲ့ကိစ္စကြောင့် ထင်တာပဲ၊ ဒါပေ မယ့် ဘာဖြစ်လို့ သူတို့နှစ်ဦးကို လက်ထပ်မပေးကြသေးဘဲ အခုလို တိတ်တိတ်ပုန်း စေ့စပ်ထားခဲ့ကြရာမှ လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းကြတာလဲ၊ ခင်လဲ့မူယာနဲ့ လက်ထပ်ဖို့ ကိစ္စမှာ အစ်ကိုအောင်နီလွင်က ကန့်ကွက်လို့လား၊ ဒါမှ မဟုတ် ခင်လဲ့မူယာက ငါနဲ့မသက်ာဖြစ်နေတာနဲ့ လက် ထပ်သေးတာလား"

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်မှာ အောင်နီလွင်နှင့် ခင်လဲ့မူယာတို့၏ စေ့စပ်ကြောင်းလမ်းသော သတင်းကိုဖတ်ပြီး အထက်ပါအတိုင်း တွေးတောနေခြင်းပင်။

နောက်တော့ မြသန္တာနွယ်သည် တစ်စုံတစ်ခုကို နှိုက်နှိုက်နဲ့နဲ့ တွေးတောနေသည်။

ပြီးလျှင်တော့ သူမ၏ မျက်နှာပေါ်တွင် ကျေနပ်သော အရိပ်အယောင်တွေ ပေါ်သွားဟန်ဖြင့် ပြုံးနေတော့သည်။

* * *

(တစ်ဆယ့်နှစ်)

အချစ်ဟူသော စေတနာအစခလေ

ထိုစေ့စပ်ကြောင်းလမ်းခြင်း ကိစ္စ သတင်းစာများတွင် ပါရှိပြီး နှစ်ရက်ခန့်အကြာတွင် ဦးဘုန်းလွင်က ဦးညိုမြတို့ သားအမိ(?)အား ယခုလိုပြောနေတော့သည်။

''ဒီမယ် ကိုညိုမြနဲ့ မခင်ထွေးတို့ရေ၊ ခင်ဗျားတို့သိကြတဲ့အတိုင်းပဲ၊ ကျွန်တော်က ဒီရန်ကုန်မြို့ကြီးမှာ ကြာကြာနေလို့မဖြစ်ဘူး၊ ကျွန်တော့်ဆန်စက်တွေက ကျွန်တော်မရှိရင် ပြဿနာတစ်ခုခု ပေါ်တတ်အယ်ဗျ၊ ဒါကြောင့် နောက်ထပ် တစ်ပတ်နှစ်ပတ်နေပြီးရင် ကျွန်တော် မြို့ကို ပြန်တော့မယ်ဗျာ''

''ဟုတ်ကဲ့ ကျွန်တော် သိပါတယ်ဗျာ၊ ကိုဘုန်းလွင်မှာ အားလပ်တဲ့ကြားထဲကနေ ကျွန်တော် ခေါ်လို့လာခဲ့ရတယ်

www.burmeseclassic.com



ဆိုတာ၊ ဒီတော့ ပြန်မယ်ဆိုရင်လဲ ပြန်နိုင်ပါတယ်၊ နို့ သားနဲ့ သမီးကိစ္စကိုကော ဘယ်လိုစီမံခဲ့မလဲ''

ဦးညိုမြက ပြန်မေးနေသည်။

''အဲဒီအကြောင်းကို ကျွန်တော် ပြောမှာမို့ ခုလို ပဏာမချီနေရတာပေါ့၊ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ကျွန်တော့်သားကတော့ လူပျိုဘဝမှာ တတ်နိုင်သမျှ နေချင်သေးတယ် ဘာတယ်နဲ့ ကြေးထူနေတာ မဟုတ်လား''

ဦးဘုန်းလွင်က ပြောလျှင် ဦးညိုမြက ဟုတ်မှန်ကြောင်း ခေါင်းကို ပြန်ညိတ်ပြနေသည်။

''ဒါပေမယ့် ကျွန်တော်ကတော့ သူ့ကို လူပျိုဘဝမှာ ဆက်ပြီး မထားချင်တော့ဘူးဗျာ၊ ကျွန်တော်မပြန်ခင် ခင်ဗျားသမီးနဲ့ လက်ထပ်ပေးလိုက်ချင်တယ်၊ သူတို့နှစ်ယောက်က လဲ တပူးတွဲတွဲနဲ့ ဖြစ်နေကြပြီပဲဟာ၊ ဘာကိစ္စ အချိန်ကို ဆွဲထားတော့မှာလဲဗျာ၊ ဒါကြောင့် နောက်အပတ် တနင်္ဂနွေနေ့မှာ သားနဲ့သမီးတို့ကို အကျဉ်းရုံးပြီး ပုဂ္ဂလိက ခန်းမကြီး တစ်ခုခုမှာ လက်ထပ် ပေးစားလိုက်ချင်တယ်၊ ဟိုနာမည်ကြီး အင်းလျားလိတ်တို့၊ ပြည်သူ့ဥယျာဉ်တို့၊ သမတဟိုတယ်တို့ဆိုတာတွေက လနဲ့ချီပြီး ရက်ကိုတောင်းမှ ရနိုင်တာ မဟုတ်လား လို့၊ ဒါကြောင့် အဆင်ပြေတဲ့နေရာမှာပဲ သူတို့ကို လက်ထပ်ပေးလိုက်ချင်တယ်၊ ခင်ဗျားတို့ သဘောကကောဗျာ''

''ဟာ...ကျွန်တော်တို့သဘောကို မေးမနေနဲ့၊ ကိုဘုန်းလွင်စိတ်ကြိုက်သာ စီမံပါ၊ အဓိက အရေးအကြီးဆုံးကတော့



ခင်ဗျားသားက သဘောတူဖို့ပါပဲ၊ သူ သဘောတူရင် ဘယ်လိုပဲ မင်္ဂလာပွဲကို လုပ်ရလုပ်ရ လုပ်ပေးမှာပဲ၊ဟဲဟဲ''

''စိတ်ချပါ၊ ကျွန်တော့်သားပဲ၊ ကျွန်တော်ပြောရင် နားထောင်ရမှာပေါ့ဗျာ''

''အေးလေ၊ ခင်ဗျားသားအတွက် မီးသေရင် လုပ်လိုက်ကြလ ကြားသလားလို့ပေါ့ဗျာ၊ ဟား...ဟား...ဟား''

သူတို့ပြောဆိုနေကြခိုက် အောင်နီလွင်နှင့် ခင်လဲ့မူယာတို့မှာ အပြင်မှ ဦးညိုမြပိုင် ဟွန်ဒါဆလွန်းကားကလေးဖြင့် ပြန်လာခဲ့ကြသည်။

''ဖေဖေရေ၊ ကားတစ်စီးတော့ တွေ့ထားတယ်၊ သူတို့ဆိုတဲ့ဈေးကတော့ ရှစ်ခုက မလျှော့တူးတဲ့၊အဲဒါ ဝယ်ရမလား ဟင်''

အောင်နီလွင်က တိုက်ထဲသို့အရောက်တွင် သူ၏ဖခင် ဦးဘုန်းလွင်ကို ပြောနေသည်။

ခင်လဲ့မူယာကလည်း အောင်နီလွင်၏ ဘေးမှရပ်ကာ စောင့်နေသည်။

''ဟ...များလှချည်လားကွ၊ ဘာကားမို့လို့လဲ''

''အိတ်တီအိတ် စူပါဆလွန်းပါ ဖေဖေ၊ ဟိုတုန်းကဆိုရင် ဒါမျိုး ကိုးခဲ့တောင် ပေါက်ဈေးရှိသတဲ့၊ အခု ကားဈေးကျလို့ ဒီဈေးနဲ့ရောင်းတာတဲ့၊ ကားကတော့ အတော်ကိုသန့်တယ်၊ ပစ္စည်းတွေလဲ အစုံပါတယ်ဖေဖေ''

www.burmeseclassic.com

www.burmeseclassic.com



"အင်း...မင်းကြိုက်ရင် ဝယ်လိုက်ပေါ့ကွာ၊ ဒါဟာ ဖေဖေက မင်္ဂလာလက်ဆောင် ကြိုဖွဲ့လိုက်တာပေါ့၊ ဟား-ဟား...ဟား"

"ဟာ...ဖေဖေကလဲ၊ သားတို့ မင်္ဂလာဆောင်မှာက အဝေးကြီးလိုသေးတဲ့ဟာ"

အောင်နိုလွင်က ဖခင်ဦးဘုန်းလွင်အား ပြန်ပြောနေသည်။

ဦးဘုန်းလွင်က မဲ့ပြုံးကလေးလုပ်ပြရင်း ပြန်ပြောနေသည်။

"မဝေးပါဘူးကွာ၊ ယာမယ့်နောက်တစ်ပတ် ဆန်းဒေး ကျရင် မင်းနဲ့မူယာကို ဖေဖေတို့က မင်္ဂလာဆောင်ပေးကြ တော့မှာပါကွ၊ ဟဲ ဟဲ ဟဲ"

"ဟောဗျ"

ဖခင်ကြီး၏ စကားအဆုံးတွင် အောင်နိုလွင်၏ နှုတ်ဖျားမှ အထက်ပါအတိုင်း အာမေဋိတ်သံကြီး ပေါ်ထွက်လာခဲ့သည်။

"ဟောဗျ...မနေနဲ့၊ သတောဆပြီး ပြောပြရမယ်ဆိုရင် မင်းတို့နှစ်ယောက် အဟောဝကဖြစ်ကြရအောင် စောစော ပဲ ငါတို့လူကြီးတွေ စီမံလို့ပြီးပြီကွ"

"နို့ ဖေဖေ ဟိုနေ့တုန်းကပြောတော့ ဖြည်းဖြည်းမှဆို"

"အိမ်း...ငါလဲ ပထမတော့ ဖြည်းဖြည်းမှ ဆောင်ပေး မလို့ဘဲ၊ အခုတော့ ဖြည်းလို့မဖြစ်ဘူးလေ၊ ငါ့မှာကလဲ မင်း သိတဲ့အတိုင်း နောက်ပိုင်းမှာက ဆန်စက်ကြီးရှိနေတာ ဓါလုပ်ငန်းကြီးကို ကြာကြာကြီး ပစ်ထားလို့ မဖြစ်ဘူး၊ ဒီတော့



ငါရော မင်း မေမေပါ ပြန်ကြရတော့မယ်၊ ဒီလိုမပြန်ခင် မင်းနဲ့ခင်လဲ့မူယာကို မင်္ဂလာဆောင်ပေးခဲ့ချင်လို့ပဲ"

"အာ...ဖေဖေကလဲ၊ ကိုယ့်ဘာသာ ပြန်ချင်ရင် ပြန်ပေါ့၊ ဖေဖေတို့ အိမ်ပြန်ချင်ကြတာနဲ့ သားကို မင်္ဂလာဆောင်ပေး မှာက ဘာဆိုင်လို့လဲလို့၊ သား လူပျိုဘဝမှာပဲ နေပါရစေဦး ဖေဖေရာ"

"ဘယ်ဖြစ်မလဲ၊ မင်း မင်္ဂလာမဆောင်မချင်း ငါတို့မှာ ရန်ကုန်ကို အခေါက်ခေါက် အခါခါလာနေရမှာမို့ ကိစ္စကို ဒီတစ်ခေါက်နဲ့ အပြတ်ရှင်းချင်တယ်ကွာ၊ ဒီတော့ ကြေးထူ မနေစမ်းပါနဲ့၊ ဟုတ်လား"

ဦးဘုန်းလွင်ကလည်း အတင်းပင် သားဖြစ်သူကို မင်္ဂလာ ဆောင်ရန် တိုက်တွန်းနေသည်။

"ကြေးထူတာ မဟုတ်ဘူး၊ သားက ဂျာမနီကို ပြန်သွား ချင်ပြန်သွားမှာမို့ ဖေဖေတို့ကိုတောင်းပန်နေတာပါ"

"အေးလေ...မင်း ဂျာမနီကိုသွားရော ဘာဖြစ်သလဲ၊ ခင်လဲ့မူယာကိုပါ တစ်ပါတည်းခေါ်သွားပေါ့၊ ကိုယ့်ဇနီး ချောကို ဂျာမနီကလူတွေကိုပြပြီး ကြွားရတာပေါ့ကွာ၊ အဲ... ပြီးတော့ ဂျာမနီကို ဟန်းနီးမွန်းထွက်ရာလဲ ရောက်ပါတယ် ကွာ၊ ဟား... ဟား...ဟား"

"အာ...အဲဒါတွေက ဖေဖေရဲ့ စိတ်ကူးယဉ်ချက်တွေပါ၊ သားက လူပျိုဘဝနဲ့သာ ဂျာမနီကို ပြန်သွားချင်တာ၊ မိန်းမ တန်းလန်းနဲ့တော့ မသွားချင်ဘူး၊ ရှုပ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အလိုလေးကွာ၊ မင်းကျမှ မိန်းမတန်းလန်းနဲ့ဆို ... သလေး ဘာလေးပြောရသေးတယ်၊ တချို့များ သူတို့ဇနီး... ခေါ်သွားချင်ကြတာ၊အခွင့်အလမ်း မသာလို့ထားခဲ့ရတာ... မင်းမှာဆိုရင် ဒီဇနီးတစ်ဦးတည်းသာမကဘူး ယောက္ခမ... ကိုပါ ခေါ်သွားနိုင်သားပဲ၊ ဒီလိုခေါ်သွားဖို့လဲ မင်း... ခေါ်လာခွင့် အလုံအလောက်ရှိနေတဲ့ဟာ၊ အလကားဆင်... မြင်းခြေတွေ ပေးနေတယ်၊ ဟွန်း"

ဦးဘုန်းလွင်ကတော့ သားဖြစ်သူ ငြင်းမရအောင် ဇွ... ပင် ပြောနေသည်။

အောင်နီလွင်မှာတော့ အကြီးအကျယ် စိတ်ခံတက်ကျ... နေတော့သည်။

အမှန်တော့ သူငြင်းနေခြင်းမှာ မိန်းမ မယူချင်၍သေ... မဟုတ်ပေ။

သူ သဘောကျသော မိန်းမဖြစ်လျှင် သူက လက်... သားပင်။

ယခုမူ သူ့အနေဖြင့် ဇနီးအဖြစ် မချစ်နိုင်သော ခင်... မူယာကို ဇွတ်အတင်း လက်ထပ်ခိုင်းနေ၍ သူကလည်း ငြ... နေရခြင်းပင်။

"ဖေဖေကလဲဗျာ ဇွတ်သာပြောနေတာကိုး၊ သားအ... မိန်းမကိုမယူချင်သေးလို့ ငြင်းနေတာ၊ ရမှမရဘဲ၊ စိတ်... လိုက်ဘာနေ၌"

အောင်နီလွင်က မျက်နှာကြီးကို မဲ့ပြကာ ညည်း... သည်။



အနီးတွင်ရှိနေသော ခင်လဲ့မူယာမှာတော့ အောင်နီလွင်၏ ပြောစကားများကြောင့် မျက်စိမျက်နှာမလှ ဖြစ်ရနေတော့သည်။

"နေပါဦး၊ ကိုကိုက မူယာနဲ့လက်ထပ်ရမှာ ဒီလောက်ပဲ ကြောက်နေသလားဟင်"

ခင်လဲ့မူယာမှာ မခံချင်သံကလေးဖြင့် အောင်နီလွင်ကိုမေးနေသည်။

"ဟုတ်တယ်၊ အဲဒါတော့ အမှန်ပဲ"

"အမှန်ပဲ ဆိုရင် ကိုကို့မှာ မူယာ့ထက် ချစ်ရမယ့်သူ ရှိနေလို့လား၊ ပြောလေ"

ထိုစကားကို အနီးတွင်ရှိနေသော ဦးဘုန်းလွင်ကလည်း ထောက်ခံချက်ပေးနေသည်။

"မှန်တယ်ဟေ့၊ ငါ့သမီးပြောတာ အမှန်ပဲ၊ ကဲ....ဒီတော့ ငါတို့ကို ရှင်းရှင်းပြောစမ်း၊ မင်းမှာ တခြားချစ်သူ ရှိနေလို့လား၊ ပြောလေကွာ"

"တောက်တီးတောက်တဲ့ဖေဖေရယ်၊ သားက မြန်မာပြည်ကို ပြန်လာတာမှ မကြာသေးတာ ဘယ်လိုလုပ်ပြီး ချစ်သူတွေ ရည်းစားတွေ ရှိရမှာလဲ၊ ဟိုတုန်းကလဲ မရှိခဲ့ပါဘူး၊ အခုလဲ မရှိပါဘူးလေ"

"အဲဒီလိုမရှိဘဲနဲ့များ မင်းက ဘာဖြစ်လို့ မူယာနဲ့လက်ထပ်ဖို့ကိစ္စကို အတင်ငြင်းနေရတာလဲ၊ ငါတူမကြီးက အရုပ်ဆိုးလို့လားကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး ဖေဖေရာ၊ ဒါပေမယ့် မှုယာ့ကိုလေ သားက ဇနီးလိုချစ်လို့ မရသေးဘူး၊ သူ့ကို ညီမလေးလိုပဲ ချစ်နေမိတာဗျ"

"ဟား...ဟား...ဟား၊ အဲဒါမျိုးက – ပိုပြီးတော့ တောင်ကောင်းသေးတယ်ကွ၊ ဟဲဟဲ"

"ဟင်...ဘာဖြစ်လို့လဲဖေဖေ၊ သား သဘော မပေါက်ဘူး"

"ရှင်းပါတယ်ကွာ၊ မင်း ခုနကပြောခဲ့တယ် မဟုတ်လား၊ မှုယာ့ကို ဇနီးမယားတစ်ယောက်ထက် ညီမလေးလို ချစ်နေမိတယ် ဆိုတာလေ"

အောင်နီလွင်က ဟုတ်မှန်ကြောင်း သူ၏ခေါင်းကို ညိတ်ပြနေသည်။

"အိမ်း... တစ်မိသားနဲ့တစ်မိသား ချစ်ခင်ပေါင်းသင်းကြတယ်ဆိုတာမျိုးဟာ ထောင့်ငါးရာတည်းဟူသော တဏှာပေမကို ဦးစားပေးပြီး ချစ်ကြတာထက် ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာမျိုးနဲ့ ချစ်ခင်ပေါင်းသင်းကြတာမျိုးက ပိုလဲကောင်းတယ် မွန်လဲမွန်မြတ်တယ်၊ အိမ်ထောင် သက်တမ်းကလဲ ပိုပြီးခိုင်မြဲကြတာကွ၊ မဟုတ်ဘူးလား သမီးရယ်"

ဦးဘုန်း ပွင့်က အောင်နီလွင်ကို ပြောနေရာမှ အနီး၌ ရပ်၍ နားထောင်နေသော ခင်လဲ မှုယာဘက်သို့ လှည့်၍ စကားထောက်ခံခဲ့သည်။



"ဟုတ်တာပေါ့ အန်ကယ်ရယ်၊ လင်မယား အချစ်မျိုးနဲ့ ချစ်တဲ့အိမ်ထောင်ရေးထက် မောင်နှမ အချစ်မျိုးနဲ့ချစ်တဲ့ အိမ်ထောင်ရေးဟာ ပို မွန်မြတ်တယ်၊ သေတပန် သက်တစ်ဆုံးလဲ ပေါင်းသင်းသွားနိုင်ကြတဲ့ အချစ်မျိုးပေါ့"

ယောက္ခမလောင်းနှင့် ချွေးမလောင်းတို့ အတိုင်အဖောက် ညီညီနှင့် ပြောနေကြပုံကြောင့် အောင်နီလွင်မှာ စိတ်တိုလာတော့သည်။

သို့ဖြစ်၍ သူသည် ခင်လဲ့မှုယာဘက်သို့ လှည့်၍ ပြောနေသည်။

"အေး...မင်းက သေတပန် သက်တစ်ဆုံး ပေါင်းနိုင်တာကိုသာ ပြောနေ၊ မိုးကြိုးပစ်မှာ ကျားကိုက်မှာကိုတော့ထည့် မပြောဘူး၊ ဟွန်း"

အောင်နီလွင်၏ ပြန်ပြောသံကြောင့် ဦးဘုန်းလွင်နှင့် ခင်လဲ့မှုယာတို့မှာ တဟားဟားဖြင့် ရယ်မဆုံး ဖြစ်နေကြတော့သည်။

"ဘာဖြစ်လို့ ရယ်နေကြရတာလဲ၊ ကျွန်တော်က အတည်ပြောနေတာပါ"

အောင်နီလွင်က သဘောမကျသံဖြင့် သူတို့ကို ပြောနေသည်။

"ဟ...သားရေ၊ အတည် ပြောရအောင် မင်းနဲ့ မှုယာက မောင်နှမ အရင်းမှမဟုတ်ဘဲ၊ ဒီတော့ ဘယ်လိုလုပ်ပြီး မိုးကြိုးတွေ၊ ကျားတွေက လာကိုက်နိုင်မှာလဲကွ၊ ဟဲဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်နှမအရင်း မဟုတ်ပေမယ့် ကျွန်တော့် စိတ်ထဲမှာ မှူယာ့ကို ညီမ အရင်းလို သဘောထားနေတော့ မခက်ဘူးလား"

အောင်နီလွင်က ဆင်ခြေကန်နေပြန်သည်။

"အိမ်း....ကောင်းပြီ၊ မင်း ဒီအခက်ကို လွယ်သွားအောင် မင်းစိတ်ထဲမှာ သမီး ခင်လဲ့မှူယာကို ညီမအရင်းလို သဘောမထားနဲ့၊ သူစိမ်းလို့ပဲသဘောထားလိုက်ကွာ၊ ဒါဆိုပြဿနာ မရှိနိုင်တော့ပါဘူး၊ ဟုတ်လား၊ ဟားဟားဟား"

ဦးဘုန်းလွင်၏ စကားအဆုံးတွင် သူတို့ တိုက်ရှေ့သို့ လေးဘီးကားတစ်စီး ထိုးရပ်လာသည်။

ကားသံကြောင့် သူတို့အားလုံး တိုက်အပြင်ဘက်သို့ လှမ်းကြည့်နေကြသည်။

ကားပေါ်မှဆင်းလာသူကိုမြင်လိုက်ကြရလျှင် အောင်နီလွင်နှင့် ခင်လဲ့မှူယာတို့မှာ ကွက်ခနဲ မျက်နှာတွေ ပျက်ကုန်ကြတော့သည်။

ရောက်လာသူကတော့ မြသန္တာနွယ်ပင်။

ခင်လဲ့မှူယာမှာ မြသန္တာနွယ်အားတွေ့လိုက်ရလျှင် မျက်နှာကြီးမှာ စူပုပ်ကာ သွားခဲ့တော့သည်။

ပြီးတော့ အနီးတွင်ရပ်နေသော ဦးဘုန်းလွင်အား လက်တို့၍ ပျာယီးပျာယာအသံဖြင့် ပြောနေသည်။

"မြင်လားအန်ကယ်....မြင်လား၊ သူ....သူလေ....သူပေါ့"

"ဟေ....ဘယ်....ဘယ်သူလဲ"



ဦးဘုန်းလွင်က အူကြောင်ကြောင် အသံဖြင့် ပြန်မေးနေသည်။

"သူလေ...သူပါဆိုနေမှပဲ၊ အန်ကယ်ကလဲ"

"ဩော်....အေး အေး သိပြီ၊ သူက ဘယ် ဟိုဟို....အခုတလော နာမည်ကြီးနေတဲ့ ဗွီဒီယို မင်းသမီးကလေးလား၊ အင်း....ရုပ်ကလေးကတော့ တော်တော့ကိုချောတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလေးကလဲ လှတယ်ဟ၊ အဟီး"

"အာ....အန်ကယ်ကလဲ၊ ဘယ်ကလာ ဗွီဒီယို မင်းသမီးရမှာလဲလို့၊ စိတ်ညစ်လိုက်တာ"

ခင်လဲ့မှူယာက စိတ်ရှုပ်သံကလေးဖြင့် ပြန်ပြောနေသည်။

အောင်နီလွင်ကမူ မည်သို့မျှ ဝင်မပြောပေ။

မြသန္တာနွယ်ကိုသာ ရင်စာထိတ်ထိတ်ဖြင့် လှမ်းကြည့်ရင်း ငိုင်နေတော့သည်။

"နို့....သမီးက ဘာကို ပြောနေတာလဲ၊ သူ....သူ ဆိုတာ ဘာကို ဆိုလိုတာလဲ"

ဦးဘုန်းလွင်က ပြန်မေးနေသည်။

"သမီးပြောတဲ့ သူ ဆိုတာက အခုလာနေတဲ့ ဆတ်တော့လတ်တော့ ဟာမကို ပြောနေတာပေါ့"

"အေးလေ....အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ — အန်ကယ်ရဲ့ သားကို တစ်ခက်သတ်ကြိုက်နေတဲ့ မြသန္တာနွယ်ဆိုတာ သူပေါ့လို့....သမီးက ပြနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်....ဟုတ်လား၊ (ချက်ချင်းပင် အောင်နီလွင်ဘက်သို့ လှည့်၍ မေးသည်။) ဟော့ကောင်.... ဒီက သမီးပြောနေတာ ဟုတ်သလား"

"ဟုတ်တယ်"

အောင်နီလွင်မှာ ဘာကိုမေး၍ မေးမှန်းမသိဘဲ ရမ်း၍ ပြန်ဖြေမိသည်။

"ဟေ....ဟုတ်တယ်၊ ဒါဆိုရင် မင်းနဲ့သူက ချစ်နေတယ် ပေါ့"

"ဟုတ်တယ်"

အောင်နီလွင်ကတော့ ယမ်း၍ ဖြေကောင်းဆဲပင်။

"နို့....စောစောက ငါမေးတော့ မင်းမှာ ချစ်သူမရှိဘူး ဆို...."

"ဟုတ်တယ်"

"ချစ်သူမရှိဘူးဆိုပြီး အခု ရှိနေတယ် ဆိုတော့ မင်းက ငါ့ကို လိမ်လိုက်တာလား"

"ဟုတ်တယ်"

"အာ....ဒီကောင်တော့ နားချင်နေပြီ၊ ဘာ ဟုတ်တယ်လဲ ကွ၊ ပြောစမ်း"

"ဟုတ်တယ်"

"မဟုတ်သေးဘူးလေ....အဲဒီလို ဟုတ်တယ် ဆိုတာက ဘာ ကိုဟုတ်တာလဲ၊ မင်းချစ်သူဆိုတာလား၊ ပြောစမ်း"

"ဟုတ်တယ်"



"ဒီလိုဆို....ခင်လဲ့မူယာကို မင်း လက်မထပ်နိုင်ဘူးလို့ ငြင်း နေတာ သူ့ကိုယူမှာမို့ ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

အောင်နီလွင်ကတော့ ဘာတွေပြော၍ ဘာတွေ ဆိုနေမှန်း ကို မကြားပေ။

သို့ဖြစ်၍ သူ၏နှုတ်မှ ဟုတ်တယ် တစ်လုံးသာပြန်၍ ထပ်ခါ မနား ဖြေနေသည်။

ဦးဘုန်းလွင်မှာတော့ ဒေါပွကာ နေတော့သည်။

"ဒါဆိုရင်....ငါက လက်နဲ့ရေးတာကို မင်းက ခြေနဲ့ဖျက် မယ့် သဘောပေါ့"

"ဟုတ်တယ်"

"ဟုတ်တယ်ဆိုရင်....မင်းက ငါ့ကို သောက်ရေး မစိုက်တဲ့ သဘောပေါ့"

"ဟုတ်တယ်"

"ဩော်....မင်းက အတောင်စုံလို့ ငါ့ကို ကာပြန်ချင်တာ လားကွ....ဟေ"

"ဟုတ်တယ်"

ဦးဘုန်းလွင်မှာတော့ အောင်နီလွင်၏ ဖြေသံကြောင့် ဒေါသမီးတွေ ဟုန်းဟုန်းတောက်လောင်ကာ နေတော့သည်။

"မင်း....မင်းဟာ လူမဟုတ်ဘူး၊ ခွေးကွခွေး"

"ဟုတ်တယ်"

"အိမ်း....မင်းတင် ခွေးမဟုတ်ဘူး၊ ငါ့ကိုလဲ မင်းက ခွေး လို သဘောထားတယ်ပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်”

“ဟင်....ဘာဟုတ်တာလဲ၊ မွေးရက်ကျိုးနပ်တဲ့ကောင်”

“ဟုတ်တယ်”

“ဟေ့ကောင်....အောင်နီလွင်”

“ဟုတ်တယ်”

“အာ....ဒီအကောင်နဲ့တော့ ခက်နေပါပြီ၊ ဘာဟုတ်နေတာလဲ၊ နင့်ကြီးဇော်ကြီးဟုတ်တာလား”

“ဟုတ်တယ်”

“ကဲ....ဒီလောက်တောင် ဟုတ်ချင်တဲ့ကောင်၊ ဟုတ်ဦးကွာ....ဟုတ်ဦး”

ဦးဘုန်းလွင် ပြောပြောဆိုဆိုနှင့် အောင်နီလွင့်ဇက်ပိုးကို ဖြန်းခနဲမြည်အောင် လှမ်းရိုက်လိုက်သည်။

“အောင်မယ်လေးဗျ”

သည်တော့မှ အောင်နီလွင်မှာလည်း သတိပြန်ဝင်လာသည်။

ခင်လှဲမှုယာမှာတော့ နောက်တစ်ကြိမ် အောင်နီလွင်အား ထပ်ရိုက်မည်စိုး၍ “အို....အန်ကယ်၊ လွန်မယ်၊ မရိုက်ပါနဲ့” ဟူ၍ ပြောကာ ဦးဘုန်းလွင်၏လက်ကို ဆွဲထားရသည်။

“နေ....နေပါဦးဖေဖေရ၊ သားကိုဘာဖြစ်လို့ ရိုက်ရတာလဲဟင်”

အောင်နီလွင်က အူကြောင်ကြောင်အသံဖြင့် ပြန်မေးနေသည်။



“ရိုက်မှာပေါ့၊ ငါမေးသမျှတွေကို မင်းက ဟုတ်တယ်တွေချည်း ဖြေနေတာကိုး၊ အခုကော ဟုတ်သေးသလား”

“မဟုတ်ဘူး”

“ဒါဖြင့် စောစောက ငါမေးခဲ့တာတွေကော ဟုတ်သေးသလား”

“မဟုတ်ဘူး”

“ချစ်သူရှိတယ်ဆိုတာကော....”

“မဟုတ်ဘူး”

“ဒါဆို မင်းဟာ ငါတို့စီမံထားတဲ့အတိုင်း ခင်လှဲ့မှုယာကို လက်ထပ်မှာပေါ့”

“မဟုတ်ဘူး”

“မဟုတ်ဘူးဆိုရင် မင်းက ငါတို့ကို တော်လှန်တဲ့သဘောပေါ့”

“မဟုတ်ဘူး”

“ဒါဆိုရင် မင်းက ဟုတ်တယ်လို့ ပြောပါလား”

“မဟုတ်ဘူး”

“ဟယ်....ဒီကောင်တော့ နာချင်ပြန်ပါပြီ၊ စောစောတုန်းက တော့ တစ်လျှောက်လုံး ဟုတ်တယ်ပြောနေတယ်၊ အခု မဟုတ်ဘူးချည်း လုပ်နေပြန်ပါပြီ၊ မင်း ဘာဖြစ်နေတာလဲ အောင်နီလွင်၊ ရူးနေသလားဟင်”

“မဟုတ်ဘူး”

“မဟုတ်ဘူးဆိုရင် ငါမေးတာကို ကောင်းကောင်းဖြေပါလား၊ ငါဟာ မင်းရဲ့ကျေးဇူးရှင် မွေးသဖခင် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

"ဘာကွ…မဟုတ်ဘူး ဟုတ်လား၊ ဒါဆို ငါ့ဟာနှင့်ပထွေး ပေါ့၊ ဟုတ်လား"

"မဟုတ်ဘူး…အဲ…ဟုတ်တယ်"

"အောင်မယ်လေးလေး၊ ငါဟာ မင်းပထွေးဆိုရင် မင်း အမေဟာ ငါ့အရင် လင်တစ်ယောက်ရနေလို့လားဟင်၊ ခွေးမ သားရဲ့၊ ဟွန်း"

ထိုပြောသံများကို ကြားလိုက်ရမှ အောင်နီလွင်မှာလည်း သတိပြန်ဝင်ကာ သွားခဲ့ပြန်သည်။

"ဟင်…ဖေဖေ၊ ဘာတွေ ပြောနေတာလဲဟင်၊ သားလဲ ဘာဖြစ်သွားမှန်းကို မသိဘူး"

အောင်နီလွင်ပြောနေခိုက်မှာပင်သူတို့အနီးသို့မြသန္တာနွယ် မှာ ပြုံးချိုသော မျက်နှာကလေးဖြင့် ရောက်လာတော့သည်။

ခင်လဲ့မူယာမှာတော့ အနီးသို့ မြသန္တာနွယ်ရောက်လာ လျှင် ရောက်လာချင်း ဒေါသသံဖြင့် ဆီး၍ဟောက်တော့သည်။

"ဟေ့…ဟေ့၊ ညည်းက ဘာသဘောနဲ့ ငါ့အိမ်ထဲကို ကျူးကျူးကျော်ကျော်နဲ့ လာခဲ့ရတာလဲ၊ အခုချက်ချင်း ပြန် သွားစမ်း၊ နို့မို့ ညည်းကို ပိုင်နက်ကျူးလွန်မှု ပုဒ်မနဲ့ တရား စွဲရလိမ့်မယ် သိလား"

ခင်လဲ့မူယာက ကြိမ်းနေသော်လည်း မြသန္တာနွယ်ကတော့ အပြုံးမပျက်ပေ။

"နေစမ်းပါဦး၊ အဲဒီပိုင်နက်ကျူးလွန်မှုဆိုတဲ့ ပုဒ်မက ဘယ်လောက်လဲဟင်၊ သိရင် ပြောပြစမ်း"



ခင်လဲ့မူယာ ပြန်၍ မပြောနိုင်မီ ဦးဘုန်းလွင်က မြသန္တာ နွယ်ကို ပြန်ဖြေနေသည်။

"အဟဲ…ဦးလေးဟာ ဟိုတုန်းက ရာဇဝတ်တရားသူကြီး လုပ်ခဲ့ဖူးပါတယ်ကွာ၊ ဒါကြောင့် ငါ့တူမ မေးတဲ့ ပိုင်နက် ကျူးလွန်မှု ပုဒ်မကို ဖြေပါ့မယ်၊ အဲဒီ ပိုင်နက်ကျူးလွန်မှု ပုဒ်မကတော့ လေးရာ့ငါးဆယ့်နှစ်ဖြစ်တယ်ကွယ့်၊ ဟဲဟဲ"

"ဟုတ်ကဲ့…ဦးလေးကပြောပြလို့ သိရတာ ကျေးဇူးပါ ပဲရှင်၊ ဒါပေမယ့် အခု သမီးလာခဲ့တာက သူများအိမ်ကို အခွင့်မရှိဘဲ ကျူးကျော် စော်ကားလိုတဲ့စိတ်နဲ့ လာခဲ့တာမှ မဟုတ်တာ၊ ဒီလိုဆိုရင် စောစောက ပုဒ်မနဲ့ လွတ်ပါတယ် နော်"

"ဟာ…လွတ်တာပေါ့ တူမကြီးရယ်"

ဦးဘုန်းလွင်ထံမှ ပြောသံအပြီးတွင် ခင်လဲ့မူယာက ဝင် ပြောနေသည်။

"အေး…ကျူးကျော် စော်ကားလိုစိတ်မရှိရင် အိမ်ရှင် ဖြစ်တဲ့ ငါက အမိန့်ပေးတဲ့အတိုင်း ညည်းဟာ ပြန်ထွက်သွား ပေါ့"

"အို…မထွက်နိုင်ပါဘူး၊ ဘာဖြစ်လို့ ထွက်ရမှာလဲ၊ ငါ့ ကိစ္စပြီးမှ ငါထွက်သွားမှာပေါ့"

"အမယ်…ကြီးကျယ်လိုက်တာ၊ ညည်းက ဘာကိစ္စတွေ ရှိလို့ ငါ့အိမ်ကို လာခဲ့ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



''အေး....သိချင်ရင် ပြောရတာပေါ့''

မြသန္တာနွယ်မှာ ခင်လဲ့မူယာကို ပြန်ပြောနေရာမှ သူ၏ လက်ပွေ့အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူနေသည်။

အနီးရှိလူတွေကတော့ မြသန္တာနွယ် ပြုမူနေပုံကို ဝိုင်းကြည့်နေကြသည်။

ထိုအခိုက်မှာပင် အပြင်သို့သွားနေသော ဒေါ်ခင်ထွေးနှင့် အောင်နီလွင်၏မိခင် ဒေါ်အေးရှင်တို့မှာ အိမ်သို့ ပြန်လာခဲ့ကြသည်။

အိမ်ထဲတွင် မြသန္တာနွယ်နှင့် ခင်လဲ့မူယာတို့ စကားများနေကြသည်ကို မြင်ကြရလျှင် အံ့အားသင့်နေကြသည်။

ထိုနောက် မြသန္တာနွယ်က သူမ၏ လက်ပွေ့အိတ်တွင်းမှ ဖိတ်စာကတ်ပြားကလေးကို ဆွဲယူကာ သူတို့ကိုပြရင်း ပြောနေသည်။

''တွေ့လား....ဒီမယ်၊ အဲဒီဖိတ်စာကို လာပေးတာပါ ဟဲဟဲ''

အောင်နီလွင်မှာ မြသန္တာနွယ်၏ စကားအဆုံးတွင် အံ့ဩသံဖြင့် ပြန်မေးနေသည်။

''အဲဒီဖိတ်စာဆိုတာက ဘာဖိတ်စာလဲ မြသန္တာနွယ် ပြောစမ်းပါဦး''

''အိုး....ဘာဖိတ်စာရမှာလဲ၊ နွယ်လေ မကြာခင် နှင့် မိဘတွေက သဘောတူထားခဲ့တဲ့သူနဲ့ မင်္ဂလာဆောင်ရတော့ မယ်၊ အဲဒါ အစ်ကိုတို့ စုံတွဲ နွယ့်မင်္ဂလာပွဲကို လာကြရမယ် နော်၊ ဒီအတွက် တကူးတကလာဖိတ်တာပါ၊ ဟော့....သူငယ် ချင်း၊ ငါပြောတာ ကြားတယ်မဟုတ်လား၊ ခိ ခိ ခိ''

ခင်လဲ့မူယာမှာ မြသန္တာနွယ်၏ စကားများကို ကြား လိုက်ရလျှင် ပြိုင်ဘက်တစ်ဦး ကင်းရှင်းသွားခဲ့ပြီမို့ အလွန် ပင် ဝမ်းသာကာ သွားခဲ့တော့သည်။

မြသန္တာနွယ်အပေါ်တွင်လည်း စောစောကလို ရန်သူလို သဘောမထားတော့ပေ။

ချက်ချင်းပင် မြသန္တာနွယ်ထံမှ မင်္ဂလာဖိတ်စာကလေးကို ဝမ်းသာအားရ လှမ်းယူရင်း ပြန်ပြောနေသည်။

''အို....သူငယ်ချင်းရယ်၊ ဒီလိုမှန်းမသိလို့ မင်းကို ခုနက ပြောမိတာ ခွင့်လွှတ်ပါကွာ၊ ပေး....ပေး....မင်းဖိတ်စာ၊ စိတ် သာချနေ၊ ငါနဲ့ ကိုကိုတို့ မင်းရဲ့မင်္ဂလာဆောင်ကို ဆက်ဆက် ကြီး လာခဲ့မယ်ကွာ၊ ခိ ခိ ခိ''

ခင်လဲ့မူယာ ဝမ်းသာနေသလောက် ရင်ထဲတွင် ဗုံး ပေါက်ကွဲသလို ခံစားလိုက်ရသူကတော့ အောင်နီလွင် ဖြစ် သည်။

မြသန္တာနွယ် မင်္ဂလာဆောင်တော့မည်ဟူသော သတင်း ကြောင့် သူ၏ရင်တစ်ခုလုံး ရေခဲပြင်ကြီးဖြစ်သွားသလို အေး စက်ခံစားလိုက်ရသည်။

မည်သည့်အတွက်ကြောင့်မှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်၏ မင်္ဂလာပွဲကို ကန့်ကွက် ချင် စိတ် လည်း ပေါက်ကာလာနေမိသည်။

သို့သော် လူကြီးများရှိနေ၍ သူ့မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင် ဖြစ်နေရသည်။

မျက်စိမျက်နှာတွေလည်း ပျက်နေတော့သည်။

"အစ်ကို...ဖိတ်စာလဲပေးပြီးလို့ နွယ်သွားတော့မယ်နော်၊ အဲ...ဖိတ်တဲ့သူက အပင်ပန်းခံပြီး လာဖိတ်သလို လာတဲ့သူ လဲ အပင်ပန်းခံပြီး ဆက်ဆက်ကြီးကို လာရမယ် သိလား၊ အစ်ကိုတို့မင်္ဂလာပွဲကျတော့လဲ နွယ်တို့စုံတွဲက လာမှာပေါ့ရှင်၊ ကဲ...အားလုံးပဲ သွားလိုက်ပါဦးမယ်နော်"

*  *  *

(တစ်ဆယ့်သုံး)

**အချစ်မီးတောင်ကြီး ပေါက်ကွဲသွားခြင်း**

"ဒီကလေးမကလေးဟာ ချောလိုက်လှလိုက်တာနော်"

မြသန္တာနွယ် ထွက်သွားအပြီးတွင် အောင်နီလွင်၏ မိခင် ဒေါ်အေးရှင်က ချီးမွမ်းနေခြင်းပင်။

"နေစမ်းပါဦး၊ ဒီသူငယ်မက ဘာဖိတ်စာ လာပေးသွား တာလဲ"

ဒေါ်ခင်ထွေးက သမီးဖြစ်သူအား မေးနေသည်။

"သူ့ မင်္ဂလာဆောင်တဲ့ မေမေ"

"ဩော်.... ဒီကလေးမက မင်္ဂလာဆောင်တော့မလို့တဲ့ လား၊ ဘယ်တော့လဲ"

"ဘယ်တော့လဲဆိုတော့ ခဏနေဦးမေမေ၊ သမီး ဖိတ် စာကိုဖတ်ပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ခင်လဲ့မှူယာက ပြောရင်း အနီးတွင် ရှိနေကြသော လူတွေအားလုံး ကြားသိစေရန်အတွက် အသံကျယ်ကျယ်ဖြင့် ဖတ်ပြနေသည်၊

''ရန်ကုန်မြို့ ဆင်ခြေဖုံး ကွက်သစ်နေ ဦးတုတ်ကြီး ဒေါ်အာကျူပ်တို့၏သား တောက်တဲ့ခေါ် မောင်ခွေးကြီး နှင့် ရန်ကုန်မြို့ အလုံ ဆင်ရေတွင်းလမ်းနေ ဦးအုန်းခင် ဒေါ်သဇင်တို့၏ ကင်ဦးတည်းသော သမီး မြသန္တာနွယ်နှင့် လက်ထပ်မင်္ဂလာ ထိမ်းမြားမည် ဖြစ်ပါ၍ တစ်ဖက်ပါ အိမ်သို့ ကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည် တဲ့''

ခင်လဲ့မှူယာက ဖိတ်စာကို ဖတ်ပြီးနောက် တစ်ဖက်တွင် ရှိနေသော မင်္ဂလာအစီအစဉ်ကိုပါ အောက်ပါအတိုင်း ဆက်၍ ဖတ်နေပြန်သည်။

''မင်္ဂလာကျင်းပမည့်နေရာ သမုဒ္ဒာဟိုတယ်၊ ကျင်းပမည့်ရက် ဆယ်ရက်၊ ခြောက်လ၊ ကိုးဆယ့်သုံး တဲ့''

''ဟယ်....ဒါဆိုရင် သူတို့ မင်္ဂလာဆောင်က သမီးတို့ထက် တစ်ပတ်စောနေတာပေါ့နော် ဟုတ်လား''

ဒေါ်ခင်ထွေးက ပြောနေသည်။

''ဟန့်....မေမေကလဲ၊ သမီးတို့ထက်စောတယ် ပြောရအောင် သမီးတို့ မင်္ဂလာပွဲက ဘယ်နေ့ဆိုတာကိုမှ မသတ်မှတ်ရသေးတဲ့ဟာ၊ ခိ ခိ ခိ''

ခင်လဲ့မှူယာက အောင်နီလွင်၏မျက်နှာကို တစ်ချက်လှမ်းကြည့်ရင်း ပြန်ပြောနေသည်။



အောင်နီလွင်မှာတော့ ကျောက်ဆစ်ရုပ်အလား မလှုပ်မရှား။

''ဒီကလေးမယူမယ့် ယောကျ်ားနာမည်ကလဲ တောက်တဲ့ခေါ် ခွေးကြီးလို့ ပေးထားပုံထောက်တော့ ရုပ်ကတော့ ကောင်တော်ဆိုးလိမ့်မယ်ထင်တယ်''

ဒေါ်အေးရှင်က မှတ်ချက်ချနေသည်။

''ကြော်....အန်တီရယ်၊ ရုပ်ဆိုးပေမယ့် ပိုက်ဆံတော့ ချမ်းသာလို့ နေမှာပေါ့၊ ဒါကြောင့်သာ သမုဒ္ဒာဟိုတယ်မှာ မင်္ဂလာဆောင်နိုင်တာပေါ့၊ မဟုတ်ဘူးလား၊ ခိ ခိ ခိ''

''အေး... အေး၊ သမီးပြောတာ ဖြစ်နိုင်တယ်ကွယ့်၊ ဟား...ဟား... ဟား''

ဒေါ်အေးရှင်ကလဲ ပြောပြီး ရယ်နေသည်။

ဦးဘုန်းလွင်ကမူ သားဖြစ်သူ အောင်နီလွင်ဘက်သို့ လှည့်၍ မေးနေသည်။

''ကဲ....သားကြီး ပြောစမ်းကွာ၊ သားတို့မင်္ဂလာဆောင်ကို ဘယ်နေ့ဆောင်ကြမယ်ဆိုတာ ပြောစမ်း''

''ခင်ဗျာ''

ငေးငိုင်ကာနေသော အောင်နီလွင်ထံမှ ပြန်ထူးသံ။

''အာ....ဒီကောင်နဲ့တော့ ခက်နေပါပြီ ငါမေးနေတာက မင်းတို့ မင်္ဂလာဆောင်မယ်ဆိုတာ မေးနေတာ''

''မသိဘူး''

''ကောင်းပြီ...မင်း မသိရင် ငါက ရက်ကို သတ်မှတ်ပေးမယ်၊ ဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

"မဟုတ်ရင် မင်းဘာသာ မင်းပဲ သတ်မှတ်မယ်လား—ဒါဆိုပြောစမ်း၊ ဘယ်နှလဲ"

"မသိဘူး"

"ဪ...ခက်နေပါပြီ၊ မင်းမသိရင် ငါကပဲ သတ်မှတ်ပေးမယ်လေ၊ ဟုတ်လား"

"မဟုတ်ဘူး"

"အာ...ဒုက္ခပါပဲ၊ ဒီကောင်လေး ဘာဖြစ်နေတာလဲ၊ မသိဘူး၊ မဟုတ်ဘူးနဲ့၊ ပြောစမ်းကွာ"

"မသိဘူး"

ဦးဘုန်းလွင်မှာ အောင်နီလွင်၏ အူကြောင်ကြောင်စကားများကြောင့် ဒေါပွနေတော့သည်။

"ဟေ့ကောင်၊ မင်းရူးနေသလား... ဟင်"

"မသိဘူး"

"ဟေ...ကိုယ့်ကိုယ်ကို ရူးတယ် မရူးဘူး ဆိုတာတောင် မသိဘူးလား"

"မသိဘူး"

"မသိရင် ရူးနေလို့ပေါ့... ဟုတ်လား"

"မဟုတ်ဘူး"

"သွားပြီ...ဒီကောင်တော့ ဘာတွေဖြစ်နေမှန်းကိုမသိဘူး၊ စောစောတုန်းကလဲ မဟုတ်ဘူး၊ ဟုတ်တယ်နဲ့ ပြောလိုပြောနေ၊ အခုတစ်ခါလဲ မသိဘူး၊ မဟုတ်ဘူးနဲ့၊ မအေးရှင်...မင်းသားကို မေးစမ်းပါဦးကွာ၊ ငါတော့ စိတ်ကုန်လာပြီ"



ဦးဘုန်းလွင်မှာ စိတ်ပျက်လာဟန်ဖြင့် ဇနီးဖြစ်သူ ဒေါ်အေးရှင်ထံသို့ စစ်ကူတောင်းနေသည်။

ကျန်လူတွေမှာလည်း အံ့သြနေကြဟန်ဖြင့် သူတို့တစ်တွေကို ငေးကြည့်နေကြသည်။

"ကဲ ကဲ...ရှင် စိတ်ကုန်လာရင်လဲ ကျွန်မသားကို ကျွန်မ မေးပါမယ်၊ ဒီမယ် သား ....မင်းဖေဖေက မေးနေတယ်၊ သားတို့ မင်္ဂလာဆောင်ရက်ကို ဘယ်နှရက်လောက် လုပ်မလဲတဲ့"

"မသိဘူး"

"အေး....မသိရင် မေမေတို့က သတ်မှတ်ပေးမယ် နော်.... သားက လက်ခံရမယ်၊ ဟုတ်လား"

"မဟုတ်ဘူး"

"ဟောတော့....မင်းဟာက ဘယ်လိုလဲ၊ ဒါဆိုရင် မင်းကိုယ်တိုင် သတ်မှတ်မှာလား၊ ပြောလေ"

"စိတ်ညစ်တယ်"

"ဟဲ့....ဒါဟာ စိတ်ညစ်စရာမှ မဟုတ်ဘဲ၊ မင်း ကောင်းဖို့ပဲဟာ၊ ဟုတ်လား"

"စိတ်ညစ်တယ်"

"ဪ....ခက်လိုက်တာ၊ ဒီမယ် သား....မင်းဘာတွေဖြစ်နေဟာလဲ ဟင်၊ နေရင်းထိုင်ရင်း ရူးသွားလို့လား၊ ဒါမှမဟုတ် လူကြီးတွေကို ပမာမခန့် လုပ်နေတာလား ဆိုတာ ပြောစမ်း"

"မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



''ဗုဒ္ဓော မြတ်စွာဘုရား....နင့်ကို ငါက မြန်မာလိုမေးနေ ကဲ့ဟာ မသိဘူးလား၊ သိကို သိရမယ်''

ဒေါ်အေးရှင်မှာလည်း စိတ်တိုလာပုံရသည်။

''အာ....စိတ်ညစ်လိုက်တာဗျာ၊ ကျွန်တော့်ကို အေးအေး ဆေးဆေး နေခွင့်ပြုကြပါတော့၊ ဘာမှ လာမေးမနေကြပါ နဲ့၊ ကြာရင် ကျွန်တော်ရူးသွားလိမ့်မယ်''

အောင်နီလွင်မှာ ပြောရင်း လူကြီးများအနီးမှနေ၍ တိုက် အပြင်ဘက်သို့ ထွက်ခွာသွားခဲ့ဟောသည်။

ခင်လဲ့မူယာက အောင်နီလွင်၏ နောက်သို့ လိုက်ရန်ပြင် သည်။

ဦးညိုမြက သမီးလက်ကို လှမ်းဆွဲကာ လိုက်မသွားရန် ခေါင်းကို အသာယမ်းပြသည်။

ခင်လဲ့မူယာလည်း လိုက်မသွားတော့ပေ။

အမှန်မှာတော့ လူကြီးများမှာ အောင်နီလွင်၏ ရင်ထဲတွင် ခံစားနေရရှာသော ဝေဒနာကို မသိကြ၍ ယခုလို ဝိုင်းဝန်း မေးမြန်းနေကြခြင်း ဖြစ်ပေသည်။

အောင်နီလွင်၏ ရင်ထဲတွင်တော့ အချစ် မီးတောင်ကြီး ပေါက်ကွဲနေရှာလေပြီ။

သူ့အဖို့ မြသန္တာနွယ် တစ်ယောက် မင်္ဂလာဆောင်တော့ မည် ဟူသော သတင်းသည် အသည်းကွဲစရာ သတင်းဖြစ်နေပေ သည်။

ဥပမာပြရလျှင် နှစ်ပေါင်းများစွာ ချော်ရည်ချော်မြစ် တွေ ကင်းစင်နေ၍ သေနေသော မီးတောင်အဖြစ် တည်ရှိနေ



ရာမှ သက်ဝင်လှုပ်ရှားကာ လာခဲ့သော မီးတောင်ကြီးနှင့် သဏ္ဌာန်တူနေသည်။

သူ့အဖို့ အချစ်ဟူသည် သူနှင့်လုံးဝမသက်ဆိုင်သလိုယူဆ ထားခဲ့သူ ဖြစ်သည်။

တကယ်လည်း အိမ်ထောင်ရေးသည် ဘဝထက် လူပျို ဘဝကို သူက ပိုမိုလိုလားခဲ့သည်။

သို့သော် မြသန္တာနွယ်နှင့် တွေ့ထိခဲ့ရ၍ သူ၏အချစ်တွေမှာ မီးခဲပြာဖုံး ဖြစ်နေခဲ့ရာမှ ယခု မြသန္တာနွယ်က လက်ထပ်တော့ မည်ဟူသော သတင်းကြောင့် သူ၏ အချစ်မီးတောင် ကြီးမှာ ရုတ်တရက် ပေါက်ကွဲသွားခဲ့ရခြင်းပင်။

ထို့အတွက် သူ့ကိုယ်သူပင် မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရ သည်။

''ငါ ငါ....ဘယ်တုန်းကများ စပြီး မြသန္တာနွယ်ကိုချစ်ခဲ့ မိပါလိမ့်....''

ပန်းခြံတွင်းသို့ သူအရောက်တွင် အထက်ပါအတိုင်းအမေး ပုစ္ဆာထုတ်၍ အဖြေရှာကြည့်နေမိသည်။

အဖြေကတော့ ရေရေရာရာ မရခဲ့ပေ။

ဆန်းလှစွာကတား။

''ဩော်...မြသန္တာနွယ်၊ အစကတော့ မင်းဟာ ငါ့ကို တိတ်တခိုးကလေး ချစ်နေတဲ့သူလို့ ထင်နေခဲ့မိတာ၊ အခုတော့ မဟုတ်တော့ပါကလား၊ မင်းမှာ လက်ထပ်ရမယ့်သူ ရှိနေတာ ကို ဘာဖြစ်လို့ ငါ့ကို အစက ဖွင့်မပြောခဲ့တာလဲ ဟင်.... တောက်''

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်တွေးရင်း မြသန္တာနွယ်ကို ဒေါကန်လာတော့သည်။

"အင်း....ငါအခုလို ဒေါကန်နေရုံနဲ့တော့ ငါ့ကိစ္စဟာပြီးတော့မှာ မဟုတ်ဘူး၊ ဒီတော့ကာ မြသန္တာနွယ်ဆီကို လိုက်သွားပြီး အခု မင်္ဂလာဆောင်မယ့်သူကို သူ တကယ်ချစ်မချစ်မေးကြည့်မယ်၊ ချစ်တယ်ဆိုရင်တော့ ငါဘာမှ မတတ်နိုင်ဘူး၊ အဲ....သူမချစ်ဘဲနဲ့ လူကြီးတွေက စီစဉ်လို့ ယူရတာပေါ့ ဆိုရင်တော့ ဒီ မင်္ဂလာပွဲကို ငါဖျက်ရလိမ့်မယ်၊ ဖျက်ကိုဖျက်မယ်၊ ဖျက်မယ်ကွ၊ ဖျက်ကိုပစ်မယ်၊ ဟွန်း....ဟွန်း....ဟွန်း"

အောင်နီလွင် တစ်ယောက်တည်း ဒေါသမုန်တိုင်းတွေ ထန်နေတော့သည်။

"ဟင်....ကိုကို၊ ဘာကိုဖျက်မှာလဲဟင်"

သူ့နောက်မှ နေ၍ ခင်လဲ့မူယာက လှမ်းမေးနေသည်။

"ဘာဖျက်ရမှာလဲ၊ မင်္ဂလာပွဲကိုပေါ့"

"ဘာ....မင်္ဂလာပွဲကို ဖျက်မယ်ဟုတ်လား"

"အေး....ဟုတ်တယ်၊ မင်္ဂလာပွဲကို ဖျက်ကိုဖျက်ပစ်မယ်၊ ဟွန်း"

"အိုး ...ဘာဆိုင်လို့ ဖျက်ရမှာလဲ"

"ဆိုင်ဆိုင်....မဆိုင်ဆိုင်၊ ဖျက်ကိုဖျက်ပစ်မယ်"

အောင်နီလွင်ကလည်း လုံးဝ အလျှော့မပေးဘဲ ပြန်ပြောနေသည်။

အမှန်တော့ သူတို့နှစ်ဦးမှာ တစ်ဦး စကား တစ်ဦး အကောက်လွဲနေကြခြင်းပင်။



အောင်နီလွင်ဖျက်မည်ဆိုသည်က မြသန္တာနွယ်တို့ မင်္ဂလာပွဲကို ပြောနေခြင်းဖြစ်သည်။

အဲ...ခင်လဲ့မူယာ ထင်နေသည်ကတော့ သူတို့မင်္ဂလာပွဲကို ဖျက်ပစ်မည်ဟုထင်ကာ ယခုလို ပြန်ပြောနေခြင်းပင်။

"ကိုကို့ သဘောတစ်ခုတည်းနဲ့ ဖျက်ပစ်လို့ရမလား၊ ဒီကိစ္စဟာ လူကြီးမိဘတွေက စီစဉ်ထားကြတဲ့ဟာ၊ ဟွင်း"

"ဘယ်သူကပဲ စီစဉ်စီစဉ်၊ ငါမကြိုက်ရင် ဖျက်မှာပဲ"

ထိုစကားများကို ကြားရလျှင် ခင်လဲ့မူယာမှာ အလွန်ပင် စိတ်ဆိုးကာသွားတော့သည်။

"ကိုကိုမကြိုက်ရုံနဲ့ ဖျက်ပစ်မယ်ဆိုရင် ပြဿနာတွေဟာ ဘယ်လောက်ဘက်သွားမယ် ထင်သလဲ"

ခင်လဲ့မူယာမှာ သူတို့ မင်္ဂလာပွဲကို ရည်ရွယ်၍ ပြောနေခြင်းပင်။

အောင်နီလွင်ကမူ မရိပ်မိသေး။

သူကတော့ မြသန္တာနွယ်တို့ မင်္ဂလာပွဲကိုသာ ဦးတည်ကာ ပြောခြင်းမို့ ဤသို့ဆက်၍ ပြောနေပြန်သည်။

"အေး....လုကညာအတွက်မို့ ပြဿနာတက်တာတက်ပါစေလေ၊ အိုကွာ လူကြီးတွေဆီသာမကဘူး၊ ကမ္ဘာ့ကုလသမဂ္ဂကြီးဆီအထိ ပြဿနာတက်လဲ ငါကတော့ ဂရုမစိုက်ဘူး သိလား"

"ဩော်....ကိုကိုက ဒီလိုလား၊ ကောင်းပြီ၊ ဒါဆိုရင် ကိုကို့ရဲ့ ဖေဖေနဲ့မေမေကို မူယာ သွားတိုင်ရလိမ့်မယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟ....ငါပြောခဲ့ပကော၊ လူကြီးတွေဆီတင်မကဘူး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘူးထရီ့စ်...ဘူးထရီ့စ်ဂါလီဆီကိုပဲ သွားတိုင်တိုင် ငါကတော့ အပြတ်ကို ချပစ်မယ်ကွ ...ချပစ်မယ်၊ ဟွန်း"

"ကောင်းပြီ၊ အပြတ်ချမယ်ဆိုရင် မှူယာကလဲ ထဘီတရစပ်ဆွဲပြီး သွားတိုင်မယ်"

ခင်လဲ့မှုယာမှာ ပြောရင်း ခြေကိုဆောင့်ကာ အောင်နီလွင်၏အနီးမှ ထွက်သွားခဲ့သည်။

"အေး....ငါကလဲ အပြတ်ချဖို့ အခုပဲအပြင်ကို သွားလိုက်မယ်ဟေ့၊ သိလား"

အောင်နီလွင်လည်း ပြန်ပြောရင်း သူ၏ယာမာဟာ မော်တော်ဆိုင်ကယ်ရှိရာသို့ အမြန်သွားနေတော့သည်။

မော်တော်ဆိုင်ကယ်အနီးသို့ရောက်လျှင် သူသည် ဆိုင်ကယ်လက်ဘန်းတွင် ထားခဲ့သော ဖိုင်ဘာ ဦးထုပ်ကို သူ၏ဦးခေါင်းတွင် ဆောင်းသည်။

ပြီးတော့ မော်တော်ဆိုင်ကယ်ပေါ်သို့ တက်ကာ စက်ကိုနှိုး၍ ခြံတွင်းမှ တဖုတ်ဖုတ်နှင့် မောင်းထွက်ကာ သွားခဲ့တော့သည်။

* * *

## (တစ်ဆယ့်လေး)

### ဒေါင်ချာစိုင်းကုန်ကြခြင်း

"အန်ကယ်နဲ့ အန်တီတို့ရေ၊ လာကြပါဦးရှင့်"

ခင်လဲ့မှုယာမှာ တိုက်တွင်းသို့အရောက်တွင် အထက်ပါအတိုင်း အလန့်တကြားအသံဖြင့် ဦးဘုန်းလွင်နှင့် ဒေါ်အေးရှင်တို့ကို လှမ်းခေါ်နေတော့သည်။

ထိုခေါ်သံကြောင့် ထမင်းစားခန်းထဲတွင် ရှိနေကြသော ဦးဘုန်းလွင်နှင့် ဒေါ်အေးရှင်တို့သာမက ဦးညိုမြနှင့် ဒေါ်ခင်ထွေးတို့ပါ ထိတ်ထိတ်ပျာပျာနှင့် အခန်းတွင်းမှပြေးထွက်လာခဲ့ကြသည်။

"ဟဲ့ ....သမီး၊ ဒါက ဘ●သ်လို့ဖြစ်တာလဲဟင်၊ မျက်သာလန့်သာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ထွေးက သမီးဖြစ်သူ ခင်လဲ့မူယာအား မေးနေသည်။

''ဘာဖြစ်ရမှာလဲ၊ ကိုကိုလေ....ကိုကိုပေါ့''

''ဟော....ဟိုကောင်ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဦး''

ဦးဘုန်းလွင်က အံ့သြသံဖြင့် ပြန်မေးနေသည်။

''ကိုကိုကလေ သ....သ....သမီးတို့ မင်္ဂလာဆောင်ကိုမပျက်ရင် ပျက်အောင်ဖျက်မလို့တဲ့ အန်ကယ်ရဲ့၊ ဟင့်''

ခင်လဲ့မူယာက ငိုသံပါလေးဖြင့် ဦးဘုန်းလွင်အား တိုင်ကြားနေသည်။

''အမယ်....ခွေးကောင်က ဒါက ဘာဖြစ်သွားရတာလဲ ဟင်''

ဦးဘုန်းလွင် ဒေါပွသံဖြင့် ပြန်မေးနေသည်။

''မသိဘူး၊ သူတော်တော်ပဲ စိတ်ဆိုးနေပုံရတယ် အန်ကယ်ရဲ့''

''အခု ဒီကောင် ဘယ်မှာလဲဟင်၊ သွားခေါ်စမ်း''

''သူမရှိတော့ဘူး၊ ဒေါလုံးမောလုံးနဲ့ မော်တော်ဆိုင်ကယ်စီးပြီး ထွက်သွားပြီ''

ခင်လဲ့မူယာ ပြောအပြီးတွင် ဦးညိုမြက ဝင်မေးနေသည်။

''နေစမ်းပါဦး၊ သမီးရယ်၊ မောင်အောင်နိုလွင်ဟာ သမီးကိုစ,တာများလားကွာ၊ ဒီသူငယ်က ပေမယ့် အစတော့အသန်သားကွယ့်''

''အို....မဟုတ်တာဘဲ ဖေဖေကလဲ၊ သူက အတည်ပြောနေတာပါ ဖေဖေရဲ့''



''အခု သူဘယ်သွားသလဲ သမီး''

''ဘယ်သွားမယ်ဆိုတာတော့ သမီး မသိဘူး၊ အဲ....သူပြောသွားတာကတော့ မင်္ဂလာပွဲကို မပျက်ရင် ပျက်အောင်ဖျက်မယ်လို့ ကြိမ်းဝါးသွားတာပဲ ဖေဖေရဲ့''

''ဟ....မင်္ဂလာပွဲကို ဖျက်မယ့်သူက ငါတို့ဆီကို မလာဘဲ ဘာကိစ္စ တခြားကို ထွက်သွားရတာလဲဟ''

ဦးညိုမြက မအွေးတတ်ဟန်ဖြင့် ပြန်မေးနေသည်။

''ဒါက ကမ္ဘာ့ကုလသမဂ္ဂကြီးဆီကိုများ စာသွားထည့်သလားမှ မသိတာ''

''ဟယ်....နင့်ဟာက ဘာဆိုင်လို့လဲ၊ မဟုတ်တာတော့ ပြောပြီ၊ ဟား....ဟား''

''ဆိုင်တာမဆိုင်တာတော့ သမီး မသိဘူး၊ သူပြောသွားခဲ့တာကတော့ ကုလသမဂ္ဂကြီးအထိ ပြဿနာကို တင်ပြမယ်ဆိုလား ဘာလားပဲ''

ထိုစကားများကို ကြားရလျှင် ဦးဘုန်းလွင်က ဒေါပွကာဝင်ပြောသည်။

''အမယ်....ကြီးကျယ်လိုက်တာ၊ မင်္ဂလာပွဲကိစ္စကို ကုလသမဂ္ဂကိုများ သူက ပြဿနာလုပ်ပြီး တင်ပြနေချင်သေးတယ်၊ ဟိုမှာက ဘော့စနီးယားအရေးတို့၊ ကမ္ဘောဒီးယားအရေးတို့နဲ့ ဖင်ယားလို့တောင် မကုတ်နိုင်အောင် အလုပ်ရှုပ်နေရတဲ့အထဲ၊ တောက်....တော်တော်မိုက်လုံးကြီးတဲ့ကောင်ပဲ၊ ဟွန်း''

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရဲ့ သားကတော့ ကုလသမဂ္ဂကြီးဟာ ဘာကြောင့်ပဲအလုပ်ရှုပ်ရှုပ် သူကတော့ တင်ပြမယ်တဲ့"

"ဆွိ....ဒီကောင်လား တင်ပြလို့ရမှာ၊ အိမ်း....မင်္ဂလာပွဲကို ဖျက်မယ်ဆိုရင် ကုလသမဂ္ဂမပြောနဲ့၊ ရဝတ ရုံးကိုတောင် မတင်နိုင်စေရဘူး၊ ငါ့နာမည်ဟာ ဘုန်းလွင်တဲ့၊ ဘုန်းခင်မဟုတ်ဘူး၊ ဘုန်းခင်ဆိုရင် အခြောက်ဖြစ်နေမယ်၊ ငါက ဘုန်းလွင်မို့ အခြောက်မဟုတ်ဘူး"

ဦးဘုန်းလွင်၏ စကားများကြောင့် အနီးရှိလူကြီးများမှာ ရယ်နေမိကြသည်။

ဒေါ်အေးရှင်ကလည်း နားမလည်ဟန်ဖြင့် ဝင်ပြောနေပြန်သည်၊

"ကျွန်မတို့ သားလုပ်ပုံကို နားမလည်နိုင်အောင်ကို ဖြစ်နေတယ်ရှင်၊ ဒီက သမီး ခင်လဲ့မူယာနဲ့ မင်္ဂလာဆောင်ဖို့ကိစ္စ သဘောတူခဲ့ပြီးမှ အခုတစ်ခါ ဘာစိတ်ကူးပေါက်ပြီး မင်္ဂလာပွဲကို ဖျက်ဖို့ကြံရတာလဲ၊ ဒီကောင်လေးဟာ စိတ်မှန်ရဲ့လား မသိဘူး၊ စကားပြောတာတွေကလဲ ကပေါက်ချိကပေါက်ချာနဲ့၊ စိတ်ရောဂါကု ဆရာဝန်နဲ့ ပြကြည့်ရကောင်းမလားဟင်"

"တယ်....မင်းကလဲ၊ မဟုတ်တာတွေတွေးပြီး ပြောနေပြန်ပါပြီ၊ ဒီကောင့်ဘာမှမဖြစ်ဘူး၊ သမီးမူယာနဲ့ မင်္ဂလာမဆောင်ချင်သေးလို့ အမျိုးမျိုးကြံထူနေတာပဲ ဖြစ်ရမယ်"



ထိုစကားကို ကြားရလျှင် ခင်လဲ့မူယာ၏ မိခင်ကြီး ဒေါ်ခင်ထွေးက ဝင်ပြောနေသည်။

"ဒီလိုဆိုရင်လဲ မင်္ဂလာပွဲကို ခဏရွှေ့ထားလိုက်ရရင် မကောင်းဘူးလား"

"မရွှေ့ပါနဲ့ဗျာ၊ မင်္ဂလာပွဲကို ရွှေ့ထားရင် နောက်ထပ် တစ်နှစ်ကျော်လောက် ကြာသွားလိမ့်မယ်၊ ကျွန်တော်က တော့ ဇွတ်အတင်းကို ပေးစားပစ်မယ်၊ အခုသာ ဒီကောင် ကြံထူနေတာပါ၊ မင်္ဂလာဆောင်ပြီးသွားလို့ သမီးမူယာနဲ့ ပေါင်းသင်းကြတော့မှ မိန်းမယူရတဲ့အရသာတွေ့ပြီး ကုန်ခဲ့တဲ့အချိန်တွေ နှမြောလှချည်ရဲ့ ဖေဖေရယ်၊ အခုမှ ကောင်းမှန်းသိခဲ့ဘာတယ်ဗျ ဆိုပြီး ဒီအကောင်ပြောနေမှာကို မြင်ယောင်သေးပါရဲ့ဗျာ၊ ဟား....ဟား....ဟား"

"အို....ကိုဘုန်းလွင်ကလဲ၊ ဘာတွေ လျှောက်ပြောနေရတာလဲ၊ ကလေးကလားနဲ့၊ ဟွန်း"

ဒေါ်အေးရှင်က သဘောမကျသံဖြင့် ဦးဘုန်းလွင်အား ကြိမ်း၍ မာန်နေသည်။

ကျန်လူတွေကတော့ ရယ်နေကြသည်။

"ဒါက ကိစ္စမရှိဘူး၊ ကိုကို့ကို ဒီလိုပဲကြည့်နေတော့မှာလား၊ လိုက်ရှာကြရင် မကောင်းဘူးလား"

ခင်လဲ့မူယာမှာ လူကြီးများလို ရယ်မနေနိုင်ဘဲ အောင်နိုင်အတွက် စိုးရိမ်သံဖြင့် ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟ...ဘာအတွက် လိုက်ရှာနေရမှာလဲ၊ အချိန်တန်တော့ သူဟာ အိမ်ပြန်လာမှာပေါ့ သမီးရ''

ဦးညိုမြက အေးအေးဆေးဆေးပင် ပြန်ပြောနေသည်။

''မဟုတ်ဘာဘဲ ဖေဖေရယ်၊ သူက မင်္ဂလာ ကိစ္စကို ဖျ အောင်ဖျက်မယ်ဆိုပြီး ထွက်သွားခဲ့တဲ့ဟာ၊ ပြန်လာပါမလာ တခြားကို ရှောင်နေတော့ကော''

''ကောင်းပြီ၊ ဒါဆိုရင် သူ့ကို သမီးက ဘယ်မှာလိုက် ရှာချင်သလဲ၊ သူသွားတတ်တဲ့နေရာကို သိလို့လား''

''ဒါတော့ ဘယ်သိပါ့မလဲ၊ တစ်မြို့လုံး လိုက်ရှာရင်ေ မှာပေါ့''

''မဖြစ်နိုင်တာတွေကို ပြောမနေစမ်းပါနဲ့ သမီးရယ် သူ ပြန်လာပါလိမ့်မယ်ကွာ၊ မောင်အောင်နီလွင်ဟာ တခြ မှာ သွားစရာ အိမ်မှမရှိတဲ့ဟာ၊ ဟုတ်လား''

ခင်လဲ့မှုယာကတော့ စိတ်ထဲတွင် မကျေနပ်လှပေ။

''ဒါဆို သမီးဘာသာ လိုက်ရှာမယ်၊ ကားယူသွားမေ နော်''

''ကောင်းပြီလေ၊ ဒီလောက်တောင် ရှာချင်နေရင် ရှ ပေါ့''။

ဦးညိုမြက ခွင့်ပေးလျှင် ခင်လဲ့မှုယာလည်း အောင်နီလွ ကို လိုက်ရှာရန် တိုက်တွင်းမှ ထွက်သွားခဲ့တော့သည်။

ထိုအချိန်တွင် အောင်နီလွင်မှာလည်း မော်တော်ဆိုင် ကိုစီးရင်း အောက်ပါအတိုင်း စဉ်းစားနေသည်။



''မြသန္တာနွယ်သာ တကယ်ပဲ လက်ထပ်မယ်ဆိုရင် ငါ ဘယ်လိုလုပ်မလဲ၊ နေပါဦး၊ ငါဟာ ဘယ်တုန်းက သူ့ကို ချစ်နေမိတာလဲ၊ အဲဒါကလဲ ဆန်းတယ်၊ ဟိုတုန်းကတော့ ငါဟာ မြသန္တာနွယ်ရဲ့အပေါ်မှာ ညီမငယ်တစ်ယောက်လို သဘောထားခဲ့တာအမှန်ပဲ၊ အခု သူလက်ထပ်တော့မယ်ဆိုခါ မှ ငါ့စိတ်တွေဟာ မယုံကြည်နိုင်လောက်အောင်ကို အံ့ပြောင်း လဲကြီး ပြောင်းလဲသွားပြီး သူ့ကို မရမနေနိုင်အောင် ချစ် မိတာက ဘယ်လိုကြောင့်လဲ၊ သူ့အပေါ်မှာ မီးခဲပြာဖုံး အချစ်မျိုးနဲ့ ငါဟာ ချစ်နေလို့လား၊ တွေးစမ်းကွာ၊ တွေး စမ်း''

အောင်နီလွင်သည် သူ့ကိုယ်သူ မေးခွန်းတွေထုတ်ရင်း မြသန္တာနွယ်အား မည်သည့်အချိန်ကစ၍ သူချစ်နေကြောင်း ကို ပြန်တွေးကြည့်နေသည်။

အဖြေကတော့ လုံးဝမရပေ။

''ဆန်းတယ်နော် .... ဆန်းတယ်၊ အချစ် ဆိုတာမျိုးဟာ ပြောယုံ ကြုံဖူးမှသိအောင်ကို ဆန်းတာပဲ၊ ငါဟာ ခင်လဲ့ မှုယာနဲ့ ပူးပူးကပ်ကပ် နေခဲ့ပေမယ့် သူ့အပေါ်မှာ ချစ်သူ တစ်ယောက် အနေနဲ့ မချစ်ခဲ့မိဘူး၊ အခု မြသန္တာနွယ် ကျမှ ဘာဖြစ်လို့ ချစ်ရတာလဲ၊ သိပ်ကို အံ့သြဖို့ကောင်းတာပဲ''

သူတွေးနေခိုက်မှာပင် မြသန္တာနွယ်တို့ နေထိုင်သော အလုံ ဆင်ရေတွင်းလမ်းဘက်သို့ ရောက်လာခဲ့တော့သည်။

www.burmeseclassic.com

သူသည်း အတွေးကိုဖြတ်ကာ ထားလိုက်ရသည်။

မြသန္တာနွယ်၏ အိမ်ရှေ့သို့ ရောက်လျှင် အောင်နီလွင်မှာ သုစီးလာခဲ့သော မော်တော်ဆိုင်ကယ်အား အိမ်၏ လှေကားရင်းတွင် ဒေါက်ထောက်ကာ ထောင်ထားခဲ့သည်။

ဦးအုန်းခင်မှာ မော်တော်ဆိုင်ကယ် သံကြောင့် ပြတင်းပေါက်မှထွက်ကာ သူ့ကိုကြည့်နေသည်။

အောင်နီလွင်က ဦးအုန်းခင်အား လှမ်း၍ပြုံးပြနေသည်။

ဦးအုန်းခင်မှာမူ အောင်နီလွင်အား မမှတ်မိ၍ ပြန်လည်၍ မပြုံးပြပေ။

နောက် အောင်နီလွင်လည်း အိမ်ပေါ်သို့တက်လာခဲ့သည်။

''ဦးလေး....နေကောင်းတယ်နော်၊ ဟဲဟဲ''

အောင်နီလွင်မှာ ဦးအုန်းခင်၏ ရှေ့သို့ အရောက်တွင် အထက်ပါအတိုင်း ထပ်၍နှုတ်ဆက်နေသည်။

''ဟာ....ငါဘယ်တုန်းက ဖျားဖူးလို့လဲကွ၊ ဒါထက်နေပါဦး၊ မင်းက စည်ပင်သာယာက ရေခွန်လာကောက်တဲ့ဝန်ထမ်းလား ကွ''

''မဟုတ်ပါဘူး ဦးလေးရ၊ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား၊ သေသေချာချာ ကြည့်ပါဦး၊ ဟဲဟဲ''

အောင်နီလွင်က ပြုံးပြုံးရယ်ရယ်နှင့် ဦးအုန်းခင်ကို ပြန်ပြောနေသည်။



ဦးအုန်းခင်က သူ့မျက်နှာကို မျက်မှောင်ကြီး ကြုတ်ကာ ကြည့်နေသည်။

''အိမ်း....ဟုတ်ပြီ၊ ငါမှတ်မိသွားပြီ၊ ဟဲဟဲ''

''ဒီလိုမှပေါ့....ကျွန်တော် ဘယ်သူဆိုတာ ဦးလေးသိသွားပြီနော်''

''သိပါတယ်ကွာ၊ ဟိုပြီးခဲ့တဲ့သင်္ကြန်တုန်းက တို့ရပ်ကွက်က ရေကစားမဏ္ဍပ်အတွက် အလှူငွေ မရမက လာခံခဲ့တာ မင်း မဟုတ်လား၊ အဟဲ''

''ဟိုက်....သေလိုက်ပါတော့''

ဦးအုန်းခင်၏ စကားများကြောင့် အောင်နီလွင်မှာ သူ၏ နဖူးကို သူ့လက်ဝါးဖြင့် ပြန်ရိုက်ရင်း အထက်ပါအတိုင်း ရေရွတ်နေမိသည်။

''မဟုတ်ဘူးလားကွ''

''ဘယ်ကလာဟုတ်ရမှာလဲ၊ ကျွန်တော်ဟာ တစ်ခါတုန်းက ဦးလေးရဲ့သမီး မြသန္တာနွယ်ကို မသမာကောင်လူနှစ်ဦးရဲ့ ရန်က ကာကွယ်ခဲ့တဲ့ ဘားမားရုပ်မင်းလေ၊ ဟဲဟဲ''

ထိုအခါကျမှ ဦးအုန်းခင်မှာ အောင်နီလွင်ကို မှတ်မိကာ သွားခဲ့တော့သည်။

''ဪ....ဘားမားရုပ်မင်းကလေးလား၊ အေး အခုမှပဲ မှတ်မိတော့တယ်၊ ကမ်းမွန်၊ စစ်တောင်း၊ မုတ္တမ၊ မော်လမြိုင် ထိုင်ပါဦး၊ ဟဲဟဲ''

www.burmeseclassic.com



ဦးအုန်းခင်က ပြက်လုံးများနှင့် အောင်နီလွင်အားပြောကာ ထိုင်ခိုင်းနေသည်။

''ဟား....ဟား....ဟား....ဦးလေးက ပေမယ့် ဟာသတွေဘာတွေ အပြောတတ်ကြီးပဲနော်၊ ဟဲဟဲ''

''ပြောတတ်ဆို ငါက ငယ်ငယ်ကလေးတည်းက သွားလေသူ ဟာသ လူရွှင်တော်ကြီး ဦးကြယ်နီကို သိပ်သဘောကျတဲ့ကောင်ကိုး၊ ဒါကြောင့် သူ့ ပြက်လုံးတွေနဲ့ ငါပြောနေတာပေါ့ကွ၊ အဟဲ''

ဦးအုန်းခင် ပြန်ပြောနေခိုက် အောင်နီလွင် ကတော့ မြသန္တာနွယ်အား မျက်စိကစားကာ ရှာဖွေနေသည်။

''ဒါထက်....ဦးလေးရဲ့ သမီး မြသန္တာနွယ်ကော၊ မရှိဘူးလား''

''အပြင်ကို သွားတယ်ကွယ့်၊ ပြန်မလာသေးဘူး''

''ဩော်....ဖိတ်စာတွေ လျှောက်ဝေနေရလို့ ထင်တယ်''

''ဟေ....ဘယ်က ဖိတ်စာလဲ၊ ငါတို့အိမ်မှာ ဘာအလှူမှလဲ မလုပ်ရပါလားကွ''

ဦးအုန်းခင်က အံ့ဩသံဖြင့် ပြန်မေးနေသည်။

''အလှူမဟုတ်ပါဘူး၊ မင်္ဂလာဆောင် ဖိတ်စာ ပြောတာပါ၊ ကျွန်တော့်ဆီကိုတောင် စောစောတုန်းက လာပေးသွားခဲ့သေးတယ်လေ''



အောင်နီလွင်ကပြောလျှင် ဦးအုန်းခင်မှာ သူ့ သမီးဖိတ်စာဟူ၍ မထင်ပေ။

အခြား သူ၏သမီး သူငယ်ချင်းမ တစ်ဦး၏မင်္ဂလာဆောင်အတွက် သမီးဖြစ်သူက လိုက်၍ဝေခြင်း ဖြစ်ရမည်ဟု ထင်မှတ်ကာ သွားခဲ့သည်။

''ဟုတ်လား....ဒီကောင်မလေးနှယ်၊ ဘာကိစ္စ မင်းဆီကိုတောင် တကူးတက သွားပေးနေရတယ် မသိဘူး၊ ကိုယ်နဲ့ အင်မတန် ရင်းနှီးတဲ့သူလောက် ဖိတ်ရင် တော်ရောပေါ့ကွာ''

ဦးအုန်းခင် ပြောနေသည်က သမီးဖြစ်သူ၏ သူငယ်ချင်း မင်္ဂလာဆောင် မှတ်၍ ပြောနေခြင်းပင်။

အောင်နီလွင်ကမူ သူ့အား မသိစေချင်၍ အဖိတ်မခိုင်းခြင်း ဟုသာ အထင်မှားနေတော့သည်။

သူ့ အနေဖြင့် ဦးအုန်းခင်အား မင်္ဂလာပွဲကိစ္စကို မည်သို့ဆက်၍ ပြောရမည်ဆိုသည်ကို စဉ်းစားနေသည်။

ထိုအခိုက်မှာပင် မြသန္တာနွယ်မှာ လေးဘီး ကားကလေးဖြင့် အိမ်သို့ပြန်ရောက်လာတော့သည်။

''ဟော....ကားသံကြားတယ်၊ သမီးပြန်လာပြီနဲ့တူတယ်''

ဦးအုန်းခင်က အောင်နီလွင်အား လှမ်းပြောနေသည်။

အောင်နီလွင်ကတော့ ခေါင်းကိုသာ ပြန်၍ ညိတ်ပြနေသည်။

သူ့ အဖို့သော် မြသန္တာနွယ်ရောက်လာ၍ မင်္ဂလာပွဲကိစ္စကို ပြတ်ပြတ်သားသားမေးဖို့ ပြင်ဆင်ကာနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်မှာ လှေကား အောက်တွင် အောင်နီလွင်၏ မော်တော်ဆိုင်ကယ်ကိုမြင်ရကတည်းက အိမ်တွင်အောင်နီလွင် ရောက်နေပြီကို သိလိုက်သဖြင့် ကျိတ်ပြုံးကလေး ပြုံးလိုက်မိသည်။

အောင်နီလွင်ကလည်း မြသန္တာနွယ် အိမ်ပေါ်သို့ တက်အလာကို စောင့်မျှော်နေသည်။

"ဟော...အစ်ကိုပါလား၊ ဘာကိစ္စရှိလို့လဲ၊ အဟိ"

မြသန္တာနွယ်မှာ အောင်နီလွင်ကို မြင်လိုက်ရလျှင် အထက်ပါအတိုင်း ပြောင်ချော်ချော်ကလေး လုပ်ကာ မေးနေသည်။

"အေး...ကိစ္စတွေကတော့ အများကြီးရှိလို့ လာခဲ့တာပဲကွ၊ သိလား"

အောင်နီလွင်ကမူ မျက်နှာကို တည်ထား၍ ပြန်ပြောနေသည်။

"ဒါဖြင့် ဆိုစမ်း၊ ဘာကိစ္စဆိုတာ၊ ဒါထက် အစ်ကို့ ချစ်ဇနီးလောင်းကလေးကော ပါမလာဘူးလား၊ ခိ ခိ"

"ပါလာရင် မင်းတွေ့ရမှာပေါ့ကွ၊ ဒီမယ်...မြသန္တာနွယ်၊ တခြားစကားတွေ လျှောက်ပြောမနေနဲ့၊ အခု ငါလာခဲ့ရတဲ့ ကိစ္စကိုပဲ အပြတ်ပြောချင်တယ်"

ဦးအုန်းခင်မှာတော့ သူတို့နှစ်ဦး ပြောဆိုနေကြပုံကို အူကြောင်ကြောင်ဖြင့် ကြည့်ကာ နားထောင်နေသည်။



"ဘာတွေများ အပြတ်ပြောချင်လို့လဲ၊ ပြောလေ၊ အဟိး"

"တခြားမဟုတ်ဘူး၊ မင်းရဲ့ မင်္ဂလာဆောင်ကိစ္စပဲ"

"ဘာ...နွယ်ရဲ့မင်္ဂလာဆောင်ကိစ္စ၊ အဲဒါ အစ်ကိုနဲ့ ဘာဆိုင်လို့လဲလို့၊ ခိ ခိ"

"မင်းရယ်မနေနဲ့၊ ဆိုင်လို့ အခုလိုလာပြောနေတာပေါ့"

"ဟောတော်...."

အောင်နီလွင်၏ စကားကိုကြားရလျှင် မြသန္တာနွယ်မှာ "ဟောတော့်"ဟုဆိုရင်း လျှာကလေးကိုပါ အသာထုတ်၍ ပြလိုက်မိသည်။

အနီးတွင်ရှိနေသော ဦးအုန်းခင်မှာတော့ ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်နေတော့သည်။

"ဟောတော့်မနေနဲ့၊ ငါမေးတာကိုသာ ဖြေပါ"

"မေးလေ၊ ဘာတွေများ မေးချင်လို့လဲ၊ သတို့သားရဲ့ အကြောင်းလား၊ အဟိ"

"မဟုတ်ဘူး၊ အဲဒီ မင်းနဲ့ မင်္ဂလာဆောင်မယ့်သူဟာ မင်းက ကြိုက်လို့လား၊ ဒါမှမဟုတ် ဒီက ဦးလေးတို့က ပေးစားလို့ ယူမှာလားဆိုတာပဲ"

အောင်နီလွင်၏ စကားအဆုံးတွင် ဦးအုန်းခင်မှာ မနေသာတော့ဘဲ ဝင်၍ မေးနေရတော့သည်။

"ဟဟ...နေကြစမ်းပါဦး၊ မင်းတို့ အခု ပြောနေကြတာတွေဟာ ဘာတွေလဲကွ၊ ငါဖြင့် မင်းတို့စကားတွေကို နား

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရင်း ရှုံးချင်စိတ်ပေါက်လာနေပါပြီကွာ၊ ဒီတော့ ငါ ကိုလဲ ရှင်းပြစမ်းပါဦး''

ဦးအုန်းခင်၏ စကားကြောင့် အောင်နီလွင်က ပြန်လည် ရှင်းပြနေရသည်။

''တခြား မဟုတ်ပါဘူး၊ ဒီက ဦးလေးရဲ့သမီးနဲ့ လူတစ်ယောက် မင်္ဂလာဆောင်ကြမယ် ဆိုလို့ပါ''

''ဟေ....''

ဦးအုန်းခင်မှာ မျက်လုံးမျက်ဆန်ကို ပြူးပြရင်း ဟေ လိုက်မိသည်။

''ဟုတ်ကဲ့....ဒီတော့ ဦးလေးကပဲ ရှင်းပြစမ်းပါဦး၊ ဒီမင်္ဂလာပွဲဟာ ဦးလေးတို့လူကြီးတွေဆန္ဒအတိုင်း စီစဉ်လိုက်တာလား၊ သူတို့ဆန္ဒအရလားဆိုတာပါ''

''နေစမ်းပါဦးဟ၊ မင်းအခု ဘာတွေ ပြောနေတာလဲ''

''ကျွန်တော် ပြောနေတာ မင်္ဂလာဆောင် ကိစ္စလေ''

''ဘယ်သူ့ မင်္ဂလာဆောင်လဲ၊ မင်းရဲ့ မင်္ဂလာဆောင်လား''

''မဟုတ်ဘူး၊ ဦးလေးသမီး မြသန္တာနွယ်ရဲ့ မင်္ဂလာဆောင်''

''ငါ့သမီး မင်္ဂလာဆောင် ဟုတ်လား''

''ဟုတ်ကဲ့''



''ဘယ်သူနဲ့ ငါ့သမီး မင်္ဂလာဆောင်မှာလဲ၊ မင်းနဲ့လား''

''ဟုတ်တယ်''

''အေးလေ၊ ဒါကတော့ မင်းတို့ချင်း ချစ်ကြိုက်ကြရင် ဆောင်ပေါ့၊ ငါကတော့ မကန့်ကွက်ပါဘူး''

''အာအာ....မဟုတ်သေးဘူး၊ ဦးလေး မှားနေတယ်''

''မမှားပါဘူးကွာ၊ ငါအမှန်အတိုင်းပြောနေတာ၊ မင်းတို့ လူငယ်ချင်း မေတ္တာမျှရင်ပြီးတာပါပဲ''

ဦးအုန်းခင်ကလည်း သူထင်မြင်ရာကို စွတ်၍ပြောနေတော့သည်။

မြသန္တာနွယ်မှာတော့ သူတို့စကားများကို နားထောင်ရင်း ရယ်မဆုံးဖြစ်နေသည်။

''မဟုတ်သေးဘူးလေ၊ ဦးလေးပြောတာ မှန်ပေမယ့် ထင်နေတာက မှားနေလို့ပါ''

''ဟ ကောင်လေးရ၊ ငါပြောတာမှန်မှတော့ ထင်တာလဲ မှန်ရမှာပေါ့၊ ဒီမယ်....စကားတွေသိပ်ပြီး ရှည်မနေနဲ့၊ မင်းတို့ လူငယ်ချင်း ချစ်ကြရင် ပြီးတာပဲလို့ ငါပြောခဲ့ပြီးပြီ၊ အဲ.... ငါကတော့ ငွေကြေး မချောင်လည်လို့ လက်ဖွဲ့တော့ မပေးနိုင်ဘူး၊ သမီးကိုပဲ ပေးနိုင်မယ်ကွ၊ ဟဲဟဲ''

''အာ....ဒုက္ခပါပဲ ဦးလေးရယ်''

အောင်နီလွင်က စိတ်ရှုပ်သံဖြင့် ညည်းညူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပင် ဦးအုန်းခင်က သူ့ထံမှ လက်ဖွဲ့မပေးနိုင်ဘူး ဆို၍ ညည်းညူသည်ဟု မှတ်ထင်သွားတော့သည်။

''အင်း...မင်းမှာလဲ ငါ့သမီးကို မင်္ဂလာဆောင်ဖို့ ငွေကြေး မချောင်လည်ရင် ဒုက္ခကတော့ ဖြစ်မှာပဲကွ၊ အိမ်း... ဒါကို ဂရုမစိုက်ဘဲ မင်္ဂလာဆောင်မယ်ဆိုရင်တော့ ကုန်စျေးနှုန်းအစိမ်းသရဲကြီးက မင်းတို့ကို ပူးကပ်ပြီး ဒုက္ခပေးမှာ အမှန်ကွ၊ သိလား၊ ဟဲဟဲ''

ဦးအုန်းခင်၏ စကားများကြောင့် အောင်နီလွင်မှာ ရူးချင်စိတ်ပေါက်နေတော့သည်။

''ခက်တာပဲ ဦးလေးရယ်၊ ကျွန်တော်တော့ လဲပြီးသာ သေလိုက်ချင်တော့ပဲဗျာ''

''ဟာကွာ၊ လဲပြီးတော့ မသေလိုက်ပါနဲ့၊ တခြားနည်းနဲ့ သေချင်သေပါကွာ၊ မင်းဟာကြီးက မနိုင်လိုက်တာ''

''အဲဒီ မနိုင်အောင် ဦးလေးက လုပ်နေတာကိုး၊ သေကို သေချင်တယ်၊ ဟွန်း''

''ဖြစ်ရပလေ ငါ့တူရယ်၊ ယောက်ျားပဲ၊ ဘာဖြစ်လို့ အားလျှော့ချင်ရတာလဲ''

''စိတ်ညစ်လို့''

''ဟာကွာ၊ စိတ်ညစ်ခြင်းကို သေခြင်းနဲ့ ကုစားယူတယ်ဆိုတာမျိုးဟာ ယောက်ျားကောင်းတစ်ဦးရဲ့ အလုပ်မဟုတ်ဘူး၊ လူရှော်လူညံ့တွေရဲ့ အလုပ်ပါကွာ၊ ဒီတော့ အချစ်အတွက်နဲ့တော့ သေချင်မနေပါနဲ့ ငါ့တူရာ၊ ဟား...ဟား... ဟား''



''အာ...ကျွန်တော် အခုသေချင်တယ်ဆိုတာက အချစ်အတွက်ကြောင့် မဟုတ်ပါဘူး''

''ဟေ၊ ဘယ်သူ့အတွက်ကြောင့်လဲ ပြောစမ်း''

''ဦးလေးအတွက်ကြောင့်ပါ''

''ဟိုက်...မှတ်ကရော၊ ဘာ...ဘာ... ဘာဖြစ်လို့လဲကွ၊ ငါ...ငါက ငါ့သမီးနဲ့ သဘောတူတယ်လို့ ပြောထားပြီးပြီပဲဟာ၊ ဒါကို စိတ်ညစ်တယ်ဆိုတော့ အဲ...သိပြီ...သိပြီ၊ မင်းက ငွေတော့ထုတ်မပေးဘဲ သမီးကိုသာ အစွထုတ်နေလို့ စိတ်ညစ်တာလား''

ဦးအုန်းခင်က သူထင်မြင်ရာတွေကို ဆက်၍ပြောနေပြန်သည်။

ဦးအုန်းခင်မှာ အောင်နီလွင်အား ပြုံးတိပြုံးကြောင်ဖြစ်ကြည့်ရင်း ပြောနေသည်။

အောင်နီလွင်မှာတော့ ခုတ်ရာတခြား ရှရာတလွဲဆိုသလို ပြောသည်က တစ်မျိုး၊ ဦးအုန်းခင်ပြောနေသည်က တစ်ဖုံ အကြီးအကျယ် ဦးနှောက်ခြောက်ကာနေသည်။

မြသန္တာနွယ်မှာမူ သူတို့နှစ်ဦး ထင်မြင်ရာတွေကို ပြောနေသည်ကို နားထောင်ရင်း အူတက်မတတ် ရယ်ချနေမိတော့သည်။

''ဒီမယ် ဦးလေး၊ ကျွန်တော်စိတ်ညစ်တယ်ဆိုတာ ဦးလေးက ငွေမရလို့မဟုတ်ဘူး၊ ကျွန်တော်ပြောတာက တစ်မျိုး၊ ဦးလေး အထင်နဲ့ ရမ်းကြိတ်နေတာကတစ်မျိုးမို့ စိတ်ညစ်တယ်လို့ ပြောနေတာပါဗျာ''

www.burmeseclassic.com

www.burmeseclassic.com



"ဟေ....ဒါဖြင့် မင်းကဘာတွေပြောနေတာလဲကွ၊ မြန်မာလူမျိုးချင်းချင်း နားလည် သဘောပေါက်အောင် မြန်မာစကားကောင်းကောင်းနဲ့ ပြောပြစမ်းပါကွာ"

"ဟုတ်ကဲ့၊ သေသေချာချာ နားထောင်ပါ၊ အခု ကျွန်တော် ပြောနေတဲ့ မင်္ဂလာဆောင်ဆိုတာက ကျွန်တော်နဲ့ ဦးလေးသမီး လက်ထပ်မယ့်ကိစ္စကို မဟုတ်ဘူး၊ ဦးလေးရဲ့ သမီးဟာ တခြားလူတစ်ယောက်နဲ့ လက်ထပ်တော့မယ့်ကိစ္စကို ပြောနေတာပါ"

"ဟေ....တခြားသူနဲ့ ဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ၊ စောစောတုန်းက ကျွန်တော့်ဆီလာပြီး သူဟာ မင်္ဂလာဖိတ်စာကို ပေးသွားခဲ့တယ်၊ အခုလာမယ့် ဆန်းဒေးမှာ သမကာဟိုတယ်မှာ မင်္ဂလာဆောင်မလို့တဲ့ အဲဒါ မှန်သလား"

"ဟိုက်....သေလိုက်ပါတော့ အကြမ်းဖက်သမားတွေရယ် ဗိုး"

ဦးအုန်းခင်မှာ ယခုမှ နားရှင်းသွားဟန်ဖြင့် သူ့နဖူးကို သူ လက်ဝါးဖြင့်ပြန်ရိုက်ရင်း ညည်းတွားနေတော့သည်။

နောက် သမီးရှိရာသို့ လှမ်းကြည့်ကာ မေးနေသည်။

"ဟဲ့....သမီး၊ သူပြောနေတာ မှန်သလား"

မြသန္တာနွယ်က မှန်ကြောင်းကို တခစ်ခစ် ရယ်နေရင်း ခေါင်းကို ပြန်ညိတ်ပြသည်။

"အဲဗျ၊ ငါလဲ ဒီကိစ္စကို ဘာမှမသိရပါကလား"



"အခု သိရပြီ မဟုတ်လား ဖေဖေရယ်၊ ခိ ခိ ခိ"

မြသန္တာနွယ်က ပြောပြီး ရယ်နေသည်။

"အေးလေ၊ အခု သိရတော့ ငါက ဘာဆက်လုပ်ရမှာလဲ၊ တကယ်ဆိုရင် ငါ့ကို ကြိုကြိုတင်တင်ပြောဖို့ ကောင်းတာပေါ့၊ အခုတော်မှ ဒီသူငယ် ဘားမား စူပါမင်းကလေးလာပြောမှ သိရတာ....၊ နင်လိုပ်ပုံ ကောင်းသလားဟင်"

"ကောင်းပါတယ် ဖေဖေရဲ့၊ သမီးအတွက် ကောင်းတဲ့ကိစ္စကြီးပဲဟာ၊ အဟိ"

"ဟဲ့....နင့်အတွက် ကောင်းပေမယ့် ငါ့အဖေအတွက် မကောင်းဘူးလေ၊ ဘယ့်နှယ်ကွာ၊ သမီးတစ်ယောက်လုံး မင်္ဂလာဆောင်မယ့်ကိစ္စကို အဖေလုပ်သူက ဘာမှမသိရတဲ့ဟာ၊ နင် ဘာအရူးသပြီး အခုလိုလုပ်လိုက်တာလဲဟင်၊ ပြောစမ်း မိန္နယ်"

"ဟင့်....ဖေဖေကလဲ၊ အရူးထလို့ မဟုတ်ပါဘူးလေ၊ သမီးလဲ ယောကျ်ားယူချင်စိတ် ပေါက်လာတာနဲ့ အခုလို ကမန်းကတန်းထပြီး ယူလိုက်ရတာပါ၊ ဖေဖေက သဘောမတူလို့လားဟင်"

"မတူဘူး....မတူဘူး၊ လုံးဝကို သဘောမတူဘူး၊ ဟူးဟူး....ဟူး"

ဦးအုန်းခင် မည်သို့မှ ပြန်မပြောရမီ အောင်နိုလွင်က အထက်ပါအတိုင်း ထ၍ပြောလိုက်ခြင်းပင်။

"ဟိုက်....အောင်မယ်လေးလေး၊ လန့်လိုက်တာ၊ ကလု....ကလု....ကလု"

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခင်မှာ ရုတ်တရက် ထ၍ ကန့်ကွက်လိုက်သော အောင်နီလွင်၏ အသံကြောင့် လန့်ဖျပ်ကာ အထက်ပါအတိုင်း ရေရွတ်နေမိသည်။

ပြီးမှ အောင်နီလွင်ဘက်သို့ လှမ်းကာ ပြောနေသည်။

''ဟ....ဟ....ငါ့တူရဲ့၊ မင်းက ဘာဆိုင်လို့ ဝင်ပြီးကန့်ကွက်နေရတာလဲကွ၊ အဲဒီစကားမျိုးက ငါပြောရမယ့် စကားတွေလေကွာ''

''အို....ဆိုင်ဆိုင် မဆိုင်ဆိုင်၊ ကျွန်တော်ကတော့ အပြင်းအထန်ကိုကန့်ကွက်တယ်''

''မဟုတ်သေးပါဘူးလေ၊ မင်းက အခုလို ဝင်ပြီး ကန့်ကွက်ရအောင် မြသန္တာနွယ်က မင်းသမီးလားကွ''

''ဟုတ်တယ်''

''ဗုဒ္ဓော''

''အဲ....အဲ၊ မဟုတ်ပါဘူး၊ ဒါပေမယ့် ဘယ်သူ့သမီးပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အပြင်းအထန် ကန့်ကွက်တယ်ဗျာ၊ ဦးလေးကသဲ ကန့်ကွက်ပေါ့ ဟုတ်လား''

''အေး....မှန်တယ်၊ အယ်....အယ်၊ ဘာဆိုင်လို့လဲကွ၊ မင်းဟာက....ဟွန်း''

''မဆိုင်ပေမယ့် ကျွန်တော်မှသဘောမတူတာ၊ ဒီတော့ ဦးလေးကပါ ကျွန်တော်နဲ့အတူ ကန့်ကွက်ပေးစမ်းပါ၊ ရှိကြိုးခိုးပါရဲ့ဗျာ''

အောင်နီလွင်က လက်အုပ်ကလေး ချီပြီရင်း ဦးအုန်းခင်အား ပြောနေသည်။



''အိုကွာ၊ သူကြိုက်လို့ သူယူတာကို ငါက ကန့်ကွက်ရင်တယ်တရားပါ့မလဲ''

''တရားပါတယ် ဦးလေးရယ်၊ ကျွန်တော့်ကို သနားရင် ကန့်ကွက်ပေးပါ''

''ဟောဗျာ၊ မင်းကို သနားတာနဲ့ ငါ့သမီး လင်ယူမယ့်ကိစ္စကိုကန့်ကွက်ရမယ်ဆိုတာ ဘာဆိုင်လို့လဲ၊ မင်းက ငါ့သမီးကို ကြိုက်နေလို့လားဟင်''

''ဟုတ်တယ်''

''နို့....စောစောကပြောတော့ မင်းကမဟုတ်ဘူးဆို''

''မဟုတ်ဘူး ဆိုတာက မင်္ဂလာဆောင်ကိစ္စ မဟုတ်ဘူးပြောတာကို ဦးလေးက ဟုတ်တယ်ထင်ပြီး ပြောလို့ မဟုတ်ဘူးလို့ ပြောခဲ့တာပါ၊ အခု ဟုတ်နေလို့ ဟုတ်တယ် ပြောပါတယ်၊ ဒါကို ဦးလေးက မဟုတ်ဘူးထင်မနေအဲ ဟုတ်တယ်လို့ ထင်အောင်လို့ ကျွန်တော်က ဟုတ်ကြောင်းကို ပြော....''

''ဟိုး ဟိုး....တော်ပြီ ရပ်လိုက်ပါတော့၊ ကြာရင် ငါရူးသွားလိမ့်မယ်၊ ရှီးမှပဲ''

အောင်နီလွင် ပြောနေခိုက် ဦးအုန်းခင်မှာ စိတ်မရှည်သံဖြင့် ဖြတ်၍ တားနေရသည်။

မြသန္တာနွယ် မှာတော့ မျက်ရည်များ ကျလာသည်အထိ ရယ်မဆုံး ဖြစ်နေတော့သည်။

''နေပါဦး....ဦးလေးက ဘာဖြစ်လို့တားရတာလဲ၊ ကျွန်တော့်ကို မြသန္တာနွယ်နဲ့ သဘောမတူလို့လား....ဟင်''

www.burmeseclassic.com

www.burmeseclassic.com



''တူတာ မတူတာထက် မင်းပြောနေတဲ့ စကားတွေဟာ ချာလပတ် ယမ်းနေလို့၊ ကြာရင် ငါ့မှာ ရူးသွားမှာစိုးလို့ တားတာ ကွ။ အယုံ့နယ်ကွာ....မင်း စကားတစ်ခုလုံးလဲ ပြန် စဉ်းစားကြည့်စမ်းပါဦး၊ မဟုတ်ဘူးတွေ၊ ဟုတ်တယ်တွေကို ထပ်နေတာပဲ''

''အဲဒီ....မဟုတ်ဘူးတွေ ဟုတ်တယ်တွေ ပြောနေရတာက လဲ ပြောချင်လို့ ပြောနေတာမဟုတ်ပါဘူး၊ ဦးလေးကမဟုတ် ဘူးဆိုပြီး မေးနေလို့ ကျွန်တော်က ဟုတ်တယ်လို့....''

''အာ....လုပ်ပြန်ပါပြီ၊ တော်ပြီကွာ.... အဲဒီ မဟုတ်ဘူးနဲ့ ဟုတ်တယ်ကို မင်းဆက်မပြောပါနဲ့တော့၊ ငါ ရူးချင်စိတ် ပေါက်လာလို့ပါ''

''ဒါဖြင့် ကျွန်တော် ဘာကိုပြောရမှာလဲ''

''အဲ....ဘာပြောရမလဲ ဆိုတော့၊ ဘာပြောရမလဲ ဆိုတော့ ဟုတ်ပြီ၊ မင်းစောစောက ပြောတယ်မဟုတ်လား၊ ငါ့သမီးကို ကြိုက်လို့ ဆိုတာလေ''

''ဟုတ်ကဲ့...ကျွန်တော်ပြောမိပါတယ်၊ တကယ်လဲ ကြိုက် ပါတယ်၊ ဒါကို ဦးလေးက မဟုတ်ဘူးဆိုပြီး မငြင်းဖို့ကိုလဲ တောင်းပန်ပါတယ်''

''အေးပါ... အေးပါ၊ အဲဒီ မဟုတ်ဘူးတွေ ဟုတ်တယ်တွေ မပါတဲ့ ပြောစမ်းပါ၊ ဘားမားစုပါမင်းလေးရယ်၊ နော်... နော်၊ မန်းကို ငါလေ ကုလားလိုဆလံပေးပြီး စစ်သားတွေ လို အလေးပြုကာ ဂျပန်တွေလို ခေါင်းညွှတ်ပြရင်း တောင်း ပန်ပါတယ်ကွာ''



''ဒါဆို....အတိုဆုံးနဲ့ အရှင်းဆုံး ပြောပြမယ်၊ ဦးလေးရဲ့ သမီးကို ကျွန်တော်နဲ့ ပေးစားပါခင်ဗျာ''

''ဟ....ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်''

ဦးအုန်းခင်၏ စကားများကြောင့် အောင်နီလွင်မှာ စိတ် ပျက်သွားတော့သည်။

''ဘယ်လိုကြောင့် မဖြစ်နိုင်တာလဲ ဦးလေးရယ်''

''ဒီလိုလေကွာ....အခု ငါ့သမီးဟာ မင်းသိတဲ့ အတိုင်းပဲ၊ သူချစ်တဲ့သူ တစ်ယောက်နဲ့ လက်ထပ်တော့မှာ မဟုတ်လား၊ ဒီတော့....မင်းဟာ အလာကောင်းပေမယ့် အခါနှောင်းနေပြီ ကွာ၊ ဆောရီးပဲကွာ''

''ဟာဗျာ....ဦးလေးကလဲ၊ အဲဒီလို အခါမနှောင်းအောင် ဦးလေးကူညီရင် ရပါတယ်လေ၊ ကူညီပါခင်ဗျာ''

''ဟ ကောင်လေးရ .... ငါ့မှာက ဒီသမီး တစ်ယောက်ပဲ ရှိတယ်လေ၊ အဲ့မှရှိ ဘူးကွ၊ အဲ...ရှိတဲ့သမီးကလဲ သူ့ချစ်သူနဲ့ လက်ထပ်တော့မယ်ဆိုတော့ မခက်လားကွာ''

''အဲဒီ ခက်တာကို လွယ်အောင် လုပ်ပေးစမ်းပါ ဦးလေး ရယ်၊ သူ့မင်္ဂလာပွဲကို ဦးလေးမှာ ရရှိထားခဲ့တဲ့ ဖခင်ကြီးရဲ့ အခွင့်အာဏာနဲ့ သြဇာကိုသုံးပြီး ဖျက်ရင် ရပါတယ်ခင်ဗျာ''

အောင်နီလွင်က ဦးအုန်းခင်အား အနူးအညွတ်တောင်းပန် နေသည်။

ဦးအုန်းခင်မှာ စိတ်ပျက်လှာဟန်ဖြင့် သမီးဘက်သို့ လှမ်း ကြည့်ကာ မေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သမီး....နင် အခုဖိတ်စာတွေ အားလုံး ဝေပြီးပြီလား"

"ဟုတ်ကဲ့"

"အိမ်း....ကောင်းရောကွာ၊ ဒါထက် နင်ယူမယ့် သတို့သားလောင်းက ဘယ်သူလဲ၊ သူက ဘယ်မှာနေတာလဲ"

"ဖေဖေက ဘာလုပ်မလို့လဲ ဟင်"

"ဘာ လုပ်ရမှာလဲ....နင် မမြင်ဘူးလားဟ၊ ဟိုမယ်....နင့်ဘားမား စုပါမင်း ကလေးက ငါ့ကို အပူကပ်နေတဲ့ဟာ... ဒီတော့ သမီးယူမယ့်သူနဲ့ ငါ သွားဆွေးနွေးချင်လို့ပေါ့၊ အဲအဲ အခုမှ သတိရတယ်၊ သမီးတို့ မင်္ဂလာ ဖိတ်စာကလေးကိုလဲ ပြစမ်းပါဦး၊ ငါလဲ ဖတ်ကြည့်ချင်လို့"

"သမီးမှာ ဖိတ်စာမရှိတော့ဘူး ဖေဖေ"

"ဟေ....နင်ကလဲ မင်္ဂလာလက်ဖွဲ့လိုချင်တိုင်း မသိသူရော သိသူရော နင်းကန်ပြီး လျှောက်ဖိတ်နေတာကိုး၊ အမှတ်တရ အဖြစ် တစ်စောင် လောက်တော့ ချန်ထားဖို့ ကောင်းတာပေါ့"

"အို....ဖေဖေကလဲ၊ အမှတ်တရအဖြစ် ချန်ထားရအောင် သမီးက ဖိတ်စာတွေ အများကြီးမှ မရိုက်တဲ့ဟာ"

"နင်က ဘယ်နှစ်စောင်ရိုက်ထားလို့လဲဟ"

"စုစုပေါင်း တစ်စောင်တည်းပဲ ရိုက်ထားတာပါ ဖေဖေရဲ့၊ ခိ ခိ ခိ"



မြသန္တာနွယ်မှာ စကားအဆုံးတွင် တခစ်ခစ်ဖြင့် ရယ်နေတော့သည်။

"ဘာ....တစ်စောင်တည်းရိုက်ထားတယ်....ဟုတ်လား"

အောင်နိုလွင်ထံမှ အံ့သြသံဖြင့် ဝင်မေးသံ။

"ဟုတ်တယ်....တစ်စောင် တည်းမှ တစ်စောင် တည်းရယ် ရိုက်ထားတာ၊ သိပြီလား"

မြသန္တာနွယ်က ပြောအပြီးတွင် ဦးအုန်းခင်က အူကြောင်ကြောင်အသံဖြင့် ပြန်မေးနေသည်။

"နေစမ်းပါဦး....နင်က ဘာကိစ္စ ဖိတ်စာကို တစ်စောင်တည်း ရိုက်ရတာလဲ၊ ဒါက ဘာသဘောလဲ၊ အဲဒီ တစ်စောင်သော ဖိတ်စာကကော ဘယ်သူ့ကို ပေးခဲ့သလဲ"

"ဘယ်သူ ရှိရမှာလဲ....ဒီကအင်ကိုတို့ကိုပဲ ပေးခဲ့တာပေါ့"

"ဟာ ကောင်မလေးရဲ့....သူ့ကို တစ်စောင်တည်း ပေးခဲ့တော့ နင့် မင်္ဂလာဆောင် ကျတော့ကော သူ တစ်ယောက်ပဲ လာမှာမို့ လို့လား"

"အင်းလေ....သူတို့ တစ်အိမ်သားလုံးကိုသာ သိစေချင်လို့ သမီးဟာ မင်္ဂလာ ဖိတ်စာကို တစ်စောင်တည်း ရိုက်ထားတာပေါ့၊ ခိခိခိ"

"အာ....ဒုက္ခပါပဲ၊ နင်ပြောနေတာတွေ ငါတော့ ဘာတစ်ခုမှ နားမလည်ဘူး၊ မင်္ဂလာဖိတ်စာရိုက်တာ တစ်စောင်တည်းရိုက်ရတယ်လို့ဟာ၊ ဟွန်း"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခေါင်တည်းရိုက်ဆို သမီးကလဲ တကယ်မင်္ဂလာဆောင်မှာမှ မဟုတ်တဲ့၊ မရှိသော သတို့သားတစ်ယောက်ကို မင်္ဂလာဆောင်ထဲမှာ ထည့်ပြီး ရိုက်ခဲ့တာကိုး ဖေဖေရဲ့၊ ခိ ခိ ခိ"

"ဟင်....ဒီ....ဒီလိုဆို မင်း....မင်းဟာ မင်္ဂလာ တကယ်မဆောင်ဘူးပေါ့လေ၊ ဟုတ်လား"

အောင်နီလွင်ထံမှ ဝမ်းသာစိတ်တို့ကြောင် တုန်ယင်ကာနေသော အသံကြီးဖြင့် လှမ်းမေးနေသည်။

"သက်စ်ရိုက်....အမှန်ပဲပေါ့၊ ခိ ခိ ခိ"

"မှန်တယ်ဆိုရင် ဘာသဘောနဲ့ မင်းက လုပ်ရတာလဲ ဟင်"

"အစ်ကို့အချစ်ကို စမ်းချင်လို့ သိလား"

"ဟောဗျ....အစ်ကို့ အချစ်ကို စမ်းချင်တယ် ဆိုတာက ဘယ်လိုစမ်းချင်လို့လဲကွာ"

"ဒီလိုလေ၊ အစ်ကိုနဲ့ ခင်လွဲမှုယာတို့ စေ့စပ်ကြောင်းလမ်းကြတဲ့ သတင်းကို သတင်းစာထဲမှာ နွယ်တွေ့ခဲ့တယ်၊ ဒီအခါ နွယ့်စိတ်ထဲမှာ တော်တော် ထိခိုက်သွားမိတယ်"

"ဘာဖြစ်လို့ ထိခိုက်တာလဲ"

အောင်နီလွင်က ဖြတ်၍ မေးနေသည်။

"အစ်ကို့ကို နွယ်ကလဲ ချစ်နေလို့ပေါ့"

"အောင်မယ်လေးလေး၊ ကြားရတာ ဝမ်းသာလိုက်တာနော်၊ အဟီး"



"နေဦး၊ ဝမ်းသာချင်ရင် နောက်မှသာ၊ ဒီမယ် စကားမဆုံးသေးဘူးလေ"

"အိုကေ၊ ဒါဆို ဆက်လုပ်၊ အဲ....အဲ....ဆက်ပြော၊ ဟဲဟဲ"

"ဒါနဲ့ နွယ်စဉ်းစားကြည့်တယ်၊ အစ်ကိုဟာ ငါ့ချစ်သလို သာ ပြန်ချစ်မယ်ဆိုရင် ငါ မင်္ဂလာဆောင်မယ်ဆိုပြီး သွားဖြီးရင် သူဟာ အိမ်ကို လိုက်လာမှာပဲ၊ တကယ်လို့ ငါ့ကို မချစ်ရင်တော့ သူလိုက်လာမှာ မဟုတ်ဘူး၊ ဒီတော့ ငါဟာ လူတစ်ယောက်နဲ့ မင်္ဂလာဆောင်မယ်ဆိုပြီး ဖိတ်စာအတုတစ်စောင်ကို ရိုက်မယ်လို့ စိတ်ကူးခဲ့တာတဲ့၊ စိတ်ကူးအတိုင်းပဲ နွယ်နဲ့ အင်မတန် ခင်မင်နေတဲ့ ဘုန်းကြီးလမ်းထိပ်က ချစ်စရာပုံနှိပ်တိုက်ရှင် ကိုခင်မောင်အေးကို သွားပြီး အပူကပ်ရတယ်၊ သူ့အကူအညီနဲ့ပဲ အစ်ကိုတို့ တွေ့ခဲ့ရတဲ့ မင်္ဂလာဖိတ်စာကလေးကို လုပ်ခဲ့တာပေါ့၊ ခိ ခိ ခိ"

မြသန္တာနွယ်က ပြောပြီး ရယ်နေသည်။

ဦးအုန်းခင်က နားထောင်နေရာမှ လှမ်းမေးနေသည်။

"အိမ်း....သမီးက အဲဒီဖိတ်စာအတုကလေးနဲ့ ဒီက ဘားမားစူပါမင်းကလေးဆီကို သွားဖိတ်ခဲ့တော့ ဟိုကလဲ သမီးကို ချစ်နေတာမို့ အခုလို ရောက်လာခဲ့တာ ဆိုပါတော့ကွာ"

"ဒါတော့ ဖေဖေကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ပဲလေ၊ ဒီတော့ ဖေဖေ ဆန္ဒကို ပြောပါဦး၊ ဒီကအစ်ကိုနဲ့ သမီးကို သဘောတူမတူဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ....နေဦးလေ၊ ဒီသူငယ်မှာက လူကြီးချင်း သဘောတူ ပေးစားကြမယ့် ဇနီးလောင်းရှိနေတယ်မဟုတ်လား"

ထိုစကားများကိုကြားရလျှင် အောင်နီလွင်က အမြန်ဝင်၍ ဖြေရှင်းနေတော့သည်။

"ဟုတ်ကဲ့....လူကြီးတွေပေးစားမယ့် ဇနီးလောင်းရှိတယ် ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် အမှန်တော့ မဟုတ်ပါဘူး၊ ကျွန်တော့် ဇနီးလောင်းဘက်လဲ ကျွန်တော်နဲ့ သဘောတူကြ တာ ဟုတ်ပါတယ်၊ ဒီလိုဖြစ်ပေမယ့် ကျွန်တော့် မှာက သူတို့ လို မဟုတ်နိုင်ပါဘူး ခင်ဗျာ၊ ဘာဖြူလို့ မဟုတ်တာလဲ ဆို တော့...."

"ဟာ....လုပ်လိုက်ပြန်ပါပြီ၊ ဒီမယ်သူငယ်ရဲ့၊ ငါပြော တာခဲ့တယ် မဟုတ်လား၊ စကားပြောရင် ဟုတ်တာတွေ မဟုတ်တာတွေကို ထည့်မပြောပါနဲ့လို့၊ ဒါတွေကြားနေရရင် ငါ ဦးနှောက်ပျက်ပြီး စိတ်ရောဂါ အထူးကု ဌာနကိုရောက် သွားလိမ့်မယ်၊မင်းက ငါ့ကို အဲ့ဒီ သွားစေချင်သလား"

"ဟုတ်တယ်"

"ဟေ"

"အဲ....အဲ....မ....မဟုတ်ပါဘူး၊ ဟုတ်တယ်ဆိုတာ မဟုတ် ပါဘူး၊ ကျွန်တော်ယောင်ပြီး ဟုတ်တယ်လို့ ပြောမိတာပါ၊ အမှန်တော့ ဒီသဘောမျိုး မဟုတ်ပါဘူး"

"ဟာ....ဒုက္ခပါပဲ၊ ပြောနေတဲ့ကြားကကို မဟုတ်ဘူး ဟုတ် တယ်တွေနဲ့ ရှုပ်လာပြန်ပြီ၊ ကြာရင်ငါရူးရလိမ့်မယ်၊ ငါတော့



သေလိုက်ချင်တာပဲကွာ၊ ဒါပေမယ့် မင်းလိုတော့ လဲပြီး မသေ ချင်ပါဘူး၊ အခုလိုပဲ ထိုင်လျက်သေချင်တယ်ကွာ၊ အဟုတ်ပဲ၊ ဟွန်း"

ဦးအုန်းခင်မှာ စိတ်ပျက်သံကြီးဖြင့် ညည်းညူပြနေသည်။

"ကျွန်တော် တောင်းပန်ချင်ပါတယ် ဦးလေးရယ်၊ ရူး လဲ မရူးချင်ပါနဲ့၊ သေလဲ မသေလိုက်ပါနဲ့၊ ဦးလေး စိတ်ချမ်းသာ သွားအောင် အတိုဆုံးနဲ့ အရှင်းဆုံး ပြောရရင် ဟောဒီက ဦးလေးသမီး မြသန္တာနွယ်ကိုပဲ ကျွန်တော်ယူမယ်၊ ဦးလေး သဘောတူတယ် မဟုတ်လား"

"အေးပါ၊ ငါကတော့ မင်းနဲ့ဆိုရင် သဘောတူပါတယ်၊ သမီးကလဲ မင်းကိုချစ်နေတဲ့ဟာကွာ"

"ဒါဆို ဦးလေးရဲ့သမီးကို ကျွန်တော် ခေါ်သွားပါရစေ နော်"

"ဟင်....မင်းဟာက ဘယ်လိုလဲကွ၊ ငါအဖေ ကိုယ်တိုင်က သဘောတူပါတယ်လို့ ပြောနေမှပဲ၊ ငါ့သမီးကို ခိုးပြေးစရာ လိုသေးလို့လားကွ"

"မဟုတ်ဘူး၊ အဲ....အဲ....ဒီလိုပါ၊ ဦးလေးသမီးကို ခိုးပြေး မလို့ မဟုတ်ပါဘူး၊ သူ့ကိုလေ ကျွန်တော့် မိဘတွေဆီကို ခေါ်သွားပြီး ခင်လဲ မွှယာအစား သူနဲ့ လက်ထပ်ပေးစားဖို့ ကို ပြောပြမလို့ပါခင်ဗျာ"

"ဩော်....သဟာလိုလား၊ အေး....ကောင်းပြီ၊ခေါ်သွား၊ ဒါထက် မင်းအခု ခေါ်သွားမှာက ဘယ်ကိုလဲကွ၊ ငါ့ကိုလဲ အိမ်လိပ်စာပေးခဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"တခြားနေရာ မဟုတ်ပါဘူး၊ ကျွန်တော့် ယောက္ခမလောင်း ဦးညိုမြရဲ့တိုက်ကိုပါ၊ အဲဒီတိုက်က နန္ဒာကြိုင်သင်းရဲ့ ခြံနဲ့ကပ်လျက်မှာပါ၊ ဦးလေးလဲ လိုက်လာခဲ့စေချင်ပါတယ် ဟုတ်လား"

"လာပြန်ပြီလား၊ ဒီဟုတ်လားကြီး၊ ဒီမယ် ငါဆက်ဆက်လိုက်ခဲ့မယ်၊ စိတ်ချ"

"ဒါဆို ကျွန်တော်တို့လဲ သွားကြမယ်နော်၊ ကဲ...လာနှယ်၊ သွားကြစို့"

အောင်နီလွင်က ပြောပြောဆိုဆိုနှင့်ပင် မြသန္တာနွယ်၏ လက်ကိုဆွဲယူကာ အိမ်ထဲမှ ထွက်လာခဲ့သည်။

* * *

(တစ်ဆယ့်ငါး)

### မြသနာတွေနှင့် မိန်းကလေး

ခင်လဲ့မူယာမှာ အောင်နီလွင်၏ နောက်ကိုလိုက်ရန် အိမ်မှ ကားကို ကိုယ်တိုင်မောင်းကာ ထွက်လာခဲ့သည်။

အခုတော့ကလေး သွားမိမှ အောင်နီလွင်သည် မြသန္တာနွယ်ထံသို့များ ရောက်နေမည်လား ဟူသော အတွေးများ ဝင်လာခဲ့သည်။

သူမကိုယ်တိုင်ကလည်း မြသန္တာနွယ်၏ အိမ်ကိုမသိပေ။

သည်တော့ မြသန္တာနွယ်၏အိမ်ကိုသိသူ နန္ဒာကြိုင်သင်းကို ခေါ်သွားရလျှင် ကောင်းမည်ဟူ၍ စိတ်ကူးရသွားခဲ့သည်။

သို့ဖြစ်၍ ခင်လဲ့မူယာမှာ ကားကိုပြန်လှည့်ကာ နန္ဒာကြိုင်သင်း၏ အိမ်သို့ ပြန်မောင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အလို...မူယာပါလား၊ ညည်း ဘယ်ကို သွားမလို့လဲ အေ့"

နန္ဒာကြိုင်သင်းမှာ ခင်လဲ့မူယာအား မြင်လျှင် တိုက်ဝမှ နေ၍လှမ်းမေးနေသည်။

"ငါလား၊ ကိုကို့ကို လိုက်ရှာမလို့၊ ဒါထက် ညည်းဟာ မြသန္တာနွယ်ရဲ့အိမ်ကိုသိသလား"

ခင်လဲ့မူယာက ကားပေါ်မှနေ၍ နန္ဒာကြိုင်သင်းအား ပြန်မေးနေသည်။

"သိတာပေါ့ဟဲ့၊ ဘာလဲ...ညည်းကသွားပြီး ရန်ဖြစ်ဦးမလို့လားဟင်"

"အယ်အယ်...မဟုတ်ပါဘူး၊ သူနဲ့ရန်ဖြစ်စရာမရှိတော့ပါဘူး၊ ငါအခုသွားမှာက ကိုအောင်နီလွင်ကို သွားရှာချင်လို့ပါ"

"ဪ...ကိုအောင်နီလွင်က မိန္နွယ်တို့အိမ်ကို ထွက်သွားလို့လား"

"ဒီလိုလဲ မဟုတ်ဘူး အေ့၊ ကိုကိုစိတ်ဆိုးပြီး ထွက်သွားလို့ သူသွားတတ်တဲ့နေရာတွေကို လိုက်ရှာရာမှာ မြသန္တာနွယ်တို့အိမ်ကိုလဲ လိုလိုမည်မည် ဝင်ရှာချင်လို့ပါ"

"ကောင်းပြီလေ၊ ဒါဆိုရင် ငါပြောလိုက်မယ်၊ မြသန္တာနွယ်တို့ နေထိုင်တဲ့ အရပ်ကတော့ အလုံ ဆင်ရေတွင်းလမ်းထဲမှာပါ၊ အဲဒီမှာ မေးရင်ရပါတယ် အေ့"

"ကျေးဇူးပဲ အူငယ်ချင်း၊ ဒါဆိုရင် ငါသွားဦးမယ် နော်"



ခင်လဲ့မူယာက နန္ဒာကြိုင်သင်းကို နှုတ်ဆက်ကာ ခြံတွင်းမှ ပြန်၍ မောင်းထွက်သွားခဲ့သည်။

ကတ္တရာ လမ်းမကြီးပေါ်သို့ ပြန်ရောက်၍ ဆက်လက်မောင်းနေစဉ် တစ်ဖက်မှ လာနေသော အောင်နီလွင်နှင့် မြသန္တာနွယ်တို့စီးလာခဲ့ကြသော မော်တော်ဆိုင်ကယ်ကို ခင်လဲ့မူယာ မြင်တွေ့ခဲ့ရတော့သည်။

အောင်နီလွင်ကလည်း ခင်လဲ့မူယာ၏ ဟွန်ဒါကားမှန်းကို ခပ်လှမ်းလှမ်းကပင် မြင်နေရသည်။

အနီးသို့ရောက်လျှင် အောင်နီလွင်က ခင်လဲ့မူယာ ကားကို ပြန်လှည့်၍ မောင်းခဲ့ရန် လက်ကိုပြ၍ အချက်ပေးသည်။

ခင်လဲ့မူယာမှာတော့ အောင်နီလွင်၏ မော်တော်ဆိုင်ကယ်နောက်တွင် ပါလာခဲ့သော မြသန္တာနွယ်ကိုကြည့်ကာ အံ့ဩနေမိသည်။

"ဒါက ဘာသဘောလဲ၊ ကိုကိုဟာ ဘာဖြစ်လို့ မြသန္တာနွယ်ကို သူ့ မော်တော်ဆိုင်ကယ်နောက်ကို တင်ခေါ်လာခဲ့တာလဲ"

ခင်လဲ့မူယာမှာ အထက်ပါအတိုင်း မေးခွန်းတွေထုတ်နေမိသည်။

"အို...ဘာပဲဖြစ်ဖြစ် သူတို့နောက်ကို ငါလိုက်သွားရင် အဖြေမှန်သိရမှာပဲဟာ"

ခင်လဲ့မူယာ တွေးရင်း ကားကိုပြန်ကွေ့ကာ သူမတို့ဘက်သို့ အမြန်မောင်းသွားခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်နီလွင်၏ မော်တော်ဆိုင်ကယ်သံကြောင့် တိုက်တွင်း၌ရှိနေကြသော လူကြီးများမှာ တိုက်အပြင်သို့ ထွက်လာခဲ့ကြသည်။

အောင်နီလွင်၏ နောက်ခုံတွင် မြသန္တာနွယ် ပါလာခဲ့သည်ကို မြင်ကြရလျှင် သူတို့အားလုံး အံ့အားသင့်ကုန်ကြသည်။

"ဟင်....စောစောက ကောင်မကလေး သားဆိုင်ကယ်နောက်မှာ ပါလာပါကလား၊ ဘာဖြစ်လို့ပါလိမ့်နော်"

ဒေါ်အေးရှင်က ခေါင်းမရသောအသံဖြင့် ပြောနေသည်။

ထိုစဉ်မှာပင် အောင်နီလွင်၏ ဆိုင်ကယ်နောက်မှ ခင်လဲ့မူယာ၏ ကားကလေးပါ ရောက်လာသည်ကို မြင်ကြရပြန်သည်။

"ဟော....သမီးလဲ နောက်က ပါလာခဲ့ပါသလား၊ ဒါဆို သူတို့တစ်တွေ လမ်းမှာဆုံမိကြလို့ ပြန် လာ ခဲ့ ကြ တာ ထင်တယ်"

ဒေါ်ခင်ထွေးက တင်ကြေးပေးနေသည်။

ဒေါ်အေးရှင်က ပြန်၍ထောက်ခံနေသည်။

"ဟုတ်လိမ့်မယ်ရှင့်၊ ဒါကြောင့်သာ သမီးကလေး ခင်လဲ့မူယာဟာ သူတို့နောက်ကနေ ပြန်လိုက်လာခဲ့ကြတာပေါ့"

ဦးညိုမြနှင့် ဦးဘုန်းလွင်တို့ကတော့ မည်သို့မှ မပြောကြပေ။

အောင်နီလွင်တို့ကိုသာ ငေးကြည့်ကာ နေကြသည်။

ခင်လဲ့မူယာမှာ ကားကိုရပ်ပြီးနောက် ကားပေါ်မှမဆင်းသေးဘဲ သူတို့တစ်တွေကို အသာ လှမ်းကြည့်နေသည်။



အောင်နီလွင်မှာမူ မော်တော်ဆိုင်ကယ်ကို ရပ်ပြီးနောက် သူ၏ နောက်တက်ခုံ၌ လိုက်ပါလာခဲ့သော မြသန္တာနွယ်၏ လက်ကလေးကိုဆွဲကာ မိဘများထံသို့ ခေါ်လာခဲ့သည်။

ထိုမြင်ကွင်းကြောင့် လူကြီးတွေအားလုံးမှာ အံ့သြကြရပြန်သည်။

"ဟော့ကောင်၊ ဒါ....ဒါက ဘာသဘောလဲကွ၊ မင်း လက်ဆွဲပြီး ခေါ်လာခဲ့ရမှာက ဒီမိန်းကလေး မဟုတ်ဘူးလေ၊ လူမှားနေပြီ၊ ဟွန်း"

ဦးဘုန်းလွင်က သားဖြစ်သူကို လှမ်းပြောနေသည်။

ကျန်လူကြီးများကမူ မည်သို့မှ ဝင်မပြောသေးဘဲ ရပ်၍သာ ကြည့်နေကြသည်။

"ဟာ....ဖေဖေကလဲ၊ သား လူမမှားပါဘူး၊ လူမှန် နေရာမှန်၊ ဖူးစာမှန်မို့ အခုလို ခေါ်လာခဲ့ရတာပါ ဖေဖေရ"

အောင်နီလွင်၏ စကားများကြောင့် လူကြီးများအားလုံး တအံ့တသြ ဖြစ်ကုန်ကြရပြန်လေပြီ။

"မင်း....မင်း ဘာတွေ ပြောနေတာလဲကွ....ဟင်၊ တို့ကို နောက်နေတာလား"

ဦးဘုန်းလွင်က ဆက်၍မေးနေပြန်သည်။

"ဖေဖေကလဲဗျာ၊ ဘာဆိုင်လို့ သားက နောက်ရမှာလဲ၊ လူကြီးတွေကိုနောက်ရင် ငရဲကျ နေမလား၊ ဟဲဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်တာမဟုတ်ရင် ဒီမိန်းကလေးကို မင်းက တကယ် ယူတော့မလို့လား"

"ဟုတ်ကဲ့၊ ဒီကမ္ဘာလောကကြီးမှာ သား ချစ်ရကြိုက်ရမယ့်သူဟာ သူပဲရှိတယ် ဖေဖေရ၊ ဒီတော့ သူ့ကိုသာ သားနဲ့ ပေးစားပါနော်"

"ဟာ....ဘယ်ဖြစ်မလဲကွ"

"ဟင်....မဖြစ်ဘူး၊ ဒါ....ဒါဆိုရင် ဖေဖေက သားနဲ့ သူ့ကို သဘောမတူဘူးပေါ့၊ ဘယ်လိုကြောင့်လဲ ဖေဖေရယ်"

"အိမ်း.... အမေးရှိရင် အဖြေကလဲ ရှိရမှာပေါ့၊ ငါ သဘောမတူဘာ အချက်နှစ်ချက်ရှိတယ်၊ တစ်အချက် မင်းကို ဦးညိုမြဘို့ရဲ့သမီး ခင်လှဲ့မူယာနဲ့ လက်ထပ်ပေးစားဖို့ လူသိရှင်ကြား သတင်းစာထဲမှာ ကြေညာပြီးပြီ၊ နှစ်အချက် အခု မင်းယူမယ့် မိန်းကလေးမှာကလဲ လွတ်လွတ်လပ်လပ်ထဲက မဟုတ်ဘူး၊ သူ့မှာကလဲ လက်ထပ်တော့မယ့်ဆဲဆဲ ဖြစ်နေတယ်၊ ဒီတော့ ဒီမိန်းကလေးကို မင်းယူလိုက်ရင် မင်းမှာ ပြဿနာတွေတက်နိုင်တယ်၊ ဒီသူငယ်မလေးဟာ ပြဿနာတွေနဲ့မိန်းကလေး ဖြစ်နေတယ်ကွ၊ ဒါကြောင့် ငါသဘောမတူတာ"

ဦးဘုန်းလွင်က ရှင်းပြနေသည်။

အောင်နီလွင်ကတော့ ရယ်မောရင်း ပြန်ပြောနေသည်။



"အဟီး....ဖေဖေက သူ တကယ့်ပဲ မင်္ဂလာဆောင်မယ်ထင်နေတာကိုး၊ မဟုတ်ပါဘူး ဖေဖေရယ်၊ သူ့ ဖိတ်စာက အတုကြီးပါ၊ ဟဲဟဲ"

"ဘာကွ၊ ဖောင်းကြွစလုံးနဲ့ သေသေသပ်သပ် ရိုက်ထားခဲ့တဲ့ မင်္ဂလာဖိတ်စာကို အတုကြီးလို့ မင်းက ဘာဖြစ်လို့ ပြောနိုင်တာလဲ၊ ပြီးတော့ နှစ်ဖက်သော မိဘနာမည်တွေနဲ့ မင်္ဂလာဆောင်မယ့် နေရာပါ ပြည့်ပြည့်စုံစုံပါနေတဲ့ဟာ"

"မှန်ပါတယ်၊ သားကလဲ အရင်ကဆိုရင် ဖေဖေ့လိုပဲ သူ တကယ် မင်္ဂလာဆောင်တော့မယ် ထင်ခဲ့တာပါ၊ ဒါကြောင့် သား ဒေါကန်ပြီး သူ့ဆီကို သွားခဲ့တာပေါ့၊ အဲဒါကိုကျတော့ သူ့မင်္ဂလာဆောင်ဟာ လိမ်ဆင်ကြီး ဖြစ်နေတာကို သိရတာပဲ၊ ဟားဟားဟား"

"အံမယ်....အံမယ်၊ တဟားဟား တဝါးဝါးနဲ့ ရယ်နေလိုက်တာ၊ ဒီမယ်....အောင်နီလွင်၊ မင်း အခု ပြောနေတာတွေဟာ လုံးဝ လုံးဝ ယုတ္တိမရှိဘူးကွ၊ သိလား"

"အဲဗျ၊ ဘယ်....ဘယ်လိုကြောင့်လဲ၊ သားကတော့ အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း၊ အဖြစ်ကိုအဖြစ်အတိုင်း တင်ပြနေတာပါ၊ မုသားဆိုလို့ တစ်လုံးမှ မပါဘူး၊ ဖေဖေမယုံရင် သူ့ကို မေးကြည့်လေ၊ ကဲ....နွယ်ရေ၊ ဖေဖေတို့ သဘောကျပေါ်ပြီး သဘောပေါက်အောင် ရှင်းပြလိုက်စမ်းပါကွာ၊ ဟဲဟဲ"

အောင်နီလွင်က သူ၏ဘေးတွင် ရပ်နေသော ပြဿနာနွယ်အား လှမ်းပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာနွယ်ကလည်း လူကြီးများအား ရှက်ပြုံးကလေးများဖြင့် လှမ်းကြည့်ကာ အောက်ပါအတိုင်း ပြောပြနေသည်။

''ဒီက အစ်ကိုပြောတာ ဟုတ်ပါတယ်ရှင်၊ သမီးလေ ဒီက အစ်ကို ကို ချစ်နေတာနဲ့ တမင် သူမခံချင်အောင် ဖိတ်စာ အတုကိုရိုက်ပြီး မင်္ဂလာဆောင်မယ့်ဟန်မျိုး လုပ်ခဲ့တာပါရှင်''

မြသန္တာနွယ်၏ စကားအဆုံးတွင် လူကြီးများအားလုံး ပါးစပ်အဟောင်းသားဖြင့် ဖြစ်ကုန်ကြတော့သည်။

ဦးညိုမြက ပြန်မေးနေသည်။

''ဒါဆိုရင်....ငါ့တူမကြီးမင်္ဂလာဆောင်မယ်ဆိုတာ မဟုတ်ဘူးပေါ့''

''ဟုတ်ပါတယ်''

မြသန္တာနွယ်က ပြန်ဖြေသည်။

''အဲဒီ....ဟုတ်ပါတယ် ဆိုတာက ဘာကို ဆိုလိုတာလဲ၊ မဟုတ်ဘူး ဆိုတာကိုလား၊ ဟုတ်တာကိုလား''

ဦးညိုမြက ဆက်၍မေးနေပြန်သည်။

''ဒီလိုပါ....မဟုတ်ဘူးဆိုတာက သမီး မင်္ဂလာဆောင်မယ် ဆိုတာကို ဆိုလိုပြီး ဟုတ်တယ် ဆိုတာက ဦးလေးက မေးလို့ ဟုတ်ကြောင်းကို ဖြေတာပါ''

''အဲသလိုဆိုရင်....တူမပြောတာမပြည့်စုံသေးဘူး၊ ဦးလေး မေးတဲ့ မဟုတ်ဘူးဆိုတာက တူမကြီး မင်္ဂလာဆောင်မယ့် ကိစ္စ



ပါ၊ ဒါကို တူမက ဟုတ်တယ်လို့ပြန်ဖြေတော့ မင်္ဂလာဆောင်ဟာ တကယ်ဖြစ်နေရာ ရောက်နေတယ်၊ ဒါကော ဟုတ်သလား''

''ဟုတ်တယ်....အာ အာ....မဟုတ်ဘူး၊ ဟုတ် ဟုတ်....ဒုက္ခပဲ၊ သမီး မဖြေတတ်တော့ဘူး၊ ရှုပ်ကုပ်ပြီ၊ အစ်ကို ဝင်ဖြေပေးစမ်းပါဦး''

မြသန္တာနွယ်မှာ ဦးနှောက်ခြောက်သွားဟန်ဖြင့် အောင်နီလွင်အား အဖြေခိုင်းနေတော့သည်။

ခင်လဲ့မူယာကတော့ ကားပေါ်မှဆင်းကာ သူတို့တစ်တွေ ပြောဆိုနေကြပုံကို ကြားနိုင်လောက်သော နေရာမှ ရပ်၍ နားထောင်နေသည်။

အောင်နီလွင် မှာလည်း ဦးညိုမြ နားရှင်းသွားစေရန် ယခုလို ဝင်ပြောနေရတော့သည်။

''ဒီလိုပါ ဦးလေးရဲ့....ခုနက ဦးလေး မေးတဲ့ ကိစ္စမှာ မဟုတ်ဘူးဆိုတာက သူ့ မင်္ဂလာဆောင်ဟာ တကယ်မဟုတ်ဘူး လို့ဆိုလိုခြင်းပါပဲ၊ အဲ....ဟုတ်တယ်ဆိုတာက မင်္ဂလာဆောင်ဖို့ ရိုက်ထားတဲ့ ဖိတ်စာဟာ အတုဖြစ်တယ် ဆိုတာပါ''

''မင်းပြောသလိုဆိုရင် မဟုတ်ဘူးဆိုတာက ဟုတ်တယ်ကို ပြောပြီး ဟုတ်တယ်ဆိုတာက မဟုတ်တာကို ပြောတာပေါ့၊ ဒါကော ဟုတ်သလား''

''ဟုတ်ကဲ့....အဲဒါလဲ ဟုတ်တယ်''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလဲ ဟုတ်တယ်ဆိုရင်....မဟုတ်ဘူး ဆိုတာက ဘာကို ဆိုလိုတာလဲ"

"ဟိုက်.... ရှုပ်ကုန်ပြန်ပါပြီ၊ ကျွန်တော်လဲ ဘာကိုဆက် ရှင်းပြရမှန်းမသိတော့ဘူး၊ ဒီတော့ ကျွန်တော်တို့ကိုသွားခွင့် ပြုပါနော်"

အောင်နီလွင်မှာလည်း ဦးနှောက် စားလာသဖြင့် လူကြီး များအနီးမှနေ၍ မြသန္တာနှယ်ကိုခေါ်၍လစ်ပြေးရန်ပြင်သည်။

ဦးဘုန်းလွင်က လှမ်းတားသည်။

"ဟေ့ကောင်....ဒါက ဘယ်ကိုသွားမလို့လဲ၊ ခဏနေဦး၊ အခု ကိစ္စတွေက မပြီးသေးဘူးကွ၊ ဒါတွေကို ပြတ်အောင် လုပ်ခဲ့ဦး"

"ဟာဗျာ...ဖေဖေကလဲ၊ သားက ဘာတွေကိုပြတ်အောင် လုပ်ရမှာလဲလို့၊ သား ရှင်းပြပြီးပြီပဲဟာ"

"မင်း ရှင်းပြတာက မလုံလောက်သေးဘူးလေ၊ ဒီမှာ က ပြဿနာတွေက တစ်ပုံကြီးကွ"

"ဘယ်လိုပြဿနာတွေလဲဖေဖေ"

"ပြဿနာပေါင်းစုံ လေကွာ...ပထမ မင်း ဖြေရှင်းရမှာက မင်းနဲ့ ခင်လဲ့မူယာတို့ ကိစ္စပဲ၊ ငါတို့လူကြီးချင်း ခင်လဲ့မူယာ နဲ့ မင်းကို ပေးစားကြဖို့ စီစဉ်ထားခဲ့ကြတာ၊ ဒါကို မင်းလဲ သဘောတူခဲ့တယ်"

"အဲဒီတုန်းက သား...."



"ဟေ့ကောင်...နေဦး၊ ငါ့စကား မဆုံးသေးဘူး၊ ဆုံးမှ ဝင်းပြော"

ဦးဘုန်းလွင်က လှမ်းတားထား၍ အောင်နီလွင် ငြိမ်နေ လိုက်ရသည်။

"ဒီလို သဘောတူခဲ့ပြီးမှ အခု မင်းဟာ စိတ်ပြောင်းပြီး ဒီမိန်းကလေးကို ယူမယ် ဖြစ်သွားတယ်၊ ဒါဟာ ငါတို့လူကြီး တွေကို ခွေးလုပ်တာပဲ"

"မဟုတ်ဘူး .... ကျွန်တော် ဒီလိုသဘောမျိုးနဲ့ လုပ်တာ မဟုတ်ဘူး"

"မဟုတ်ဘူးဆိုရင် ဟုတ်အောင် လုပ်ရမှာပေါ့၊ မဟုတ် ဘူးလား"

"ဟုတ်တယ်၊ အဲ...မဟုတ်ဘူး၊ ကျွန်တော် ဟုတ်အောင် လုပ်လို့မရဘူး"

"ဒါဆို...ခင်လဲ့မူယာနဲ့ စေ့စပ်ကြောင်းလမ်းဖို့ လုပ်တုန်း က မင်းက ဘာဖြစ်လို့ သဘောတူခဲ့ရတာလဲ၊ တကယ်ဆိုရင် မင်း ကန့်ကွက်ပါလား၊ ငါပြောတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ မကန့်ကွက်တာက ခင်လဲ့မူယာကိုကျွန်တော် ချစ်နိုင်လိမ့်မယ် မှတ်လို့ပါ၊ အခု မချစ်နိုင်လို့ ချစ်နိုင်တဲ့သူကို ယူတာပါ"

www.burmeseclassic.com

www.burmeseclassic.com



“မင်း ဒီလိုလွယ်လွယ်ပြောလို့ဘယ်ရမလဲ၊ ဒီတော့ ကာယကံရှင်ဖြစ်တဲ့ ခင်လဲ့မူယာ ကျေနပ်အောင် သွားပြောချေ၊ သူကျေနပ်မှ ဖြစ်မယ်”

“ဟုတ်ကဲ့....ဒါဆိုရင် အခုပဲ ဖေဖေတို့ ရှေ့မှောက်မှာ မူယာ့ဆီကို သွားပြောပြပါ့မယ်”

အောင်နီလွင်ပြောရင်း ခပ်လှမ်းလှမ်းတွင် ရပ်ကာ ကြည့်နေသော ခင်လဲ့မူယာထံသို့ ထွက်သွားခဲ့သည်။

“မူယာ....ညီမလေး”

ခင်လဲ့မူယာကမူ မည်သို့မျှ ပြန်မထူးပေ။

သူ့ကိုသာ ချစ်မုန်းမာန် မျက်နှာမျိုးဖြင့် ပြန်ကြည့်နေသည်။

“မူယာရယ်....ကိုကိုလေ အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး”

“ဩော်....စိတ်မကောင်းဘူးလား၊ ဒါဆို ကိုကိုဟာရှုံးနေတာပေါ့”

“ဟုတ်တယ်၊ အဲ....အဲ မဟုတ်ဘူးလေ”

“မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ စိတ်မကောင်းဘူး ပြောရတာလဲ”

“ဒါက မူယာ့အတွက် စိတ်ထိခိုက်မိလို့ စိတ်မကောင်းဘူးလို့ ပြောတာပါကွာ”



“နေပါဦး....ကိုကိုက မူယာ့အတွက် တကယ်ပဲ စိတ်ထိခိုက်နေသလား၊ ပြောစမ်း”

“ဟာ....တကယ်ပါကွာ၊ ဟောဒီ....မဟာပထဝီ မြေကြီးနှစ်ခြမ်းကွဲပြီး သေရစေရဲ့၊ ယုံပါကွာ အဟဲ”

“ယုံစေချင်ရင် ကိုကိုဟာ မူယာ့ကိုပဲ ယူပေါ့၊ သူ့ကိုမယူနဲ့လေ၊ မဟုတ်ဘူးလား”

“ဟုတ်ဘယ်၊ အဲ....မဟုတ်ဘူး၊ သူ့ကို မယူလို့တော့မဖြစ်ဘူးကွာ”

“အင်း....ကိုကိုဟာ တော်တော့ကို ရက်စက်တယ် နော်၊ မူယာကတော့ ကိုကို့ကို ချစ်လိုက်ရတာ တုန်နေတာပဲ”

ခင်လဲ့မူယာက ငိုသံပါကလေးဖြင့် အောင်နီလွင်အား ပြန်ပြောနေသည်။

အောင်နီလွင်လည်း စိတ်မကောင်းဖြစ်ကာ သွားခဲ့သည်။

“ကိုကိုကလဲ ညီမကို ချစ်ပါတယ်ကွာ၊ ချစ်လိုက်တာမှတုန်နေတာပါပဲ၊ အဟဲ”

ထိုစကားများကို ကြားလိုက်ရလျှင် ခင်လဲ့မူယာ၏ ညှိုးနွမ်းနေသော မျက်နှာကလေးမှာ တစ်ခဏအတွင်း လန်းဆန်းသွားခဲ့တော့သည်။

“ဟင်....ကိုကို တကယ် ပြောနေတာလားဟင်၊ မူယာ့ကို တကယ် ချစ်သလား”

www.burmeseclassic.com

www.burmeseclassic.com



''ချစ်ပါတယ်ကွာ...ချစ်လိုက်တာမှ တုန်နေတာပါပဲဆိုမှ၊ အဟီး''

အောင်နီလွင်၏ စကားအဆုံးတွင် ခင်လဲ့မူယာမှာ ဝမ်းသာအားရ အသံဖြင့် လူကြီးများထံသို့ လှမ်းအော်ကာ ပြောနေတော့သည်။

''ဖေဖေ...မေမေနဲ့ အန်ကယ် အန်တီတို့ရေ၊ ကိုကိုကလေ မူယာ့ကို ချစ်လိုက်တာမှ တုန်နေတာပဲတဲ့၊ ဒါဆို မူယာအနိုင်ရသွားပြီလေ၊ ခိ ခိ ခိ ခိ''

ခင်လဲ့မူယာ၏ စကားများကြောင့် အောင်နီလွင်မှာ ထိတ်လန့်တကြား နောက်မှ အော်ခေါ်ကာ တားနေရတော့သည်။

''အာ...အာ မဟုတ်ဘူးလေ၊ နေဦး...နေဦး၊ ဆက်တွက်ကရိုး၊ စတော့ပ် စတော့ပ်၊ဆီးစ် ဖိုင်းယား၊ အာ...အရေးထဲ ငါကလဲ ဘာတွေပြောနေမိပါလိမ့်''

အောင်နီလွင်မှာ ခင်လဲ့မူယာ၏နောက်သို့ ပြေးလိုက်ကာ သွားခဲ့ရသည်။

''ဟ...ဒါက ဘယ်လိုဖြစ်လာကြပြန်တာလဲကွ''

ဦးတုန်းလွင်က လှမ်းမေးနေသည်။

''ဘာဖြစ်ရမှာလဲ၊ သမီးကိုလေ ကိုကိုက ချစ်လိုက်ရတာ တုန်လို့တဲ့ အန်ကယ်ရဲ့''



''ဟင်...ဟုတ်လား သား''

''ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် မဟုတ်ဘူးဖေဖေ''

''ဟယ်...ငါ့လခွီးမှပဲ၊ မင်းစကားကရှုပ်လိုက်တာ၊ ဘာတွေဟုတ်ပြီး ဘာတွေမဟုတ်တာလဲကွ၊ ရှင်းစမ်း''

''ဟုတ်တယ်ဆိုတာက သူ့ကိုချစ်တာပါ၊ မဟုတ်ဘူးဆိုတာက သူထင်နေသလို အချစ်မျိုးမဟုတ်ဘဲ ညီမငယ်တစ်ယောက်ကို ချစ်သလိုချစ်တာကို ပြောတာပါ ဖေဖေရ''

ထိုစကားကိုကြားရလျှင် ခင်လဲ့မူယာ ဒေါပွပြီးပြန်ပြောနေသည်။

''ကြည့်...စကားကိုခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုး ပြောနေတယ်၊ ခုနကတော့ ညီမကို ချစ်လိုက်ရတာ တုန်လို့ဆို''

''အေးလေ...ချစ်လိုက်ရတာ တုန်လို့ ဆိုတာက ညီမငယ် တစ်ယောက်ကို ချစ်သလို ချစ်တာကို ဆိုလိုတာပါ၊ ဒီတော့... ညီမလေးလိုပဲ ချစ်ပါရစေကွာ၊ ကိုကိုဟာ ဇနီးသည် တစ်ယောက်လို ချစ်ရမယ့်သူကတော့ ဟောဒီက မြသန္တာနွယ် တစ်ယောက်ပဲ ရှိပါတယ်၊ ဖေဖေတို့ကလဲ ခွင့်ပြုစေချင်ပါတယ်''

''ဟ...တို့ကလဲ လွယ်လွယ်နဲ့တော့ ဘယ်မှာခွင့်ပြုနိုင်မလဲ၊ ပြဿနာတွေနဲ့ မိန်းကလေးကိုယူရင် ပြဿနာတွေကို ပြတ်အောင်ရှင်းမှ ဖြစ်မှာပေါ့ကွ''

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ....ဖေဖေတို့ကသာ မြသန္တာနွယ်နဲ့ သဘောတူဖို့ ကြေးထူနေကြမယ်ဆိုရင် သားကတော့ လှိုင်သာယာမြို့သစ်အတွက် တည်ဆောက်ပေးနေတဲ့ ဘုရင့်နောင် တံတားပေါ်ကနေ ဆိုင်ကယ်နဲ့ တအားစီးကျော်ပြီး ငါးကြီးအပေါ်ကို ကျအောင် မြစ်ထဲဆင်း သေပစ်လိုက်မယ်၊ သိလား"

အောင်နိုလွင်က ဆန္ဒပြနေသည်။

"ဖြစ်မှဖြစ်ရပလေ သားရယ်၊ သေချင်တာများ ဘုရင့်နောင် တံတားကြီးဆီကို အပင်ပန်းခံသွားပြီး သေချင်ရသလားကွာ၊ နီးနီးနားနား ဒီရန်ကုန်မြစ်ထဲမှာသွားပြီးသေလဲရပါတယ်၊ ဘာထောက်ခံစာမှ ပြစရာမလိုပါဘူးကွာ၊ ဟား ဟား ဟား"

ဦးဘုန်းလွင်က ပြန်ပြောပြီး ရယ်နေသည်။

ဒေါ်အေးရှင်က သဘော မကျသံဖြင့် ဦးဘုန်းလွင်အား လှမ်းဆူနေတော့သည်။

"အို....ကိုဘုန်းလွင်၊ ရှင်ဘာတွေ လျှောက်ပြောနေရတာလဲ၊ နိမိတ်မရှိ နမာမရှိတွေ ပြောမနေစမ်းပါနဲ့တော်၊ ရှင်က အသေခံနိုင်ပေမယ့် ကျွန်မကတော့ သားကို အသေမခံနိုင်ဘူးရှင့်၊ သိလား....တွန်း"

မိခင်ကြီး၏ စကားများကို ကြားရလျှင် အောင်နီလွင်မှာ အားတက်ကာ သွားခဲ့တော့သည်။



"ဟာ....ဒီ ဒီလိုဆို မေမေကတော့ မြသန္တာနွယ်နဲ့ သားယူမှာ သဘောတူတာပေါ့နော်....ဟုတ်လား၊ ဝမ်းသာလိုက်တာ"

အောင်နီလွင်ပြောနေခိုက်မှာပင် ခြံထဲသို့ အငှား လေးဘီးကားတစ်စီး ဝင်လာခဲ့တော့သည်။

သို့ဖြစ်၍ သူတို့အားလုံး စကားပြတ်ကာ ဝင်လာနေသော လေးဘီးအငှားကားကို ဝိုင်းကြည့်နေကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ့်ခြောက်)

## ဖြေရှင်း၍မရသော ပြဿနာများ

အငှား လေးဘီးကားကလေးမှာ ခင်လှဲ့မူယာ ရပ်ထားသော ဟွန်ဒါဆလွန်းကား၏ နောက်နားတွင် ရပ်နေသည်။

ကားပေါ်မှ လူနှစ်ဦးဆင်းလာခဲ့ကြသည်။

တစ်ဦးမှာ မြသန္တာနွယ်၏ ဖခင် ဖြစ်ပြီး ကျန်တစ်ဦးကတော့ ချစ်စရာပုံနှိပ်တိုက်ရှင် ခင်မောင်အေးပင်တည်း။

ခင်မောင်အေးက အငှား လေးဘီးကားခကို ရှင်းပေးနေသည်။

မြသန္တာနွယ်၏ဖခင် ဦးအုန်းခင်ကတော့ သူတို့ရှိနေရာသို့ လျှောက်လာခဲ့သည်။

"ဟော... မြသန္တာနွယ်ရဲ့ အဖေတောင် ရောက်လာပြီ ဖေဖေ"



အောင်နိုလွင်က ဖခင်ကြီးကို လှမ်းပြောနေသည်။

လူကြီးများကလည်း ဦးအုန်းခင်အား ဝိုင်းကြည့် နေကြသည်။

သူတို့အနီးသို့ အရောက်တွင် ဦးအုန်းခင်က လူကြီးများကို လှမ်းပြောနေသည်။

"ကျွန်တော့်ကိုတော့ အားလုံးသိပြီးဖြစ်ပါလိမ့်မယ် ထင်ပါတယ်ခင်ဗျာ၊ ဟဲဟဲ"

ထိုအပြောကို ဦးညိုမြက ချက်ချင်းပင် ဟုတ်မှန်ကြောင်း ပြန်ပြောသည်။

"ဟုတ်ကဲ့...သိပါတယ်၊ ခင်ဗျားဟာ နိုင်ငံကျော်လူရွှင်တော်ကြီး ဦးစံမတူ မဟုတ်လားဗျ၊ ဟဲဟဲ"

"ဟိုက်"

ဦးအုန်းခင်မှာ သူ့အား လူရွှင်တော်ကြီး ဦးစံမတူနှင့် လူမှားနေ၍ ဟိုက်ခနဲဖြစ်ကာ သွားခဲ့သည်။

"ဟိုက်....မနေနဲ့ဗျ၊ ကျွန်တော်ကတော့ ခင်ဗျားဟာသတွေဆိုရင် တကယ်ကြိုက်တာဗျ၊ သိလား"

"အာ....မဟုတ်သေးဘူးလေ"

"ဟုတ်ပါတယ်ဗျာ၊ တကယ်ပြောတာပါ၊ ကျွန်တော် တင်မကဘူး၊ ဟောဒီက ကျွန်တော့် မိန်းမကပါ ခင်ဗျားဟာသတွေကို သိပ်ကြိုက်တာဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ဟိုတစ်ချိန်က အင်မတန်နာမည်ကြီးခဲ့တဲ့ ဦးကြွယ်နီရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟာသတွေကို အမိလိုက်နိုင်လို့ပဲ၊ အဲဒီ ဦးကြယ်နီရဲ့ သွားရာ လှမ်းအတိုင်း အမြန်လိုက်နိုင်တဲ့ သူကလဲ ခင်ဗျားတစ်ယောက်ပဲ ရှိတာဗျ၊ ဟုတ်လား''

''ဟုတ်တယ်၊ အဲ...ဟုတ်ပါဘူး၊ ဟာဗျာ၊ ခင်ဗျား ဘာတွေလာပြောနေရတာလဲ၊ နိမိတ်မရှိနမာမရှိ''

''အဲ...အဲ...ဆောရီး၊ ကျွန်တော် စကားပြော မှားသွားလို့ပါ၊ သွားလေသူ လူရွှင်တော်ကြီး ဦးကြယ်နီရဲ့ ခြေရာကို နင်းနိုင်တဲ့သူဟာ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်လို့ ဆိုလိုတာပါခင်ဗျာ၊ မဟုတ်ဘူးလား''

''မဟုတ်ဘူး''

''ဟုတ်ပါတယ်ဗျာ''

''မဟုတ်ပါဘူးဆိုနေမှဗျာ''

''ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ ဟုတ်ကိုဟုတ်ရမယ်၊မဟုတ်ဘူးလား''

''မဟုတ်ဘူး...မဟုတ်ဘူး''

''ဟုတ်တယ်...ဟုတ်တယ်''

''အာ...ခ...ခဏနေပါဦး၊ အဲဒီမဟုတ်ဘူး ဟုတ်တယ် ကလေးကို ကျွန်တော်ရှင်းပြချင်ပါတယ်၊ အင်း...ဒီမဟုတ်ဘူး ဟုတ်တယ်ဆိုတဲ့စကားကတော့ ကျုပ်ကို ဒီကနေ့တစ်နေ့လုံးကို ဒုက္ခပေးခဲ့တယ်ဗျာ၊ အခုလဲဆက်ပြီး ဒုက္ခပေးနေပြန်ပါပြီ၊ စိတ်ညစ်လိုက်တာ''



ဦးအုန်းခင်၏ စကားများကြောင့် လူကြီးတွေအားလုံး ငြိမ်သွားကြသည်။

ဦးဘုန်းလွင်က ဝင်မေးနေသည်။

''နောင်ကြီးပြောနေတာတွေ ဘာတွေလဲဗျ၊ ကျွန်တော်တို့ကို ရှင်းပြစမ်းပါဦး''

''ဒီလိုလေ၊ ဟောဒီက သူ့နာမည် အေးလေ...ဘားမားစူပါမင်းပဲ ထားလိုက်ပါတော့၊ သူဟာ စောစောကလာပြီး ကျုပ်သမီး မင်္ဂလာကိစ္စကို မေးတယ်၊ ဒီအမေးတွေကြောင့် သူနဲ့ကျုပ်ဟာ မဟုတ်ဘူးဟုတ်တယ် စကားတွေနဲ့ ချာလပတ်ယမ်းခဲ့တာ မနည်းကြီးကို ဖြေရှင်းခဲ့ရတယ်၊ အခုတစ်ခါ မဟုတ်ဘူး ဟုတ်တယ်နဲ့ လာရှုပ်နေပြန်ပြီ၊ ဒါကြောင့် ကျွန်တော်က ရှင်းပြပါရစေလို့ တောင်းပန်နေတာပါ''

''ဟုတ်ကဲ့...ရှင်းချင်ရင် ရှင်းပါဦးစံမတူ''

ဦးညိုမြက ဝင်ပြောဖြန်သည်။

''အာ...လုပ်လိုက်ပြန်ပါပြီ၊ ကျုပ်ဟာ ခင်ဗျားထင်နေသလို ဦးစံမတူ မဟုတ်ပါဘူးဗျ၊ ကျုပ်နာမည်က ဦးအုန်းခင်တဲ့၊ ဟောဒီက သမီး မြသန္တာနွယ်ရဲ့ အဖေပါ''

''ဟင်...ခင်ဗျားဟာ ဦးစံမတူ မဟုတ်ဘူးလား''

''မဟုတ်ပါဘူးဗျာ''

''အင်း...ခင်ဗျားက မဟုတ်ဘူးဆိုလို့ သာ မယုံချင်ယုံရတော့မယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားရဲ့ ရုပ်ကတော့ လူရွှင်တော်ကြီး ဦးစံမတူနဲ့ စွပ်ချွတ်ပဲ''

www.burmeseclassic.com

www.burmeseclassic.com



''ဘယ့်နှယ်''

''အဲ....အဲ....ချွတ်စွပ်ပဲလို့ ပြောတာပါဗျာ၊ အဟဲ''

''ဒါကတော့ လူတူမရှား နာမည်တူမရှားကိုးဗျ''

ဦးအုန်းခင် ပြန်ပြောနေခိုက် ခင်မောင်အေးမှာ သူတို့အနီးသို့ ရောက်လာခဲ့သည်။

မြသန္တာနွယ်က ခင်မောင်အေးကို လှမ်းမေးနေသည်။

''အစ်ကိုခင်မောင်အေးက ဒီကို ဘာဖြစ်လို့ လိုက်လာတာလဲဟင်''

''နင့်အဖေက ငါ့ကိုသက်သေခံဖို့ကိစ္စဆိုပြီး လာခေါ်လို့ လိုက်လာခဲ့တာပဲ''

''ဟင်....ဘာအမှုအတွက်လဲ၊ ဒီခြံထဲမှာ ရုံးမှုဖွင့်မထားတဲ့ဟာ''

မြသန္တာနွယ်က အူကြောင်ကြောင်အသံဖြင့် ပြန်မေးနေသည်။

ဒါကို ဦးအုန်းခင်က ကြားသွား၍ သမီးကို ပြန်ပြောပြနေသည်။

''ဟ....သမီးရ၊ သက်သေခံဖို့ဆိုတာက အမှုကိစ္စအတွက် မဟုတ်ဘူး၊ သမီး မင်္ဂလာဖိတ်စာအတုကို သူက တာဝန်ယူပြီး ရိုက်ပေးခဲ့တာ မဟုတ်လား''

''မှန်တယ်လေ၊ ဒါဘာဖြစ်လို့လဲ''

မြသန္တာနွယ်က ပြန်ပြောသည်။



''အဲဒီလိုရိုက်ပေးခဲ့တဲ့အတွက် သမီး မင်္ဂလာဆောင်မယ်ဆိုတာ အစစ်အမှန် မဟုတ်ပါဘူး၊ အတုအယောင်ဖြစ်ပါတယ်ဆိုတာ သူ့ကို သက်သေခံခိုင်းဖို့ ခေါ်လာခဲ့တာပေါ့၊ ဒါမှလဲ သမီးစိတ်ရှုပ်ပေါက်ပြီး မဟုတ်တာလုပ်ထားတဲ့ ကိစ္စကို ဒီကလူကြီးတွေ ယုံကြည်မှာပေါ့ဟ၊ မဟုတ်ဘူးလား မိတ်ဆွေတို့ရာ၊ ဟဲဟဲ''

''ဦးအုန်းခင်မှာ သမီးကို ပြောနေရာမှ ဦးညိုမြတို့ ဘက်သို့ လှည့်၍ ပြောပြနေသည်။

ဦးဘုန်းလွင်ကတော့ ခင်မောင်အေးအား လှမ်းကြည့်ကာ မေးသည်။

''အခု....ဦးအုန်းခင်ပြောတာ အမှန်လားကွ၊ ဒီကသမီးရဲ့ မင်္ဂလာဖိတ်စာ အတုကို မင်းက ရိုက်ပေးတယ်ဆိုတာ''

''ဟုတ်ပါတယ်''

ခင်မောင်အေးက ပြုံးချိုသော မျက်နှာကလေးဖြင့် ပြန်ဖြေနေသည်။

''မင်းက အခုလိုပဲ မင်္ဂလာဆောင်တာ မဟုတ်ဘဲနဲ့ မင်္ဂလာဖိတ်စာ အတုတွေကို ရိုက်ပေးတတ် သလား''

''ဟုတ်ကဲ့....ရိုက်ပေးတတ်ပါတယ်၊ အဲ....အဲ....မဟုတ်ဘူး ခင်ဗျ၊ မရိုက်ပေးပါဘူး''

''ဟ....မရိုက်ပေးဘဲနဲ့ အခု မင်္ဂလာဖိတ်စာက ဘာဖြစ်လို့ ရိုက်ပေးရတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



“ဒါက သူကလာပြီး အပူကပ်လို့ပါ၊ ကျွန်တော်ကိုယ်တိုင်ကလဲ ဒါမျိုးဆို ဝါသနာပါလို့ပါခင်ဗျ၊ အဟဲ”

“ဩော်...မင်းက ဖိတ်စာအတုရိုက်ပေးဖို့ ဝါသနာပါတယ်ပေါ့ဟုတ်လား”

“ဟုတ်တယ်၊ အဲ...မဟုတ်ဘူးခင်ဗျ၊ ဒီသဘောမျိုး မဟုတ်ပါဘူး၊ ကျွန်တော် ဝါသနာပါတယ်ဆိုတာက လူတစ်ဖက်သားကို အကူအညီပေးဖို့ ဝါသနာကို ဆိုလိုတာပါခင်ဗျ”

“အခုဟာက ကူညီတာမှ မဟုတ်တဲ့၊ ငါတို့လူကြီးတွေ လက်နဲ့ရေးထားတာကို မင်းက ခြေနဲ့ဝင်ဖျက်တာမျိုး ဖြစ်နေတယ်၊ မဟုတ်ဘူးလား”

“ဟုတ်တာပေါ့ ခင်ဗျ၊ အဲ...မဟုတ်ပါဘူးခင်ဗျ”

“ဘယ့်နှယ် ဟုတ်တာပေါ့ခင်ဗျ၊ မဟုတ်ပါဘူး ခင်ဗျနဲ့ စကားနှစ်ခွပြောနေရတာလဲ၊ မင်းချေးပါတော့ကော အိမ်သာနှစ်ခုကို တစ်ပြိုင်တည်းတက်ပါသလား”

“ဟုတ်ကဲ့၊ ပါပါတယ်ခင်ဗျ၊ အဲ... မပါပါဘူး ခင်ဗျ”

“ဒါဖြင့် ဘာဖြစ်လို့ ဟုတ်ပါတယ်တွေ၊ မဟုတ်ပါဘူးတယ်တွေကို စကားရှုပ်အောင် ပြောနေရတာလဲကွ”

“ဟုတ်ကဲ့၊ ရှင်းပြပါ့မယ်၊ ဟုတ်တယ်ဆိုတာက ဒီက မြသန္တာနှယ်ကလာပြီး အကူအညီတောင်းခဲ့လို့ ကူညီတာ ဟုတ်ကြောင်းကို ပြောတာပါ၊ အဲ...မဟုတ်ပါဘူးဆိုတာက ခုနက ဦးလေးပြောနေသလို လက်နဲ့ရေးထားတာကို ခြေနဲ့ဖျက်တဲ့



သဘော မဟုတ်ပါဘူးလို့ ဆိုလိုတာပါ ခင်ဗျ၊ ကျွန်တော့်အပေါ်မှာ အထင်မမှားပါနဲ့၊ ကျွန်တော်ကတော့ စေတနာရာနှုန်းပြည့်နဲ့ လုပ်ပေးတာပါ ခင်ဗျာ”

ထိုစကားများကို အနီးတွင်ရှိနေသော ဦးအုန်းခင်ကလည်း ဝင်၍ထောက်ခံနေသည်။

“မှန်ပါတယ်ခင်ဗျာ၊ ဒီသူငယ်ဟာ အင်မတန်မှရိုးသားပြီး အလုပ်ကို ကြိုးစားတဲ့သူငယ်ကလေးပါ၊ အလုပ်ကို ဘယ်လောက်ကြိုးစားသလဲဆိုရင် အရင်တုန်းက သူဟာ နှုတ်ခမ်းမွေးထားတယ်ဗျ၊ အဲဒါ အလုပ်လုပ်တဲ့နေရာမှာ သူ့နှုတ်ခမ်းမွေးဟာ အလုပ်ကို ကြန့်ကြာစေတယ်လို့ အထင်ရောက်ပြီး နှုတ်ခမ်းမွေးကိုသွားပြီး ရိတ်ပစ်ခဲ့တာကြည့်လေ၊ ဟဲဟဲ”

ဦးအုန်းခင်၏စကားအဆုံးတွင် ဦးညိုမြက ခင်မောင်အေး မျက်နှာကို လှမ်းကြည့်ပြီး ဤသို့ပြန်ပြောနေသည်။

“ဩော်...ဩော်၊ အလုပ်လုပ်တဲ့နေရာမှာ နှုတ်ခမ်းမွေးက ရှုပ်တယ်ထင်ပြီး ရိတ်ပစ်လိုက်တယ်လား၊ ဒါထက် နှုတ်ခမ်းမွေးပဲ ရိတ်သလား၊ တခြားအမွေးတွေထဲကကော မင်းဟာ ရိတ်မပစ်ဘူးလား”

“ဟုတ်ကဲ့၊ ရိတ်ပါတယ် ဦးလေး”

“ဟေ...ရိတ်တယ်ဟုတ်လား၊ ပြောစမ်း၊ ဘာအမွေးတွေများ ရိတ်ပစ်သေးသလဲ”

“ချိုင်းကအမွေး၊ ချိုင်းမွေးတွေ ခင်ဗျ”

www.burmeseclassic.com



"ဝါးဟားဟားဟား"

ခင်မောင်အေး၏ စကားသံအဆုံးတွင် အနီးတွင်ရှိနေကြသော လူများထံမှ ရယ်သံကြီးမှာ ဆူညံစွာ ထွက်ပေါ်လာခဲ့သည်။

အောင်နီလွင်မှာ မြသန္တာနွယ်ဘက်သို့ လှည့်၍ မျက်ရိပ်ကိုပြရင်း လူကြီးများအလစ်တွင် ထွက်သွားရန် ပြင်သည်။

"ဟာ...ဟော့ကောင်၊ ဒါက ဘယ်ကိုသွားဦးမလို့လဲကွ၊ ပြောစမ်း"

ဦးဘုန်းလွင်ကမြင်လျှင် အောင်နီလွင်ကို လှမ်းမေးနေသည်။

"ကျွန်တော်တို့ တခြားကို သွားကြမလို့ပါ၊ ဖေဖေတို့ လူကြီးချင်း စကားပြောနေကြပေါ့၊ ဟုတ်လား"

"မဟုတ်ဘူး၊ မင်းလဲမသွားရဘူး"

"ဘာဖြစ်လို့လဲ ဖေဖေရ၊ သူ့ကိုပဲ ကျွန်တော်ယူမှာမို့ နေါ်သွားမယ်လေ"

"ဟ.... မင်း ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီမှာက ပြဿနာတွေမှ မရှင်းသေးတဲ့ဟာ"

"ဖေဖေကလဲဗျာ၊ အဲဒီပြဿနာတွေ ကင်းရှင်းသွားအောင် ဟောဒီက နွယ်ရဲ့အဖေနဲ့ ကိုခင်မောင်အေးတို့ ရောက်လာကြပြီပဲဟာ၊ သူတို့က ရှင်းပေးကြပါလိမ့်မယ်၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ သူတို့က ဘာဆိုင်လို့ ရှင်းနိုင်မှာလဲကွ"



"ဆိုင်တာပေါ့၊ အခု သားယူမယ့်သူဟာ ဦးလေးဦးအုန်းခင်ရဲ့ သမီးပဲဟာ၊ သူကလဲ သဘောတူထားပြီးပြီလေ၊ ဒီတော့ သားတို့သွားတော့မယ် ဟုတ်လား"

"အေး....ဟုတ်တယ်၊ အာ....မဟုတ်ဘူးလေကွာ"

"ဟုတ်ပါတယ် ဖေဖေရဲ့၊ သားကတော့ သွားမှာပဲ၊ ကဲ...လာ....နွယ်၊ လစ်ကြစို့"

အောင်နီလွင်မှာ ပြောရင်း မြသန္တာနွယ်၏ လက်ကလေးကိုဆွဲကာ မော်တော်ဆိုင်ကယ်ရှိရာသို့ ထွက်သွားခဲ့ကြသည်။

ပြီးတော့ နှစ်ဦးသား မော်တော်ဆိုင်ကယ်ပေါ်သို့ တက်ကာ အောင်နီလွင်က ခြံတွင်းမှ မောင်းထွက်ကာ သွားခဲ့တော့သည်။

"ဟင်.... အန်ကယ်၊ သူ...သူတို့ထွက်သွားကြပြီ၊ သမီးဘယ်လိုလုပ်ရမလဲဟင်"

"အေးကွယ်၊ ငါလဲ တားတော့တားတာပဲ၊ မရတော့ ခက်တာပေါ့"

"အို...ခက်တယ်ဆိုရုံနဲ့ ပြဿနာကရှင်းပါ့မလား၊ ဖေဖေ၊ သမီး ဘာဆက်လုပ်ရမလဲဟင်၊ ဒီလိုပဲနေရမှာလား"

ထိုအမေးကို ဦးညိုမြကလည်း စိတ်မကောင်းသံဖြင့် ပြန်ပြောနေသည်။

"သမီးအဖြစ်က ဒီလိုပဲ နေရမယ့်အဖြစ်ကို ရောက်နေတယ်၊ သူကလဲ သမီးကို ညီမလိုပဲ ချစ်တယ်ပြောနေတော့ ခက်တာပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



“အို…ဘယ်ဖြစ်မလဲ၊ ဒီလိုပဲနေရင် သမီး ကျွန်ရစ်ဖြစ်သွားမှာပေါ့၊ သမီးကတော့ ဒါမျိုး အဖြစ်မခံနိုင်ဘူး၊ ကိုကို့နောက်ကို လိုက်ပြီးသွားမှာပဲသိလား”

သမီး၏စကားကြောင့် ဦးညိုမြမှာ မျက်လုံးပြူးသွားတော့သည်။

“ဟာကွာ သမီးကလဲ၊ မဟုတ်တာတွေ ပြောနေပြန်ပါပြီ၊ သူက သမီးကို မချစ်လို့ သူချစ်တဲ့သူကို ခေါ်သွားမှပဲ၊ ဒါကို သမီးလိုက်လို့ ဘယ်ကောင်းပါ့မလဲ၊ မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ လိုက်ကိုသွားမယ်”

ခင်လဲ့မူယာမှာ ပြောပြောဆိုဆိုနှင့်ပင် သူမ၏ကားရှိရာသို့ အမြန်ပြေးသွားခဲ့သည်။

“ဟောဗျ၊ တစ်ယောက်ကလဲ ဟိုနှစ်ယောက်ဆီ လိုက်သွားပြန်ပြီ၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ ကိုဘုန်းလွင်”

ဦးညိုမြ၏ စကားအဆုံးတွင် ဒေါ်အေးရှင်ကလဲ ဝင်ပြောနေသည်။

“ဟုတ်တယ်၊ ဒီအတိုင်းဆို မလွယ်ဘူး ကျွန်မသားဟာ မိန်းမနှစ်ယောက်ယူရမယ့်ကိန်း ဆိုက်နေပြီလေ”

ထိုစကားများကို ကြားရလျှင် ခင်လဲ့မူယာ၏မိခင် ဒေါ်ခင်ထွေးက သဘောမကျသံဖြင့် ပြန်ပြောနေသည်။

“ရှင်တို့သား မိန်းမနှစ်ယောက် ယူရင်တော့ ကျွန်မသမီးကို အကြီးနေရာထားရမှာပဲ၊ မယားငယ်တော့ အဖြစ်မခံနိုင်ဘူး သိလား”



ဦးအုန်းခင်ကလည်း မခံချင်သံဖြင့် ဝင်ပြောနေသည်။

“ခင်ဗျားတို့ ဒီလိုတော့ မတရားမပြောကြပါနဲ့ဗျာ၊ အခုကိစ္စက ရှင်းနေပါတယ်၊ ခင်ဗျားတို့သမီးကို ဟိုသူငယ်က ကြိုက်တာမှမဟုတ်တဲ၊ ကျုပ်သမီးကိုကြိုက်လို့ ခေါ်သွားတယ်၊ ဒါကို ခင်ဗျားတို့သမီးကအတင်းလိုက်သွားတဲ့အတွက် ဖြစ်ချင်းဖြစ်ရင် ခင်ဗျားတို့သမီးကသာ အငယ်ဖြစ်ရမှာပေါ့၊ ကျုပ်သမီးက မိဖုရားခေါင်ကြီး၊ အဲ…အဲ…ယောင်လို့၊ မယားကြီးပေါ့ဗျ၊ မဟုတ်ဘူးလား”

“မဟုတ်ဘူး”

“ဟုတ်တယ်”

“မဟုတ်ဘူးရှင့်၊ မဟုတ်ဘူး”

“ဟုတ်တယ်ဗျ…ဟုတ်တယ်”

ဤတွင် ဦးဘုန်းလွင်မှာ မနေသာဘဲ ကြားမှဝင်၍ ဖျန်ဖြေရတော့သည်။

“နေကြပါဦးလေ၊ ခင်ဗျားတို့ ပြောကြတာတွေဟာ အတ္တဆန်လွန်းလှပါတယ်၊ ပြီးတော့ ကျွန်တော့်သားကလဲ မယားနှစ်ယောက်ကို တစ်ပြိုင်တည်း ယူမှာမဟုတ်ပါဘူး၊ သူချစ်နေတာက မြသန္တာနွယ်ဆိုတော့ မြသန္တာနွယ်ကိုသာ ယူမှာပေါ့၊ အဲ…ခင်လဲ့မူယာကိုတော့ ယူမှာမဟုတ်ဘူး၊ ညီမငယ်တစ်ယောက်လို သဘောထားမှာပါဗျာ”

“ကိုဘုန်းလွင် ပြောသလိုဆိုရင် တော်သေးတာပေါ့၊ နှစ်ယောက်စလုံးယူလိုက်မှာသာ ကျွန်မက စိုးတာပါရှင်”

www.burmeseclassic.com



ဒေါ်ခင်ထွေး၏ စကားအဆုံးတွင် ဦးညိုမြမှာ ခင်မောင်အေးဘက်သို့ သဘောမကျဟန်ဖြင့်လှမ်းကြည့်ကာ ပြောနေတော့သည်။

"ဟော့…ဒီမယ်၊ အခုလိုဖြစ်ရတာကို သေသေချာချာ ဆန်းစစ်ဝေဖန်ကြည့်မယ်ဆိုရင် အဓိက တရားခံဟာ ဟောဒီက ခင်မောင်အေးဆိုတဲ့ သူငယ်ပဲကွ"

"ဗုဒ္ဓော"

ဦးညိုမြ၏စကားများကြောင့် ခင်မောင်အေးခင်ဗျာ မြုံးတွက်သွားခဲ့ရတော့သည်။ မျက်လုံးကို ပြောတာပါ ခင်ဗျား။

"ဟေ့ကောင်၊ ဗုဒ္ဓောတွေလုပ်မနေနဲ့၊ ငါက အဟုတ်ပြောနေတာ၊ မင်းကြောင့် ငါတို့မှာ ဒုက္ခတွေ ဖြစ်ကုန်ကြရတာကွ၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ ဟုတ်ကိုဟုတ်ရမယ်"

"မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်ဟာ လူတစ်ဖက်သားကို ချောက်မချတတ်ပါဘူး၊ ချောက်ထဲကျမှာလဲ အလွန်စိုးပါတယ်၊ ဟိုတလောတုန်းကတောင် လူတစ်ယောက် ချောက်ကြီးရှိတာကို မမြင်ဘဲ လျှောက်လာတာကို မြင်ရလို့ ကျွန်တော်ဟာ ဒီလူ ချောက်ထဲမကျအောင် 'ဟေ့လူ၊ ရှေ့မှာ ချောက်ရှိတယ်၊ ဆက်မသွားနဲ့' လို့ အော်ပြီး သတိပေးခဲ့တယ်ခင်ဗျ"



"ဩော်…မင်းက သတိပေးလိုက်လို့ အဲဒီလူဟာ ချောက်ထဲကို ကျမသွားဘူးပေါ့"

"မဟုတ်ဘူးခင်ဗျ၊ ကျသွားရှာပါတယ်"

"ဟော…ဘာဖြစ်လို့"

"ဒီလိုခင်ဗျ၊ သူက စိတ်ကူးယဉ်ပြီး လမ်းလျှောက်လာနေတုန်း ကျွန်တော်က ရုတ်တရက် လှမ်းအော်လိုက်တော့ သူဟာ လန့်ပြီး ခုန်ချလိုက်တာ၊ ကတဲဗျာ၊ ချောက်ထဲကို တန်းတန်းမတ်မတ်ကြီးကို ကျသွားတာပေါ့ဗျာ၊ အဟီး"

"တယ်…ဒီသူငယ်နှယ်၊ ငါကအဟုတ်မှတ်လို့ နားထောင်နေတယ်၊ မင်းဟာကပြက်လုံးကြီးပဲကိုးကွ၊ ဟားဟားဟား"

ဦးဘုန်းလွင်က ပြန်ပြောပြီး ရယ်နေသည်။

ဦးညိုမြအမူ ပိုမို၍ဒေါသထွက်သွားတော့သည်။

"အဲဒါ ပြက်လုံးမဟုတ်ဘူးဗျ၊ ဒီကောင်က ကျုပ်တို့ကို လာနောက်နေတာ၊ ဟုတ်တယ်မဟုတ်လား"

"မဟုတ်ဘူး ခင်ဗျ"

"ဘာမဟုတ်ဘူးလဲ၊ ငါ့သမီး မင်္ဂလာကိစ္စ ပျက်တာလဲ မင်းကြောင့်ပဲ၊ ဟောဒီက ဦးစံမတူရဲ့သမီး…"

"လုပ်ပြန်ပြီ၊ ကျုပ်နာမည် အုန်းခင်လေ"

"အဲ…ဦးအုန်းခင်ရဲ့သမီး မင်္ဂလာပွဲပျက်သွားတာလဲ မင်းကြောင့်ပဲ၊ ဒီတော့ မင်းကို လူပြည်မှာ အရှင်ထားလို့မဖြစ်ဘူး၊ မင်းကိုငါ သတ်ချင်တယ်ကွ…သတ်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အာ....အာ၊ ဦးလေးရယ်၊ ကျွန်တော့် အပေါ်မှာတော့ ဒီလို အထင်မလွဲပါနဲ့၊ ဒါတွေဟာ ခင်မောင်အေးရဲ့ ဝေဆာနေတဲ့ စေတနာမှန်တွေပါ ခင်ဗျာ၊ ဘုရားပေါင်း ကိုးဆယ့်ခြောက်ဆူတိတိ ဖူးရစေရဲ့၊ အဟီး"

"ဘာကွ၊ ငါ့သမီးမင်္ဂလာပွဲကို ပျက်အောင်လုပ်တာ မင်း စေတနာတွေလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ အာ....မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် မှာ ဒီစေတနာမျိုး လုံးဝမရှိပါဘူး၊ ကျွန်တော် ခင်မောင်အေးဟာ တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံဘုရားမှာ ပုတီးအမြဲစိပ်နေတဲ့ကောင်မို့ လူသားတိုင်းအပေါ်မှာ မေတ္တာကို သာ ထားပါတယ်၊ မစ္ဆရိယစိတ် လုံးဝမထားပါဘူး ခင်ဗျာ"

"အိုး....မင်း ဒီလိုပြောတိုင်း ငါက လက်ခံရမှာလား၊ မရဘူးကွာ....မရဘူး၊ မင်းကိုတော့ ငါကိုယ်တိုင် သတ်ကို သတ်ရလိမ့်မယ်၊ ကိုင်း....ပြောနေ စကားကြောရှည်မှာမို့ မင်းကို ဒေါ်တွေနဲ့ ရောမွှေကာ နှောဘောလိုက်မယ်၊ ပြေးနိုင်မှ လွတ်မယ်နော်၊ ဟွန်း....ဟွန်း....ဟွန်း"

"ဟဟ.... လုပ်ကြပါဦးလေ၊ ကျုပ်လူ ခင်မောင်အေး တစ်ယောက် ဒုက္ခတော့ရောက်တော့မှာပဲ၊ ဦးညိုမြဆိုတဲ့ လူကြီးကို လိုက်ချော့ကြပါဦး၊ လာ....သွားကြမယ်"

ဦးအုန်းခင်က " ပေးဝိုင်ကာနေကြသော လူကြီးများကို သတိပေးရင်း သူက အရင် ရှေ့မှစ၍ ပြေးသွားတော့သည်။



"အေး....ဟုတ်သားပဲ၊ တော်ကြာ လက်လွန်ခြေလွန်ဖြစ် နေရင် မကောင်းဘူး၊ တို့လဲ လိုက်သွားကြမှ ဖြစ်မယ်"

ဦးဘုန်းလွင်ကလည်း ဒေါ်အေးရှင်တို့ဘက်သို့ လှည့်ကာ ပြောရင်း သူလည်း ရှေ့မှပြေးသွားတော့သည်။

ကျန် ဒေါ်အေးရှင်နှင့် ဒေါ်ခင်ထွေးတို့မှာလည်း မနေသာကြဘဲ နောက်မှ ပြေးလိုက်သွားခဲ့ကြရတော့သည်။

သူတို့ လူကြီးတွေချည်း မဟုတ်ပေ။

တစ်ဖက်တွင်လည်း အောင်နီလွင်တို့မှာ ပြဿနာ ပေါ်နေတော့သည်။

အခြားကြောင့် မဟုတ်ပေ။

ချစ်စွာသော စာဖတ်သူများ သိရှိခဲ့ကြပြီးသည့်အတိုင်း အောင်နီလွင်တို့နောက်သို့ ခင်လဲ့မူယာက ဟွန်ဒါကားကလေးဖြင့် လိုက်လာသောကြောင့်ပင်။

"ဟေး....အစ်ကို၊ နောက်မှာ မူယာ လိုက်လာနေတယ်၊ ဘယ်လိုလုပ်ကြမလဲ ဟင်"

မြသန္တာနွယ်က အောင်နီလွင်ကို လှမ်းပြောနေသည်။

"လိုက်ပစေလေ....သူကလဲ ကားနဲ့၊ အစ်ကိုတို့ကလဲ မော်တော်ဆိုင်ကယ်နဲ့ပဲ၊ ဒီတော့ သူပဲ လိုက်နိုင်မလား၊ အစ်ကိုတို့ ကပဲ မောင်းနိုင်မလား ဆိုတာ သေသေချာချာ အဖြေသိရအောင် မေကဝိကို ပြမယ်လေ၊ ဟားဟားဟား"

အောင်နီလွင်က ပြောရင်း စီးနေသော မော်တော်ဆိုင် ကယ်ကို အရှိန်မြှင့်ကာ အမြန် မောင်းနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်လဲ့မှူယာကလည်း အောင်နီလွင်က အရှိန်မြှင့်၍ ဆိုင်ကယ်ကို မောင်းနေသလို သူမကလည်း သူ၏ကားကလေးကို အရှိန်မြှင့်ကာ နောက်မှ အတင်းလိုက်နေတော့သည်။

ကိုင်း....ချစ်စွာသော စာဖတ်သူတို့ရေ....

မင်းသားက တစ်လက်၊ မင်းသမီးက နှစ်လက်ထား ရေးကြတဲ့ ဇာတ်လမ်းတိုင်းမှာဆိုရင် မင်းသားတစ်လက်နဲ့ မင်းသမီး တစ်လက်ကိုသာ ပေါင်းပေးကြရိုး ထုံးစံ ရှိပါတယ်။ မင်းသမီးတစ်လက်ကိုတော့ သေရင် သေပေး၊ မသေစေချင်ရင်လဲ အလွမ်းကလေးနဲ့ အဆုံးသတ်လေ့ ရှိပါတယ်။

ဒီဇာတ်လမ်းမျိုးတွေကို ချစ်စွာသော စာဖတ်သူတို့လဲ ဖတ်ရတာများလို့ အီနေပါရော့မယ် နော်။

အဟဲ....ဒါကြောင့် ကျွန်တော်ကြူမွှေးက ဒီတစ်ခါ ဇာတ်သိမ်းပိုင်းကို အဆန်းထွင်ပြီး ထားလိုက်ပါတယ်။

ချစ်စွာသော စာဖတ်သူများ အနေနဲ့ ဇာတ်လမ်းကို ဆက်လိုက်ကြပါ။

အကယ်၍ ချစ်စွာသော စာဖတ်သူတို့ စိတ်ထဲမှာ မြသန္တာနွယ်နဲ့ အောင်နီလွင်ကို ပေါင်းပေးစေချင်ရင် ကိုယ့်ဘာသာ ဇာတ်လမ်းကို ဆက်ပြီး ပေါင်းပေးလိုက်ကြပါဗျာ။

ဒီလိုမှ မဟုတ်ဘဲ ခင်လဲ့မှူယာနဲ့ ပေါင်းစေချင်ရင်လဲ ကိုယ့်ဘာသာ ကိုယ် ပေါင်းလို့ရအောင် ဇာတ်လမ်းကို ဆက်လိုက်ပေါ့ဗျာ။

နှစ်ယောက်စလုံးနဲ့ပဲ ပေါင်းပေးမယ် ဆိုရင်လဲ ဟဲဟဲ... ပေါင်းပေးပေါ့။



ကျွန်တော်ကတော့ ချစ်စွာသော စာဖတ်သူများရဲ့ ဆန္ဒအတိုင်း လက်ခံမှာပါ။

မဟုတ်ဘူးလားဗျာ....

"မဟုတ်ဘူး"

"ဟုတ်ပါတယ်လေ"

"မဟုတ်ပါဘူး"

အာ....ဒုက္ခပဲ၊ ကျွန်တော့်ဇာတ်ကောင်တွေရဲ့ မဟုတ်ဘူး၊ ဟုတ်တယ်တွေလဲ ဒီကိုရောက်လာကြပြီ။ ဒါကြောင့်....ဤဝတ္ထုကြီးကို ဤနေရာမှာပဲ အမြန် နိဂုံးချုပ်လိုက်ပါတော့မယ် ခင်ဗျား....

"ချစ်စွာသော စာဖတ်သူများ အားလုံး ရွှင်ပျော်မြူးနိုင်ကြပါစေသောဝ်"

ခင်မင်လေးစား ... ဖြင့်

ကြူမွှေး

ဤဝတ္ထုပြီးဆုံးချိန်
၁၉၉၃ ခုနှစ်၊ မေလ (၁၁) ရက်၊ အင်္ဂါနေ့။
ညနေ (၃) နာရီ၊ (၁၀) မိနစ်ခန့်။

www.burmeseclassic.com